www.burmeseclassic.com

စာပေဗိမာန် စာမူဆုရ

# ဆန္ဒအဘိ

## စောမဉ္ဇူ (ဖျာပုံ)

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဆန္ဒအသိ | ၁ |
| ၂။ | တစ်တန်းစာ လာမစမ်းနဲ့ | ၁၃ |
| ၃။ | ဗိုမ မဟုတ် ကြောင်ရှုပ် | ၁၉ |
| ၄။ | မျက်ချေးမစင်သည့် တစ်ခြမ်းပဲ့ | ၂၉ |
| ၅။ | နေရာကလေး တစ်နေရာ | ၃၈ |
| ၆။ | မှတ်ကျောက်/ကြောက် | ၅၀ |
| ၇။ | အစားထိုး၍ မရပါ | ၅၅ |
| ၈။ | အချိန်နှင့်အရွယ် | ၆၆ |
| ၉။ | လေတံခွန် | ၇၅ |
| ၁၀။ | မွေးပျံ့နေမည့် ပန်းတစ်ပွင့် | ၈၀ |
| ၁၁။ | အေးသက် ချမ်းမြေ့စေသား | ၈၈ |
| ၁၂။ | ပီတိ | ၁၀၆ |
| ၁၃။ | နှင်းဆီ၏ ဆူး | ၁၁၇ |
| ၁၄။ | ရွှေလိပ်ပြာ တောင်ပံခတ်သလို | ၁၂၅ |
| ၁၅။ | အရောင်တစ်ခုကို ဖြတ်သန်းခြင်း | ၁၃၅ |
| ၁၆။ | မွေးမြူသဇင် | ၁၄၀ |
| ၁၇။ | ဒဏ်ရာ | ၁၅၀ |
| ၁၈။ | သဘော်ာချေး | ၁၅၆ |
| ၁၉။ | ပင်ကိုသွေး | ၁၆၇ |


www.burmeseclassic.com

www.burmeseclassic.com

## ဆန္ဒအသိ

ရန်ကုန်မြို့ရှိ မီးပွိုင့်များထဲတွင် ကမာရွတ်မီးပွိုင့်သည် ကြာလွန်းသည်ထင်၏။ ယခုထိ မီးနီးပြနေဆဲပင် ရှိသေးသည်။ သူ စိတ်မရှည်ဖြစ်လာပြီ။

"ဒေါက်တာဇော် . . . ဒေါက်တာဇော်"

သူ့ကားနှင့်မနီးမဝေး ပလက်ဖောင်းပေါ်မှ အသံကြောင့် လှမ်းကြည့်လိုက်၏။ လူငယ်သုံးဦးကို တွေ့ရလေသည်။ အလယ်မှ လူငယ်က သူ့ကိုဝမ်းသာအားရ လက်ပြနေလေသည်။ လူမှားနေပြီ ထင်သည်။ သူက မျက်မှောင်ကြုတ်ကာ လူငယ်ကိုစေ့စေ့ကြည့်သည်။ မြင်ဖူးသလိုလိုပါပဲ။ ဘယ်မှာ မြင်ဖူးပါလိမ့်။ တရင်းတနှီး သိသလိုလို။ သူ့ခေါင်းထဲတွင် အတွေးတို့သည် ယောက်ယက်ခတ်သွားသည်။ ထိုစဉ် နောက်ကားများ၏ ဟွန်းသံ တညံညံကြားရမှ မီးစိမ်းနေပြီဖြစ်သည်ကို သတိရကာ သူ့ကားကို အမြန်ဆုံးရွှေ့လျားရသည်။

"ဒေါက်တာဇော်. . . ကျွန်တော်"

မဆုံးသေးသော စကားသံတစ်ဝက်တစ်ပျက်ကို ကြားရင်း သူကလည်း လှည့်ကြည့်လှည့်ကြည့်ဖြင့် မောင်းထွက်လာခဲ့၏။ သိပ်ရင်းနှီးဖူးသော မျက်နှာနီနီကလေးကို မျက်စိထဲတွင် မြင်ယောင်ရင်းအတွေးတို့ကို အပြေးအလွှားစိစစ်မိ၏။

www.burmeseclassic.com

"ဟာ . . . ကြည်စမ်း . . . ဟိုချာတိတ်ပါလား"

လိုင်းပေါက်မှတ်တိုင်နား ရောက်လုနီးနီးတွင် သူ့အမှတ်သညာတို့ ပြတ်သားသွား၏။ ဝမ်းသာစိတ်နှင့်အတူ အချက်မပြမိဘဲ ကားကို ဘရိတ်အုပ်လိုက်သည်။ အမြန်ကားတစ်စီး၏ ပွတ်ကာ သီကာ ဖြတ်ကျော်ရင်းသူကို ထောမနာပြုသွားသည်ကိုပင် ဂရုမပြုနိုင်။ ကားကို ပြန်ကွေ့ရန် ကြိုးစားသည်။ ကမာရွတ်ကားမှတ်တိုင်သို့ ပြန်မောင်းလာရင်း သူကိုယ်သူဒေါသ ဖြစ်နေမိ၏။ မှတ်ဉာဏ်သည်လောက်တောင် နည်းလှချည်လား။ သည်ချာတိတ်ကိုတွေ့ချင်နေတာကြာပြီ။ ကြည်စမ်း . . . ခုပဲနာမည် မေ့နေပြန်ပြီ။ နေပါဦး . . . ပါးစပ်ဖျားလေးတင်ပါ။ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ သည်ချာတိတ်ကို သူ့ရင်ထဲတွင် တမ်းတမ်းတတ ဖြစ်ခဲ့ဖူးပါလျက်။

ဆလိုင်းတမ် - ဆလိုင်းတမ်၊ အဲ . . . ဟုတ်ပြီ . . .။

သတိရပြီ . . .။ သတိရပြီ . . . .။ဆလိုင်းတမ်အောင် . . . ဆလိုင်းတမ်အောင် . . . အသွက်ဆုံး၊ ဖွံ့အကြီးဆုံး၊ အပင်ပန်းခံနိုင်ဆုံး ချာတိတ်ကလေး ဆလိုင်းတမ်အောင်ပဲ . . .။သည်လောက်တောင် ခဲခဲယဉ်းယဉ်း ခေါင်းစားနေရသည့်အဖြစ်ကို သူကိုယ်သူ မကျေနပ်။ ကားကို စောစောက ဆလိုင်းတမ်အောင်တို့ရပ်သော အနီးမှ မှတ်တိုင်တစ်ခုတွင် ဖယ်ကာ ရပ်လိုက်သည်။ ပတ်ဝန်းကျင်ကို စူးစမ်းရင်း ဆလိုင်းတမ်အောင်ကို သူရှာဖွေသည်။ မတွေ့တော့။ အရိပ်အယောင်ကလေးများပင် မတွေ့တော့။ ကျောင်းဝင်းထဲမှ တစ်သုတ်ပြီးတစ်သုတ်ထွက်လာသော ကျောင်းသားများကိုသာ တွေ့ရ၏။

"ဒီချာတိတ် ဟက္ကသိုလ်ရောက်ပြီ ထင်တယ် . . ."

သက်ပြင်းကို မှုတ်ထုတ်လိုက်ကာ

ခွင့်လွှတ်ပါ ဆလိုင်းရာ၊ ဖြုန်းခနဲဆိုတော့ ငါ . . . မင်းကို ချက်ချင်းမမှတ်မိဘူး။ မင်း . . . သည်နယ်မြေမှာ



ရှိနေတယ်ဆိုတာ သိရပြီပဲ . . .။ မတွေ့တွေ့အောင် ရှာမှာပါ။ အတူ လက်တွဲလုပ်ခဲ့ရတဲ့ အဖြစ်အပျက်ကလေးတစ်ခုကို မမေ့သလို . . . ငါ . . . မင်းကိုဘယ်တော့မှမမေ့ပါဘူး။ ချာတိတ်ရာ။ ဟုတ်သည်။

ဒေါက်တာဇော်ဝင်းအဖို့ ဘယ်တော့မှမမေ့နိုင်သော အဖြစ်အပျက် တစ်ခုပါပဲ။

ချင်းပြည်နယ် မင်းတပ်မြို့နယ်မှ ရန်ကုန်သို့ မပြောင်းရွှေ့ရမီ တစ်ပတ်အလိုတွင် ဖြစ်လေသည်။

၁၉၈၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် မိုးရာသီနေ့ တစ်နေ့။

တစ်နည်းဆိုရသော် ချာတိတ်ကလေး ဆလိုင်းတမ်အောင်နှင့် အမှတ်မထင် ဆုံရသောနေ့တစ်နေ့။

* * * * * *

သဲသဲမဲမဲရွာသောမိုးတို့ စဲသွားသော်လည်း ပြင်းထန်သောလေကမူ တဟည်းဟည်းတိုက်ခတ်နေဆဲပင်။ မြူမှိုင်းတို့က တလိပ်လိပ် တက်လာသဖြင့် "မင်းတပ်" မြို့ဝန်းကျင်တစ်ခုလုံး ဘာမျှ သဲသဲကွဲကွဲ မမြင်ရပေ။ တောင်တန်းပြာတို့ပင် မြူမှိုင်းတို့ကြောင့် ဝါဂွမ်းတောင်ကြီး သဖွယ်ဖြစ်နေ၏။ ရာသီဥတုပြင်းထန်၍ အေးစက်နေသောလေထုကို ဖြတ်သန်းကာ ဒေါက်တာဇော်ဝင်းတို့အုပ်စုသည် ချွေးအရွှဲသားဖြစ်နေကြသည်။ တစ်ဦးနှင့်တစ်ဦး စကားမပြောနိုင်ကြ။ ခရီးတွင်ရန် ဇောဖြင့် ခြေကုပ်ကာ တောင်များ၊ တောများ၊ လျှိုမြောင်များကို ခက်ခဲစွာ ဖြတ်ကျော်နေကြရ၏။

သူတို့စိတ်၊ သူတို့အတွေးသည် 'ပန်းပါ' ရွာသို့ ရောက်နေကြသည်။ ပန်းပါရွာသည် မင်းတပ်မြို့နှင့် မိုင်နှစ်ဆယ်ကျော် ကွာဝေးသော ရွာကလေးတစ်ရွာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

"မန္တလေးက ကျောက်ထုဝေဆိပ်ကို ထွက်လာတဲ့ လေယာဉ်ဟာ ပန်းပါရွာအနီးမှာ မြူမှိုင်းနဲ့ လေကြောမိပြီး ပျက်ကျသွားပါတယ်။ ကယ်ဆယ်ရေး၊ နေရာချထားရေး၊ ပြုစုစောင့်ရှောက်ရေး၊ လုံခြုံရေး စသည့်တာဝန်တွေကို ကျွန်တော်တို့ အမြန်ဆုံး ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် . . ."

အတိုဆုံးနှင့် အရှင်းဆုံးလမ်းညွှန်မှုပေးသော သက်ဆိုင်ရာတို့၏ လမ်းညွှန်မှုဖြင့် ဒေါက်တာဇော်ဝင်းတို့အဖွဲ့ငယ်ကလေးများ အလျင်အမြန်ဖွဲ့ကြရလေသည်။ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ပြည်သူ့ရဲများ၊ လူငယ်များ၊ ကြက်ခြေနီများစသည်ဖြင့် အဖွဲ့ငယ်ကလေးများ ဖွဲ့ပြီးပြီးချင်း ထွက်လာခဲ့ကြ၏။ ဒေါက်တာဇော်ဝင်းကမူ ဆရာဝန်ပီပီ လေယာဉ်ပျံ ပျက်ကျသည်ဆိုသည်နှင့် လူနာကုသရေးဇောဖြင့် ခြေအားသန်နေ၏။ သူ့ခြေကို အမီလိုက်နိုင်သော လူငယ်လေးတစ်ဦးကို သတိပြုမိလေသည်။ သူ့မျက်နှာတွင် စူးစမ်းလိုစိတ်၊ သိချင်၊ မြင်ချင်စိတ်၊ ပါဝင်လုပ်ဆောင်လုပ်စိတ်တို့ကို အထင်းသားတွေရ၏။ သွက်လက်ချက်ချာ၍ ပြုံးရွှင်နေတတ်သော ချင်းကလေးကို ချစ်စနိုးဖြင့် သူက ချာတိတ်ဟုခေါ်၏။

"ကျွန်တော်နာမည်' ဆလိုင်းတမ်အောင်ပါ ဒေါက်တာ။ ခေါင်းဆောင်လူငယ်သင်တန်းဆင်း ရဲဘော်တစ်ဦးပါ"

လူငယ်ကလေးက သူ့ကိုချာတိတ်ဟုခေါ်သည်ကို ကြိုက်ဟန်မတူပါ။ နာမည်ပြောကာ မိတ်ဆက်မှုပြုလေသည်။ ပွင့်လင်းသွက်လက်သော ဤချင်းကလေးကို သူကချစ်စနိုးဖြင့် ချာတိတ်ဟုသာ ခေါ်မြဲပင်။

လူငယ်ဝတ်စုံဖြင့် တက်ကြွထက်သန်နေသော ဤချင်းကလေးသည် သူတို့အဖွဲ့တွင် အားအကိုးရဆုံးသော အမာခံ လူငယ်ကလေးတစ်ဦး ဖြစ်နေခဲ့၏။



"ဘူးခုံ" စခန်းတွင် ခဏမျှနား၍ အဆာပြေစားကြသည်။ မောလွန်း၊ ပင်ပန်းလွန်း၍ မည်သူမျှ ကောင်းကောင်းမစားနိုင်ကြချေ။ ပန်းပါရွာနှင့် နီးလာပြီဟူသော အသိကြောင့်သာ အားအသစ်တို့ ပြန်လည်ဝေလာကြ၏။

*     *     *     *     *     *

မြင်ကွင်းသည် ကြည့်ရက်စရာ လုံးဝမရှိ။ လေယာဉ်ပျက်အနီးရှိ ထင်းရှူးပင်ခြောက်ပင်သည် ထက်ပိုင်းကျိုးပြတ်လျက်ရှိသည်။ တောင်ပံတစ်ဖက်နှင့် ကိုယ်ထည်အစအချို့ကို ထင်းရှူးပင်အနီးတွင် တွေ့ရ၏။ လေယာဉ်ကိုယ်ထည်ကြီးနှင့် အမြီးပိုင်းကို တောင်ကမူ ထိပ်တည့်တည့်တွင် တွေ့ရလေသည်။ ရှေ့ဘက်ကိုက်ငါးဆယ်အကွာတွင်မူ တောင်ပံတစ်ဖက်ကို ထပ်မံတွေ့ရပြန်သည်။ စက်ခေါင်းပိုင်းနှင့် ကိုယ်ထည်အစိတ်အပိုင်းအချို့ကို အဝေးဆုံးချောက်ထဲတွင် ရှာဖွေတွေ့ကြ၏။

တာဝန်ရှိပုဂ္ဂိုလ်များ စစ်ချက်အသေးစိတ်ယူကြသည်။ ပြီးသည်နှင့် ဒေါက်တာဇော်ဝင်းအလှည့် ကျရောက်လာ၏။ ဒေါက်တာဇော်ဝင်းသည် လေယာဉ်ပျက် အပျက်အစီးများထက် ခရီးသည်လူနာများကိုသာ ရင်တထိတ်ထိတ်နှင့် ရှာသည်။ သူနှင့်အတူပါလာသူမှာ ဆလိုင်းတမ်အောင်ဆိုသော ချင်းကလေးပင်ဖြစ်လေသည်။ လေယာဉ်အမှုထမ်းသုံးဦးကို ခါးပတ်များပတ်ထားသောထိုင်ခုံနှင့်အတူ မှောက်လျက်အနေအထားဖြင့် သေဆုံးနေကြသည်ကို တွေ့ရ၏။ ဆလိုင်းတမ်အောင်သည် လူငယ်ဖြစ်သော်လည်း ရဲရင့်၏။ စိတ်ဓာတ်ကြံ့ခိုင်၏။ လေယာဉ်အမှုထမ်းများ၏အလောင်းကို သူနှင့်အတူကူညီရင်း အကျိုးဒတ်တို့ကို ရှာဖွေ၏။ သူတို့၏ ဝန်ထမ်းကတ်ပြားများကြောင့်သာ လေယာဉ်ပျက်ဆင်းပျက် ဖြစ်နေကြသော်လည်း မည်သူဟူ၍ သိရှိခွင့်ရကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဒေါက်တာဇော်ရေ၊ ဦးစိန်လွင်ပါလား . . . အဆိုတော် ပလေးဘွိုင်စိန်လွင်လေ။ ကျွန်တော် ကောင်းကောင်းသိတာပေါ့။ သည်မှာလေ သူ့ဝန်ထမ်းကတ်"

ဆလိုင်းတမ်အောင်က လေယာဉ်မောင်ဝတ်စုံနှင့်အလောင်းကို ညွှန်ပြရင်းပြော၏။ သူ ကြည့်လိုက်၏။ ရင်ထဲနင့်ခနဲဖြစ်သွားလေသည်။ ဘုရား . . . ဘုရား . . တယ်ကြောက်စရာကောင်းပါလား။ ကွေး သောလက်မဆန့်မီ ဆန့်သောလက်မကွေးမီဆိုတာ တယ်မှန်ပါလား။ ပြီးခဲ့သည့်လ သူ ရန်ကုန်ရောက်စဉ်က ရန်ပုံငွေပွဲတစ်ခု၏ စတိတ်ရှိုးတွင် ဤပလေးဘွိုင်စိန်လွင်ကို အနီးကပ်ဆုံးမြင်ခဲ့၊ ကြည့်ခဲ့သေးသည်ပဲ။ ဂီတဝါသနာပါသော သူ့အဖို့ စိန်လွင်သည် အနှစ်သက်ဆုံး တေးသံရှင်ထဲမှာ တစ်ဦးအပါအဝင်ဖြစ်သည်။ အခုတော့ . . .

"ကဲပါကွာ . . . ပြင်ပေးကြရအောင်"

စိတ်ထိခိုက်စွာဖြင့် သူနှင့်တမ်အောင်သည် ကိုစိန်လွင့်အလောင်းကို နေသားတကျ ကြည့်ကောင်းအောင်ပြင်ပေးကြသည်။ နောက်တစ်ဦးမှာ ဒု-လေယာဉ်မှူး 'ဦးမြင့်လှိုင်' ဖြစ်သည်။ နောက်တစ်ဦးမှာ လေယာဉ်မှူး 'ဦးဇော်ဝင်း' တို့ဖြစ်ကြောင်းသိရ၏။ နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း အသက်ပေးသွားကြသူများပေပဲ။ သူတို့နှစ်ဦး လေယာဉ်ပျက်ပေါ်မှ ဆင်းခဲ့ကြသည်။ လူနာခရီးသည်ဟူ၍ တစ်ဦးမျှ မတွေ့ရ ပေ။ အနီးဝန်းကျင်တွင် ဇွဲကြီးကြီးနှင့် ရှာဖွေကြ ပြန်သည်။ ချင်းပြည်နယ်၏ ရာသီဥတုသည် လေတဟူးဟူးဖြင့် ပြင်းထန်အေးစက် လှပေသည်။ သို့သော် သူတို့မှာအေးစက်သော လေထုကြားတွင် ချွေးပြန်နေကြ၏။

"ဒေါက်တာဇော် ဟိုမှာ . . . ဟိုမှာ"

တမ်အောင်သည် မျက်စိရှင်လှသောချာတိတ်ပင်။ သူ ညွှန်ပြရာသို့ အပြေးအလွှားသွားကြသည်။ စိတ်မောသွားပါသည်။ လေယာဉ်နှင့်



အတူပါလာသူဟူသမျှ အသက်မရှိကြပါ။ လေယာဉ်ပျက်နှင့် ကိုက်နှစ်ရာအတွင်းတွင် ထိုင်ခုံများနှင့်အတူ လွင့်စဉ်သေဆုံးနေကြပါပြီ။

* * * * * *

ကြေကွဲစရာအကောင်းဆုံး . . .၊ ရင်နင့်စရာအကောင်းဆုံး မြင်ကွင်းပါပဲ။ မတူပီမှ ဆလိုင်းရွှေအုပ်နှင့် မိုင်းငွေဆုန်၊ ဆောမြို့မှ ဦးကျော်မောင်နှင့် ခင်မောင်ငြိမ်းတို့သားအဖ၊ ကျောက်ထုမှ မမြဝင်းကြည်တို့၏ မိဘဆွေမျိုးသားချင်းတို့ ရောက်ရှိလာကြသည်။ ဒေါက်တာဇော်ဝင်းသည် သေဆုံးသူဆွေမျိုးသားချင်းတို့၏ သောကအပူတို့ကိုမကြားရက်၊ မမြင်ရက်သဖြင့် စစ်ဆေးပြီးသော အလောင်းများအနီးမှ မသိမသာ ထွက်လာခဲ့၏။ သူကိုယ်သူ တည်ငြိမ်လှပြီ၊ ရင့်ကျက်လှပြီဟု ထင်ခဲ့သည်။ သို့သော် ဤမြင်ကွင်းသည် သူ့ အဖို့ ထိခိုက်နင့်သီးစွာ တုန်လှုပ်မိသည်ကားအမှန်။ ဆရာဝန်တစ်ယောက် အဖို့ ဤမျှတုန်လှုပ်ဖို့မသင့်ပေ။ 'အေးလေ . . . ပုထုဇဉ်သားပဲ။ ဝေးသိခေါင်သောတောကြီး မျက်မည်းကြားမှ ဆိုးဝါးရက်စက်သော ကံကြမ္မာ၏အောက်တွင် ကွယ်လွန်ကြရှာသူတွေမို့ ဆရာဝန်လည်း လူသားတစ်ယောက်ပါပဲ။ ဒေါက်တာဇော်ဝင်းသည် အလောင်းများမြေမြှုပ်မည့် ဘက်သို့ ထွက်လာခဲ့သည်။

"နားကြပါဦးလားဗျာ . . .။ ခင်ဗျားတို့လည်း ပင်ပန်းလှပါပြီ"

တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက မြေတူးသူများကိုလှမ်း၍ပြောသည်။ အားလုံး ပင်ပန်းနေကြပြီ။ မင်းတပ်မှထွက်ခွာလာခဲ့သော ခရီးကြမ်းတပင် နည်းသည့်ခရီးကြမ်းမဟုတ်။ ရာသီဥတုကလည်း ပြင်းလှသည်။ တောတွေ၊ တောင်တွေ၊ လျှိုမြောင်တွေ၊ ရွှံ့နွံတွေကို ခက်ခဲစွာ အပန်းတကြီး ခြေကျင်ဖြတ်လာခဲ့သောဒဏ်က နည်းနည်းနောနောမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ်ဆရာ. . .၊ လူစုံတက်စုံရောက်လာတုန်း သူတို့စိတ်ကျေနပ်အောင် မြုပ်ရအောင် မြန်မြန်လေး တူးလိုက်မယ်"

တပ်မတော်သားအချို့နှင့် ပန်းပါရွာသားအချို့က ပြောသည်။

"ဟော့. . .ဟိုဘက်က လှူငယ်တွေရော၊ မင်းတို့ ခဏလောက်နားကြပါဦးလား"

တာဝန်ရှိပုဂ္ဂိုလ်များက ပင်ပန်းနေကြပြီဖြစ်သော လူငယ်ရဲဘော်တွေဘက် လှမ်းပြော၏။

"ရပါတယ်ဆရာ. . .၊ ကျွန်တော်တို့လဲ တစ်ခါတည်း ပြီးအောင်တူးလိုက်ပါမယ်"

လူငယ်တစ်ဦးက ပေါက်တူးကို ပခုံးပေါ်တင်လိုက်ရင်း ပြော၏။ သူ့တစ်ကိုယ်လုံး ချွေးများ၊ ရွှံ့နွံများ ပေကျံနေသည်။ သူ့ရုပ်ကို အတော်ဖမ်းယူရသည်။ ဆလိုင်းတမ်အောင်ပါလား။ သည်ချာတိတ်ကတော့ တကယ့်အမာခံချာတိတ်ပဲ။ စောစောက သက်ဆိုင်ရာဆွေမျိုးသားချင်းတို့ရှေ့တွင် စနစ်တကျစစ်ဆေးပေးစဉ်က တစ်ဦးစီ၏အလောင်းများကို သူနှင့်အတူ ဝိုင်းကူညီပေးခဲ့သေး၏။

နှစ်ရက်ကြာမျှ ရေဒဏ်၊ လေဒဏ်တို့ ခံရ၍ ရုပ်ပျက်ဆင်းပျက်၊ အနံ့ပျက်ဖြစ်နေသော အလောင်းများကို သူပင် စိတ်တင်း၍ စစ်ဆေးရသည်။ မတွန့်မဆုတ် ကိုင်တွယ် ကူညီပေးသူမှာ တမ်အောင်ဆိုသော ချာတိတ်ကလေးပင်ဖြစ်၏။ သည်ချာတိတ်ကြောင့်သာ အချိန်တိုတိုနှင့် သူ့အလုပ်ပြီးစီးခဲ့ခြင်း ဖြစ်လေသည်။ ယခုလည်းကြည့်၊ သေဆုံးသူများအတွက် မြုပ်နှံမည့်တွင်းများကို တူးသည့်လူငယ်တွေကြားတွင် တမ်အောင်သည် တက်တက်ကြွကြွ။

လူငယ်ဆိုသည်မှာ တက်ကြွသည်။ ဖျတ်လတ်သည်။ ရဲရင့်သည်။ စူးစမ်းချင်သည်။ အနစ်နာ ခံချင်သည်။ စွမ်းဆောင်ချင်သည်ဟု



သူကြားဖူးခဲ့ပါသည်။ သူလည်း လူငယ်ဘဝကို ဖြတ်သန်းလာခဲ့သောလူငယ်တစ်ယောက်ပါပေ။ သို့ပေမင့် ဤမျှအထိ သူ မစွမ်းဆောင်နိုင်ခဲ့ဖူးသည်ကိုတော့ ရိုးစင်းစွာ ဝန်ခံရမည်ဖြစ်၏။ သူကြားဖူးခဲ့သောလူငယ်တို့၏အရည်အသွေးကို သူ အမှန်တကယ် မျက်မြင် ကြုံတွေ့ရပါပြီ။ ယနေ့လူငယ်တို့၏ မွန်မြတ်သော၊ ရိုးသားသော၊ တက်ကြွထက်သန်သော စိတ်ဓာတ်သည် လေးစားဖွယ်အတိ။ သူတို့ လူငယ်ဘဝတုန်းကနှင့် ဘာမျှမဆိုင်။ တက်ကြွထက်သန်စွာ ပေါက်တူးများကိုင်ကာ အေးစက်ထုံကျဉ်သော ရာသီဥတုကို အန်တုကာ လှုပ်ရှားနေကြသော တမ်အောင်တို့ လူငယ်တစ်စုကိုကြည့်ပြီး မျက်ရည်လည်လုနီး ကြည်နူးမိလေသည်။

* * * * * *

သေဆုံးသောလေယာဉ်အမှုထမ်းများ၏ အလောင်းများနှင့်တာဝန်ရှိပုဂ္ဂိုလ်များ စသည့်တို့ကို 'ကျောက်ထု' လေဆိပ်သို့ ပို့ဆောင်ခဲ့လေပြီ။ ရဟတ်ယာဉ်သည် ဒုတိယအကြိမ် ကျန်လူများကို ပြန်လာခေါ်၏။ ဒုတိယအကြိမ် ပြန်လာခေါ်သော ရဟတ်ယာဉ်သည် ထွက်ရန်အသင့်ဖြစ်နေပြီ။ ဒေါက်တာဇော်ဝင်း အပါအဝင် ကြက်ခြေနီရဲဘော်များ၊ ခေါင်းဆောင်သင်တန်းဆင်းလူငယ်များလည်း နေရာယူပြီးဖြစ်၏။

"လူပိုနေတယ်။ လေးယောက်တော့ နေခဲ့ရလိမ့်မယ်၊ နောက်တစ်ခေါက်မှ လိုက်ပါ"

လေယာဉ်အမှုထမ်းက ပြောသည်။

လေယာဉ်အမှုထမ်းစကားကြောင့် အားလုံး ငြိမ်သွားကြသည်။ စကားသံမျှပင် မထွက်။ မိုင်နှစ်ဆယ်မျှ ကွာဝေးသော ခရီးကြမ်းကိုမည်သူမျှ ခြေကျင် မပြန်လိုကြတော့ပေ။ လူတွေလည်း ပင်ပန်းနေ

www.burmeseclassic.com

www.burmeseclassic.com

ကြပြီ၊ ပင်ပန်းလွန်း၍ အစာကိုပင် သိပ် မစားနိုင်ကြ။ ရာသီဥတုက ဆိုးရွားနေဆဲပင်။

"ကဲ. . . အချိန်မရှိတော့ဘူး။ ထွက်ကြမယ်။ လေးယောက် ဆင်းနေခဲ့ပါ။ နောက်တစ်ခေါက်မှ လိုက်ပါ"

လေယာဉ်အမှူးထမ်းက အားလုံးကို ဝေ့ဝဲကြည့်ကာ ထပ်ပြော၏။ မည်သူမျှ လေယာဉ်အမှူးထမ်း မျက်နှာကိုမကြည့်ကြပေ။ မသိမသာ မျက်နှာလွှဲနေကြသည်။ ရဟတ်ယာဉ် အသယ်အပို့လုပ်နေသည်မှာ နှစ်ခေါက်ရှိနေပြီ။ ဆင်းခဲ့မည့်လေးယောက်ကို သီးခြား ပြန်ခေါ်ပါ့ မလား။ သံသယစိတ်နှင့်အတူ မည်သူမျှ တုတ်တုတ်မလှုပ်။ ဒေါက်တာ ဇော်ဝင်းက လူငယ်တွေငဲ့ကာ သူဆင်းနေရစ်ခဲ့ရန် စိတ်ကူးနေသည်။ သူနေခဲ့၍လည်း မဖြစ်ပြန်ပါချေ။ သူ့နေရာကို တာဝန်ယူရန် ရောက်လာမည့်ဆရာဝန်နှင့် လွှဲအပ်ရန် အပြောင်းအလဲလုပ်ငန်း ကိစ္စတွေက အများကြီးရှိနေသည်။ရဟတ်ယာဉ်ပြန်မလာ၍ ဤနေရာတွင် ကြန့်ကြာနေ၍ မဖြစ်ချေ။ ရက်က ကပ်နေပြီ။ အချိန်မီလွှဲပြောင်းပြီးသည်နှင့် သင်တန်းတစ်ခုသို့ သူဝင်ရမည်ဖြစ်၏။ ဒေါက်တာဇော်ဝင်းသည် ချီတုံချတုံနှင့် စိတ်မော နေလေသည်။

"ဟေ့. . . ဆလိုင်းအွမ်တုန်၊ ဆလိုင်းလိမ်းမောင်၊ ဆလိုင်း လော့တမ် ငါတို့လေးယောက် ဆင်းနေခဲ့ကြမယ်"

ရဟတ်ယာဉ်စက်သံကို လွှမ်းမိုးအောင် ပြောလိုက်သောအသံ ကြောင့် ဒေါက်တာဇော်ဝင်း လှည့်ကြည့်လိုက်၏။ သူ့နောက်ဘက် ထိုင်ခုံမှ ဆလိုင်းတမ်အောင် ဖြစ်လေသည်။

"ဟာကွာ. . . ငါတို့ နေမကောင်းချင်သလို ဖြစ်နေတယ် တမ်အောင်။ ငါတော့ မဆင်းနိုင်ဘူးကွာ။ မင်း. . . ဆင်းချင် ဆင်းနေခဲ့"

"အေး. . . ဟုတ်တယ်။ ငါလဲ သိပ်ပင်ပန်းနေပြီ။ မဆင်း နိုင်ဘူး"



တမ်အောင် နေရာမှ ထသည်။

"အချိန်တွေ ကုန်ပြီကွ. . .။ အားလုံးကိုငဲ့ပြီး တို့အမာခံ လေးယောက် ဆင်းနေခဲ့ရအောင် ရဲဘော်တို့ရာ"

"ဟာကွာ ငါတို့ မဆင်းနိုင်ဘူး။ ဖျားချင်သလို ဖြစ်နေပြီကွ"

တမ်အောင်တို့လေးယောက် အချေအတင် ဖြစ်နေကြသည်ကို အားလုံး ငြိမ်နားထောင်နေကြသည်။

"ဟေး. . . ဆလိုင်းလိမ်းမောင်၊ ငါပြောနေတာ အဖွဲ့ ခေါင်းဆောင်တစ်ဦးအနေနဲ့ ပြောတာကွ။ မင်းတို့လက်မခံဘူးလား။ အေး . . . ကောင်းပြီ။ ဟိုရောက်ရင် ဒီကိစ္စအတွက် အတွင်းရေးမှူး ကို တင်ပြရုံပဲ"

တမ်အောင်က ပြောပြောဆိုဆို ထိုင်ခုံများကို ကျော်ကာ ရဟတ် ယာဉ်ပေါ်မှ ဆင်းသည်။ သည်တော့လည်း တမ်အောင် စကားကို ငြင်းဆန်သော လူငယ်သုံးဦးသည် သွက်လက်စွာ နေရာမှ ထသည်။ မျက်နှာများကမူ မကြည်လင်ကြချေ။

"ရဟတ်ယာဉ် လာမခေါ်ရင်တော့ ဒီရာသီဥတုနဲ့ မိုင်နှစ်ဆယ် ကျော်ကျော်ခရီးကို ခြေကျင်လျှောက်ဖို့မလွယ်ဘူး တမ်အောင်"

လူငယ်သုံးဦးက မကျေမနပ်ဖြင့် တမ်အောင်ကို ပြောရစ်၊ ရဟတ်ယာဉ်ပေါ်မှ ဆင်းကြသည်။

"စိတ်ချပါ။ မင်းတို့ကို ဆက်ဆက် ပြန်ခေါ်ပါ့မယ်"

လေယာဉ်အမှူးထမ်းက လိုက်လိုက်လှဲလှဲ ပြော၏။ ကျောပိုးအိတ် များနှင့် ရဟတ်ယာဉ်ပေါ်မှ ဆင်းသွားကြသော တမ်အောင်တို့ လေးယောက်ကို ငေးကြည့်ရုံမှတစ်ပါး ဒေါက်တာဇော်ဝင်း ဘာမျှ မတတ်နိုင်ရှာပါ။ ရင်ထဲကတော့မကောင်း။ ပင်ပန်းနွမ်းနယ်နေကြ သော ဤလူငယ်ကလေးများသည် မိမိအိမ်တွင် နွေးနွေးထွေးထွေး

www.burmeseclassic.com

www.burmeseclassic.com

နေချင်ရှာကြပေလိမ့်မည်။ ယခုတော့ ပန်းပါရှာတွင် ထားခဲ့ရပြီ။ သူတို့ ရဟတ်ယာဉ် ထွက်စပြုသောအခါ တမ်အောင်က ရှင်ပျှစွာ လက်ဝှေ့ ယမ်းပြနေသည်ကို ပြတင်းပေါက်မှ မြင်တွေ့ရလေသည်။

အပင်ပန်းခံ၊ အဆင်းရဲခံ၊ အနစ်နာခံစိတ် ရှိကြသော တမ်အောင် တို့၏ စိတ်ဓာတ်ကို ဒေါက်တာဇော်ဝင်းသည် စိတ်ထဲမှ ကျိတ်၍ သာဓုခေါ်မိသည်။ တက်ကြွသော၊ ခေါင်းဆောင်ကောင်းပီသသော ချာတိတ်ကလေး ဆလိုင်းတမ်အောင်ကို အစက်အမှုန်ကလေး ဖြစ်သည်အထိ ပြတင်းပေါက်မှ သူငုံ့ကြည့်သည်။ သူ့ရင်ထဲတွင် ဤလူငယ်ကလေးကို အမြဲ သတိရနေတတ်ပါသည်။

တာဝန်ဝတ္တရား ပြောင်းလွှဲပြီးသည်နှင့် သင်တန်းဝင်ရန် ရန်ကုန်သို့အချိန်မီ ပြောင်းရွှေ့လာခဲ့ရခြင်းကြောင့် တမ်အောင်နှင့်သူ ပြန်လည် မဆုံတွေ့ရတော့ပေ။ ယခုတော့ တမ်အောင်ကို သူပြန်၍ တွေ့ရပါပြီ။

တက္ကသိုလ်သို့ရောက်ရှိနေပြီဖြစ်သော ဆလိုင်းတမ်အောင်ကို သူမတွေ့တွေ့အောင် ရှာမည်။ အစဉ်နိုးကြားတက်ကြွနေသော တမ်အောင်နှင့် သူ့ရဲဘော်များ၏ လှုပ်ရှားမှု၊ စွမ်းဆောင်မှု၊ ကြိုးပမ်းမှု၊ ဆောင်ရွက်မှုများကို သူကြားချင်၊ သိချင်၊ မြင်ချင်နေသည်မှာ ရင်နှင့် အပြည့်။

# တစ်တန်းစာ လာမစမ်းနဲ့

ဒီကောင်. . . လုပ်လိုက်ရင် ဒီအချိုးချည်းပဲ. . .။ ဘယ်တော့ မှာလိုက် . . .၊ ဘယ်တော့ ပြောလိုက် ပြောလိုက်. . . မမှတ်မိဘူး။

ဘာမှ မဟုတ်ဘူး. . .။ အဆော့မက်တာ။ အင်မတန် ကစားမက်တဲ့ကောင်. . .။ စာကူးတဲ့ဟာ ဖြောင့်ဖြောင့်မှမကူးဘဲ။ ဆော့လိုက် ကူးလိုက် လုပ်နေမှာပေါ့။ ကိုယ့်သားအကြောင်း ကိုယ် အသိဆုံး။ သူတကာတွေ အမှီ ကူးနိုင်ပေမယ့် သူ ဘယ်တော့မှ မီအောင် မကူးနိုင်ဘူး။ သွားကြိုရတဲ့ အဖေက ပြန်ရောက်တာနဲ့ တစ်ပြိုင်နက် အိမ်စာတွေ၊ လေ့ကျင့်ခန်းတွေ ကူးတာ ပြီးရဲ့လား မေးတိုင်း ခေါင်းယမ်းပြတာချည်းပဲ။ ကဲ . . . ဒီတော့ ဖအေလုပ်တဲ့သူ က သူ့လက်ဆွဲပြီး ကျောင်းခန်းထဲ အပြေး ကူးရတယ်။

ဟူး . . . မောလိုက်တာ. . .။ ဘယ်မမောဘဲ နေမလဲ။ လေးထပ်ဆောင်အမြင့်ကြီးကို အပြေးတက်ခဲ့ရတော့။ ဒီကောင်လေး တော်တော်မောမှာပဲ။ မျက်နှာမှာ ချွေးစေးတွေ ပြန်လာလို့။ ဒီလိုမှ အမောမခံရင်လည်း မဖြစ်ဘူးလေ။ ဘာသင်ခန်းစာမှန်း မသိတော့ ဘယ်လိုလုပ် ပြန်သင်ပေးမလဲ။ အိမ်အနီးအနားမှာ အတန်းတူတွေတော့ ရှိကြပါရဲ့။ စာအုပ် ခဏခဏငှားဖို့တော့ စိတ်မကူးနဲ့။ ကိုယ့်သား သူ့သား တစ်ယောက်နဲ့တစ်ယောက်ပြိုင်နေကြတော့ သွားငှားရင် ကလေးချင်းကတော့ ငှားချင် ပေးချင်ရှာပါရဲ့။ မိဘတွေက မျက်နှာ မကြည်ဘူး။ ဒီတော့ အမောခံပြီး ကျောင်းခန်းထဲ ဝင်ကူးရတယ်။


www.burmeseclassic.com

www.burmeseclassic.com


ကျောင်းစောင့်ကြီးက ကြည်တာ မဟုတ်ဘူး။ ပစ္စည်းကျန်ခဲ့လို့ပါဆိုမှပဲ သွားပါ သွားပါ ဖြစ်တော့တာ။ ကသုတ်ကရက်ကူးပြီး ဆင်းလာကြတော့ မပိတ်ရသေးတဲ့ တံခါးမကြီးပဲ ကျန်တော့တယ်။

အလိုလေး . . . တော်ပါသေးရဲ့၊ ကျောင်းကားက မီရုံကလေး။ သားအဖနှစ်ယောက် အပြေးတစ်ပိုင်းနဲ့ တက်လိုက်ရတယ်၊ နေပစေဦး။ အိမ်ရောက်မှ သိမယ်၊ ဒီလောက် အဆော့သန်တဲ့ကောင်တော့ မှတ်လောက်အောင်ကိုလုပ်ဦးမှ။ အေးလေ . . . ခဏ ခဏ မှတ်လောက်အောင် လုပ်ရလွန်းလို့ စိန်ပြေဒါကြီး ဖြစ်မှန်းမသိ ဖြစ်နေပါပြီ။ ဘယ်ဗျာ . . . ဒီလောက် ကစားမက်လွန်း၊ အဆော့သန်လွန်းတော့လည်း လက်သံပြောင်မိတာပေါ့။ ကျုပ်တို့က ချမ်းသာတာ မဟုတ်ဘူး။ ဒင်းတို့လေးတွေကို ပညာအမွေကလွဲပြီး ဘာအမွေမှ ပေးနိုင်တာ မဟုတ်ဘူး။ ခုကတည်းက ကြပ်ကြပ်မတ်မတ်ကို တင်းထားရမယ်။

ပြီးခဲ့တဲ့လပတ်စာမေးပွဲတုန်းက အင်္ဂလိပ်စာ၊ မြန်မာစာ၊ သင်္ချာ သုံးဘာသာစလုံးပေါင်းတော့ ရှစ်ဆယ့်သုံးမှတ်ရတယ်၊ အဆင့်က လူပေါင်းငါးဆယ့်နှစ်ယောက်အနက်မှာ လေးဆယ့်နှစ်။ ကဲ. . . ဒီတော့ များများကြီးတင်းထားမှ တန်ကာကျမယ်။ သနားတော့ သနားပါတယ်ဗျာ. . .။ ဘယ်တတ်နိုင်မလဲ။ သူတို့ခေတ်ကိုး၊ ကျုပ်တို့ခေတ်တုန်းက ဒီလောက်စာမများပါဘူး။ ခုသူတို့ သင်္ချာစာအုပ်ကိုက လက်နှစ်လုံးလောက် ထူတာ။ နောက်ပြီး၊ အင်္ဂလိပ်စာကလည်း အဆင့်မြင့်သား။ ကျုပ်တို့ခေတ်တုန်းက 'အင်္ဂလိပ်စာ မသင်ခဲ့ရဘူး၊ မင်္ဂလာတရားတော်တွေတော့ သင်ရပါရဲ့၊ ကျုပ်တို့တုန်းက ဒီအတန်းလောက်ကို 'ယံ မင်္ဂလံ'လောက်ပဲ အားစိုက်ရတာပါ၊ သူတို့ခေတ်ကျတော့ သည်လိုဘယ်ဟုတ်လိမ့်မလဲ။ အင်္ဂလိပ် စာရော၊ သင်္ချာရော၊ မြန်မာစာရော အားလုံးကို အားစိုက်နေရတယ်။ အဆော့သန်တဲ့ ဒီကောင်ကို သူ့အမေက 'ဘီ'တန်းက အဆင့်ကျသွားမှာကို အားကြီးပူနေတယ်။

အေးလေ. . . ဘယ်မိဘမဆို ဖြစ်နိုင်ရင် 'အေ'တန်းတို့လို၊ စပယ်ရှယ်တန်းဖြစ်တဲ့ လူတော်တွေချည်းထားတဲ့ 'အက်စ်'တန်းတို့ကိုတော့ ကိုယ်သားသမီး ရောက်စေချင်ကြတာပေါ့။ ခက်တာက ကျုပ်ကောင်ကလည်း အင်မတန်အဆော့သန်တာကလား၊ ဒီတော့ အရွယ်နဲ့မမျှအောင် တွန်းနေရတာ။ သနားပေမယ့်လည်း တတ်နိုင်ဘူးဗျာ၊ သူများ မိုးခါးရေသောက်နေကြတော့လည်း လိုက်သောက်ရပေသပေါ့။ ပြီးတော့ ကျုပ်တို့က လခစားသမားဆိုတော့ သူတကာ မိဘတွေလို ကျူရှင်လည်း မပို့နိုင်၊ ဆရာခေါ်ပြီးလည်း မသင်နိုင်။ သည်တော့ ကိုယ်အားကိုယ်ကိုး ဂုဏ်ရည်တိုးဆိုတဲ့မှုကို နှလုံးမူပြီး ဖအေရော မအေရော ကြဲရတော့တာပဲ။ ရုံးမှာတော့ စာရေး၊ အိမ်ရောက်တော့ ဆရာ၊ ဆရာမ။ ဟန်တော့အကျသား။

ဒီကောင်ကညာဏ်တော့ မဆိုးပါဘူး၊ အဲ. . . ဆော့သလား မမေးနဲ့၊ တကယ့် ထမင်းမေ့ ဟင်းမေ့၊ ကျောင်းက အိမ်စာအဖြစ် လက်ရေးလှ ငါးခေါက် ရေးခိုင်းလေ့ရှိတယ်၊ ပထမတစ်ခေါက်လောက်တော့ ဖြောင့်လို့၊ ဟုတ်လို့၊ နောက်အခေါက်တွေကျရင် ကိုယ်တော်ချောက သော့ချင်လာတယ်။ ကောလိပ်ကျောင်း လက်ရေးဖြစ်လာတယ်၊ 'ကသတ်'ကို ကကြီးနဲ့ အသတ်ကို တစ်ဆက်တည်း ဆွဲပစ်တော့တာ၊ ဘယ်လိုလုပ် လက်ရေးက လှတော့ ဝိုင်းတော့မလဲ၊ အင်္ဂလိပ်စာကျတော့လည်း ဒီလိုပဲ၊ 'စုစုအစ် ပလေးယင်း'ကို စုစုကနေ ဆက်တိုက်ဆက်ပြီး လက်ရေးဆက် ရေးတာ၊ ဒီကြားထဲ စာကြောင်းအလယ်မှာ စာလုံးကြီးနဲ့ ရေးပြီး စာလုံးအစမှာ စားလုံးအသေးနဲ့ ရေးလိုရေး၊ ဒီအကျင့်ကို မနည်းကြီးပျောက်အောင် လုပ်ပစ်နေရတယ်၊ မေးခွန်းရေးရင် မေးခွန်းလက္ခဏာမထည့်တာတွေကအစ အဖေနဲ့အမေ တစ်လှည့်စီ အနားက ထိုင်ပြီး ပြောနေရတယ်၊ အဲ. . နည်းနည်းလေးတော့ မလစ်လိုက်နဲ့၊ စာအုပ်ဘေးချပြီး ဆော့နေပြီသာမှတ်။

အသက်ခုနစ်နှစ်အရွယ်ကို တစ်တန်းစာတွေ ဖြေဖို့၊ ရဖို့အတွက် အတင်းတွန်းထိုးပေးနေရတဲ့ အဖြစ်ကို ကြာတော့ စိတ်မောချင်လာတယ်၊ သူ့သားသမီး၊ ကိုယ့်သားသမီး အပြိုင်အဆိုင် တော်အောင်၊

www.burmeseclassic.com



တတ်အောင်ကြိုးပမ်းနေကြရတာ၊ ကြာတော့ တိုးတက်တဲ့ ပြိုင်ဆိုင်ခြင်းကိုပဲ စိတ်ပျက်ချင်လာတယ်၊ စိတ်ပျက်တယ်လို့သာ စကားအဖြစ်ပြောရတာပါလေ။ တကယ်တော့ စိတ်မပျက်နိုင်ပါဘူး။ ကျောင်းက ဆယ့်နှစ်နာရီမှာ တက်တယ်။ ကျောင်းကားက ဆယ့်တစ်နာရီဆို ရောက်လာပြီ၊ ကျောင်းကားမလာမချင်း အဖေတစ်လှည့် အမေတစ်လှည့် စစ်ရသင်ရနဲ့။

စာမေးပွဲရက်နီးတော့ မတတ်နိုင်ဘူးလေ. . .။ အဖေရော. . . အမေရော ခွင့်ယူရတယ်။ ကျောင်းကား ပြန်ရောက်တော့ ညနေ ခြောက်နာရီကျော်ကျော်၊ ရေချိုးပေး၊ ထမင်းကျွေးနဲ့ မှောင်လာပြီ။ မနားနိုင်ဘူး။ နေ့စဉ် သင်တန်းစာကို စိမ်ပြေနပြေ မဖတ်အားဘူး။ ဒီကောင်က မောမောလည်း အိပ်ချင်တတ်တယ်။ ဒီတော့လည်း မတတ်နိုင်ဘူး။ ထမင်းစားပြီး လက်တောင်မခြောက်သေးဘူး၊ စာအုပ်ယူခဲ့ဆိုပြီး ပြန်လှန်သင်ကြားခြင်းတွေ စရတော့တယ်။

သင်ရတာလွယ်တော့ မလွယ်ဘူးဗျို့. . .။ ဘယ်. . . ကျုပ်တို့ ခေတ်ကနဲ့ တူမှမတူတာ။ ကျုပ်တို့ခေတ်တုန်းက နှစ်ဆယ့်တစ်ထဲက တစ်ဆယ့်ကိုးနုတ်တာနဲ့ သည်ကောင်တို့ခေတ် နုတ်ပုံက ကွာသွားပြီ။ ကျုပ်တို့တုန်းက နှစ်ဆယ့်တစ်ထဲက တစ်ဆယ့်ကိုးနုတ်တာက တစ်မျိုးလေ။ ကိုးမနုတ်လောက် တစ်လာ။ တစ်နဲ့တစ် ပေါင်း နှစ်၊ သူတို့ခေတ်က သည်လို မဟုတ်ဘူးဗျ။ နှစ်ဆယ့်တစ်ထဲက တစ်ဆယ့်ကိုး နုတ်တာက ဆယ်ကွက်ထဲက တစ်ဆယ်ချေး။ တစ်ဆယ်ထဲက ကိုးနုတ် တစ်ကျန်။ ကျန်တဲ့တစ်နဲ့ တစ်ပေါင်း နှစ်ရဲ့ဗျ။

ဒီတွက်နည်း မသိခင်က ကျုပ်အကောင်ကို တဗုန်းဗုန်း လက်သံပြောင်ခဲ့တာပေါ့။ ကျောင်းမှာ သူ့ဆရာက ခေတ်တွက်နည်းနဲ့ ပြ၊ ကျုပ်ကလည်း အိမ်မှာ ကျုပ်တွက်နည်းနဲ့ ပြ၊ အိမ်နဲ့ကျောင်း ပြချက်မတူတော့ ဒီအကောင် ချာလည်ရိုက်ပြီး မတွက်တတ်လေ ကျုပ်က နှက်လေ။ သိမှ မသိဘဲကိုး၊ အဲ. . . နောက် သိတော့မှ သူ့ဆရာမဆီ ပြေးရတော့တာပဲ။ ဆရာမဆီက တွက်နည်းမေးပြီး သင်မှပဲ ဒီကောင် ဟန်ကျသွားတယ်။

အခုရက်တွေမှာတော့ မောကြောပဲဗျို့. . .။ သူနဲ့အတူ လိုက်စာဖတ်၊ လိုက်တွက်၊ လိုက်ရေး၊ စာမေးပွဲမှာ မေးလေ့ရှိတဲ့ ကွက်လပ်ဖြည့်ပါတို့၊ မှား/မှန် ရေးပါတို့၊ မေးခွန်းများကို ဖြေဆိုပါတို့။ ပြန်လှန်သင်ကြားခြင်းတွေမှန်သမျှ တွန်းလုပ်နေရတော့တာပဲ။ ကစားမက်၊ အဆော့သန်တဲ့ကောင်တော့ ကောင်းကောင်းကြီးကိုထိနေပြီ။ ဒီကောင့်အတွက် ဘယ်လောက်တောင်ဇောကပ်သလဲ မပြောတတ်ဘူး။ အိပ်မက်ထဲမှာတောင် သူ့သင်ခန်းစာတွေကို ကျက်လို့ဗျို့။

ဟင်း . . . ခုတော့ အလုံးကြီးကျသွားပြီပေါ့ဗျာ။ ဒီနေ့ ဒီကောင် စာမေးပွဲပြီးတဲ့နေ့လေ။ အဖေရော အမေရော ကျောင်းကိုသွားကြိုကြတယ်။ ကျောင်းကားနဲ့ ပြန်မလိုက်တော့ဘူး။ မြို့ထဲဘက်သွားတဲ့ကား ပေါ် ကျုပ်တို့သားအဖတစ်တွေ တိုးတက်ကြတယ်။ ကားကတော့ ထုံးစံအတိုင်းပဲပေါ့။ လူအပြည့်အသိပ်နဲ့ မွန်းကျပ်နေတာပဲ။ ဒါပေမဲ့ . . . ကျုပ်စိတ်ထဲ သွက်လက်ရွှင်ကြည်နေတယ်။ မွန်းသိပ်ပြည့်ကျပ်နေတဲ့ ဒုက္ခကိုတောင် ဒုက္ခလို့မထင်မိဘူး။ ဟုတ်တယ် . . .။ ကျုပ်စိတ်ထဲမှာ ဒီနေ့လောက် စိတ်လွတ်ကိုယ်လွတ်ဖြစ်တာ တစ်ခါမှ မခံစားရဖူးဘူး။ ဆယ်တန်းစာမေးပွဲ ဖြေပြီးတုန်းကရော၊ ဘွဲ့စာမေးပွဲပြီးတုန်းကရော၊ အလုပ်စာမေးပွဲဖြေတုန်းကရော တကုန်းကုန်း တစာစာကျုးခဲ့ရပေမယ့် အခုလောက်ကို စိတ်ထဲပျော်မသွားဘူးဗျာ . . .။ ပေါ့မသွားဘူး ဗျာ. . .။ တကယ်တကယ် ကျုပ်ရင်ထဲမှာ သိပ်ကို တအားကို ပျော်နေတယ်။ ပေါ့ပါးနေတယ်။ သားနဲ့ သူ့အမေက ရုပ်ရှင်ရုံထဲမှာစားဖို့ဆိုပြီးတော့ ငါးမုန့်ကြော်နဲ့ အာလူးကြော် သွားဝယ်ကြတုန်းလက်မှတ်တန်းစီတဲ့လူကြီးနောက်က ဝင်စီလိုက်တယ်။

"ဟော့လူကြီး . . . ကိုညိုထွန်း၊ ဘာလုပ်နေတာလဲဗျ။ အတော်ပဲ။ ကျုပ်တို့ လက်ဖက်ရည်ဆိုင်သွားကြမလို့ လာ . . . လိုက်ခဲ့"

"စာမေးပွဲပြီးသွားလို့ ရုပ်ရှင်ကြည့်မလို့ဟ . . .။ နောက်မှ . . . နောက်မှကွာ"

ကျောင်းကတည်းက တတွဲတွဲ တွဲခဲ့ကြတဲ့ စိုးသိတူ၊ ကိုယ်တူ၊ ဝါသနာတူ ရောင်းရင်းတွေက ဆွဲလား လွဲလားလုပ်တယ်။ အဟုတ်ပဲ . . .။

www.burmeseclassic.com

ကျုပ်နှုတ်က လွတ်ခနဲ ထွက်သွားတယ်။ သည်ကောင်တွေက အမှတ်မဲ့ ပြောလိုက်တဲ့ ကျုပ်စကားကို သတိထားမိဟန်မတူဘူး။ ကျုပ်က ကျုပ် စာမေးပွဲပြီးလို့လိုလို ပြောမိသွားတယ်။ ဟုတ်တယ်ဗျာ။ တကယ့်ရင်ထဲ မှာ သားစာမေးပွဲဟာ ကျုပ်စာမေးပွဲလို ခံစားရတာကိုး။

"အောင်မာ . . . ဘာရမလဲ . . . ကိုယ့်လူ။ လုပ်မနေနဲ့ လာ . . . လိုက်ခဲ့။ ရုပ်ရှင်က နောက်ကြည့်ရင်ရတယ်။ အခုလို လူစုံ တက်စုံ ကြုံဖို့ဟာ လွယ်တာမဟုတ်ဘူး . . ."

"ဟုတ်တယ်ဗျာ . . . မရဘူး။ ခင်ဗျားလိုက်ခဲ့ရမယ်။ ခင်ဗျားရဲ့ စာအကြောင်း ပေအကြောင်း သုံးသပ်ချက်တွေ၊ ဝေဖန်ချက်တွေ မကြားရတာ ကြာပြီ။ ကျုပ်တို့ထဲမှာ ခင်ဗျားတစ်ယောက်ပဲ ကမ္ဘာ့ စာပေတွေ နှံ့စပ်တာ။ ခင်ဗျားရဲ့ ဒဿနတွေကြားချင်တယ်။ လိုက်ခဲ့ ဗျာ၊ အင်္ဂလိပ်လင်ပိုးတို့၊ မော်ပါဆွန်းတို့၊ ချက်ကော့တို့ အယူအဆတွေ၊ အတွေးအခေါ်တွေ၊ ရုပ်တည်ချက်တွေ လုပ်စမ်းပါဦး ကိုယ့်လူရ။ မကြားရတာကြာပြီ"

ကျုပ်ကို ဝိုင်းဆွဲကြတယ်လေ။ ကျုပ်ခေါင်းတွင်တွင်ယမ်းရတယ်။ အရှယ်နဲ့မမျှအောင် စာတွေကြားထဲနှစ်ထားရရှာတဲ့ ကျုပ်ကောင်ကြီးကို စိတ်အစာကျွေးရဦးမယ်။ နောက်ဆုံး ဒီကောင်တွေလက်လျှော့သွားရ တယ်။ တတ်နိုင်ဘူးဗျာ။ အခုလောလောဆယ်မှာက ကျုပ်ခံစားမှုထဲမှာ ဘာ . . . မော်ပါဆွန်း၊ ဘာ . . . ချက်ကော့တို့ အယ်လင်ပိုးတို့အကြောင်း လာမမေးနဲ့။ မသိဘူး။ အဟဲ . . . တစ်တန်းစာတော့ . . . လာမစမ်းနဲ့ ဗျို့။ ကျွမ်းမှ . . . ကျွမ်းပဲ။

# ဗိုမ မဟုတ် ကြောင်ရုပ်

အစတုန်းကတော့ မမြကျင်စိတ်ကူးသည်မှာ ဖရဲသီးကလေး၊ ကြံကလေး၊ နာနတ်သီးကလေး စသည်ဖြင့် ရာသီစာကလေးများသာ ရောင်းဖို့ဖြစ်၏။ ဝါးလုံးတန်းသုံးချောင်းပေါ်တွင် လင်ပန်းကလေးတင် ကာ ခုံဖိနပ်ခုထိုင်၍ ဖြစ်သလိုရောင်းလေသည်၊ ဒေသန္တရဆေးခန်းနှင့် လည်း နီး၊ မူလတန်းကျောင်းနှင့်လည်း နီး၊ ကားဂိတ်နှင့်လည်းနီးသော လမ်းဆုံ မကျတကျသူ့ဆိုင်ကလေးသည် မထင်မှတ်ဘဲ အရောင်းရ သွက်လေသည်။

ခက်လက်ဖြာသော ညောင်ပင်ကြီးကလည်းရှိနေ၍ အလိုလို အရိပ်ရနေပြန်၏။ ခေတ္တခဏ အရိပ်ခိုကြ၊ နားကြသဖြင့် သူ့ဆိုင် ကလေးတွင် ဖောက်သည်ရှိလာလေသည်။ သည်လိုနှင့် ဈေးသည်စိတ် ကူး၊ ဈေးသည်အတွေ့အကြုံတို့ရှိလာကာ အသုပ်စုံဆိုင်ကလေး ဖြစ်လာ ပါတော့၏။

ချဉ်ချဉ်စပ်စပ်ကြိုက်တတ်ကြသော ကလေးတို့သည် မမြကျင် ဆိုင်ကလေးတွင် အလုအယက်ရှိကြ၏။ မူလတန်းကျောင်းသားငယ်များ စားနိုင်အောင် မမြကျင်ကလည်း နှစ်ဆယ်၊ သုံးဆယ်ကျပ်တန်လောက် နှင့်ပင် ရောင်းသည်။ ဆင်းရဲသော်လည်း သန့်သန့်ပြန့်ပြန့်နေတတ် သော မမြကျင်၏အသုပ်စုံဆိုင်ကလေးသည် ကလေးတို့သာမက လူကြီး


www.burmeseclassic.com

www.burmeseclassic.com


တွေ့ပါ သွားရင်း၊ လာရင်း စားဖြစ်ကြ၏။ မန်ကျည်းမဖျော်ရည်၊ ပဲမှုန့်၊ ပုစွန်ခြောက်မှုန့်၊ ဆီချက်တို့ကအစ သခွားသီး၊ ပဲပင်ပေါက်၊ ဂေါ်ဖီရွက်တို့ထည့်သည့် ဇလုံကအစ ပြောင်လက်သန့်စင်နေတတ်သဖြင့် မြင်သူတိုင်း စားချင်စဖွယ်ပင်။

ကားဂိတ်နှင့်နီးသောကြောင့် တက္ကသိုလ်ကျောင်းသူကလေးများပင် ကလေးတို့နှင့် တိုးဝှေ့ဝင်ရောက်ကာစားကြလေသည်။ စေတနာကလည်းအကျိုးပေးသည်ထင်၏။ မမြကျင်သည် တက္ကသိုလ်ကျောင်းသူကျောင်းသားတို့စားသော ခုနှစ်ဆယ်တန်လိုပင် မူလတန်းကျောင်းသားငယ်များကို မုန့်နည်းသည်မှအပ စားကောင်းအောင်ပြုပြင်ပေး၏။ မမြကျင်အသုပ်ဆိုင်၊ မမြကျင်အသုပ်စုံဆိုင်ဟူ၍ နာမည်ထွက်လာတော့သည်။

မမြကျင်က တခြားဈေးသည်တွေလို နာမည်ထွက်လာသည်နှင့် ပြီးလွယ်စီးလွယ်မလုပ်ပေ။ ပုံမှန်အချိုးအတိုင်းရောင်းမြဲပင်။ ဘာပစ္စည်းမှ မလျှော့။ ဟင်းခါးကအစ ကောင်းမွန်အောင်လုပ်၏။ သည်နေ့ ပဲပင်ပေါက်ဟင်းခါးဆိုလျှင် နောက်တစ်နေ့ ကန်စွန်းရွက်ဟင်းခါး၊ နောက်တစ်နေ့ ဂေါ်ဖီရွက်ဟင်းခါး။ ဂေါ်ဖီဈေးတွေ တက်တုန်းကတော့ သူ့ဟင်းခါးအိုးသည် ကန်စွန်းရွက်ဟင်းခါး၊ ပဲပင်ပေါက်ဟင်းခါး၊ မြင်းခွာ ရွက်ဟင်းခါးတို့သာ ဖြစ်တတ်သည်။

ကန်စွန်းရွက်လို့သာပြောသည်၊ ရိုးရိုးကန်စွန်းရွက်ပင် ဆယ့်ငါးကျပ်ပေးရ၏။ ကုန်ဈေးနှုန်းတွေကြောင့်လည်း ပါးစပ်ပေါက်ခုနှစ်ပေါက်ရှိသော သူ့မိသားစုအတွက် မိုးလင်းကမိုးချုပ်အထိ လှုပ်ရှားရုန်းကန်ရလေသည်။ သူ့ယောကျ်ား ကိုအေးမောင်က ရရာကျပန်းအလုပ်တို့ကို ကျုံး၍လုပ်သည်။ တစ်ခါတစ်ရံ လက်သမားဖြစ်လိုက်၊ တစ်ခါတစ်ရံ ပန်းရန်လုပ်သားဖြစ်လိုက်၊ တစ်ခါတစ်ရံ ရေထမ်းသမားဖြစ်လိုက်၊ ရသလိုကြုံသလိုလုပ်သည့်တိုင်အောင် အရွယ်ကောင်း၊ အစားကောင်းသော သားသမီးငါးယောက်တို့ပါးစပ်ကို ပြည့်စုံရုံမျှသာဖြစ်၏။

"အစ်မရေ . . . တို့ဟူး မထည့်နဲ့။ အာလူးလေးပိုထည့်ပေး။ ချဉ်ချဉ်စပ်စပ်ကလေးနော် . . .။ အစ်မအသုပ်ကောင်းတယ်ဆိုပြီး ဟောဒီမှာ . . . ကျွန်မသူငယ်ချင်းတွေကို ခေါ်လာခဲ့တာ အစ်မရေ . . .။ ကောင်းကောင်းကလေးသာသုပ်ပေတော့။

"အေး . . . အေး . . . ထိုင်ကြပါကွယ် . . . အစ်မကောင်းကောင်းလေးသုပ်ပေးပါမယ်"

မမြကျင်က တက္ကသိုလ်ကျောင်းသူ ကောင်မလေးသုံးယောက်ရှေ့သို့ ဟင်းခါးသုံးပန်းကန်လှမ်းချပေးရင်း ပြောသည်။ သံဇလုံထဲသို့ ထည့်နေကျအချိုးထက် အဆာပိုထည့်ကာ တစ်ပန်းကန်သွက်သွက်လက်လက်ပြင်လေသည်။

ထိုစဉ် မူလတန်းကျောင်းမှ ကျောင်းလွှတ်ခေါင်းလောင်းသံကို ကြားရလေသည်။ မမြကျင် နေရာပြင်ထိုင်သည်။ ကလေးတို့ အလုအယက် ရောက်လာကြတော့မည်။ ပြောင့်လက်တောက်ပနေသော ဒန်ပန်းကန်ကလေးများကို ရှေ့တွင်အသင့်စီချလိုက်၏။ နှစ်ဆယ်တန်၊ သုံးဆယ်တန် အသုပ်ပွဲတို့ကို တစ်ပွဲပြီးတစ်ပွဲပြင်နေစဉ် ကလေးတို့ အပြေးအလွှား ရောက်လာကြလေသည်။

"အဒေါ် . . . ကျွန်တော်ကို ကြာဆံချည်းထည့်"

"ကျွန်မဖို့ အစုံထည့်ပေးနော်"

"ကျွန်တော်ကို တို့ဟူးနဲ့ ထမင်းသုပ်ပေးပါ၊ ဆယ်ပြားပြီဗျာ၊ ကျွန်တော့်ကို အရင်ပေးနော် အဒေါ်"

www.burmeseclassic.com

www.burmeseclassic.com

"အောင်မယ် . . .။ ငါက . . . အရင်မှာယားတာကွ"

"ငါလဲ အရင်မှာတာပဲ"

"အေးပါကွယ် . . . အေးပါ . . .။ အားလုံးရမယ် . . . ရမယ်။ အခုပဲ . . . ရတော့မှာပါ သားတို့ရဲ့"

မမြကျင်က ပြင်ထားသောအသုပ်ပန်းကန်ကို ဖွတ်ဖွတ်လတ်လတ် နယ်ရင်း ကလေးများကို တစ်ယောက်ပြီး တစ်ယောက်လှမ်းပေးသည်။

"ဟင်းခါးရည် နည်းနည်းပေးပါဦး အစ်မရေ . . ."

"ဩော် . . . အေးကွယ် . . . စားကောင်းရဲ့လားညီမတို့ရေ၊ အစ်မလည်း ကလေးတွေဆူနေတာနဲ့ ညီမတို့ကို ဘာလိုလဲမမေးမိဘူး၊ အားလုံး . . . ဒယ်စပ်အဟပ်အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ . . . အဆင်ပြေပါတယ်"

မမြကျင်က ကျောင်းသူကလေးသုံးဦးရှေ့သို့ ဟင်းခါးသုံးပန်းကန် လှမ်းချပေးရင်းမေးလိုက်၏။ တစ်ယောက်ပြီးတစ်ယောက် ဝင်လာမစဲ ရှိသော ကလေးများကြောင့် ကျောင်းသူကလေးသုံးဦးက သွက်လက် စွာ လက်စသတ်ကြသည်။

* * * * * *

ဆက်ရက် ကျသလို ညံ့ညံ့စီဖြစ်နေသော ကလေးတို့၏ ရုတ်ရုတ် သဲသဲအသံများ၊ လှုပ်ရှားမှုများက ချစ်မြတ်နိုးဖွယ်ကောင်းလှသည်၊ သူထက် ငါ အလုအယက် ဖြစ်နေကြသည်မှာ ပကတိသန့်စင်၏၊ ဟန်ဆောင် မှုကင်း၏။ ကျောင်းတက် ခေါင်းလောင်းသံ လွင့်ပျံလာတော့သည်။ သည်တော့လည်း အလုအယက် ပိုက်ဆံပေးကာ ကျောင်းသို့ ပြေးကြ လေသည်။

မမြကျင်သည် ကလေးတို့ စားသောက်ပြီးစ ပန်းကန်တို့ကို ဆေး ကြောရင်း၊ သိမ်းဆည်းရင်းမှ ဆာလောင်လာ၏။ တစ်မနက်လုံး ဈေး



ရောင်းနေရသဖြင့် ထမင်းဆာရမှန်းပင် သတိမရတော့၊ အချိန်မနည်း တော့ပြီ ထင်၏။ ထမင်းစားပြီး ဈေးခဏလောက် ပြေးဦးမည်။ အတွေး နှင့်အတူ လက်က သွက်သွက်ကလေး ရှင်းနေ၏။

"ဟယ် . . ."

သူ့လက်က ရေနွေးအိုးဘေးမှ ပိုက်ဆံအိတ်ကလေးတစ်ခုကို ထိသွား၏။ အံ့ဩလွန်း၍ ခဏမျှ ကြောင်ကြည့်နေသည်၊ နောက် ရေနွေးအိုးအခြေမှ ပိုက်ဆံအိတ်အညိုကလေးကို ဆွဲယူလိုက်လေသည်၊ ပိုက်ဆံအိတ်ကလေးသည် သူ့လက်ထဲတွင် စီးစီးပိုင်ပိုင် ရှိလှ၏၊ နိုင်ငံခြားဖြစ်အိတ်ကလေး ဖြစ်ပုံရသည်။ အရောင်မှာ စိုလက်နေပြီး ခလုတ်ကလေးကလည်း ရွှေရောင်ဝင်းနေသည်။ သူ့လက်က အမှတ် မထင်ခလုတ်ကလေးကို နှိပ်လိုက်၏။

"ဟင် . . . ပိုက်ဆံတွေ"

မမြကျင်နှုတ်မှ တအံ့တဩ ထွက်သွား၏။ ခပ်ထူထူပိုက်ဆံအချပ် အခေါက်ကိုကြည့်ပြီး သူ့လက်တုန်ချင်လာသည်။ ဆွဲထုတ်လိုက်တော့ နှစ်ရာတန်၊ ငါးရာတန်၊ တစ်ရာတန်၊ ဆယ်တန်နှင့် ငါးဆယ်တန်အချို့ ကို တွေ့ရလေသည်။ ငါးကျပ်တန်များက သူ့အမ်းလိုက်သည်များ ဖြစ်ပုံ ရလေသည်။ မမြကျင်က ဈေးသည်ပီပီ ပိုက်ဆံခေါက်ထူထူကလေးကို ခပ်ဖိဖိကိုင်ရင်း ငါးထောင်ကျော်မည်ထင်တယ်။ ဘယ်သူ ကျန်ခဲ့ ပါလိမ့်။ နည်းတဲ့ငွေတွေမဟုတ်ဘူး၊ စိတ်မှန်းဖြင့် ရင်ထဲ ဒိတ်ခနဲဖြစ် သွား၏။ ဟန်ကျလိုက်တာကွယ်။ ဒီနှစ် အိမ်အမိုး မိုးချင်နေတာ၊ မနိုဝယ်မယ်၊ ထရံကလေးလည်း အသစ်လဲလောက်မယ် ထင်တယ်။ ဘာပဲဖြစ်ဖြစ် သားကြီးနဲ့သားငယ် နှစ်ယောက်ကို ကျောင်းစိမ်းအသစ် ကလေးတွေ ဝယ်ပေးရပြီပေါ့။ စိတ်ကူးအမျှင်တန်းကာ ရင်ခုန်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဒေါ် . . . အသုပ်တစ်ပွဲပေးပါ"

သူနားထဲတွင် အမြောက်ပစ်လိုက်သလို တုန်သွား၏။ အယောင်ယောင်အမှားမှားဖြင့် ပိုက်ဆံအိတ်ကလေးနှင့် ပိုက်ဆံတို့ကို ဆတ်ခနဲ ဒူးအောက်သို့ သွင်းလိုက်၏။ သူ့ရှေ့တွင် ဝင်ထိုင်နေသော ကန်စွန်းရွက်သည်မကလေးကို . . .

"ဘာလဲ သမီး . . ."

တုန်လှုပ်ချောက်ချားနေကာ မေးမိမေးရာ မေးလိုက်၏။

"အသုပ်တစ်ပွဲ ပေးပါ"

"အေး . . . အေး"

သူ့လက်က ဘာကိုင်ရမှန်းမသိသလိုဖြစ်နေ၏။ သူ့ရင်သည် ခုန်နေသည်။ တစ်ခါဖူးမျှ ဤလောက်များပြားသော ငွေစတို့ကို မကိုင်ဖူး၍ သူ့အမှန်ပင် စိတ်လှုပ်ရှားနေ၏။

"ဟေး . . . ကလေးမ မင်းစောစောက ငါ့မြေးအရုပ်ကို ယူသွားတယ်ဆို"

လမ်းထိပ် တိုက်အိမ်ကြီးမှ လူဖြစ်ကြောင်း မမြကျင်သိသည်။ အင်ပတန် စေးနှဲသောလူကြီးဖြစ်ကြောင်း ကြားဖူးသည်။ ကန်စွန်းရွက်သည်မကလေးက မမြကျင်ကမ်းပေးသော အသုပ်ပန်းကန်ကို လှမ်းယူနေရင်းမှ ခေါင်းယမ်းပြသည်။

"ငါ့မြေးက မင်းကန်စွန်းရွက်ဗန်းထဲ ထည့်သွားတယ်လို့ဆိုပါလားကွ"

လူကြီးက ပုဆိုးပိုင်းအုပ်ထားသော ကန်စွန်းရွက်ဗန်းကို တစ်ချက်ဝေ့ခနဲကြည့်ကာ ပြောသည်။



"ကျွန်မ မယူပါဘူး"

"ယူတယ် . . . ဘာဘ ယူတယ်"

ဂါဝန်လှလှလေး ဝတ်ထားသော ကလေးမကလေးက ပြေးလာရင်း အော်ပြော၏။

"ဒါဖြင့် နင့်အရုပ်က ဘာအရုပ်လဲ"

ကန်စွန်းရွက်သည်မလေးက စားတော့မည့်အသုပ်ပန်းကန်ကို ချထားပြီး လှည့်မေး၏။

"ငါ့အရုပ်က ဗိုမရုပ်သိရဲ့လား။ ငါ့ဖေဖေ ဝယ်ပေးတာ"

"အေး . . . ငါကောက်လာတာ ဗိုမရုပ်မဟုတ်ဘူးဟေ့။ ကြောင်ရုပ် . . . ကြောင်ရုပ်"

ကန်စွန်းရွက်သည်မလေးက ပြောပြောဆိုဆို ပုဆိုးပိုင်းလေးကို လှစ်ပြလိုက်သည်။ ကန်စွန်းရွက်စည်းများကြားတွင် အဝါရောင် ပလတ်စတစ်ကြောင်ရုပ်ကလေးက လဲလျက်သား ရှိလေသည်။

"အေး . . . အဲဒါ . . . ငါ့အရုပ်ပဲ"

ဂါဝန်မကလေးက ပြောပြောဆိုဆို ကြောင်ရုပ်ကလေးကို ဆတ်ခနဲ ဆွဲယူသည်။

"ဟင် . . . ဒါနဲ့ ခုနက ဗိုမရုပ်ဆို"

"မဟုတ်ဘူး။ ကြောင်ရုပ်လို့ပြောတာ"

ကန်စွန်းရွက်သည်မကလေးက ဂါဝန်မကလေးလက်ထဲမှ ပလတ်စတစ်ရုပ်ကလေးကို ပြန်ဆွဲယူလိုက်၏။

"ဒါ . . . ငါ့မောင်ကလေး ကစားဖို့ မြောင်းထဲက ကောက်လာတာ။ ဒီမှာ တွေ့လား ရွှံ့တွေတောင် ရှိသေးတယ်။ နင့်အရုပ်က ဗိုမရုပ်ပဲ။ ဒါ . . . ငါကောက်ရတဲ့အရုပ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . ဟင့်အင်း . . . ဒါ . . . ငါ့အရုပ် ပြန်ပေး . . . ပြန်ပေး . . . ဘဘ ဒါ . . . သမီးအရုပ်"

"ဟုတ်တယ် . . . ကလေးမရဲ့၊ ဒါ . . . ငါ့မြေးအရုပ်။ ဟိုနေ့က ဝရန်တာကနေ လွတ်ကျသွား လို့ မြောင်းထဲရောက်သွားတာဖြစ်မယ်"

"ဘကြီးမြေး အရုပ်က ဗိုမရုပ်ဆို။ ဒါ . . . ကြောင်ရုပ်ပဲ။ ကျွန်မ ကောက်ရတဲ့ အရုပ်ပဲ"

"ဟင့်အင်း . . . ဘဘ၊ ဘဘ . . . ယူပေး"

ဂါဝန်မကလေးက ပြောပြောဆိုဆို ငိုကြီးချက်မ ဖြစ်သွားလေသည်။

"ကဲ . . . လာပါ . . . မြေးရယ်၊ ဘဘ အသစ်ဝယ်ပေးပါမယ်"

လူကြီးက သူ့မြေးကို ချော့မော့ကာ အိမ်သို့ အတင်းဖွေ့ချီကာ ခေါ်သွားသည်။ ဂါဝန်မကလေးက ထွန့်ထွန့်လူး ငိုယိုကာ . . ."

"သူခိုးမ . . . ငါ့အရုပ်ကို ခိုးတဲ့ သူခိုးမ . . ."

"အေးအေး . . . ဟုတ်တယ်။ သူခိုးမ။ ငါ့မြေးအရုပ်ကို ခိုးတဲ့ သူခိုးမလေးနော် . . .။ အေးပါ . . . ဘဘ နက်ဖြန်အရုပ်တစ်ခု ဝယ်ပေးမယ်၊ တိတ် . . . တိတ်"

ကန်စွန်းရွက်သည်မကလေးသည် ဇန်းထဲမှ ကြောင်ရုပ်ကလေးကို ဆတ်ခနဲ ဆွဲယူကာ ထဘီစွန်တောင်ဆွဲ၍ လူကြီးနှင့် ဂါဝန်မလေး နောက်သို့ ပြေးလိုက်၏။

"ရော့ . . . ရော့ . . .။ နင့်အရုပ်ဆို ပြန်ယူ၊ ငါ . . . သူခိုး မဟုတ်ဘူးဟေ့ . . .။ ဆင်းရဲလို့ ကန်စွန်းရွက်ရောင်းစားပေမယ့် ဘယ်တော့မှ သူများပစ္စည်းကို မခိုးဘူး။ မယူဘူး သိရဲ့လား"



ကန်စွန်းရွက်သည်မကလေးက လက်ထဲမှ ကြောင်ရုပ်ကလေးကို မြေးအဘိုးရှေ့သို့ လွှင့်ပေါက်လိုက်ကာ ပြန်လှည့်လာလေသည်။ ကောင်မလေး၏ မျက်နှာသည် နီရဲနေ၏။ စိတ်ဆိုးလွန်း၍ နှုတ်ခမ်းတလေးများက တဆတ်ဆတ်တုန်နေလေသည်။

"ကျွန်မကို ဖက်နဲ့ပဲ ထည့်ပေးလိုက်ပါ အဒေါ်။ အိမ်ရောက်တော့မှ စားတော့မယ်။ ဟင်း . . . ဆင်းရဲလို့ ကန်စွန်းရွက်ရောင်းစားတာနဲ့ လူကို အထင်သေးလို့ သူခိုးတဲ့။ တော်လို့ သေရင်သေပါစေ၊ ဘယ်တော့မှ သူများပစ္စည်းကို မခိုးဘူး။ မယူဘူးမှတ်"

မမြကျင်က ကောင်မလေးကို မေ့လျော့ကာ တအံ့တသြ ငေးကြည့်နေ၏။ သူ့သမီးအရွယ်မျှရှိသော ကန်စွန်းရွက်သည်မကလေး၏ ဆတ်ဆတ်ကြဲ ထိမခံစိတ်ဓာတ်ကို သဘောကျ လေးစားသွား၏။

"အဖေက လူဆင်းရဲချင် ဆင်းရဲပါစေ။ စိတ်ဓာတ် မဆင်းရဲပါစေနဲ့တဲ့။ ငတ်ရင် ငတ်ပါစေ။ သူများမစ္စည်းကို မယူနဲ့တဲ့။ မခိုးနဲ့တဲ့။ ကျွန်မဘယ်တော့မှ သူများပစ္စည်းကို မယူဖူးခဲ့ပါဘူး အဒေါ်ရယ်။ လွှင့်ပစ်ထားတယ်ထင်ပြီး ကောက်ခဲ့တာပါ"

ကောင်မလေး မျက်လုံးများသည် စူးလက်နေ၏။ မျက်ရည်ကြည်ကလေးများ ဝေ့ဝဲလျက်ရှိသည်။ မမြကျင်သည် ကိုယ်ကျင့်တရားကို ထိပါးခံရ၍ မကျေမနပ်ဖြစ်နေသော ကန်စွန်းရွက်သည်မကလေး ထွက်သွားသည်အထိ ငိုင်နေ၏။

သူ့ရင်ထဲတွင် ဝေခွဲမရသော စိတ်တို့ တစ်စတစ်စ ပီပြင်လာ၏။ ဒူးအောက်တွင်ရှိသော ပိုက်ဆံခေါက်ကလေးနှင့် ပိုက်ဆံအိတ်ကလေးကို သည်တစ်ခါတော့ တည်ငြိမ်စွာ ယူလိုက်၏။ မနက်က တက္ကသိုလ် ကျောင်းသူကလေး သုံးဦးကိုလည်း မြင်ယောင်သည်။ မျက်မှန်းတန်းမိ

www.burmeseclassic.com

www.burmeseclassic.com

နေပြီဖြစ်သော ကျောင်းသူမကလေးတစ်ယောက်သည် ဤမှတ်တိုင်နားတွင် စောင့်စားနေကျဖြစ်၏။ နက်ဖြန်တော့ ကျောင်းသူမကလေးကို စောင့်၍နေရမည်။

"အဖေက လူဆင်းရဲ ဆင်းရဲပါစေ စိတ်ဓာတ်မဆင်းရဲပါစေနဲ့တဲ့၊ ငတ်ရင် ငတ်သေပါစေ၊ သူများပစ္စည်း မယူနဲ့တဲ့။ ကျွန်မလေ ဘယ်တော့မှ သူများပစ္စည်းကို မယူခဲ့ပါဘူး အဒေါ် ..."

ကန့်ကွက်ပြောဆိုလိုက်သည့်မကလေး၏အသံသည် မမြကျင်၏နားထဲတွင် စွဲနေပါသည်၊ မမြကျင်သည် ပိုက်ဆံခေါက်များကို စနစ်တကျ အိတ်ထဲသို့ ထည့်လိုက်၏။ တည်ငြိမ်နေပြီဖြစ်သော လက်များနှင့်အတူ ရင်ထဲတွင်လည်း လှုပ်ရှားမှုမရှိတော့။

ပကတိ ငြိမ်သက်သန့်ရှင်းလျက် ရှိပါပြီ။

## မျက်စေ့မစင်သည့် တစ်ခြမ်းပဲ့

" ဟော့လူတွေ ...၊ ခင်ဗျားတို့ဟာ လွန်ပြီဗျာ။ ဘယ့်နှယ် ဓာတ်ပုံကြည့်ရုံဆို၊ စာတော့ မဖတ်ရဘူးဗျာ။ ကျွန်တော်သဘော မတူဘူး ..."

"ဟော့ကောင် တင်လတ်၊ ဒီမှာ ဖိုင်တွေကျတော့မယ်။ ဟာ ... ကဲ... ကျကုန်ပြီ။ အတင်းလုတာပဲ "

တောက် ... စိတ်ရှိလက်ရှိသမျှ တောက်ခေါက်ပစ်လိုက်ရလျှင် ဒင်းတို့အားလုံး အခန်းထဲက လွင့်စင်ရော့မယ်။ အလကားလူတွေ။ ထွီ ... မိန်းမမြင်ရင် ငမ်းငမ်းတက် ဖြစ်နေတဲ့ကောင်တွေ။ ဘယ့်နှယ်ဗျာ၊ မိန်းမပုံပဲ၊ မမြင်ဘူးတာကျနေတာပဲ၊ အလုအယက်များ ဖြစ်လို့၊ အကျင့်တွေကိုက ကောင်းကိုမကောင်းဘူး။ ကြားလို့မှမကောင်း မြင်လို့မှမကောင်း။ အလုအယက်ကို ဖြစ်လို့၊ တင်လတ်ဆိုတဲ့ကောင်ကလည်း အလကားမူလကျီ၊ မကျွပ်တိုင်တက်ချင်လို့ ဟန်တပြပြဖြစ်နေတာပါ။ အခုမှ ဟန်တွေပန်တွေနဲ့လုပ်နေတာ။ ပုံစံကိုက ရုပ်ရှင်မင်းသားလိုလို၊ အဆိုတော်လိုလို။ ရေဒီယိုထဲမှာ သီချင်းနှစ်ပုဒ်၊ သုံးပုဒ်လောက်လာတာနဲ့ သီချင်းလေးတစ်ခွေ၊ နှစ်ခွေထွက်လိုက်တာနဲ့၊ စတိတ်ရှိုးမှာသုံးလေးခါ ဆိုဖူးတာနဲ့၊ ဘဝင်ကိုမြင့်လို့၊ အောက်ခြေ လွတ်လို့၊ လာသမျှမိတ်ဆက်စာတွေကို ကြွားလုံးထုတ်၊



www.burmeseclassic.com

www.burmeseclassic.com

ဟာန်ရေးပြ။ ဒါကို မစားရ အညှော်ခံ ငမ်းကြတဲ့ကောင်တွေကလည်း အလုအယက်လေ။

"ဒါကော့ မဟုတ်သေးဘူးဗျာ . . .၊ ခေတ်ပုံကြည့် တော်ရော်ပေါ့ဗျာ။ လုလို့ . . . ချောလို့ ကျွန်တော်က ရိုးရိုးသားသား ပြတာပါ။ ကျေနပ်ရောပေါ့။ စာကိုဖတ်ပြီး ခင်ဗျာတို့ ထင်ရာမြင်ရာတော့ ကောက်ချက်မချနဲ့ဗျာ . . ."

"ဟာ . . . တင်လတ်ကလဲကွာ . . .၊ အဖြစ်သဲနေလိုက်တာ။ ဖတ်တော့ ဘာဖြစ်သလဲကွ။ အချင်းချင်းပဲဟာ . . ."

"အချင်းချင်းတော့ အချင်းချင်းပဲပေါ့၊ ရင်ထဲက ခံစားချက်ဆိုတာ ဟစ်ဦးနဲ့တစ်ဦးတူကြတာမှ မဟုတ်ဘဲဗျ၊ အထူးသဖြင့် ကျွန်တော်တို့ အနုပညာသမားတွေရဲ့ ခံစားချက်ဟာ ခင်ဗျားတို့နဲ့ မတူဘူးဗျ။ ဒါကြောင့်မဖတ်စေချင်ဘူးဗျာ၊ အလကား ထင်ရာမြင်ရာ ကောက်ချက်ချပြီး ကျွန်တော့် ပရိသတ်ဖြစ်တဲ့ မိန်းကလေးကိုတော့ အထင်မသေးစေချင်ဘူး"

"နားလည်ပါတယ် ဖိုးလတ်ရ၊ ဖတ်ပါရစေ"

ဟင်း . . . လာချေသေး။ ကျွန်တော်တို့အနုပညာသမားတွေရဲ့ ခံစားချက်နဲ့ မတူဘူးတဲ့။ ဒင်းက ဘာကောင်မို့လဲ။ အဆိုတော်ကလေး ဖြစ်မယ်မှ မကြံသေးဘူး။ ဘဝင်ကိုင်ချင်ပြီ။,မိန်းကလေးတွေနဲ့ လုံးလားထွေးလား ရှုပ်မည့်ကောင်ကများ။ မိန်းမနဲ့ ပတ်သက်ရင် လက်ရေးတာ အစ စိတ်ဝင်စားတဲ့ကောင်တွေတော့ ထန်းလျက်ခဲ ပုရွက်အုံသလို အုံနေကြပြီ။

. . . *တကယ်ပြောတာ ကိုလတ်။ မေခင်တို့ဖြင့်လေ ကိုလတ်ဆိုတဲ့ သီချင်းတွေက နူးညံ့သိမ်မွေ့ရုံတင် မဟုတ်ဘူး။*



*အဓိပ္ပာယ်ကလည်း သိပ်လေးနက်တယ်။ စူးရှတယ်။ ရင်ထဲကို ထိုးဖောက်သွားသလို ခံစား လိုက်ရတယ်။ ချစ်ခြင်းမေတ္တာရဲ့ နက်ရှိုင်းမှု၊ ချစ်ခြင်းမေတ္တာရဲ့ ခွင့် လွှတ်မှု၊ ချစ်ခြင်းမေတ္တာရဲ့ စာနာမှု၊ ညှာတာမှု၊ ကြင်နာမှုတွေကို တင်ပြ ထားတာမို့ မေခင်အကြိုက်ဆုံး တေးတစ်ပုဒ်လို့ ပြောပါရစေတော့။ ချစ်ခြင်းမေတ္တာရဲ့ ဆွတ်ပျံ့ချမ်းမြေ့မှုကို သက်ဝင်လှုပ်ရှားသွားအောင် ကိုလတ် ဖန်တီးနိုင်တယ်နော်။ ကိုလတ်ဟာ တေးသံရှင်အဖြစ်သာ မဟုတ်ဘူး။ တေးရေးသူအဖြစ်ပါ အောင်မြင်ပါပေတယ်။ သီချင်းအစကနေ အဆုံးအထိ ပရိသတ်ကို ကိုလတ်နဲ့အတူ ခေါ်သွားနိုင်သူပါ။ ဒါကြောင့် ကိုလတ်ကို မေခင်တို့တတွေ ချီးကျူးချင်၊ ဂုဏ်ပြုချင်ပါတယ် ကိုလတ်ရယ်။ တကယ်ပါ။ ကိုလတ်ရဲ့အနုပညာ စွမ်းဆောင်မှုကို မေခင်တို့ ဂုဏ်ပြုပါရစေ။*

"အလို . . . ဂုဏ်ပြုပါရစေ ဆိုပါလားကွ ဖိုးလတ်ရ၊ မင်းကို ဂုဏ်ပြုတဲ့အခါ ငါတို့လဲ လိုက်ပါရစေကွာ နော်ယောက်ဖ"

အတော်ခက်တဲ့လူတွေ။ ဘယ့်နှယ့်ဗျာ။ တိုးတိုးသက်သာ ဖတ်ကြတာလည်းမဟုတ်၊ သူတို့ပဲ မရှက်တယ်၊ ကျုပ်တော့ရှက်တယ်ဗျာ။ မိန်းကလေးတစ်ယောက်ဆီက စာကိုများ အလုအယက် အတွန်းအထိုးနဲ့ အုံလိုက်ကြတာ၊ အလကားလူတွေ၊ ထွီ . . .၊ ဟိုကောင် လေတ်မျက်နှာကိုလည်း ကြည့်ဦး၊ မျက်စိ မျက်နှာပျက်လို့၊ သူရှုပ်တာ၊ မွေတာ လူသိမှာ စိုးလို့လေ . . .၊ ဒင်းတို့ စရိုက်နဲ့ ကျုပ်နဲ့တော့ ဘယ့်ဖိလာပဲ၊ ဟောဒီတစ်ရုံးလုံး ကျုပ်ဖြင့် တစ်ယောက်မှကို ကြည့်မရဘူးဗျာ။

"ကလင် . . . ကလင်"

www.burmeseclassic.com

www.burmeseclassic.com


- လာပြန်ပြီ၊ ဒီဖုန်းက၊ တကတည်း မြည်ပဲမြည်နိုင်လွန်းတယ်။ မဖြစ်ဘူး၊ မဖြစ်ဘူး မနက်ဖြန် ဖုန်းနဲ့ဝေးတဲ့ နေရာကို ရွှေ့မှ ရွှေ့မှ။

"ဟဲ့လို . . . အမိန့်ရှိပါ ခင်ဗျာ"

" . . . . . . . . . ."

"ဟုတ်ကဲ့ ခဏ ကိုင်ထားပါ။ ဗျို့ . . . ကိုမြင့်ထွေး ဖုန်းလာတယ်"

ဟင်း-- လူပုံကိုက လေတ်လိုကောင်စားမျိုးပဲ။ အားအားရှိ သူ့ဖုန်းချည်းပဲ။ ဒင်းလည်း ဒီပုတ်ထဲက ဒီပဲပဲ။ ကဗျာလေး ဟိုတစ်ပုဒ် ဒီတစ်ပုဒ် ပါတာနဲ့ ဟုတ်လှပြီ ဖြစ်နေတာ၊ ဘဝင် ခပ်ကိုင်ကိုင်ပါ။

"ဟဲ့လို . . . ကျွန်တော် မြင့်ထွေးပါ ခင်ဗျာ"

" . . . . . . "

"ဝေလား . . . ဆက်မလို့ပါ ဝေရဲ့၊ တကယ်ပြောတာပါ ဝေရယ်၊ ဩော်ဟော . . . ဝေ့ကို ကိုယ်မလိမ်ပါဘူးကွယ်။ ကိုလတ်ကို ဝိုင်းပြီး ညှဉ်းနေကြလို့ပါ"

"အခုပဲ . . . အဲဒီ သီချင်းအကြောင်းပြောနေကြတာ၊ ဝေကလည်း ကြိုက်တယ်လား၊ အင်း . . . ပြောလိုက်မယ် ပြောလိုက်မယ်။"

" . . . . . "

"ကိုယ့်ချစ်သူ ဝေကလွဲရင် လောကမှာ ရှိသမျှ မိန်းကလေးတွေ ဖွဲ့ပါကွယ် . . .။ မျက်နှာမများကဲ့ ကိုယ့်ယောကျ်ားပါ၊ စိတ်နဲ့တောင် သစ္စာမဖောက်ပါဘူး ဝေရယ်။ လက်မှတ်ဝယ်ထားပြီးပြီနော်၊ ဝေစောင့်နေ၊ ရုံးဆင်းဆင်းချင်း ကိုယ်လာခေါ်မယ်၊ ဒါပဲနော် ဝေ . . ."

ဟင်း . . . လာပြန်ပြီ တစ်ယောက်။ ချစ်သူရှိတာကို အဆန်းလုပ်လို့ ဟိုးလေးတကြော်ကြော် အသားလွတ်ကြွေးကြော်နေ

တယ်။ အလကားလူ။ မျက်နှာမများတဲ့ ယောကျ်ားလေးဘာလေးနဲ့။ နားကြားပြင်းကပ်လှတယ်။ အင်း . . . ဘာလိုလိုနဲ့ (၃) နာရီတောင် ခွဲနေပါကော၊ ရုံးဆင်းဖို့ ဟန်ပြင်နေကြပြီလေ။ ပိုလ်ချုပ်ဈေး မိန်းမလှတောကို သွားကြတော့မယ်ထင်တယ်၊ ဒီလူတွေ ကြည့်ရတာ မျက်စိနောက်သဗျာ။ မဖြစ်ဘူး၊ မဖြစ်ဘူး ဒင်းတို့အရင်ဆင်းမှ၊ လဟာပြင်ဈေးဝင်ပြီး မှာလိုက်တဲ့ ဆေးနဲ့ဆေးပစ္စည်းဝင်ဝယ်ရဦးမယ်။

ဆေးကလည်းရှာရ အခက်သား၊ အတုတွေက တောင်လိုပုံနေတော့အစစ်ကိုရှာရတာ မလွယ်လိုက်တာ။ ဟူး . . . ဟိုဘက်ကို တစ်ပတ် ပတ်ရှာဦးမှ။

" ဟောတော့ . . . အစ်ကို ရွှေဇကြီးပါလား ကြည့်စမ်း . . . လူတောင် မှားတယ်။ ရှိုးအပြည့်ပဲကိုး"

" ဟင် . . . ခင်နွဲ့ကြည်"

"ဟုတ်ကဲ့ . . . ခင်နွဲ့ကြည်ပါတဲ့ရှင် မှတ်မိရဲ့လား"

"ကြည့်စမ်း . . .၊ ခင်နွဲ့ကြည်ပါလား . . . ဒီကောင်မလေး အရင်ကနဲ့ တခြားစီပဲ၊ သူနှုတ်ဆက်ပေလို့၊ နို့မို့ဘယ်မှတ်မိပါ့မလဲ၊ ပြောင်းလဲလာလိုက်တာ အသားတွေလည်း လတ်လို့။ အရင်လို ပိန်ခြောက်ခြောက် မဟုတ်တော့ဘူး။ စိုစိုပြည်ပြည် တစ်တစ်ရစ်ရစ် ကလေးပါလား၊ မျက်နှာကလေးကတော့ မပြောင်းလဲဘူး။ နုနုကလေးပဲ။ သူပြုံးလိုက်တော့မှ မှတ်မိတော့တယ်။ သွားတက်ချွန်ချွန်ကလေးနဲ့ ပြုံးနေတတ်တဲ့ ကောင်မလေးပေါ့။

"အစ်ကိုရွှေဇကြီး အခု ဘယ်မှာလဲဟင် . . ."

"နေမြဲပါပဲ နွဲ့ရယ် . . . အရင်ဌာနမှာပဲပေါ့၊ နွဲ့ကရော မော်လမြိုင်ပြောင်းရတယ် မဟုတ်လား ခုကော . . ."

www.burmeseclassic.com

www.burmeseclassic.com

"နွဲ့ ရန်ကုန်ပြန်ရောက်လာပြီ အစ်ကိုရွှေဇံရဲ့၊ အင်းလေ . . . လပိုင်းလောက် ရှိပြီပေါ့၊ အစ်ကိုရွှေဇံကြီးကို နွဲ့သတိရနေတာ"

"တော်ပါ နွဲ့ရယ် . . . တွေ့တော့မှ သတိရတယ် လုပ်နေပြန်ပြီ"

"အဟုတ်ပြောတာပါ . . . အစ်ကိုရွှေဇံကြီးရဲ့။ နွဲ့ ဒီပြောင်းလာတာ အသားမကျသေးလို့ အစ်ကိုရွှေဇံကြီးကို လာရှာမလို့ပဲ၊ မမေ့ပါဘူး အစ်ကိုရွှေဇံကြီးရာ၊ လက်ဖက်ရည်သောက်ချိန်တိုင်း အမှတ်ရနေတာပါ။"

အင်း . . . ကောင်မလေး မဆိုးဘူး။ သူပြောတာ ဟုတ်မှာပဲ၊ သတိရနေသွားဘဲ၊ ရမှာပေါ့လေ၊ သူတို့ရုံးနဲ့ ကျုပ်တို့ရုံးက သိပ်မှ မကွာလှပဲ၊ လက်ဖက်ရည်သောက်ချိန်တိုင်း မုန့်ဆိုင်မှာ အမြဲဆုံနေကျပဲ၊ တခြားဌာနမပြောင်းခင်အထိ ခင်နွဲ့ကြည်တို့အုပ်စုနဲ့ ကျုပ်နဲ့တကယ့်အရင်းအချာပဲ။

"ကဲ . . . နွဲ့ရယ် နေလဲပူပါတယ်။ နောက်ပြီး ခုလိုနွဲ့နဲ့ မမျှော်လင့်ဘဲ တွေ့ရတော့ အစ်ကိုသိပ်ဝမ်းသာရတယ်။ ဝမ်းသာတဲ့ အထိမ်းအမှတ်နဲ့ တစ်ခုခုစားကြရအောင်လားကွယ် . . ."

"နွဲ့လည်းဝမ်းသာတာပေါ့ အစ်ကိုရွှေဇံရယ်၊ ဘယ့်နှယ်ပြောပါလိမ့်။ အစ်ကိုရွှေဇံတို့ရုံးကို အေးအေးဆေးဆေးလာခဲ့ဦးမယ်။ အခုတော့ မေမေခိုင်းလိုက်တဲ့ ကိစ္စလေးရှိလို့ သွားဦးမှ။ နွဲ့ကို ခွင့်လွှတ်နော်. . ."

ဒီကောင်မလေး အိမ်ထောင်ကျသေးဟန် မတူဘူး။ အမေနဲ့ အတူနေတုန်းပဲကိုး။ အရင်ကထက်လည်း ပိုသွက်လာတယ်။ အင်း. . . ပိုလည်းချစ်စရာကောင်းလာတယ်။

"ဟာ. . . နွဲ့ကလဲ၊ အစ်ကို စိတ်မကောင်းအောင်တော့ မလုပ်နဲ့။ ကဲ. . . လာပါ ဒံပေါက်စားကြရအောင်။ နွဲ့ကြိုက်တယ် မဟုတ်လား။ နောက်ပြီး နွဲ့ကြိုက်တဲ့ ကူဖီးလ်လည်း စားကြရအောင်လေ"



"ကဲ. . . သဘောပါပဲ အစ်ကိုရွှေဇံရယ်၊ နွဲ့ ဘာကြိုက်တတ်တယ်ဆိုတာ အစ်ကိုရွှေဇံကြီးမှတ်မိသားပဲနော်. . ."

"နွဲ့ရယ် ပြောရက်လိုက်တာ ညီမရယ်၊ နွဲ့ဘာကြိုက်တတ်တယ်ဆိုတာ အစ်ကို ဘယ်မေ့ပါ့မလဲ။ နွဲ့ကို အစ်ကိုက အမြဲသတိရနေသူဆိုတော့ မှတ်မိနေတာပေါ့။ ဟော့ . . ဒံပေါက်နှစ်ပွဲ၊ နောက်ပြီး ဟိုဘက် ဆိုင်က ကူဖီးလ်နှစ်ခွက်ပါ မှာပေးကွာ၊ ကဲ. . နွဲ့ရေ. . . ထိုင် အေးအေးဆေးဆေးပေါ့ နွဲ့ရယ်။ နွဲ့နဲ့ ကွဲနေတာ ကြာပြီ"

"နွဲ့ကလည်း အတိုးချပြီး ပြောချင်နေတာပါ အစ်ကိုရွှေဇံရဲ့. . ။ ဟို. . . မမသင်းခိုင်ကြီး မှတ်မိသေးလား"

"ဟာကွာ. . . နွဲ့ကလဲကွာ၊ နွဲ့ကလွဲပြီး အစ်ကိုဘာမှ မမှတ်မိဘူး။ သူများအကြောင်းတွေ လျှောက်ပြောမနေစမ်းပါနဲ့။ နွဲ့အကြောင်းပဲ အစ်ကိုက နားထောင်ချင်တာ နွဲ့ရဲ့"

"ဟော. . . အစ်ကိုရွှေဇံကြီးကတော့ လုပ်ပြီ။ အရင့်အတိုင်းပဲ၊ တဗွတ်ထိုး နင်းနင်းပြောတတ်လွန်းလို့ မမသင်းခိုင်ကြီးနဲ့ စကားများရတာတွေ မှတ်မိသေးလား"

"နွဲ့ရယ် ဒါတွေဟာ အတိတ်မှာ ကျန်ခဲ့ပါပြီ။ အခု အစ်ကို တွေ့ချင်၊ ပြောချင်တာ ဟော့ဒီနွဲ့ကိုပဲ။ ကဲ. . နွဲ့ကြိုက်တဲ့ ဒံပေါက် စားလည်းစား၊ အေးအေးဆေးဆေး စကားတွေ တစ်ဝကြီးလည်း ပြောရအောင် နွဲ့ရယ်"

ကျုပ်တော့ သိပ်စားလို့ မရပါဘူး။ ကောင်မလေးစားတာကြည့်ပြီး ဝနေတယ်။ ဟုတ်တယ်။ ကောင်မလေး၊ အဲ. . . နွဲ့. . ဟန်တွေပန်တွေ မရှိရှာဘူး။ အားရပါးရကို စားနေတာပဲ။ ကျုပ်မျက်နှာကို တစ်ချက်ကလေးမှတောင် မော့မကြည့်ဘူး။ ကျုပ်မျက်နှာမှာ. . . သူ့အတွက် ဘာအဓိပ္ပာယ်ရှိတယ်ဆိုတာလည်း သတိပြုပုံ မရပါဘူး

www.burmeseclassic.com

www.burmeseclassic.com



ဗျာ။ ခင်နွဲ့ကြည်ရယ်. . . နွဲ့ရယ်. . . မင်းဟန်ကလေးတွေက ချစ်စရာကောင်းဆဲပါပဲလား။

"ဟင်း. . . အစ်ကိုရွှေဖုံကြီး စားလည်း သိပ်မစားပါလား။ နွဲ့တော့ စားလို့ကောင်းလိုက်တာ အရမ်းပဲ. . .။ ကဲ. . . စားလို့လဲ ဝပြီ။ အမြန်လစ်မှ အစ်ကိုရွှေဖုံရေ. . . ကိစ္စကိုအမီသွားမှ"

"နွဲ့ ဝရင် အစ်ကို ဝတာနဲ့အတူတူပါပဲ နွဲ့ရယ်. . .။ နွဲ့ကို အမှတ်တရ တစ်ခုလောက် ဝယ်ပေးလိုက်ဦးမယ်နော်. . .။

"ဘာ. . . အမှတ်တရလဲ အစ်ကိုရွှေဖုံ။ အလကား မဟုတ်တာ။ နွဲ့ကသာ ပေးရမှာပါ။ မော်လမြိုင်က ပစ္စည်းတွေ တော်တော်ပါလာတယ်။ နောက်ကြုံမှ အစ်ကိုရွှေဖုံကြီးကို လက်ဆောင်ပေးရဦးမယ်။ ကဲ. . . သွားမယ်နော်"

"ဟာ. . . နွဲ့ရယ်. . . နွဲ့ အစ်ကို စိတ်ထိခိုက်အောင်တော့ မလုပ်နဲ့ကွယ်. . .။ မရဘူး အစ်ကို ဝယ်ပေးတာယူပြီးမှ ပြန်ရမယ်. . .။

"ခက်တော့ နေပါပြီ. . ."

ဘာရမလဲ. . .။ စိတ်ပျက်လက်ပျက် ဖြစ်နေတဲ့ ခင်နွဲ့ကြည် လက်ထဲ ဂျပန်မွှေးပွ ပိုက်ဆံအိတ်ကလေးထည့်ပေးလိုက်တယ်။ ကောင်မလေးက မယူချင်ဘူး။ ကျုပ်အကုန်အကျများသွားလို့ အားနာဟန်တူပါရဲ့. . .။ လူတောထဲ ရှက်မနေနိုင်တော့ပါဘူး။ အတင်းလက်ထဲ ထည့်တော့မှ ယူတယ်။ မျက်လုံးတောက်တောက်ကလေးနဲ့ ကျုပ်ကို မော့မော့ကြည့်နေတာလေး သဘောကျလို့ ပြုံးလိုက်တဲ့အခါ သွားတက်ချွန်ချွန်ကလေးနဲ့ မျက်နှာနုနုကလေးကို ဖျောက်လို့မရပါဘူးဗျာ။ တစ်ချိန်လုံး၊ တစ်လမ်းလုံး ခင်နွဲ့ကြည်ရဲ့ ပြည့်ပြည့်မွှေ့မွှေ့ဟန်ကလေးကို မြင်ယောင်လာတယ်။ အိမ်ကို ဘယ်ပုံရောက်လာမှန်းတောင် မသိတော့ဘူး။

"ဟော . . . မောင်ပြန်လာပြီ။ နောက်ကျလှချည့်လားမောင်ရယ် . . .။ ဆေးရောရခဲ့ရဲ့လား။ မောင့်သားတော်မောင်ကလဲ ဒီနေ့အပူထပ် တက်လာလို့ ဒီမနက် ဆေးခန်းကို သွားရ သေးတယ်။ ဆေးရောဟင် . . .။ နောက်ပြီး သားကြီးဖို့ မှာလိုက်တဲ့ကျောင်းလွယ်အိတ်ရော ဝယ်မလာဘူးလား။ မေ့လာပြီ မဟုတ်လား။ ဒါကြောင့် မနက်ကတည်းက ခင် သေချာပြောသားပဲ။ စာရင်းကလေးနဲ့ တေးမှတ်သွားပါလို့၊ အခုတော့ အားလုံးမေ့လာခဲ့ပြီပေါ့။ ကောင်းတယ်။ ကဲ . . . ထမင်းပြင်လိုက်ရတော့မလား"

"မပြင်နဲ့တော့ကွာ . . . စားခဲ့ပြီ"

"ဟော . . . ကြည့်၊ မောင်ကတော့ လုပ်ပြီ။ ဒါနဲ့များ တစ်နေ့တလေ အိမ်မှာ အေးအေးဆေးဆေး စားရတုန်း ကောင်းကောင်းလေး လုပ်ပါဆို၊ ငါးဖယ်သုပ်ချဉ်ချဉ်ကလေးနဲ့ ဘူးသီးဟင်းခါးပူပူလေး သောက်ချင်လှရဲ့ဆို။ ခင့်မှာ တစ်မနက်လုံး ကလေးတစ်ဖက်နဲ့ ဗျာများရတဲ့ကြားထဲ ချက်ဟယ် ပြုတ်ဟယ်နဲ့။ ခုတော့ . . . ဘယ်က စားလာရပြန်သလဲမောင်ရဲ့ . . .။

"အလှူက စားလာတယ်ဟေ့။ ရုံးက တင်လတ်တို့ အလှူအိမ်က ဝင်စားလာခဲ့တယ်ဟေ့ . . . တကတည်းဗျာ၊ ပွည်ပွည်နဲ့၊ မိန်းမများ လျှာကို ရှည်တယ်၊"

www.burmeseclassic.com

www.burmeseclassic.com

# နေရာကလေး တစ်နေရာ

မျက်စိက ကျင့်သားရနေပြီ။

နိုးနေမြဲအချိန်မို့ အလိုလို နိုးလာသည်။ တစ်ဖက်ခုတင်က အေး၏ လှုပ်ရှားသံ သဲ့သဲ့ကိုလည်း ကြားရသည်။ အေးလည်း နိုးထနေပြီထင့်။ ထတော့မည်လုပ်ပြီးမှ သည်နေ့ တနင်္ဂနွေဖြစ်ကြောင်း အသိက ဝင်လာသည်။ တစ်ရက်တလေ နားရက်မို့ နိုးနေပေမယ့် ထချင်စိတ်မရှိသေး၊ နေ့စဉ်နေ့တိုင်း ရုံးချိန်မီ စောစောအိပ်လို့ စောစောထလို့ စောစောချက်ပြုတ်ကြရသည့်ဒုက္ခကို သည်တစ်နေ့ဖြင့် အငြိမ်းစားယူရမည် စိတ်ကူးဖြင့် စောင်ကို တင်းတင်းပြင်ခြုံလိုက်ရင်း မှိန်းနေမိ၏။

သို့သော် တစ်ဖက်ခန်းမှ စကားသံနှင့်အတူ တဒိုင်းဒိုင်း ထောင်းနေသော ကျည်ပွေ့သံကြောင့် ဆတ်ခနဲဖြစ်သွားသည်၊ နေ့စဉ်ကြားရသည် ဖြစ်သော်လည်း ဆူသံညံသံကြားတိုင်း လှိုင် လန့်တတ်၏။ သည်အဆောင်ရောက်စနေ့ကတည်းက ကြားရသည်ပင်။ ဂုန်အိတ်အစုတ်၊ အဝတ်အစုတ်ကလေးများ ခုထောင်းရောပေါ့ဟု မကြာခဏ တွေးမိပေမယ့် အကြံမပေးချင်၍တော့ မဟုတ်။ အလိုက်ကန်းဆိုး မသိတတ်သူကိုတော့ လှိုင် ပြောရမှာ ဝန်မလေးပေ။

"အမလေး . . သွားမပြောလိုက်ပါနဲ့ လှိုင်ရယ်။ အဲဒီ ညီအစ်မက သိပ်နှုတ်စွာတာကွ။ မခံနိုင် ဂွမ်းသာဆိုထား။ သွားမလုပ်နဲ့၊ နှုတ်စည်းစောင့်တဲ့သူတွေ မဟုတ်ဘူးကွ။ ကိုယ်ကလဲ သူတို့လို နိမ့်နိမ့်ကျကျ မပြောတတ်တော့ အေးအေးနေတာ အကောင်းဆုံးပဲ လှိုင်ရေ"





အေးက လှိုင့်ကို တောင်းပန်ရှာသည်။ တစ်ခါတစ်ရံ လေးနာရီ မထိုးတတ်သေး၊ တဝုန်းဝုန်းနှင့် အဝတ်ဖွပ်ချင်ဖွပ်နေ၏။ တဒုန်းဒုန်းဖြင့် မီးသွေးထုခွဲချင် ထုနေတတ်ပြန်သည်၊ သူတစ်ပါး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တတ်သည့် အချိန်ပဲဟု စာနာမှု မရှိ၊ ငဲ့ညှာမှုမရှိ၊ လူ့ကျင့်ဝတ်မရှိ။

"နည်းနည်းပါးပါးလဲ အဲ့သိစိတ်ကလေး ရှိကြပါဦးတော်. . .၊ ဘယ်နှယ့် သူများတွေ အိပ်ကောင်းတုန်းအချိန် ဒီလောက်တောင် မိုက်ရိုင်းလှချည့်လား"

အေး စကားပင် မဆုံးတတ်သေး၊ အပေါ်ထပ်မှ ခင်မြလွင်၏ အသံကို ကြားရသည်။ လှိုင်မှာ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း၊ သည်လိုပြောမည့်သူ ရှိဦးမှ၊ အပေါ်ထပ်က သူတွေပင် သည်မျှ ညံနေလျှင် အခန်းချင်းကပ်လျက် လှိုင်တို့မှာ ဆိုဖွယ်မရှိတော့ပေ။

"ဟဲ့ . . . ဘယ်သူလဲ မိုက်ရိုင်းတယ်ပြောတာ။ အပေါ်က နေ ဟောင်မနေနဲ့။ သတ္တိရှိရင် အောက်ဆင်းပြော။ အပေါ်မှာနေရတာပဲ ဆိုပြီး ခြေသံပြင်းပြင်း နင်းနေကြတာတော့ မရိုင်းစိုင်းကြဘူးပေါ့နော်၊ ဟင်းအိုးပေါ် ဖုန်တွေ တဖွဲဖွဲ ကျကျနေတာတော့ မပြောဘူး။"

"ဟဲ့ . . . ကြမ်းမှ မလုံဘဲ။ ကျမှပေါ့ဟဲ့ . . .။ ကျမှန်းသိရင် နင်တို့ဟာ နင်တို့ ဖုံးဖိထားကြပါလား၊ လူမှန်း မသိတဲ့ဟာတွေက ပြန်ဟစ်နေကြသေးတယ်။"

"ငါလည်း ခြောက်ဆယ်ပေးနေတာပဲဟဲ့ . . .။ အလကားနေတာ မဟုတ်ဘူး။ ငါ ထောင်းချင် ထောင်းမယ်၊ ဘာဖြစ်သလဲ။ သတ္တိရှိရင် ဆင်းခဲ့စမ်း . . ."

အောက်က စိန်ခေါ်သည်။ စိန်ခေါ်သံနှင့်ထပ်တူ အပေါ်ထပ်မှလည်း သုံးလေးယောက်မျှ တဝုန်းဝုန်းဆင်းလာသည်။ လှိုင် လန့်သွားလေသည်။ အဆောင်ဆိုသည်မှာ လူပေါင်းစုံ၊ အလွှာပေါင်းစုံ ဆုံကြသည့်နေရာပင်။ စိတ်ထားသိမ့်မွေ့သူ၊ အေးဆေးသူ၊ သည်းခံသူ ရှိသလို၊

www.burmeseclassic.com

www.burmeseclassic.com


နှုတ်စွာသူ၊ ရန်လိုသူ၊ ဆတ်ဆတ်ထိ မခံသူ၊ အသာစီးချင်သူများလည်း ရှိပေသည်။ သည်အဆောင်လောက် ရန်စွာသူ များသည့်အဆောင် လှိုင် မကြုံဖူးပေ။ ဆွဲသူ ဆွဲ၊ ဖျဉ်သူ ဖျဉ်နှင့် တစ်ဖက်ခန်းတွင် ဝုန်းဒိုင်း ကြမ္မ ဖြစ်နေကြ၏။ လှိုင်က ရန်ဖြစ်ရမှာ ကြောက်တတ်သူမို့ အသံ ကြားကတည်းက လန့်နေပေသည်။ အေးကတော့ ဝတ္ထု အဖတ်မပျက်၊ လောကကြီးတစ်ခုလုံး မသိသလို၊ နားမလည်သလို၊ မပတ်သက်သလို သူ့ပဲ နေနိုင်သည်ပင်။ လှိုင်က ကြောက်ပေမယ့် ဘယ်သူများ ထိသွား သေးသလဲ၊ ဘယ်သူများ နာသွားသေးသလဲ စိုးရိမ်စိတ်ဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေပြန်သည်။ တစ်ဖက်ခန်းသို့လည်း သွားရောက် မကူရဲ၊ အဆောင်ပိုင်ရှင် ရောက်လာမှ ရန်ပွဲ ပြီးသွားလေသည်။

ယခုလည်း ကြည့် . . .။ အမှတ်မရှိ၊ တဝုန်းဝုန်းနှင့် ထုထောင်း နေပြန်သည်။ ခင်မြလွင်တစ်ယောက် အိပ်မောကျနေရှာလား၊ ဒါမှ မဟုတ် ခပ်တိုင်းငန် ညီအစ်မနှစ်ယောက်ကို လက်လျှော့လိုက်ပြီလား။ ဘာသံမျှ မကြားရ။

"နိုးပြီလား လှိုင်၊ ဒီမနက် ဈေးသွားမလို့ ဘာမှာဦးမလဲ"

အေးက အိပ်ရာသိမ်းနေရာမှ လှိုင့်ကို မေးသည်။ ဤမျှ ဆူနေ သည်မို့ လှိုင် အိပ်မရကြောင်း အေး သိလေသည်။ လှိုင်သည် ခြင်ထောင်ကို လက်တစ်ဖက်ဖြင့် သိမ်းရင်း ကိုယ်တစ်ပိုင်း ထွက်လိုက် ၏။

"မှာလိုက်မယ်လေ . . .။ ဘာချက်ရမှန်းတောင် မသိ ဘူးဟယ် . . .။ တစ်နေ့တစ်နေ့ ဟင်းချက်ဖို့ စိတ်ကူးရတာကလဲ မောသား"

"အဟင်း . . . ဟင်း . . . တိုးတိုးပြောပါ လှိုင်ရယ်၊ တခြားသူ တွေ ကြားရင် အထင်ကြီးပြီး ပိုက်ဆံ လာချေးနေပါဦးမယ်။ မနက် ကန်စွန်းရွက်။ မနက် အာလူး၊ ည အာလူး။ မနက် ပဲပင်ပေါက်၊ ည ပဲပင်ပေါက်"

"ဟာကွာ . . . အေးကလဲ . . ."

လှိုင် မရယ်ဘဲ မနေနိုင်တော့ပေ။ ဟန်နှင့် ပန်နှင့် ပြောနေသော အေးစကားကြောင့် လှိုင် အတော်သဘောကျသွားသည်။ ဟုတ်တော့ လည်း ဟုတ်သား။ စကားအဖြစ်သာပြောရသည်။ တစ်လမှာ အသားဟင်း နှစ်ခါသုံးခါထက် လှိုင်တို့မချက်ဖြစ်ကြပေ။ ရန်ကုန်စရိတ်ကလည်း သိသည့်အတိုင်း လှိုင်တို့လိုအောက်တန်းစာရေးလစာကလေးနှင့် ဘယ်မှာ အသားဟင်း လှိုင်လှိုင်စားနိုင်မည်လဲ။ သည်ကြားထဲ အဆောင်ခ တွေကလည်း ဒီရေပမာတရိပ်ရိပ်တက်တက်လာသည်။ လူနှစ်ဆယ် အစိတ်လောက်ကို ခန်းမကျယ်ကြီးထဲတွင် ငါးပိငါးချဉ်သိပ်ထားသည်။ တစ်ခုတင်နှင့် တစ်ခုတင်မကွာလှ။ ကျောချရာ တစ်နေရာမျှသာပင်။

တစ်နေ့တာလုပ်ငန်းခွင်မှာ ပင်ပန်းလာသည်မို့ ကိုယ့်နေရာ ကိုယ့်ခုတင်ကလေးမှာ အေးငြိမ်းသက်သာစွာ နားခိုလိုပေသည်။ မကျယ်လျှင်ရှိပစေ၊ လူတစ်လှေကြီးနှင့်စကားစုံ၊ စရိုက်စုံ၊ အကျင့်စုံ တွေ ကြားနေရသည်ထက် နှစ်ယောက်ခန်းကျဉ်းကျဉ်းကလေးနေရ သည်ဆိုလျှင်တော့ မဆိုးလှ။ ဤအတွေးဖြင့် နှစ်ယောက်ခန်းနေနိုင်ရေး အတွက် ဘာပဲဖြစ်ဖြစ် အစားတော့လျှော့စားရမည်။

"အစားက လူမြင်တာမဟုတ်ဘူးကွာ . . . အဝတ်ကမှ လူမြင် တာ"

ထမင်းဘူးတွင် ပဲပြုတ်ကြော်အမြဲနေရာယူလေ့ရှိသော ခင်ချိုလှ အပြောကို လှိုင် ထောက်ခံမိလေသည်။ ခင်ချိုလှက အစားတွင် ချွေ တာသော်လည်း အဝတ်ကိုတော့ ခြစ်ခြုတ်ဝယ်တတ်ပေသည်။ ထောက်ခံ မိသော်လည်း လှိုင်ကတော့ ရုံးဝတ်စုံကလေးမှအပ အဝတ်အစား ဘက်မလှည့်နိုင်ပေ။ ခင်ချိုလှက ရန်ကုန်၏ဆင်ခြေဖုံးရပ်ကွက်ကလေး တွင် အိမ်ကလေးတစ်အိမ်ရှိသူမို့ နေစရာအတွက် လှိုင့်ဖို့ ခြောက်ဆယ်

www.burmeseclassic.com

ကုန်ရန်မလိုပေ။ လှိုင်မှာက နယ်မှဖြစ်၍ နေစရာကလေးတစ်နေရာအတွက် လစဉ် နုတ်ထားရပေသည်။

"မှာလေ . . . လှိုင်"

အေးက ခေါင်းကိုဆံညှပ်ညှပ်ရင်း ဆိုလေသည်။ သည်တော့မှ လှိုင်သည်ခေါင်းအုံးအောက်မှ ပြားချပ်ချပ်ပိုက်ဆံအိတ်ကလေးကို ဆွဲထုတ်လိုက်၏။ ပိုက်ဆံအိတ်ကိုင်ရင်းမျက်လုံးက နံရံတွင်ချိတ်ဆွဲထားသော ပြက္ခဒိန်သို့ရောက်သွားလေသည်။ နှစ်ဆယ့်တစ်ရက်ဆိုတော့ လကုန်ဖို့ ဆယ်ရက်တောင်လိုသေးတာပဲ။ အသားဟင်းချက်လို့ မဖြစ်သေးပါဘူးလေ။ တစ်ခါတစ်ရံအသားဟင်းလေးတော့ စားချင်မိပေသည်။ ရုံးပိတ်ရက်တွင် ခရမ်းချဉ်သီးအနှစ်များများနှင့် အမဲနှပ်ကလေးချက်ချင်သား။ စိတ်အတွေးကို လျှော့ပစ်လိုက်သည်။

"ပန်းဂေါ်ဖီနဲ့ ကြက်ဥတစ်လုံးဝယ်ခဲ့နော် . . ."

အေးအား ပိုက်ဆံလှမ်းပေးရင်း အိပ်ရာထဲမှထွက်သည်။ ဆက်အိပ်လည်း ရမည်မဟုတ်။ ရေပုံးဆွဲကာ ရေပိုက်ရှိရာသို့ ထွက်လာခဲ့သည်။ ရေတစ်ပုံးခပ်ပြီး အခန်းသို့ပြန်အလာတွင် ဈူးဈူးကဲကဲ ငရုတ်ညှော်နံ့က လှိုင်လျက်ရှိလေသည်။ လှိုင်က တံခါးကိုဆွဲအဖွင့်တွင် . . .

"ဝုန်း"

လက်ထဲမှ ရေပုံးကို လန့်ဖျပ်ကာလွှတ်ချမိလေသည်။

"ဝုန်း . . . ဝုန်း . . . ဝုန်း . . ."

အပေါ်ပြတင်းပေါက်မှ တစ်ဖက်ခန်းသို့ ရေပက်လိုက်သံ တဝုန်းဝုန်းကြောင့် လှိုင် ကြောင်ကြည့်နေမိ၏။

"ဟဲ့ . . . အယုတ်မတွေ . . . နင်တို့ ဒီလောက်ယုတ်မာလှချည်လားဟဲ့။ ဒီမှာ နေမကောင်းနေတာကို ဒီလောက်အညှော်တွေလုပ်နေရသလား"

"ဒီလောက်ပဲ ငတ်နေကြသလား . . . ကြော်လို့ . . . လှော်လို့မပြီးနိုင်ဘူး"



အော်ဟစ်သံများနှင့်အတူ ပြတင်းပေါက်မှ ခေါင်းများပြူထွက်ကာ ညီအစ်မနှစ်ယောက်ခန်းဘက်သို့ ရေပုံးဖြင့်တဝုန်းဝုန်းပက်လေသည်။

"လာခဲ့စမ်း ကောင်မတွေ ဟေ့ . . .။ နင်တို့ မဆင်းရင် . . . ငါလာခဲ့မယ်ဟေ့ . . ."

ဆတ်ဆတ်ကြဲညီအစ်မနှစ်ယောက်က တံခါးဖွင့်ကာ ပြေးထွက်လာလေသည်။ လှိုင်သည် အထိတ်ထိတ်ဖြစ်ကာ ချာခနဲလှည့်ထွက်ပြီးမှ အခန်းတံခါး မပိတ်ရသေးသည်ကို သတိရပြီး သော့ပိတ်ကာ ဈေးဘက်သို့ ထွက်လာခဲ့၏။

လမ်းတစ်ဝက်တွင် အေးနှင့်တွေ့လေသည်။ မျက်စိမျက်နှာပျက်နေသော လှိုင့်ကိုကြည့်ပြီး အေးကအလောတကြီးမေးသည်။

"လှိုင် . . . လှိုင် . . . ဘာဖြစ်လို့လဲ"

"ရန် . . . ရန်ဖြစ်ပြီ"

တုန်တုန်ယင်ယင်ဖြစ်နေသော လှိုင့်လက်ကလေးကို အေးက ဆုပ်ကိုင်လိုက်၏။ မျက်ရည်အဝဲသားဖြင့် လှုပ်ရှားနေသော လှိုင့်ကိုကြည့်ပြီး အေး စိတ်ထိခိုက်သွားလေသည်။ အေးအေးဆေးဆေးနေတတ်သော လှိုင်နှင့်မှ သည်မိန်းကလေးများနှင့် လာဆုံတတ်ပေသည်။ တကယ်တော့ သည်အဆောင်မှာနေရန် လှိုင့်ကို သူခေါ်လာမိပေသည်။ သည်မျှ ရန်ပွဲခြိမ့်ခြိမ့်သဲသဲအဖြစ်ကိုလည်း အေး မသိခဲ့ချေ။ လူများသလောက်စရိုက်စုံသည်မို့ တစ်ဦးနှင့်တစ်ဦး မာန်စိတ်ဖြင့် ဆတ်ဆတ်ထိမခံ ဖြစ်နေကြပေသည်။

" ငါ . . . ငါ . . . မနေချင်တော့ဘူး အေးရယ် . . ."

အေးက လှိုင့်ကို ခေတ္တမျှ တွေကြည့်နေ၏။ သူလည်း ချက်ချင်းဆုံးဖြတ်လိုက်သည်။ ဟုတ်တော့လည်း ဟုတ်သည်။ လူဆိုသည်မှာ တစ်ဦးတစ်ယောက်တည်း နေ၍မဖြစ်။ ပတ်ဝန်းကျင်နှင့် ကင်းကွာ၍ မရပေ။ ပတ်ဝန်းကျင်နှင့် တစ်နည်းမဟုတ် တစ်နည်း ဆက်နွယ်နေရ

www.burmeseclassic.com

www.burmeseclassic.com

မည်သာဖြစ်၏။ ပတ်ဝန်းကျင်နှင့် ဆက်နွယ်ရင်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်မှု၊ ကြင်နာမှု၊ ရိုင်းပင်းမှု ရှိကြရမည်။ သည်ပတ်ဝန်းကျင်နှင့်တော့ ဘယ်နည်းနှင့်မျှ ပေါင်းစပ်၍ ရမည်မဟုတ်ပေ။

"လှိုင့်သဘောပဲလေ. . .၊ ဒီနေ့ အဆောင်လိုက်ရှာကြတာပေါ့၊ အားသားပဲ. . ."

'အေး . . . ရော့"

အေးက လှိုင့်ကိုကြည့်ပြီး နှစ်ခြိုက်စွာ ပြုံးလိုက်သည်။

"အေးနဲ့ လှိုင်၊ လှိုင်နဲ့ အေးဟာ ဘယ်တော့မှ ခွဲမရတဲ့ ရောင်းရင်းတွေ၊ ဒီတော့ အေးပြောင်းရင်"

* * * * *

အမျိုးသမီးအဆောင်တွေပေါလှပေသည်။ ခြံကြီး၊ ဝင်းကြီးနှင့် တစ်ဖုံ၊ တိုက်ကြီး၊ တာကြီးနှင့် တစ်သွယ်၊ တန်းလျားလို တစ်မျိုး၊ အဆောင်ပုလေးတွေလို ဟိုတစ်စု၊ သည်တစ်စု တစ်နည်း အမျိုးသမီးအဆောင်တွေ ဖွင့်ပြီး ဘယ်မျှထိ ကြီးပွားနေကြသည် မသိ၊ သို့သော် အဆောင်များသလောက် နေရာလွတ်ကား ရှားပါးလှပေသည်။ အချို့အဆောင်များက လှိုင်တို့လို ဝန်ထမ်းများကို လက်မခံချေ။ ကျောင်းသူတွေသာ လက်ခံသည်၊ အချို့အဆောင်များကမူ အလုပ်သမားကိုတော့ လက်ခံပါ၏။ ချက်ပြုတ်ခွင့် မရှိ။ ထမင်းချိုင့် မှာစားသူတွေသာ လက်ခံသည်။ ထမင်းချိုင့်ကို အဆောင်ပိုင်ရှင်က ပေးသည်၊ လှိုင်တို့လို စာရေးမကလေးအဖို့ နှစ်ရာကျော် သုံးရာနီးပါး ထမင်းချိုင့်ကို ဘယ်စား၍ ဖြစ်မည်လဲ။ သည်တော့လည်း တပ်ခေါက်၍ ပြန်ရပြန်၏။

ရေရှားသည့်အဆောင်၊ မီးပူတိုက်ခွင့် မပြုသည့်အဆောင်၊ အလုပ်သမားများ လက်မခံသည့်အဆောင်၊ အထပ်ထပ်ရှာသော်လည်း အဆောင်ရဖို့ကား ခက်လှပေသည်။



"ဘာလို့ အလုပ်သမား မထားရတာလဲဟင်. . .၊ ကျောင်းသူတွေကမှ ငယ်ငယ်ရွယ်ရွယ်ကလေးမို့ သူတို့မှာ တာဝန်တောင်ရှိသေးတယ်. . .။

လှိုင် နားမလည်ပေ။

"ကျောင်းသူဆိုတော့ ကလေးတွေမဟုတ်လား၊ သူတို့ပြောသမျှ ခေါင်းငုံ့ခံကြမယ် မဟုတ်လား။ တို့လို အလုပ်သမားတွေကတော့ ခြေယ်ဆယ်နဲ့တန်အောင် အခွင့်အရေးဆိုကြမှာ မဟုတ်လား။ ရေကန်မှာ ရေကုန်ရင် ရေဖွင့်ခိုင်းတာတို့၊ မီးပေးချိန် မီးမပေးရင် ရသင့်ရထိုက်တဲ့ အခွင့်အရေးကို သူတို့က မပေးရင် လူကြီးတွေက ဆိုင်ရာကို အသိပေးလေ့ရှိတော့ ကလေးအရွယ် ကျောင်းသူတွေကိုပဲ ထားချင်မှာပေါ့"

အေးက ရှင်းပြမှ လှိုင် သဘောပေါက်၏။ စီးပွားရေးကွက်ကလေးတစ်ခုသာ ကြည့်သော စီးပွားရေးသမားများကတော့ လူမှုရေးကို ငဲ့ညှာမည်မဟုတ်ပေ။

"ဟော့. . . အဲ့ဒီအဆောင် ဘယ်နှယ့်လဲ၊ သပ်လည်း သပ်ရပ်တယ်၊ ကားဂိတ်နဲ့လည်း နီးတယ်၊ စုံစမ်းကြည့်ရအောင်လား"

လှိုင်က အမျိုးသမီးအဆောင် ဖြစ်ပုံရသော အဆောက်အအုံကြီးကို အေးအားညွှန်ပြလေသည်၊ လှိုင် ပြောသည့်အတိုင်း မှန်ပေ၏၊ လှိုင်တို့အတွက် ကံကောင်းသွားပေသည်။ နှစ်ယောက်ခန်းတွင် နှစ်နေရာလွတ်နေ၏၊ တစ်မနက်လုံး ခြေပေါက်လုမတတ် ရှာဖွေရသော အဆောင်ကိစ္စအတွက် ရင်အေးသွားသည်။ အဆောင်မှာ သန့်လည်း သန့်သည်၊ နှစ်ယောက်ခန်းဆိုသော်လည်း အတန်အသင့် ကျယ်ပေသား၊ အုတ်နံရံမို့ လှိုင် ပို၍ သဘောကျသွားသည်၊ တစ်ဖက်ခန်းမှ ကျောက်ငရုတ်ကျည်ပွေ့သံကို အတော်အသင့် ခံနိုင်ရည်ရှိမည်ဟု တွေးလိုက်မိသေးသည်။

"ဘယ်တော့ ပြောင်းလာမလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဒီညနေ"

လှိုင်က အဆောင်ပိုင်ရှင်၏အမေးကို အားတက်သရော ပြောလေသည်။

"စပေါ်ကတော့ လမစေ့လို့ ပြန်ရမှာတော့ မဟုတ်ဘူး။ ဘယ်တတ်နိုင်မလဲဟာ . . . စပေါ်ကျေတဲ့အထိလည်း စိတ်ဆင်းရဲခံပြီး ဆူဆူ ညံညံ မနေချင်တော့ဘူး"

လှိုင်က တစ်လမ်းလုံး အဆောင်ပြောင်းရမည်ကို သဘောတွေ့ဟန်ဖြင့် ပြောလာလေသည်။

"ကဲ . . . လှိုင်ရေ . . . နင့်ပစ္စည်းတွေသိမ်းနှင့်၊ ငါ . . . အဆောင်ပိုင်ရှင်ကို တို့ပြောင်းမယ့်အကြောင်း အသိပေးဦးမယ်"

အေးထွက်သွားသည်နှင့် လှိုင်ကပစ္စည်းများကို သွက်သွက်လက်လက် သိမ်းတော့သည်။ ပစ္စည်းသိမ်းကြသည်မှာ ဇောနှင့်မို့ ဘာမျှကြာလိုက်သည်ဟု မထင်ရပေ။ သို့သော် ငါးနာရီထိုးပြီးမှ အလုံးစုံသိမ်းပြီးတော့သည်။ အေးငှားလာသောကားပေါ်သို့ ပစ္စည်းတွေတင်ကြသည်။ လစ်ဟာကျန်ရစ်ခဲ့သော အခန်းကလေးကို ကားပေါ်တက်ခါနီး လှိုင် လှည့်ကြည့်သေးသည်။ ဘာပဲပြောပြော နေခဲ့သည့်အခန်းကလေး ခွာခဲ့ရသော်လည်း လှိုင်စိတ်ထဲ ကြည်နူးပေါ့ပါးလျက်ရှိလေသည်။

"ကဲ . . . နေခဲ့တော့အခန်းကလေးရယ် . . ."

အခန်းဟောင်းကလေးကို စွန့်ခွာခဲ့ပြီး အခန်းသစ်ကလေးသို့ ရောက်သောအခါ လှိုင်မှာကြည်နူးနေ၏။

ပင်စောက်များကြားမှ အဆောင်ပုကလေးများသည် နေချင့်စဖွယ်ပင်။ မရမ်းပင်၊ ပိန္နဲပင်တို့၏အရိပ်မှာ အေးမြလှဘိခြင်း။ သည်နေရာသည်အဆောင်ကို လှိုင်တို့ဘာကြောင့်များ အခုမှတွေ့မိရတာလဲ၊ စောစောကတည်းကတွေ့ဖို့ကောင်းတယ်။ နေချင့်စဖွယ်ရှိသည့်ပြင် တစ်ခန်းနှင့်တစ်ခန်းလည်း ခိုင်ခံ့သောအရံအတားနှင့်မို့ အေးအေး



ဆေးဆေးနေချင်သော လှိုင့်အဖို့သဘောကျစရာချည်းသာတည်း။ လှိုင်သည်အဆောင်ပိုင်ရှင်ထံမှ သော့ကလေးဖြင့် နှစ်ယောက်ခန်းကလေးကို ဖွင့်လိုက်သည်။

"ပြတင်းပေါက်တွေဖွင့်လေ အေး . . ."

လှိုင်က သွက်လက်စွာ ပစ္စည်းများကို ရွှေ့ရင်း အေးကို လှမ်းပြောလိုက်သည်။ အေး ဖွင့်လိုက်သော ပြတင်းပေါက်မှ လေနုအေးကလေးက ဝေ့ခနဲ ဝင်လာလေသည်။ နှစ်ယောက်ခန်းပင်ဖြစ်သော်လည်း သပ်သပ်ရပ်ရပ်နှင့် အတန်အသင့်ကျယ်သောကြောင့် လှိုင် မပြောနှင့်၊ အေးပင် အတော်သဘောကျနေမိ၏။

"ငါတို့တော့ အိမ်နဲ့တူတဲ့ နေရာကလေးကို ပိုင်ဆိုင်ရပြီ လှိုင်ရေ . . ."

လှိုင်က အေးအပြောကို ကြည်နူးစွာပြုံး၍ ထောက်ခံလိုက်သည်။ ဟုတ်သည်လေ။ ကျောကလေးတစ်နေရာချနိုင်ရေးအတွက် နေရာလေးတစ်နေရာသည် လှိုင်တို့ဘဝမှာ အရေးကြီးဆုံးပင်၊ တစ်နေ့လုံး ရုန်းကန်လှုပ်ရှားခဲ့ရသည်မို့ ပင်ပန်းမှု၊ နွမ်းနယ်မှုတို့ကို ကိုယ့်နေရာ၊ ကိုယ်ပိုင်ဆိုင်သောနေရာကလေးတွင် အပန်းဖြေရသည်။ နားခိုရသည်။ နေရာကလေးတစ်နေရာသည် လှိုင်တို့နားခိုရာ။ လှိုင်တို့ရပ်တည်ရာ တစ်နည်းဆိုရလျှင် တစ်နေ့တာ၏ကြုံသမျှ၊ ဆုံသမျှ သောကအဖုံဖုံ၊ ဒုက္ခအဖုံဖုံ စသည်စသည်တို့ကို ဖြေလျှော့ရာစခန်းသာ။

ထို့ကြောင့် ပတ်ဝန်းကျင်အေးချမ်းဖို့လိုသည်၊ ငြိမ်းချမ်းဖို့လိုသည်။ ဘာပဲဖြစ်ဖြစ် ဆူသံ၊ ပူသံ၊ စွာသံများ ကျွက်ကျွက်ညံသောအလုံးစုံ၊ လူပေါင်းစုံ၊ စရိုက်ပေါင်းစုံပွမ်းသော အဆောင်ထက်တော့ စိတ်ချမ်းသာမှုများစွာပေးနိုင်မည်ပင်။

ချမ်းမြေ့ကြည်နူးသော အတွေးနှင့်အတူ အခန်းရှင်းကြ၊ ပစ္စည်းတွေသိမ်းကြသည်မှာ ကြာသည်ဟုပင်မထင်မိ၊ ဝမ်းမှဆာသလိုလိုရှိမှ နာရီကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . . အေးရေ . . .၊ ခြောက်နာရီတောင်ထိုးပြီး၊ ကြည့်စမ်း တို့တစ်ခုခုထွက်စားကြရအောင်လား၊ မနက်ဖြန်မှ ချက်ဖို့ ကိစ္စစီစဉ်ကြမယ်"

"အေး . . . ဟုတ်တယ်။ ငါလဲဆာနေပြီ"

မပြီးစီးသေးသောပစ္စည်းများကို ထားကာ အခန်းသော့ပိတ်ပြီး နှစ်ယောက်သားဈေးရှိရာသို့ ထွက်လာခဲ့သည်။ ဝမ်းကဆာ၍သာ၊ ပြီးလွယ် စီးလွယ် ခေါက်ဆွဲကြော်ဝယ်လာခဲ့ကြ၏၊ နှစ်ယောက်သား စကားတပြောပြောဖြင့်ပြန်လာခဲ့ကြလေသည်။

"ဒီမှာ . . . ဒီမှာ"

စကားလက်ဆုံကြလာသည်မို့ လူရွယ်သုံးဦးကို လှိုင်တို့သတိမပြုမိကြချေ။ ခေါ်သံကြားမှ လှည့်ကြည့်မိကြ၏။

"ဒီမှာ . . . ခင်ဗျားတို့ဒီအဆောင်က မဟုတ်လားဟင် . . ."

လူရွယ်တစ်ဦးက စေ့စေ့ကြည့်ရင်း သေချာအောင်မေးလေသည်၊ လှိုင်နှင့်အေးသည် ဝင်းတံခါးဝသို့ ခြေလှမ်းအစပြုနေရာမှ လှည့်လိုက်ကြ၏၊ ဤအဆောင်ရှိတစ်ဦးဦးကို လာရောက်တွေ့လိုဟန်ရှိသော ဧည့်သည်များလားဟု လှိုင်က ယူဆမိ၏။

"ဟုတ်ပါတယ်။ ဘယ်သူတွေ့ချင်လို့လဲ . . ."

"ဘယ်သူရယ်လို့မဟုတ်ရပါဘူးဗျာ . . . ဟဲ . . . ဟဲ . . .၊"

လူရွယ်၏ စကားနှင့် အမူအရာက တစ်မျိုးပင်။ လှိုင်နှင့်အေးက ဘာဆိုလိုမှန်းမသိ၍ ကြောင်လျက်ရပ်နေကြ၏၊

"ဘယ်သူရယ်ဘယ်ဝါရယ်လို့ အစ်ကိုတို့မဆိုပါဘူး ညီမရယ် . . .၊ ညီမတို့ဖြစ်ရင်လဲ . . . ညီမတို့ကို အစ်ကိုတို့သဘောကျတာပါပဲ . . ."

"ရှင် . . ."



အေးနှုတ်မှရေရွတ်သံ လွှတ်ခနဲထွက်သွားလေသည်။

"ဘာလဲ နည်းမှာစိုးလို့လား . . .။ စိတ်ချ . . . ညီမ၊ အစ်ကိုတို့ ထောလာတယ်။ ဟောဒီမှာ . . . ညီမတို့ပြောတဲ့ဈေးအတိုင်း ဖြစ်ရမှာပါကွာ . . ."

လူရွယ်တစ်ဦးက အင်္ကျီအိတ်ကို ပုတ်ယင်း ပြုံးကျဲကျဲနှင့် ဆိုလေသည်။ အကောင်ပြမှ အရိပ်ထင်မိသော လှိုင်နှင့်အေးမှာ ဒေါသဖြစ်လွန်း၍ နှုတ်မှ တော်တော်နှင့်မတုံ့ပြန်နိုင်သေး။

"ဟင် . . . ဘယ်နှယ်လဲ ညီမ"

"ရှင် . . . ရှင် ဘာစကားပြောတာလဲ . . .၊ ကျွန်မတို့ကို ဘယ်လိုအစားထဲက ထင်လို့လဲ . . ."

"ဟား . . . ဟား . . . ဟား ဒီလိုပဲ . . . အစတော့ ဒီအတိုင်း ပြောကြတာပါပဲကွာ . . .၊ ဒီအဆောင်မှာ နေကြတဲ့သူတွေဟာ ဘယ်လိုအစားထဲကလဲဆိုတာ ဟား . . . ဟား . . .၊ အစ်ကိုတို့ အသိဆုံးပါညီမရယ် . . .၊ အစ်ကိုတို့က ဖောက်သည်ပါ။ ကဲ . . . ညီမ တို့မလိုက်ချင်သေးရင်လဲ တစ်ယောက်ယောက်သာ ခေါ်ပေး။"

"လာခဲ့ လှိုင် . . ."

အေးက အသိဝင်လာသည်၊ လှိုင်လက်ကို ဆောင့်ဆွဲကာ ခြံဝင်းထဲသို့ ပြေးလုမတတ်ဝင်ခဲ့ကြလေသည်။ အခန်းထဲပြန်ရောက်သော အခါ နှစ်ယောက်လုံး တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြတော့ချေ။ ဗိုက်ဆာလွန်း၍ စားရန်ဝယ်လာသော ခေါက်ဆွဲထုပ်ကလေး နှစ်ထုပ်မှာ ပိုင်ရှင်မဲ့စွာ ခုတင်ခြေရင်းတွင် ဖရိုဖရဲ ကျနေရှာသည်၊ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်မျှ ဖြစ်နေသော လှိုင်ကို လှမ်းကြည့်သောအခါ လှိုင့်မျက်ဝန်းတွင်မျက်ရည်များ ဝဲလျက်ရှိလေသည်၊

www.burmeseclassic.com

www.burmeseclassic.com

# မှတ်ကျောက်/ကြောက်

"အို . . . မြမြခက်ရယ် . . . ကြည့်စမ်း . . . လှလိုက်တာကွယ်၊ ဟော့ . . . ထွေး ဒီမှာ . . . မင်းရဲ့ မြမြခက်ကိုကြည့်လိုက်စမ်းပါဦး"

"ဘယ်မှာလဲ . . . ဘယ်မှာလဲ။ ဟယ် . . . ဟုတ်ပါရဲ့။ မြ . . . မင်းကွာ . . . တစ်နေ့တစ်မျိုးအလှတိုးနေတာပါပဲလား . . ."

ဒီလိုပဲ ဖြစ်ရမယ်လေ။ မြမြခက်တို့ ပြင်လိုက်တယ်ဟော့ဆိုရင် အားလုံးငေးနေကြတာ ဆန်းတာမှတ်လို့။ ဒါတောင် စိတ်ရှိ၊ လက်ရှိ ပြင်သေးတာ မဟုတ်ဘူး။ ကြွေမိတ်ကပ်ဆိုလည်း ပါရုံကလေး ပါးပါးကလေး လိမ်းထားလို့၊ စိတ်ပါလက်ပါသာပြင်လိုက်ရင် ဟင်း . . . မိန်းမတွေ ဘာပြောကြမလဲမသိဘူး။ နေဦး တစ်နေ့လောက်တော့ ထွေးတို့ ဖျားသွားအောင်ကို ပြင်ပြလိုက်ဦးမယ်။

"မမမြရယ် . . . သက်တို့တောင် ဒီလိုမပြင်တတ်ဘူး။ မမမြများ သိပ်ပြင်တတ်တာပဲ။ လှလဲ လှတဲ့သူဆိုတော့ အဆင်မလှတဲ့ပိတ်စ ဝတ်လဲလှသွားတာပဲ။ သက်သက်တို့ဖြင့် မမမြရုံးသွားရင် အမြဲ မျောင့်မျောင့်ကြည့်ရတာမောလို့"

အင်းလေ . . . သက်သက်က တတိယနှစ်ကျောင်းသူကလေးပဲ ရှိသေးတာကိုး။ ဘာပြင်တတ်မှာလဲ၊ ဒါကလည်းလေ ပါရမီပါ။ နဂိုရှိမှ နဂိုင်းထွက်တာပဲ။ ပင်ကိုအလှဆိုတာ မရှိရင် ဘယ်လောက်ပြင်ပြင်၊ ဘယ်လောက်ဝတ်ဝတ်အလကား။





"ညီမတို့ ချီးမွမ်းသလောက်လည်း မဟုတ်ပါဘူး သက်ရယ် . . ."

ပြောသာ ပြောလိုက်ရတယ်။ ကိုယ့်ကိုယ်ကိုတော့အသိဆုံးပါ။ ရုံးက မမဦးတို့၊ လှိုင်တို့၊ သီတာတို့ကိုကြည့်ပါလား။ အသက် ဘာရှိသေးတာမှတ်လို့။ ဒါပေမဲ့ သူတို့ကိုကြည့်လိုက်ရင် စိတ်ပျက်စရာ။ ဘယ်တော့မှ သပ်သပ်ရပ်ရပ်မရှိဘူး။ တွေ့လိုက်ရင် ချွေး အရွှဲသားနဲ့၊ ကားစောင့်ရလို့၊ ကားကျပ်လို့၊ လူကျပ်လို့နဲ့ ပြင်ပြင်ဆင်ဆင်ဆိုတာ အတွေ့ရခဲသား။ ဒီလို ကပိုကရိုမျိုးတော့ နည်းနည်းလေးမှ မနေတတ်ပေါင်။

"မမမြကို ကြည့်လိုက်ရင်လေ . . . အမြဲကြော့ပြီးသပ်ရပ်နေတာပဲ။ အသက်သုံးဆယ်သာဆိုတယ်။ လုံးဝမထင်ရဘူး။ အစိတ်လောက်ပဲ ရှိမယ်ထင်နေတာ။ ပြင်ကလည်း ပြင်တတ်၊ လှကလည်းနုဆိုတော့ လှိုင်တို့၊ သီတာတို့ထက်တောင် မမမြကနုနေသေးတယ် . . ."

သီတာတို့၊ လှိုင်တို့ရဲ့စကားကိုတော့ အလွတ်ရနေပြီ။ နေ့တိုင်း ပြောနေကြတာကိုး၊ အလွတ်ရမှာပေါ့။ ဟင်း . . . လှိုင်တို့ကို ပြောလိုက်ချင်သေးတယ်။ မမမြအသက်က သုံးဆယ်မဟုတ်ဘူး။ သုံးဆယ့်ငါး တောင်ကျော်နေပြီလို့။ ဒီလိုသာပြောလိုက်ရင် အံ့ဩသွားမည့် လှိုင်တို့ကို မြင်ယောင်မိသေးရဲ့။

"သုံးဆယ့်ငါးကျော်ပြီ . . . ဟုတ်လား။ ဟုတ်ရဲ့လား မမမြ ရယ် . . .။ လှိုင်တော့လေ မမမြပါးစပ်က ပြောလို့သာ၊ တခြားလူသာပြောရင်တော့ တစ်စက်ကလေးမှ ယုံမှာမဟုတ်ဘူး သိလား . . ."

ဒီလိုပြောမှာ သေချာတယ်။ ဒီလောက်နုပါတယ်၊ လှပါတယ်လို့ ပြောနေကြတာတောင် အဒေါ်လေးကပြောရက်သေးတယ်၊ ဟိုတစ်လောက အညာကဒေါ်လေးရောက်လာတယ်လေ။ ရုံးသွားခါနီး ပြင်ဆင်နေတာကို အနားကစေ့စေ့စပ်စပ်ကို ထိုင်ကြည့်တယ်။ အင်း . . .

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်လေးတော့ ငါ့အလှကိုချီးမွမ်းဦးတော့မှာပဲဆိုပြီး ကြည့်နေတာ။ ဒေါ်လေးက ဘာပြောတယ်မှတ်သလဲ . . .။

"လုံမရယ် . . . ဘာတွေမျက်နှာမှာ လိမ်းတာလဲ။ ဒေါ်လေး ယူလာတဲ့ ရှင်မတောင်သနပ်ခါးမွှေးမွှေးကလေး လူးပါတော့ကွယ် . . .။ နောက်ပြီး လုံမအသက်ကလည်း မငယ်တော့ဘူး"

အသက်မငယ်တော့ဘူးပြောလို့ အိမ်ထောင်ပြုဖို့သင့်ပြီလို့များ ပြောမလားလို့၊ ဘယ်ဟုတ်လိမ့်မှာလဲ။

"အသက်လဲ နည်းနည်းပါးပါးငဲ့ပါဦး လုံမရယ်။ ညည်းဆံပင်ကလဲ ကြိုးနဲ့ဘာနဲ့ စည်းနှောင်ထုံးမှပေါ့။ အင်္ကျီကလည်း အတွန့် တွေ၊ အဖောင်းတွေနဲ့၊ ရှေ့ကလည်း ဘာလို့ တွန့်ထားတာလဲ"

ဒေါ်လေးစကားကြောင့် တစ်နေ့လုံးအလုပ်လုပ်လို့တောင် မဖြောင့်တော့ဘူး။ ကဲ . . . ကြည့်စမ်းပါဦး။ နုလိုက်တာကွယ်၊ လှလိုက်တဲ့ မြပဲကွယ်လို့ . . . ပြောနေကြတာ။ ဒေါ်လေးပြောမှ ကိုယ့်ကိုယ်ကိုတောင် မှန်ထဲမကြည့်ရဲတဲ့အဖြစ်။ ဘယ်လောက်များ ရင့်နေတာလို့လဲ။

"ဟော့ . . . မြမြခက် . . . မှန်ကြည့်ပြီး ဘာငိုင်နေတာလဲ . . . ရုံးနောက်ကျနေဦးမယ်နော်"

တစ်ဖက်ခုတင်မှနီနီကပြောလိုက်မှ ကိုယ့်အတွေးစကိုယ်ဖြတ်မိတော့တယ်။ ဟုတ်တယ်၊ ဟုတ်တယ်။ သွားမှ ရုံးနောက်ကျလို့မဖြစ်ဘူး။ ကားစောင့်ရမှာနဲ့၊ စီးရမည့်အချိန်နဲ့ဆိုရင် ဒီအချိန်လောက်ထွက်မှ . . .။

"ဟာ . . . မမြပါလား . . .။ လှလိုက်တဲ့ တို့မမြပဲ . . . ကြည့်စမ်း ဘယ်ကမိန်းကလေးပါလိမ့်လို့ အံ့ကြည့်နေတာ။ မမြက ကလေးလေးနဲ့ တူလိုက်တာ နုနေတာပဲ"



ဟိုဘက် မိန်းကလေးအဆောင်က အုံးအုံးလေ။ အင်မတန်ချစ်စရာကောင်းတဲ့ကလေးမ။ စကားပြောလည်း သိပ်ယဉ်ကျေးတာပဲ။

"ကျေးဇူးတင်ပါတယ် ညီမရယ် . . ."

ကြာကြာရပ် စကားမပြောနိုင်တော့ပါဘူး။ ကားဂိတ်ရှိရာကို အပြေးအလွှားလာရတယ်။ ဟင်း . . . စိတ်မောလိုက်တာ။ ကြည့်စမ်း . . . လူတွေမှ တစ်ပုံကြီး။ အမှိုက်ပုံမှာ ခရမ်းသီး ဘူးသီးတွေလှောင့်ပစ်ထားသလို လူတွေမှ တစ်ပုံကြီး။ ကားတစ်စီးတော့ လာပြီ။ အိုး . . . ကြောက်စရာပါလား။ တစ်ဖက်စောင်းနင်းကို ဖြစ်လို့၊ ဒါတောင် ထပ်တက်ကြသေးတယ်။ မဖြစ်ပါဘူး။ ဒီလောက် ငါးပိငါးချဉ်သိပ် နေတာ လိုက်လို့မလွယ်ဘူး။ အမြန်ကားကလေးတွေပဲစီးမှ။ ဟင် . . . အမြန်ကားတွေမှာလည်း အပြည့်ပါလား။ နောက်ကတွဲခိုစီးလာကြတဲ့သူတွေကလည်း ဒုနဲ့ဒေး။

ကဲ . . . မထူးတော့ဘူး။ ရရာဘတ်စ်ကားပဲ တက်မှ။ ဟော . . . ဟော ကားတစ်စင်းတော့ လာပြီ။ မရရအောင်တက်မှ။ ရုံးနောက်ကျခံလို့တော့မဖြစ်ဘူး။ တော်ကြာ မင်နီတားတာနဲ့ မိနေအုံးမယ်။ ခြေထောက် တစ်ဖက်ပဲရရ မတက်နိုင်ဘူး။ တက်မှ။

"အဒေါ် . . . အဒေါ် . . . လိမ့်ကျမယ်ဗျ . . .။ အတွင်းရောက်အောင်ဝင်ပါ။ မရရင်မလိုက်နဲ့"

အမလေး . . . အသက်ရှူကျပ်လိုက်တာ။ သေတော့မှာပဲ . . .။

"အင်္ကျီခရမ်းရောင် ဝတ်ထားတဲ့အဒေါ်၊ အတွင်းရောက်အောင် ဝင်ပါဗျ . . . အန်တီရ"

ဟင် . . . အင်္ကျီခရမ်းရောင် ဝတ်ထားတဲ့အဒေါ်တဲ့။ ဘယ်သူများပြောပါလိမ့်။ ကြည့်စမ်း . . . ငါ့ကိုပြောတာပါလား။ ဒီတစ်ယောက်ပဲ ဒီနားမှာ အင်္ကျီခရမ်းရောင် ဝတ်ထားတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



"အကျီခရမ်းရောင်ဝတ်ထားတဲ့အဒေါ်၊ အထဲဝင်ပါဗျ . . .၊ ခင်ဗျား ကျသွားလိမ့်မယ်"

အမလေး . . . လေး။ ဟုတ်ပ၊ ငါ့ကိုပြောနေတာပါလား။ ကြည့်စမ်း . . . သေနာကောင်လေး။ လူကို သေသေချာချာမကြည့်ဘူး၊ အရမ်းပြောတာပဲ။ ဘာ အဒေါ်လဲ၊ ဒီလောက် ပြင်ဆင်ထားတာများ၊ ဒီလောက်နုနေတဲ့ငါ့များ အဒေါ်တဲ့၊ ခွေးနာလေး၊ ရုပ်ကိုက တစ်ပြားသားမှကျက်သရေမရှိဘူး။

"အဒေါ် လက်အားရင် ကူညီလို့ရတယ် . . ."

သေနာကောင်လေး။ ခုထိ အဒေါ် . . . အဒေါ်လို့ ခေါ်နေတုန်းရှိသေးတယ်။ လူကို သေသေချာချာမကြည့်ဘူး၊

"ရော့ . . . ရော့"

အမြင်ကပ်လွန်းလို့ ဒင်းအနားမရောက်ခင် ပိုက်ဆံကို ပေးလိုက်တယ်။

"အဒေါ် တစ်ယောက်တည်းလား . . ."

မေးတာတောင် လှည့်မကြည့်ဘူး။ ရုံးရှေ့က ကားမှတ်တိုင်မှာ ရုပ်ရုံကလေးရှိသေးတယ်၊ အတင်းတိုးဆင်းလိုက်တယ်၊

"အဒေါ် . . . အဒေါ် . . . ခရမ်းရောင်အကျီနဲ့အဒေါ်၊ ရပ်မှဆင်းလေ . . ."

သေနာလေး။

ဘတ်စ်ကားသမားတွေများ သိပ်ရိုင်းတာပဲ၊ ယဉ်ယဉ်ကျေးကျေးကို မရှိဘူး၊

## အစားထိုး၍မရပါ

ခင် အသက်ရှူရန်ပင်မေ့သွားသည်၊ သွေးခုန်နှုန်းပင် ရပ်တန့်သွားသည်ဟုထင်ရ၏။ ယူကျုံးမရဖြစ်ခြင်း၊ နှမြောတသခြင်း၊ ဝမ်းနည်းကြေကွဲခြင်းတို့ကို ပြောမပြတတ်အောင် ခံစားလိုက်ရလေသည်၊ အဆုပ်လိုက် အခဲလိုက်စီးကျလာသော မျက်ရည်များက သုတ်မနိုင်တော့ပေ

* * * * * *

ခင်တို့မိသားစုတွင် ခင်က အထွေးဆုံးဖြစ်လေသည်၊ အထွေးဆုံး ဖြစ်ပေမယ့် မေမေ့အတွက် ခင်သည် တာဝန်အရှိဆုံးဟု ယူဆထား၏။ ခင့်တွင် ဖေဖေမရှိတော့ပေ၊ ဖေဖေသည် လွန်ခဲ့သောဆယ်နှစ်ခန့်က ကွယ်လွန်ခဲ့လေသည်၊ သည်တုန်းက ခင် ကျောင်းသူဘဝတွင်ပင် ရှိသေး၏။ ဖေဖေ၏ ဈာပနကိစ္စအဝဝကို ကိုကိုနှင့်မမလှတို့က ဦးဆောင်မှုပြုလေသည်။ မမလှဆိုသည်မှာ ခင့်ယောက်မ ဖြစ်ပါသည်။

ယောက်မဆိုသော်လည်း ခင်တို့အားလုံးကမူ ယောက်မဟု မယူဆမိပေ၊ အစ်မရင်းလို့သာ စွဲမှတ်ကြသည်၊ ခင်တို့ မောင်နှမလေးယောက်အနက် ကိုကိုက အကြီးဆုံးဖြစ်၏၊ ကိုကို့အောက်တွင် မမကြီး နှင့် မမလေးတို့ ဖြစ်လေသည်၊ ကိုကိုက အိမ်ထောင်ခွဲမို့



www.burmeseclassic.com

www.burmeseclassic.com

ခင်တို့နှင့် အတူမနေပေ။ တစ်ပတ်တစ်ခါ ကိုကိုနှင့်မမလှသည် မေမေ့ဆီသို့ လာတက်လေသည်။ မမလှသည် စိတ်ပြည့်သူဖြစ်၏၊ မေမေအပေါ် အမေရင်းနှင့်မခြားပေ။

"အမေရေ . . . ဟောဒီမှာ အမေကြိုက်တဲ့ သီးမွှေးငှက်ပျောသီး တွေ တွေ့လို့ အမေဖို့ ဝယ်လာတယ်"

"ဒါ . . . အမေစားဖို့ ငါးရံ့ခြောက် အမေ"

တွန့်တိုခြင်းမရှိပေ။ လက်ဖွာသူဖြစ်လေသည်။ ခြင်းတောင်းထဲ တွင် သူစားချင်သည်ရော ခင်တို့ကြိုက်တတ်သည့် ဟင်းလျာရော အပြည့် အသိပ်ဝယ်ချလာတတ်ပေသည်၊ အမေချင်းထပ်ကာ တစ်လုံးတစ်ခဲကြီး ပြောလေသည်။

ဖေဖေ့ ဈာပနကိစ္စတွင်လည်း ကိုကိုနှင့်မမလှပင် ဦးဆောင်ခဲ့ လေသည်။ ကျောင်းသူဘဝတွင်သာ ရှိသေးသောခင်ကမူ ငိုမဆုံးချေ။ စားလည်းမစား၊ အိပ်ရာထဲမှလည်းမထ။ ငွတ်ပေပေ လုပ်နေ၏။ ငယ်ငယ်ကလေးထဲက အထွေးဆုံးဆိုတာ အလိုလိုက်ထားသောကြောင့် ခင်သည် တစ်ခါတစ်ခါ သိသော်လည်း၊ နားလည်သော်လည်း ဆိုးဖြစ် အောင် ဆိုးလေသည်။ ဖေဖေသည် ခင့်ကို အချစ်ဆုံးဖြစ်သလို အားအကိုးဆုံးလည်း ဖြစ်ဟန်တူပါသည်။

"ဖေဖေကတော့ ဖေဖေ့သမီးထွေးလေး ခင့်လုပ်စာစားပြီးမှ သေမှာဗျ"

သည်လိုပြောလေ့ရှိသော ဖေဖေသည် ခင် မဟာဝိဇ္ဇာပထမ နှစ်တွင် ကွယ်လွန်ခဲ့ရှာသည်။ ခင့်မှာ ဖေဖေဆန္ဒကို မဖြည့်စွမ်းနိုင် ပါလား . . . ဟူသောစိတ်ဖြင့် ယူကျုံးမရ ဖြစ်ရလေသည်၊ ဖေဖေ့ နည်းတူ မေမေ့ကိုလည်း ခင်လုပ်မကျွေးနိုင်မီ ကွယ်လွန်ခဲ့ သော် . . . ချောက်ချားထိတ်လန့်ဖွယ်အတွေးကို စတင်တွေးမိ လေသည်။



"ခင် ကျောင်းမနေတော့ဘူး၊ အလုပ်လုပ်မယ် . . . အလုပ် လုပ်မယ်"

ခင်က တဖွဖွပြောရင်း ငိုလေသည်၊ ကျောင်းတစ်ပိုင်းတစ်စနှင့် ခင့်ကို ကျောင်းပြန်တက်ရန် ဝိုင်းချော့ကြ၏။ ခင်ကျောင်းပြန်တက် သော်လည်း ယခင်ကကဲ့သို့ ကျောင်းစာကို စိတ်မဝင်စားလှပေ၊ လေဘာရုံး ခဏခဏသွားကာ အလုပ်စုံစမ်းခြင်း၊ လေဘာကတ်လဲခြင်း တို့ဖြင့်သာ အလုပ်ရှုပ်နေတတ်၏၊ ကျောင်းပြီးသည်နှင့် ကံအားလျော် စွာဟုဆိုသော်လည်း ဤနေရာကလေး ဆုပ်ကိုင်နိုင်ရေးအတွက် ခင့်မှာ ဟိုပြေးရ သည်ပြေးရနှင့် မောနေ၏။ ကျောင်းနေတုန်းက စာကြည့်တိုက်များ အနှံ့ရောက်ဖူး၊ ထိုင်ဖူး၊ ရှာဖူး၊ မှတ်ဖူး၊ လေ့လာ ဖူးသော်လည်း ဤမျှပင်ပန်းသည်ဟု မထင်ပေ။

ယခုတော့ ဖတ်လိုက်ရသည့် သတင်းစာ၊ ကျက်လိုက်ရသည့် နိုင်ငံတကာရေးရာ၊ ရှာလိုက်ရသည့် ဗဟုသုတ၊ လေ့လာလိုက်ရသည့် လေ့လာစရာများ၊ သည်လိုနှင့် ဤနေရာကလေးကို ခင်စွမ်းအားရှိသမျှ ခွန်အားကလေးဖြင့် ပိုင်ဆိုင်ခဲ့ရခြင်း ဖြစ်ပါသည်။

ခင်အတွေးတွင်မူ မေမေ့ကို ဘယ်တော့မှ မေ့မထားပေ။ ယုတ်စွ အဆုံး မေမေကြိုက်သည့် အစားအစာကလေးများကို မြင်သည်မှအစ မေမေ့ကို မေ့မရပေ၊ မေမေဝယ်မှ စားရဲ့လား။ ကောင်းသည်ထဲမှ ဝယ်ရဲ့လား။ အညံ့စားတွေများ ဝယ်စားနေရော့လား စသည်ဖြင့် အတွေးတို့မှာ မဆုံးတတ်ပေ။ ခင်တို့မောင်နှမများတွင် ကိုကို၊ မမကြီး၊ မမလေးတို့မှာ အိမ်ထောင်ခွဲများ ဖြစ်နေကြပြီမို့ ခင်သာလျှင် မေမေ့နှင့် ပတ်သက်သမျှ တာဝန်အရှိဆုံးသူဟု ခံယူထားလေသည်။

တကယ်တော့ ခင်သည် မေမေနှင့်မခွဲလိုပါ။ ပျော်ရာမှာမနေရ၊ တော်ရာမှာနေရ ဟူသည့်စကားအရ မေမေနှင့်ခွဲလာခဲ့ခြင်း ဖြစ်လေ သည်။ အဝေးရောက်နေသော ခင်က စားစရာမြင်တိုင်း နှယ်မှ မေမေ့

www.burmeseclassic.com

www.burmeseclassic.com

ကို သတိရနေသလို မေမေကလည်း ခင့်ကို ကလေးလေးဟု ထင်မြင်ပုံ ရလေသည်။

"သမီးလေးကြိုက်တဲ့ မိုးသိကြားဆီးသီးထုပ်၊ စံရွှေမြင့်ဆီးသီးထုပ် တွေနဲ့အတူ လက်ဖက်။ ပုစွန်ခြောက်မှုန့်ပါ ထည့်ပေးလိုက်တယ်။ ကျန်းမာရေးကိုတော့ အထူးဂရုစိုက်ပါ သမီးလေးရေ . . ."

ဟူ၍ နယ်မှနေ၍ လူကြုံရှိတိုင်း ဆန်၊ ငါးပိတို့နှင့်အတူခင်ကြိုက် သည့် ဆီးသီးထုပ်ကလေးများ လက်ဖက်ကလေးများကအစ ပို့လေ့ရှိ လေသည်။

"ဟုတ်တာပေါ့ခင်ရယ် . . . ရန်ကုန်မှာက မိုးသိကြားဆီးသီးထုပ် တို့၊ စံရွှေမြင့်ဆီးသီးထုပ်တို့၊ လက်ဖက်တို့က ဝယ်လို့မရဘူး၊ မရှိဘူး မဟုတ်လား။ ဒါကြောင့် ဖျာပုံကနေပြီး ပို့ရတာပေါ့ဟယ် . . ."

အခန်းဖော် ညွန့်နှင့် နုက မေမေပို့လိုက်သော ဆီးသီးထုပ်များ ကို ကြည့်ပြီး ဆိုလေသည်။ သူတို့ ခင့်ကိုစမှန်းသိသော်လည်း ခင်က မကြားယောင်ပြုကာ ဆီးသီးထုပ်များကို ဖောက်ကာ အားရပါးရ စားနေသည်။

မေမေက ခင့်ကို ကလေးလေးနှယ် မိဘတို့၏ အဆုံးအစမရှိ သော မေတ္တာတုဖြင့် ချစ်သလို ခင်ကလည်း မေမေအသက်ကြီးခါမှ ခွဲခွာခဲ့ရခြင်းကြောင့် မေမေအပေါ်တွင် တာဝန်အရှိဆုံးဟူသော အသိ သည် အစဉ်အမြဲ ခေါင်းထဲ၌ရှိနေလေသည်။

"ညီမလေးသာ ဟိုမှာ အဆင်ပြေအောင်နေပါ။ မေမေ့အတွက် မမကြီးတာဝန်ထား။ မမကြီးက တာဝန်အားလုံးယူပါတယ်။ ကိုကိုတို့ ကလဲ တစ်ပတ်တစ်ခါ မေမေ့ကို လာကြည့်ကြတာပဲဟာ၊ ဘာမှ စိတ်မပူနဲ့"

လက်ထပ်ပြီးစမှစ၍ အိမ်မခွဲဘဲ အတူနေသော မမကြီးကမူ ခင့်ကိုအမြဲ အားပေးလေသည်။ မမကြီးပြောသလို ကိုကိုနှင့် မမလှက



လည်း တစ်ပတ်တစ်ခါ မေမေ့ဆီလာကြလေသည်။ မေမေအားနည်း သည်ဟုထင်လျှင် အားဆေးလခြားသွင်းပေးလေ့ ရှိလေသည်။ မမကြီး တို့မိသားစုကလည်း မေမေနှင့်မကွာ ရှိကြသည်။ တကယ်တော့ ခင် စိတ်အေးဖွယ်သာတည်း။ သို့သော် မေမေအသက်ကြီးခါမှ ခွဲလာခဲ့ ရသော ခင်သည် ကိုယ့်ကိုယ်ကိုတော့ အမြဲသုံးသပ်မိပါသည်။

စားစရိတ်၊ နေစရိတ်၊ သွားစရိတ်ကြီးလှသော ရန်ကုန်သည် ခင့်အဖို့တော့ စိတ်မောစရာပင်။ တစ်နေ့တစ်နေ့ ဘယ်လောက်ကုန် သည်ကို စာရွက်နှင့် ဖောင်တိန်နှင့် အမြဲ မှတ်လေ့ရှိသော ခင်အဖို့ စိတ်မောစရာကောင်းနေသည်။ ဘာမှ မသုံးသူဆိုသော်လည်း ခုနစ် ကျပ်၊ ရှစ်ကျပ်က ဘာမှန်းမသိ ထွက်သွားလေသည်။ အိမ်မှာတုန်းက ခင်သည် သည်လိုမဟုတ်။

"မေမေရေ . . . ခင့်သူငယ်ချင်းတွေ ဒီနေ့လာကြမှာမို့ အုန်းနို့ ခေါက်ဆွဲချက်မယ် မေမေရာ"

"ခင်တို့သူငယ်ချင်းတွေ ကွဲနေတာကြာပြီ။ ဒီမှာ . . . ဆုံကြမှာမို့ ထမင်းကျွေးချင်တယ် မေမေရယ်"

ခင် ဘာမှနားမလည်ခဲ့။ နှုတ်ကပြောရုံသာ ပြောလိုက်ရသည်။ မေမေနှင့် မမကြီးကစီစဉ်ပြီး ဖြစ်လေသည်။ ယခုတော့ ခင်နားလည် ပြီ၊ ငါးပြားလည်း ငါးပြားမှန်း သိနေပြီ။ ဆန်ကုန်သွားမှာ၊ ဆီကုန်သွား မှာ၊ မီးသွေးဈေးတက်သွားမှာပါ အစ ပူတတ်ပြီ။ ကိုယ့်လမ်းကိုယ် လျှောက်မှ အတိမ်အနက်ကို ကောင်းစွာ တွက်ဆလာတတ်လေသည်။ တစ်လ တစ်လ ခင့်လခနှင့် ခင် လုံးလည်ချာလည် ဖြစ်နေတတ်၏။ ခင့်အထက် မမလေးသည် ရန်ကုန်တွင် ရှိလေသည်။ မမလေးတို့ ရန်ကုန်တွင်ရှိ၍ တော်သေး၏။ ငွေမလောက်သည့်အခါမျိုးတွင် မမလေး ခင်ပွန်းအစ်ကိုထံ တယ်လီဖုန်းဆက်ရသည်။ ဤအခါ ကလေးများသည်

www.burmeseclassic.com

www.burmeseclassic.com

ငွေလာပို့ကြ၏၊ သို့သော်လည်း ခင်သည် အလွန်အကျပ်အတည်း ဖြစ်မှသာ ဖုန်းဆက်ပါသည်။

လူမှုအကျင့် ဝမ်းမှာအချင့်ဟူသော ဆိုစကားကို ခင်မမေ့ပေ။ အကျင့်ဟူသည် စောင့်ထိန်းလျှင်၊ လိုက်နာလျှင် ရပေသည်။ အကျပ်အတည်းဖြစ်တိုင်း သူတစ်ပါးသာ အားကိုးနေတတ်သည့် အကျင့်ဖြစ်နေမည်ကို ခင်စိုးရိမ်မိပါသည်။ လွယ်လွယ်နှင့် အလျှော့ပေးချင်စိတ်ကို မဖြစ်အောင် ခင်ကြိုးစားရသည်။ ဘဝဆိုသည်မှာ ရုန်းကန်ခြင်း၊ ကြိုးပမ်းခြင်းဟု ခင်ယူဆထားသည်။ လူမှုန်သမျှ လူသားမှန်သမျှ အခက်အခဲအမျိုးမျိုး၊ ရုန်းကန်ရခြင်းအမျိုးမျိုးကို တစ်နည်းမဟုတ် တစ်နည်း ရင်ဆိုင်ရမည်သာ ဖြစ်၏။ သို့မှသာ လူပီသသည်၊ လူဖြစ်သည်ဟု ခင် ထင်ပါသည်။

ခင် ဘယ်တော့မှ စိတ်ဓာတ်မကျပေ။

ဘဝဆိုတာ ဒါပဲ . . . မဟုတ်လား။

ခင့်စိတ်ထဲတွင် မေမေသာ ရှိသည်။ တစ်ခုခု ဝယ်မည်ပြုတိုင်း မေမေ့အတွက် လျော့ပါးသွားမှာ စိုးလေသည်။ စရိတ်ကြီးသော ရန်ကုန်တွင် ပင်ပန်းနေသော်လည်း မေမေအတွက် တစ်စက်ကလေးမျှ မလျော့ရန်၊ မပွဲရန်သည် ခင့်အတွက် အရေးကြီးသောအရာပင် ဖြစ်ပါသည်။

ဟကယ်တော့ ခင့်လခသည် မပြောပလောက်ချေ။ အဆောင်စရိတ်၊ စားစရိတ်၊ အထွေထွေစရိတ်တို့ကို ဖယ်လိုက်လျှင် ဘာမျှမကျန်တော့သလောက်ဖြစ်သည်။ သို့ရာတွင် ခင်သည် မေမေ့ထံသို့ လစဉ်ငွေပို့လေသည်။ လစာထုတ်ပြီးသည်နှင့် ဘာအတွက်မျှ မနုတ်မီ မေမေ့အတွက် ရည်စူးကာ ငွေကို ချက်ချင်း ဖယ်လိုက်သည်။ ပြီးမှ ကုန်ကျမည့်အချိုးကျကို တွက်ကာ သူ့နေရာနှင့်သူ ထားလေသည်။ စရိတ်ကြီးသော ရန်ကုန်တွင် ခင်အဖို့တော့ ပင်ပန်းနေသည်။ သို့သော် မမှုပါဘူး။



ခင့်စိတ်ထဲတွင် ဖေဖေ့ဈာပနတုန်းက ကိစ္စကို မမေ့ပေ။ ဖေဖေ့ဈာပနတွင် ကိုကိုဦးဆောင်ကာ မမကြီးတို့မိသားစု မမလေးတို့မိသားစုတို့က အချိုးကျ ပါဝင်ကြလေသည်။ ခင့်လက်ထဲတွင် တစ်ပြားမျှ မရှိချေ။ ကျောင်းသူကလေးခင်သည် သူ့ စိတ်ထဲတွင် ဘယ်လိုဆန္ဒမျိုး ရှိသည်ကိုပင် ပြောပြနိုင်သောဘဝမျိုး မဟုတ်ခဲ့ပေ။ ယခု မတွေးသင့်သော်လည်း ခင်မကြာခဏ တွေးနေတတ်ပါသည်။ မရဏာလမ်းကို မည်သူမျှ ရှောင်ဖယ်၍ မရစတမ်းပေ။ တစ်နေ့မဟုတ် တစ်ချိန်ချိန်တွင် ခင်တို့လည်း မရဏာလမ်းသို့ လျှောက်ကို လျှောက်ရပေဦးမည်။

ယခု မေမေသည် ဇရာပိုင်းကို ကျော်ခဲ့ပေပြီ။ ကျန်းမာရေးအားဖြင့်လည်း မကြာခဏ ချူချာတတ်သည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မေမေသည်လည်း လူသားတိုင်း မလွဲမသွေ လျှောက်ကြရမည့် မရဏာလမ်းသို့ လျှောက်ရမည်ကား အမှန်။ သည်တစ်ခါတော့ ခင်သည် ကျောင်းသူလေး ဟုတ်တော့၊ ဝင်ငွေရပြီဖြစ်သော အလုပ်သမားဖြစ်နေပြီ။ မောင်နှမအားလုံး၏ အချိုးကျတာဝန်ယူမှု တွင် ခင်သည်လည်း ပါဝင်နိုင်တော့မည် မဟုတ်ပါလား။

လခစားတို့သဘာဝအတိုင်း ပြက္ခဒိန်ကို နေ့တိုင်းကြည့်ကာ ငွေစကို တိုကာထိကာ စာရင်းမှတ်နေရတိုင်း စိတ်မရှည်ချင်စရာလည်း ကောင်းသည်။ စိတ်မောစရာလည်း ကောင်းသည်။ သို့ရာတွင် ခင်သည် လစဉ်ရရှိသော နှစ်တိုးလစာကိုမူ ဘယ်လောက်ကျပ်တည်း ကျပ်တည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားလေသည်။ "မေမေ့အတွက်ဟု" စာရေးထားသော ပန်းနုရောင် ကြွေရည်သုတ်စက္ကူအိတ်ကလေးတွင် သုံးမိမည်စိုး၍ လစာထုတ်ပြီးသည်နှင့် အသစ်ဆုံးငွေစက္ကူကိုရွေးကာ အပြေးအလွှား ထည့်ထားလိုက်၏။ သည်လိုမှ မလုပ်လျှင်လည်း မလွယ်။

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ စုထားသည်ကို သူငယ်ချင်းတွေက မေးကြလျှင် . . .

"မမေရဲ့ နောက်ဆုံးအချိန်မှာ ခင်တို့မောင်နှမတွေ အချိုးကျ ထည့်တဲ့အခါ အဆင်သင့်ရှိအောင်လေ" ဟု ခင်က ပြန်၍ ပြောလေသည်။

"ခင်ကလဲဟာ သိပ်စိတ်ကူးယဉ်တာပဲ၊ ဘာလုပ်မလဲ။ စာတိုက်မှာ စုတာမဟုတ်ဘူး။ ဒီလို အလွယ်တကူထားတော့ အလွယ်တကူ သုံးမိမှာပေါ့ဟဲ့ . . ."

ညွန့်နှင့် နုတို့က ပြောသော်လည်း ခင် ပြုံး၍နေလေသည်၊ စာတိုက်မှာတော့ ခင် မစုချင်ပေ။ ဝင်ငွေနှင့် ထွက်ငွေ ညီမျှအောင် ရုန်းကန်နေရသော ခင့်အဖို့ လစဉ်အကျပ်အတည်းနှင့် ကြုံသော်လည်း "မမေ၏ နောက်ဆုံးအချိန်" အတွက် ရည်စူးထားသော ငွေစက္ကူသစ်ကလေးများကို မထိမိအောင် ကြိုးစားရခြင်းသည် ခင့်အဖို့ အကြည်နူးဆုံးပင်၊ ဘယ်လောက် အခက်အခဲတွေ တွေ့တွေ့ သည်ငွေစက္ကူအသစ်ကလေးတွေကို လက်ကလေးနှင့်တောင် မတို့မိအောင် ကြိုးစားနိုင်သည်ဆိုသည့် အရသာသည် ခင့်အဖို့တော့ တုနိုင်းစရာ မရှိဟု ထင်ပါသည်။ အခက်အခဲကြုံတိုင်း ငွေစက္ကူကလေးများကိုထုတ်၍ ကြည့်ရသည်ကပင် ခင့်အတွက် စွမ်းအားတစ်ရပ်ဟု ယူဆမိပါသည်။ စာတိုက်မှာစုရန် ခင် ဘယ်တော့မှ စိတ်မကူးပေ၊

* * * * *

စနေနေ့မို့ ကားကျပ်လွန်းသည်။ စနေနေ့မှ မဟုတ်ပါဘူးလေ၊ ကားကလည်း အမြဲတမ်း ကျပ်နေတာပါပဲ၊ ခင်တို့သူငယ်ချင်းလေးယောက်သည် ကားလာရာသို့ စိတ်မောစွာ ကြည့်နေကြ၏၊



"ကြာလိုက်တာဟာ ကြည့်တောင် မကြည့်ချင်တော့ဘူး"

နီနီဝင်းက နှုတ်ခမ်းစူကာ စိတ်မရှည် ဖြစ်နေ၏။ ဟုတ်တော့လည်း ဟုတ်သည်။ ခင်တို့ ကားစောင့်နေရသည်မှာ ကြာလှပြီ၊ ယခုထိ တက်လို့ မရသေး၊ ကျန်ခဲ့သည်ချည်းပင်၊

"ဟော . . . ဟိုမှာ . . . လာပြီ . . . လာပြီ။ ဒီတစ်ခါတော့ ရအောင် တိုးမယ်ဟေ့"

ညွန့်က အားပေးလေသည်။ ကားရပ်လျှင် တက်ရန် ထိုးပိတ်လိုက်သည်၊ ကားက မရပ်၊ တစ်ဖက်စောင်းနင်းဖြင့် ခင်တို့ ရပ်နေသည့် မှတ်တိုင်ရှေ့မှ ဖြတ်သွားလေသည်၊

"အေးဟယ် . . . ငါလည်း ကြည့်တောင် မကြည့်ချင်တော့ဘူး၊ သိပ်ကောင်းတယ် ပြောကြလွန်းလို့သာ . . ."

နုကလည်း စိတ်ရှည်တော့ဟန်မတူပေ။ ခင်ကမူ ငြိမ်နေ၏၊ သည်တစ်ခါတော့ ကားရပ်ပါစေဟု ဆုတောင်းနေမိ၏။

"ဟော . . . ရပ်ပြီဟေ့ . . .၊ ရအောင် တက်ကြမယ်နော်"

ခင်က ဝမ်းသာအားရဖြင့် ရှေ့ဆုံးမှ တိုးတက်သည်၊ သည်လိုမှ တိုးတိုးဝှေ့ဝှေ့ မတက်လျှင် သည်ရုပ်ရှင် ကြည့်ဖြစ်တော့မည်မဟုတ်၊ ရုပ်ရှင်ကြည့်ရန် စိတ်ကူးထဲ ထည့်ဖြစ်ခဲ့သော ခင်တို့ သည် ရုပ်ရှင်ကိုတော့ လူပြောများ၍ ကြည့်ချင်ကြသည်။ ခင်နှင့်အတူ ညွန့်၊ နု၊ နီနီဝင်းတို့ကလည်း မရရအောင် တက်လေသည်။

"အထဲဝင်ကြပါ . . .၊ မောင်း . . ."

ကားစပယ်ယာ၏ စိတ်မရှည်စွာ အော်လိုက်သော အသံနှင့်အတူ ကားသည် တစ်ရှိန်ထိုး ထွက်လာခဲ့၏။ ကားပေါ်ရောက်မှ ခင် စိတ်အေးရသည်။ ကပ်ကပ်သပ်သပ်ရပ်ရင်း လက်မှတ်ဝယ်လို့မှ ရပါ့မလား၊ မျှော်ခိုတော့ ဝယ်မကြည့်နိုင်ဘူးဟူသော အတွေးကိုမူ တွေးမိအောင် တွေးနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"လေးယောက်"

နုက ကားခပေး၍ ဆင်းလိုက်၏၊ မြေနီကုန်းရုံမို့ ခဏလေးနှင့် ရောက်လေသည်။ ခင်က ကားပေါ်မှ ဆင်းသည်နှင့် တန်းစီနေသော လူတန်းကိုကြည့်ကာ စိတ်သက်သာရာ ရသွားသည်။ သည်အတိုင်းဆို လက်မှတ်ဝယ်လို့ရနိုင်သေးသည်။

"ဟယ် . . . ခင် . . . ခင်"

အလန့်တကြား အော်လိုက်သော ညွန့်အသံကြောင့် တန်းစီရန် သုတ်ခြေတင်နေရာမှ လှည့်ရပ်လိုက်၏။

"ခင် . . . ခင်"

ညွန့်က စကားဆက်မရသလို ဖြစ်ကာ ခင်လွယ်ထားသော ပခုံးသိုင်းအိတ်ကလေးကို ညွှန်ပြ၏။ ခင်က နားမလည်သလို မြင်လွယ် လိုက်ရင်း . . .

"ဘာလဲဟ"

"ဟယ် . . . ခင်ရယ် . . . နင့်အိတ် . . . နင့်အိတ် ခွဲခံထိပြီ"

နုကလည်း မြင်သွားပုံရလေသည်၊ ခင့်ရင်ထဲ ဒိန်းခနဲ ဖြစ်သွား၏၊ မျက်လုံးများ ပြာသွားလေသည်၊ ထိတ်လန့်တကြားဖြင့် အိတ်ကို ငုံ့ကြည့်လိုက်၏၊ ကွဲထွက်နေသော ပခုံးသိုင်းအိတ်ထဲမှ လက်ကိုင်ပုဝါ အဝါနုကလေးပင် မြင်နေရသည်။

"ဘုရား . . . ဘုရား . . ."

ခင်က ဘုရားတရင်း အိတ်ကလေးကို တုန်တုန်ယင်ယင် ဖွင့်လိုက်၏၊ မရှိတော့။ ဘာမျှ မရှိတော့၊ ခင့်ရင်ထဲ ဘယ်လို ဖြစ်သွားမှန်း မသိတော့ပေ။ မေမေ့အတွက် ရည်စူးပြီး စုထားတဲ့ငွေကလေး၊ မေမေရဲ့ နောက်ဆုံးအချိန်မှာ ခင်အချိုးကျ ပါဝင်နိုင်ရန် အငတ်ခံ အပင်ပန်းခံ စုထားသည့် နှစ်တိုးလစာကလေး၊ စက္ကူအိတ်ပန်းနုရောင်ကလေးကို မျက်စိထဲ မြင်နေသည်၊



"ဘာဖြစ်နေတာလဲ၊ ဘာပါသွားလဲ"

သူငယ်ချင်းသုံးယောက်က ဝိုင်းမေးကြသည်၊ ခင့်ရင်ထဲ . . . အသည်းထဲမှ အရာများ လွင့်စဉ်သွားသလို ခံစားလိုက်ရသည်၊ အဆီးအတားမရှိ မျက်ရည်များ ကျလာလေသည်။

"ပိုက်ဆံအိတ် ပါသွားလို့လား၊ ဒီလောက်လည်း ဝမ်းနည်းမနေစမ်းပါနဲ့ ခင်ရယ် . . .၊ ငါတို့သုံးယောက် အစားပြန်ပေးမယ်၊ ကဲ . . . လာပါဟာ တန်းစီကြရအောင်။ မငိုနဲ့တော့ဟယ် . . .၊ ဟိုမှာ . . . လူတွေ နင့်ကို ဝိုင်းကြည့်နေကြပြီ"

ခင် . . . နေရာမှ ရွေ့မရပေ။

အစား၊ ဘယ်လိုမှ အစားထိုးမရတဲ့ အရာမျိုးပါဟု ရင်ထဲမှ ကြေကြေကွဲကွဲပြောနေမိသည်၊

* * * * *

ခင်အသက်ရှူရန် မေ့နေ၏၊ သွေးခုန်နှုန်းပင် ရပ်တန့်သွားသည် ထင်ရ၏။ ယူကျုံးမရ ဖြစ်ခြင်း၊ နှမြောတသခြင်း၊ ဝမ်းနည်းကြေကွဲခြင်းတို့ကို ပြောမပြတတ်အောင် ခံစားရလေသည်။ အဆုပ်လိုက် အခဲလိုက် စီးကျလာသော မျက်ရည်များကို သုတ်မနိုင်တော့ပေ၊

ခင့်ရင်ထဲတွင် . . .

* * * * *

www.burmeseclassic.com

www.burmeseclassic.com

# အချိန်နှင့်အရွယ်

"ဘယ်နှယ့်လဲ မအေး၊ ဒီနေ့ နောက်ကျလှချည်လား"

ဆိုက်ကားပေါ်မှ ဆင်းဆင်းချင်း မျက်စောင်းထိုးဆိုင်မှ မလှမြိုင်က ဆီးပြောလေသည်။ မအေးချစ်က မလှမြိုင်ကို ပြန်လည်စကားမပြောနိုင်သေးဘဲ ထမင်းချိုင့်နှင့် တိုလီမိုလီထည့်ထားသော ပလတ်စတစ်ခြင်းတောင်းတို့ကို ဆိုက်ကားပေါ်မှချနေလေသည်။ မအေးချစ်ဆိုင်တံခါးဖွင့်နေစဉ် မလှမြိုင်က ထမင်းချိုင့်နှင့်ခြင်းတောင်းကို ဆိုင်ဝတွင် ချထားလိုက်၏။

"မုန့်စားပြီးပြီလား မမြိုင် . . .။ ဈေးထိပ်ဆိုင်က ကျွန်မ နန်းကြီးသုပ်ဝယ်လာတယ်။ ပူပူနွေးနွေး စားလိုက်ကြရအောင်"

"ကျွန်မလည်း အေးကို စောင့်နေတာ၊ အကြော်တွေ ဝယ်ထားတာ သွားယူလိုက်ဦးမယ် . . ."

မလှမြိုင်က ပြောပြောဆိုဆို သူ့ဆိုင်ဆီသို့ ကူးသွားလေသည်။ မအေးချစ်နှင့် မလှမြိုင်တို့သည် ငယ်ပေါင်းမဟုတ်သော်လည်း ခင်မင်ကြ၏။ တစ်ယောက်နှင့်တစ်ယောက် စာစာနာနာ ညှာညှာတာတာ စိတ်ကလေးတွေရှိကြသည်။ အပြန်အလှန် စေတနာထားပုံချင်းလည်း တူပေသည်။ မအေးချစ်သည် အေးအေးဆေးဆေး နေတတ်သူဖြစ်၏။ ကောင်းကောင်းပြောပြော၊ ဆိုးဆိုးပြောပြော ကျယ်ကျယ်လောင်လောင် ပြောလေ့စရိုက်ရှိသော ဈေးသည်ပါးစပ်ပေါက်မျိုးကို ဈေးသည်ဖြစ်သည့် မအေးချစ်က ကြောက်ပေသည်။ ဆိုင်ဖွင့်စက သွက်လတ်





ဖျတ်လတ်သော မလှမြိုင်ကို မိတ်မဖွဲ့ရဲသေးပေ၊ နောက်မှ မလှမြိုင်ကို တဖြည်းဖြည်း သဘောပေါက်လာတော့၏။ မလှမြိုင်က သွက်လတ်ဖျတ်လတ်ပေမင့် နှုတ်ကြမ်း၊ လျှာကြမ်း၊ လူကြမ်းမဟုတ်ပေ၊ မအေးချစ်တို့ အေးရတနာရွှေဆိုင်နှင့် မလှမြိုင်တို့ လှသိင်္ဂီရတနာရွှေဆိုင်တို့သည် ယင်းမာမြို့ရှိ နာမည်ကြီးရွှေဆိုင်များတွင် ထိပ်တန်းမပါဝင်သော ရွှေရတနာဆိုင်များသာတည်း။

ကျောင်းကတည်းက ပန်းချီဝါသနာပါသော မအေးချစ်၏ဗီဇစွဲသည် ခုထိပျောက်မသွားပေ၊ သူ့စီးပွားရေးအတွက် ပို၍ပင် အထောက်အကူဖြစ်နေပြန်လေသည်။ စိတ်ကူးကလေးတွေစီကာ ရတနာပုံစံအမျိုးမျိုး ရေးဆွဲလေသည်၊ မလှမြိုင်ပန်းချီမဆွဲတတ်သော်လည်း အနုပညာ မျက်စိရှိပေသည်။

"ဒီနေရာမှာ ပတ္တမြားပွင့်ကလေးထည့်လိုက်ရင် ဘယ်နှယ့်နေမလဲ . . .၊ ပိုလှမသွားဘူးလားဟင် . . ."

"အင်း . . . ဟုတ်တယ် . . . ဟုတ်တယ်၊ ဒါမှပိုပေါ်လွင်မယ်။ ပြင်ဆွဲလိုက်မယ် . . ."

ဤသို့ဖြင့် မအေးချစ်နှင့် မလှမြိုင်တို့သည် ခေါင်းနှစ်လုံးစိတ်ကူးဖြင့် လက်ဝတ်ရတနာပုံစံသစ်ကလေးတွေ အမျိုးမျိုးထွင်လျက်ရှိကြ၏။ သူတို့၏ရတနာဆိုင်တင် ဆန်းဆန်းပြားပြားကလေးများကို နှစ်လိုတပ်မက်တတ်ကြသော ဆယ်ကျော်သက်တို့ ဝင်ထွက်စမြဲဖြစ်နေသည်မှာ မဆန်းတော့ပေ။

"နည်းနည်းတောင် ပျော့သွားပြီလား မသိဘူးလား အေးရယ် . . ."

မအေးချစ်နေရာတကျ ဆိုင်ခင်းပြီးချိန်လောက်တွင် မလှမြိုင်ရောက်လာ၏။ နန်းကြီးသုပ်ဝယ်လာသည့် ချိုင့်ကိုထုတ်ရင်း မအေးချစ်က လက်မှနာရီကို ကြည့်မိ၏။

"ဟင် . . . အချိန်တောင်မနည်းတော့ပါလား . . .။ ညက စာဖတ်တာများသွားပြီး အိပ်ရာထနောက်ကျလို့ မမြိုင်ရေ . . ."

www.burmeseclassic.com

www.burmeseclassic.com


"ကျွန်မ မအေးကို မျှော်နေတာကြာလှပြီ။ အမျိုးသမီးတစ်ယောက် ပစ္စည်းလာအပ်တာ မအေးနဲ့ တွေ့စေချင်လို့"

"လက်ခံထားလိုက်လဲ ပြီးတာပဲ မမြိုင်ရယ်"

မအေးချစ်က နန်းကြီးသုပ်များကိုထည့်နေစဉ် မလှမြိုင်က အကြော်များကို ကတ်ကျေးနှင့် အချွန်းပုံသဏ္ဌာန်ကလေးတွေ ဖြတ်ပြီး ပန်းကန်ထဲ ထည့်နေလေသည်။ နေရာတကာ အနုပညာမျက်စိရှိသော မလှမြိုင်ဟန်ပန်ကိုကြည့်ပြီး မအေးချစ်စိတ်ထဲမှ ကျိတ်ချီးကျူးမိသည်။

"လက်ခံမလို့ပါပဲ။ ဒါပေမဲ့ သူ့ပစ္စည်းက လော့ကတ်သီးလေ၊ ကျွန်မ တို့ဆီမှာ ရှိတဲ့ပုံစံမျိုးမကြိုက်ဘူးတဲ့။ ပုလဲရတုဆိုလား၊ ငွေရတုဆိုလား အဲဒီအထိမ်းအမှတ်အဖြစ် သူ့ယောကျ်ားက အမှတ်တရလုပ်ပေးမှာမို့ ပုံလှလှဆန်းဆန်းကလေး လုပ်ချင်တယ်တဲ့။ မအေးသာရှိရင်တော့ ချက်ချင်း အသစ်အဆန်းဆွဲပြလိုက်မှာ။ ကျွန်မက လိုက်ရှာကြည့်ချင် ကြည့် ကြိုက်တဲ့ပုံစံမတွေ့ရင်တော့ နောက်တစ်ခေါက်ပြန်လှည့်လာလို့ မှာလိုက်သေးတယ်"

ဆာလှောင်နေ၍လား မပြောတတ်။ နန်းကြီးသုပ်စားရသည်မှာ အရင့်အရင်အခါများထက် အရသာရှိလွန်းလှ၏။ ငရုပ်သီးစပ်စပ်နှင့် ရှူးရှူးရှဲရှဲ အားရစဖွယ်စားနေသော မလှမြိုင်ကိုကြည့်ပြီး မအေးချစ်မှာ ပို၍စားကောင်းနေပြန်သည်။

"ဟော . . . ဟော"

မလှမြိုင်က ပါးစပ်ထဲတွင် ပလုပ်ပလောင်းစားနေရာမှ သူ့ဆိုင်ရှေ့တွင်ရပ်နေသော အမျိုးသမီးကိုမြင်လိုက်၍ မအေးချစ်ကို ဗလုံးဗထွေးပြောလေသည်။

"ဒီ . . . ဒီမှာရှင့်၊ ဒီဆိုင်ကိုကြွခဲ့ပါ . . ."

မလှမြိုင်က အမျိုးသမီးကို လှမ်းခေါ်လိုက်လေသည်။ အမျိုးသမီးသည် အသံကြားရာသို့ လှည့်ကြည့်၏။ မလှမြိုင်ကိုတွေ့၍ မလှမြိုင်နှင့် မအေးချစ်တို့ ဆိုင်သို့ လှမ်းဝင်လာလေသည်။

"လာ . . . လာ ထိုင်ပါရှင် . . . ဘယ်နှယ်လဲ ရှာလို့တွေ့ခဲ့သေးလား။ ပုံစံအဆန်းအသစ်ကြိုက်ရင်တော့ ကျွန်မသူငယ်ချင်းက ပုံဆွဲပြပါလိမ့်မယ်။ မြန်မာ့လက်ရာမျိုးပဲဖြစ်ဖြစ်၊ နိုင်ငံခြားပုံစံပဲ ဖြစ်ဖြစ်ပေါ့။ မအေးလေ . . . ကျွန်မ စောစောကပြောတဲ့ . . ."

"ကျွန်မ ခင်မေသက်ပါ . . ."

"ဟုတ်ကဲ့ . . . ထိုင်ပါ မခင်မေသက်။ လိုချင်တဲ့ပုံစံ ပြောပြပါ။ ရှင်စိတ်ကူးထားတာရှိရင်လဲ ကျွန်မတို့စိတ်ကူးနဲ့ပေါင်းစပ်ပြီး အလှဆုံး၊ အနုဆုံး ပုံဖော်ကြည့်တာပေါ့လေ။ ဒီပုံစံတွေထဲကလဲ ကြည့်ပါဦး"

မအေးချစ်က အနီးတွင်ရှိသော ဆွဲပြီးသားပုံစံစာအုပ်များကို ခင်မေသက်ထံလှမ်းပေးသည်။

"ကျွန်မလိုချင်တာကတော့ မြန်မာ့အနုပညာ၊ ဟန်နုနုကလေးနဲ့ ဆန်းဆန်းပြားပြား စိတ်ကူးကလေးနဲ့ လိုချင်ပါတယ်။ လော့ကက်သီးဖြစ်ပေမယ့် ကျောက်မျက်ရတနာတွေ မထည့်ချင်ဘူး။ ကျွန်မတို့ အိမ်ထောင်သက်အထိမ်းအမှတ်အဖြစ်ဆိုပြီး ကျွန်မယောကျ်ားက သူ့လက်စွပ်ကိုချွတ်ပေးတော့ သူ့ရွှေအတိုင်းပဲ လုပ်ချင်ပါတယ်ရှင် . . ."

ခင်မေသက်က ရွှန်းမြစွာဆိုရင်း စလင်းဘက်အိတ်ထဲမှ စက္ကူထုပ်ကလေးကို ထုတ်လိုက်၏။ မလှမြိုင်နှင့် မအေးချစ်က ဖြေနေသော စက္ကူစကလေးအဖွင့်ကို ကြည့်နေကြလေသည်။

"ဒါလေးကို . . . လုပ်မှာပါပဲ"

ခင်မေသက်က စက္ကူထုပ်ကလေးမှ ပေါ်လာသောလက်စွပ်ကလေးကို မအေးချစ်အား လှမ်းပေးလေသည်။

"ဟင် . . ."

မအေးချစ်နှုတ်မှ လွှတ်ခနဲထွက်သွား၏။

ယောင်ယမ်း၍လည်း လက်စွပ်ကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိပါသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com


'နှစ်တစ်ရာလည်း
ပစ်မကွာဘဲ ချစ်ခါအမြဲ နေချင်ရဲ့ . . .'

ကိုမျိုး

"တကယ်ပြောတာလား၊ မျိုးရယ် . . ."

"ချစ် . . . မယုံဘူး ဟုတ်လား . . ."

"ဟောကြည့် . . . ၊ ဒါလေး မေးမိတာနဲ့ မျက်နှာကြီးပုပ်သွားတာပဲ . . ."

"မပုပ်ပါဘူးချစ်၊ ကိုမျိုးရင်ထဲက မချစ်ဘဲပြောပါ့မလား ချစ်ရယ် . . . ၊ တကယ်ချစ်လို့ ချစ်တယ်လို့ပြောတာပေါ့။ တကယ်ချစ်ရတဲ့သူကို တကယ်လားလို့ မေးမေးနေတော့ ရင်ထဲအောင့်သွားတာပဲ . . ."

"ကဲ . . . ပြီ၊ ဘယ်နားအောင့်လဲ . . . ၊ ရင်ခုန်တာလား အောင့်တာလားဆိုတာ မျိုး သိရော သိရဲ့လား . . ."

မအေးချစ်အမေးကို သဘောကျသွားပြီး ကိုမျိုး ဟက်ဟက်ပက်ပက်ကြီး ရယ်ချလိုက်သည်။ ဟုတ်ပေသားပဲ၊ သူနှင့် မအေးချစ်တို့ တွေ့စဉ်က ရင်ခုန်လိုက်တာဟုဆိုကာ ဗိုက်ကိုနှိပ်ထားမိသည်၊

"ဟင် . . . မျိုး ရင်ခုန်တာကြီးကလဲ . . ."

"တကယ်ပြောတာချစ်ရဲ့ . . . ၊ စမ်းကြည့်စမ်း . . . ဟောဒီနေရာမှာ တဒိတ်ဒိတ်နဲ့ ဖြစ်နေတာ . . ."

"သွား . . ."

မအေးချစ်က သူ့ဗိုက်ကိုစမ်းခိုင်းမည့် ကိုမျိုးကို ညင်သာစွာ တွန်းပစ်လိုက်၏။ ပန်းချီဝါသနာအိုး ချစ်သူ မအေးချစ်ကို ကဗျာလေးစပ်၍ ပေးသော ပန်းချီကားလေးကို မအေးချစ် တကိုင်ကိုင် ဖြစ်နေလေသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မဝ၊ ချစ်မဝ ဖြစ်ခဲ့ကြသော နေ့ရက်များတွင် မအေးချစ်တစ်ယောက် မိုးမမြင် လေမမြင် ဖြစ်ခဲ့ရသည်။ ကိုမျိုးသာလျှင် သူ့ဘဝ၊ ကိုမျိုးသာလျှင် သူ့ကမ္ဘာ၊ ကိုမျိုးသာလျှင် သူ့အချစ်ဦးဟု မအေးချစ်တစ်ယောက် ခိုင်ခိုင်မာမာ ယုံကြည်ထားပေသည်။

အရိပ်တကြည့်ကြည့် ချစ်နေရသော မအေးချစ်တစ်ယောက် တစ်နေ့သောညနေချမ်းတွင် ချစ်သူကိုမျိုးစကားကြောင့် မိုးကိုလည်း မြင်လိုက်ရပါသည်။ မုန်တိုင်းကိုပါ ကြုံလိုက်ရပါသည်။ မအေးချစ်တစ်ယောက် တောင်ထိပ်မှကန်ချခံရသလိုပင် ဖြစ်ပါသည်၊ မကြုံဖူးသောက်အောင် ယူကျုံးမရဖြစ်ရလေသည်။ ခံစားရသည့်အတိုင်းအတာကို ပြောမပြတတ်အောင် ခံစားရပေသည်၊ ကိုမျိုးစကားကို အကြောင်းပြချက်တစ်ခုအဖြစ်သာ မအေးချစ်မှတ်မိတော့သည်၊

"မယူမဖြစ်တော့တဲ့ အခြေအနေအရ ယူရမှာပါ ချစ်ရယ် . . . ၊ ချစ်ကိုတော့ မျိုး အမြဲသတိရနေမှာပါ။ အမြဲတမ်း ချစ်နေမှာပါ။ ချစ်ဟာ မျိုးရဲ့ မြတ်နိုးရမယ့် ချစ်သူတစ်ယောက်ပါ . . ."

ကိုမျိုးပြောသည့်အကြောင်း ချစ် ရေရေလည်လည် မသိမကြားတော့၊ 'နှစ်တစ်ရာလည်း . . . ပစ်မကွာဘဲ၊ ချစ်ခါအမြဲ နေချင်ရဲ့' ဟူသော ကိုမျိုးတစ်ယောက် သူ့ကိုလက်တွဲဖြုတ်သည်ဆိုသည့်အချက်သာ သူကောင်းကောင်းကြီး သိလိုက်သည်။ မယူမဖြစ်လို့ပါဟူသော ကိုမျိုး၏ အကြောင်းပြချက်ကိုလည်း မအေးချစ်ဆန်းစစ်မနေချင်၊ ဗွေမယူချင်တော့ပေ၊ ဒါနဲ့ ချစ်ကို တကယ်ချစ်တယ်လို့ ဘာကြောင့်ပြောခဲ့ရသလဲ၊ ပြောနေတာလဲဟုသာ ရင်ထဲတွင်သာ အခါမလပ် မြည်တမ်းနေမိ၏။

အချစ်ကြီးလျှင် အမျက်ကြီးသည်ဟူသော ဆိုစကားရှိသော်လည်း မအေးချစ်သည် ကိုမျိုးအပေါ် အချစ်ကြီးချစ်သလောက် မျက်လည်းမရနိုင်ပေ၊ ချစ်ကို ချစ်နေတာပါဟု အခြားတစ်ယောက်နှင့် လက်ထပ်တော့မည်ဆဲဆဲအထိ ဆိုနေသောချစ်သူကိုမျိုး၏ ပြောစကားကို ယုံနေမိ

www.burmeseclassic.com

www.burmeseclassic.com
သည်ပင်။ ဘဝတာ ထာဝရအတွက် ခွဲရမည်မို့ အမှတ်တရပစ္စည်း တစ်ခုစီပေးရအောင်လားချစ်ရယ်ဟူသော ကိုမျိုးစကားကို လက်ခံမိချေသေးသည်။

မိန်းကလေးဖြစ်သော်လည်း မအေးချစ်သည် ဆိုပြီးကတိစကားကို လွယ်လွယ်ကူကူချိုးဖောက်တတ်သူ မဟုတ်ပေ။ အခုချစ် တော်ကြာပစ်၊ အခုချစ် တော်ကြာဖြတ်စို့ဟူသော စိတ်ဓာတ်နိမ့်ပါးသော မိန်းကလေးမျိုးလည်း မဟုတ်ပေ။ ကတိစကားအရ မဖြစ်ဖြစ်အောင် ကြိုးစားသည်။ မင်္ဂလာကိစ္စအတွက် ကူးချည်သန်းချည် ဖျာများနေသော ကိုမျိုးသတင်းတို့ကို အစုံအလင်ကြားရပေမင့် မအေးချစ်သည် ခံစားနေရလျက် ကိုမျိုးပြောသည့်အတိုင်း လက်စွပ်ကလေးကို အလှအပဆုံး စိတ်ကြိုက်ပုံဖော်၍ သူ့အသိဆိုင်တွင် အပ်နှံခဲ့သည်။ "မျိုး" ဟူ၍ပင် နာမည်ထိုးလိုက်သေးသည်။ လက်မထပ်မီရက်များတွင် ကိုမျိုးနှင့်ဆုံစဉ်က လက်စွပ်ကလေးကို ကိုမျိုးလက်တွင် တယုတယ မြတ်မြတ်နိုးနိုး ကိုယ်တိုင်ဝတ်ပေးခဲ့လေသည်။ သူ့အသည်းနှလုံးများ ဤလက်စွပ်နှင့်အတူ ကိုမျိုးဆီပါသွားပြီဟုပင် ယူဆမိလေသည်။

"မျိုး ဘယ်တော့မှ မချွတ်တော့ဘူး။ အမြဲဝတ်ထားမယ်နော် ချစ်"

ကိုမျိုးက ချစ်ကို ရင်ထဲ အသည်းထဲမှလာသော အသံနှင့် ဆိုလေသည်။ သည်အချိန်အထိ မအေးချစ်သည် 'မမျှော်လင့်သောအခြေအနေ' အရ ခွဲရပေမင့် ကိုမျိုး သူ့ကို တကယ်ချစ်သည်ဟု ယုံကြည်မိနေသေးသည်။ သို့သော် မအေးချစ် ယုံစားသော၊ အားကိုးသော၊ အထင်ကြီးသော၊ မြတ်နိုးသော ကိုမျိုးတစ်ယောက် သူ့ဆွေမျိုးနှင့် သူလက်ထပ်သည့် အမျိုးသမီးအသိုင်းအဝန်းတွင် လေသံလွှင့်သောစကားများကို မမျှော်လင့်ဘဲ မအေးချစ် ကြားရ၏။

"ကျွန်တော်က ဘာမှမဖြစ်ပါဘူး။ သူက တဖက်သတ်ဖြစ်နေတာပါ။ ကျွန်တော့်ကို အတင်းလိုက်နေတာပါ။ မယုံရင် အစ်ကိုနဲ့ အစ်မမေးကြည့်"


သည်စကားကြားစက မအေးချစ်မယုံမိသေး၊ ယုံနိုင်စရာလည်း မရှိဘူးလေ၊ ယူကျုံးမရဖြစ်လွန်းသဖြင့် ကြားသမျှ ပြောသမျှ စကားတို့ကို မအေးချစ် နင့်နေအောင်ခံခဲ့ပြီး ယင်းမာမြို့ အဘွားရှိရာသို့ ထွက်လာခဲ့လေသည်။ အပြောတစ်မျိုး၊ လက်တွေ့တစ်မျိုး ကျင့်သုံးနေသော ကိုမျိုးကိုလည်း မအေးချစ် ဥပက္ခာပြုလိုက်၍ အေးရတနာရွှေဆိုင်တွင် ဘဝသစ်ကို စတင်ခဲ့လေသည်။

* * * * *

"ဒီပုံစံလေးဆို ဘယ်နှယ်လဲ . . .၊ ယဉ်လဲယဉ် လှလဲလှတယ်။ ရှင်ပြောသလို ကျောက်မျက်ရတနာတွေလဲ တစ်ခုမှ မပါ ပါဘူး"

"ဆိုးတော့ မဆိုးပါဘူး။ ကျွန်မယောကျ်ားက အမှတ်တရ လုပ်စေချင်တဲ့အတွက် အလှဆုံး၊ အကောင်းဆုံးပုံစံမျိုး ဖြစ်စေချင်တာပဲ"

"ဒါလေးဆို ရှင့်ယောကျ်ားလဲ ကြိုက်မှာပါ၊ မအေးရေ . . . ကြည့်ပါဦး။ ဒီပုံစံလေး မကောင်းဘူးလား၊ မအေးဆွဲတဲ့ပုံစံပဲ။ သူပြောသလို ကျောက်လဲမပါဘူးလေ . . ."

မလှမြိုင်က မအေးချစ်ကို ပြောလေသည်၊ အတိတ်ပန်းချီခြယ်နေသော မအေးချစ်သည် မလှမြိုင်အသံကြောင့် ထိတ်ခနဲဖြစ်သွား၏၊ ဟန်ပျက်သွားသော သူ့အဖြစ်ကို သူသတိရပြီး ဟက်ခနဲတစ်ချက် ရယ်လိုက်မိလေသည်၊

"ဟုတ်တယ်၊ ဒီပုံကလေး ကျွန်မပုံစံထုတ်ထားတာ မကြာသေးပါဘူး။ မခင်သက်နဲ့ လိုက်ပါတယ်။ ရှင့်ယောကျ်ားလဲ ကြိုက်ပါလိမ့်မယ်။ တခြားပုံစံလိုချင်ရင်လဲ မခင်မေသက်သဘောကျ ကျွန်မလဲ ကြိုးစားပြီး ပုံစံဆွဲပေးပါမယ်"

မအေးချစ်က ရယ်လိုက်မိရုံတင် မဟုတ်သေး၊ ပြော်ပါလက်ပါလည်း ပြောသည်၊ သူ့ကိုယ်သူပင် အံ့ဩမိသေး၏၊ လက်စွပ်တလေး

www.burmeseclassic.com

ပေါ်မှ 'မျိုး' ဟူသော စာလုံးကလေးက မအေးချစ်ကို ကြည့်နေသယောင်ပင်။ စိတ်ထဲမှာတော့ မျိုးရယ် . . . မျိုးရယ် . . . ဟု ဘာရယ်မဟုတ် ရွတ်ဆိုမိလိုက်သေးသည်။ ဟိုတုန်းက အချိန်၊ ဟိုတုန်းက အရွယ်၊ ဟိုတုန်းကလို ထိမခံငယ်သွေး၊ ငယ်စိတ် ရဲရဲကလေးနှင့်သာဆိုရင်တော့ ကိုမျိုးကို ချက်ချင်းရင်ဆိုင်သွားတွေ့ပစ်လိုက်မည်လားမသိ။

"ချစ်ချွေးနဲ့စာနဲ့ မျိုးစိတ်ကြိုက် လုပ်ပေးတဲ့လက်စွပ်ကလေးကို တစ်သက်လုံး ဝတ်ထားမယ်ဆို။ ဘယ်တော့မှ မချွတ်ပါဘူးဆို။ မျိုးကတိမတည်ဘူး။ ယောက်ျားဖြစ်ပြီး ကတိဖျက်တဲ့သူ လူလိမ် လူညာ။ ချစ်ကို သက်သက်လိမ်ခဲ့ ညာခဲ့တဲ့သူ"

သည်လို ရန်တွေ့မိမည်လား မသိပေ။

ဩော် . . . ခုတော့လည်း တမင်ရှောင် အရှုံးပေးခဲ့သော မအေးချစ်ဆိုင်သို့ပင် တိုက်တိုက်ဆိုင်ဆိုင်ရောက်လာသော ချစ်သူဟောင်း၏ အမျိုးသမီးကို ချမ်းမြေ့လိုက်လျောစွာ ဆက်ဆံနေသေးသည်။

"ချစ်မယုံဘူး . . . မဟုတ်လား။ မျိုးရင်ထဲက မချစ်ဘဲ ပြောပါ့မလား ချစ်ရယ် . . ."

"မျိုး ဘယ်တော့မှ မချွတ်တော့ဘူး။ အမြဲဝတ်ထားမယ်နော် ချစ် . . ."

ကိုမျိုးအသံကို ပြန်လည်ကြားယောင်ရင်း မအေးချစ်ပြုံးမိသည်။

ဩော် . . . လူဟူသည်ကား အချိန်နှင့်အရွယ်နှင့်အမျှ ပြောင်းလဲတတ်ကြပါလား။

* * * * *

## လေတံခွန်

"ဟော . . . လာပါပြီ . . . ဟော . . . လာပါပြီ . . . အချိန်မှန်ကလေး လာပါပြီတော်"

ဘာတဲ့။ 'သူဌေးကလေးတဲ့'၊ သူဌေးကလေး ဖြစ်မယ်ပေါ့။ ဟုတ်လား၊ စိမ်းဖန့်ဖန့်မီးချောင်းရောင်လေးကလေးနဲ့ လိုက်ဖက်သော ဆိုင်းဘုတ်မှာ ဆေးနီကလေးနဲ့ 'သူဌေးကလေး' တဲ့၊ ရေးထားတာမှ ထင်းလို့။ သူ့စက်ဘီးကလေး လမ်းထဲရောက်မလာခင်ကတည်းက သူ့သီချင်းသံကို ကြားနေရပြီ။

"ဘဝလွတ်မြောက်ရေး . . . တွေးကာပျော်သည် . . . သိန်းထီ . . . သိန်းထီ . . . ဖွင့်ဖို့ရန် နီးကပ်လာပါပြီ . . . ပေါက်ရန် အရေး ပျိုတွေးလို့ . . . နေပါသည် . . . အတိတ်ကောင်း နိမိတ်ကောင်း . . . အချိန်ကောင်းနဲ့ ပေါ်လာလေပြီ . . ."

အခုတစ်လော အတိတ်ကလေးတွေ ကောင်းတယ်။ ပုတီးစိပ်နေတုန်းကလည်း အိမ်မြှောင် စုတ်ထိုးလိုက်တာမှ သုံးလေးချိန်လောက်ရှိမယ်။ ညတုန်းက အိပ်မက်ထဲမှာ ငါးကြီးတွေ ဖမ်းလို့၊ အမယ် ကိုယ်တစ်ကိုယ်တည်းမဟုတ်ဘူး။ ဟိုဆရာကြီး လက်ထဲမှာလည်း ငါးတွေမှ တစ်ပုံကြီး။ ငါးတွေရတယ်လို့ အိပ်မက်ရင် လာဘ်ရွှင်ဆိုပဲ၊ ထီများ ပေါက်ချင်လို့လားမသိဘူး။ နောက် လေးငါးရက်ဆိုရင် ထီဖွင့်တော့မှာပါလား။ မင်္ဂလာစုံတွဲနှစ်စောင်လောက်တော့ ကံစမ်း


www.burmeseclassic.com

www.burmeseclassic.com

လိုက်ဦးမှ။ 'ကံ'ကလည်း စမ်းလို့ကို မမီနိုင်ပါဘူးတော်၊ လတိုင်း စမ်းရလွန်းလို့ထီလက်မှတ်တွေလည်း တစ်ပုံကြီးပါပဲ။

ဟိုဆရာကြီး ပင်စင် မယူမီတုန်းက အဟုတ်သား။ခုတော့. . . ဘူးနို့ဆီတောင် မသုံးနိုင်တော့ပါဘူး။ချက်နို့ဆီချည်းသုံးရတော့တယ်၊ ဆင်ပိန် ကျွဲပါဆိုပေမင့် ဆင်ဘ၀ကနေ ကျွဲဘ၀ရောက်တော့ ကိုယ့်ဘ၀ ကိုယ်အသိဆုံး၊ အင်း. . . ဖအေကြီး ပင်စင်ယူတော့ သားနှစ်ယောက်က သိတတ်သား။ ငွေကလေးကအစ အချိုအချဉ်ကလေးအဆုံးပို့ကြရှာ ပါတယ်။

"သားဆိုတာ အပြင်လူတွ. . .။ သမီးကမှ အတွင်းလူ။ သားတွေ တော့ အားမကိုးပေါင်ကွာ. . ."

'သမီးမှသမီး'ချင်ခြင်းတက်တဲ့ ဖအေကြီးကတော့ သားတွေကို အထင်မကြီးဘူးလေ။ အပြင်လူပဲဆိုတဲ့သားတွေက ဖအေမှန်း၊ မအေ မှန်း သိတတ်ကြတော့ ဖအေကြီးငြိမ်သွားပြီ၊ ရေဆိုတာ မြင့်ရာက နိမ့်ရာကို စီးဆင်းစမြဲပဲ မဟုတ်လား။ သားတွေက တစ်ရာဖိုးလောက် ထောက်ပံ့ရင်မိဘက တစ်ထောင်ဖိုးလောက် ပြန်ပေးချင်တာ၊ အဲ ချွေးမနှစ်ယောက်စလုံးကလည်း တော်ကြပါပေ့။ အဖေ အဖေ၊ အမေ အမေနဲ့ ပါးစပ်ဖျားကကို မချဘူး။

"အမေရယ် ညက ဟိုဘက်အိမ်မှာ အငြိမ့်သွားကြည့်တာ ကောင်းလိုက်တာ၊ လူရွှင်တော်တွေကလဲ တအားရယ်ရတယ်၊ အမေ့ကို ကြည့်စေချင်လိုက်တာ။ တယ်လီပေးရှင်းတစ်လုံးလောက် တော့ ၀ယ်ကို ၀ယ်ဦးမယ်"

ချွေးမအငယ်က ရုပ်ရှင်တွေ၊ ဘာတွေ အားကြီးကြိုက်၊ တယ်လီပေးရှင်း ဒီလောက်လိုချင်နေတဲ့ ကောင်မကို တစ်လုံးလောက် ၀ယ်ပေးလိုက်ချင်တယ်၊ ချွေးမအကြီးကတော့ အပျော်အပါးတွေ၊



ဘာတွေ မကြိုက်ဘူး။ အိမ်မှာ တကုတ်ကုတ်၊ အလုပ်မရှိ အလုပ်ရှာတဲ့ မိန်းမ၊ အဲ. . . အစားတော့ သွားမမေးနဲ့၊ စားလို့ ၀ါးလို့ ရသမျှ အကုန်ကြိုက်၊ အစားမက်မ၊ သူ့အိမ်ရောက်ရင် တစ်ခုပြီးတစ်ခု ချကျွေးတော့တာပဲ၊

"အခုလို. . . နေပူပူမှာ နို့အေးကလေးနဲ့၊ ပူတင်းဆိမ့်ဆိမ့် ကလေးနဲ့ဆို အမေကြိုက်မှာ၊ နို့အေးမပြောနဲ့ ရေခဲဘူးတောင် ကောင်းကောင်းမရှိဘူး။ ရေခဲသေတ္တာ၀ယ်နိုင်မှ အမေ့ကို အမျိုးမျိုး လုပ်ကျွေးမယ်အမေ"

အစားမက်တဲ့ ချွေးမကြီးကို ရေခဲသေတ္တာ၀ယ်ပေးရမယ်၊ အကောင်းစားထဲကကို ၀ယ်ပေးမယ်၊ ကြိုက်သလောက်စားကြ၊ ကြိုက်သလောက်သောက်ကြ၊ နို့အေးပဲသောက်သောက်၊ ရေခဲမုန့်ပဲ စားစား လုပ်ချင်သလောက်လုပ်စားစမ်း၊

အဲ. . . ချွေးမကြီးလို့သာပြောတာ၊ ဟိုဆရာကြီးကရော ဘာထူး သတုံး။ အင်မတန် အကောင်းကြိုက်တာ။ အိမ်မှာလည်းတစ်လုံးလို မယ်၊ ၀က်သားနဲ့ ကြက်သားကိုမမုန်းတမ်း စားနေတဲ့သူကြီး၊ အပြည့် ကို၀ယ်ထည့်ပေးထားမယ်။

"အမေတို့ဆီကို သားတို့က တစ်ပတ်မှတစ်ခါ လာဖြစ်ကြတာ၊ ကျန်တဲ့ရက်တွေမှာ အဖေတို့ အမေတို့နေမကောင်းရဲ့လားဆိုပြီး ပူရ တာတစ်မျိုး၊ ထီပေါက်ရင်များ ကျုပ်တော့တယ်လီဖုန်းကို ဆင်ပစ်လိုက် မယ်၊ အဖေတို့ အမေတို့ အိမ်ပါဆင်မှဖြစ်မှာ။ ဒါမှ အချိန်မရွေး ဆက်နိုင်တာပေါ့"

တစ်လုံးတစ်ခဲ အားရပါးရပြောတတ်တဲ့ သားငယ်ကတော့ မျက်ရည်တောင် ၀ိုင်းမိရဲ့၊ ရင်ထဲကကြည်နူး ကျေနပ်မှုတွေလည်းဖြစ် လို့၊ ကဲ . . . ကြည့်စမ်း . . .။ သားယောကျ်ားတွေ မွေးရပေမင့် မွေးရကျိုးနပ်ပါ့။ တစ်မြို့တည်းနေတဲ့ မိဘကိုပဲ ပူပန်ကြောင့်ကြသတဲ့

www.burmeseclassic.com

www.burmeseclassic.com

လေ၊ သိတတ်တဲ့သား။ အင်း . . . မဖြစ်ဘူး . . .။ မဖြစ်ဘူး ထိထိုးကိုထိုးမှ။ ထိပေါက်ရင် သားငယ်အိမ် တယ်လီဖုန်းဆင်ပေးရမယ်၊ ဟုတ်တယ်။ သားငယ်ပြောတာမှန်တယ်၊ အရေးရယ်၊ အကြောင်းရယ် ဖျတ်ခနဲ ဆက်နိုင်တာပေါ့။

မင်္ဂလာစုံတွဲထိုးမှ။ မင်္ဂလာစုံတွဲ နှစ်စောင်လုံးပေါက်လို့ကတော့ သားကြီးက အင်မတန်အေးတာ စကားလည်းဖွယ်ဖွယ်ရာရာမပြောတတ်ဘူး။ သူ့ဖအေလိုလူစား။ အဲ . . . စာအုပ်တွေ့ရင်တော့ အသက်ရှိတယ်လို့တောင် မထင်ရတော့ပါဘူး။ တကယ့်ကို ကုတ်ပြီးငြိမ်နေတော့တာ။

သားကြီး မကြာခဏပြောလေ့ရှိတာကို သတိရသွားတယ်။

"ကျွန်တော်သာ ပိုက်ဆံရှိရင် ပုံနှိပ်လုပ်ငန်းကလေးတစ်ခုလောက် လုပ်မှာပဲ၊ အစိုးရဝန်ထမ်းဘဝကို ငြီးငွေ့လာပြီဗျာ"

ဟုတ်မှာ . . .၊ ဟုတ်မှာ . . .၊ သားကြီးက အင်မတန်အေးအေးဆေးဆေးနေချင်တဲ့သူ၊ သူ့စိတ်ကူးကလေး သူ့လုပ်ငန်းကလေး တည်ချင်ရှာတာ။ အင်း . . . မင်္ဂလာစုံတွဲပေါက်လို့များတော့ကွာ။ မမြရင် တို့ တိုင်းတုန်အောင်ခုန်ပစ်လိုက်မယ်မှတ်။

သားကြီးကို ပုံနှိပ်တိုက်ကလေးလုပ်ပေး၊ ချွေးမကြီးအတွက် ရေခဲသေတ္တာဝယ်၊ သားငယ်အတွက် တယ်လီဖုန်းဆင်၊ အဲ . . . ချွေးမအငယ်အတွက်တော့ သူသိပ်လိုချင်နေတဲ့ ရောင်စုံတယ်လီဗေးရှင်းတစ်လုံးဝယ်ပေး။ အင်း . . . ကောင်မက အလုပ်လုပ်တာတောင် သီချင်းလေးတအေးအေးနဲ့ လုပ်တာ၊ ကက်ဆက်ကလေးတစ်လုံးပါ ဝယ်ပေးလိုက်ရင် ဝမ်းသာလိုက်မယ့်ဖြစ်ခြင်း။

ဟိုဆရာကြီးအတွက်တော့ ကားဝယ်မှ၊ မိုးလင်းတာနဲ့ စားသောက်ပြီး ယမ်းထွက်တော့တာ။ ပင်စင်စားအချင်းချင်း ဆုံကြထင်ပါရဲ့၊



အသက်အရွယ်ကလေးထောက်လာတော့ ကားကလေးနဲ့ သက်သောင့်သက်သာ သွားသင့်တယ်။ ဒရိုင်ဘာတစ်ယောက်တော့ လိုမှာပဲ၊ ဘာဖြစ်သလဲ ငှားတာပေါ့။ သူတစ်ယောက်တည်းမောင်းမှာ စိတ်မချပေါင်၊ ဖအေကြီးက ကောင်းကောင်းစား၊ ကောင်းကောင်းဝတ်ရမှာ၊ အကောင်းကြိုက်ကြီး တော်ရုံကားမျိုးကြိုက်မှာမဟုတ်ဘူး။ အက်စ်အီးလောက်မှ သဘောကျမှာ။

ဒီလောက်ကြီးပေါက်ပြီးမှ လှူရေး၊ တန်းရေးလည်း လုပ်ဦးမှ။ ဒါနမပါရင် သေခါမှသိတဲ့၊ ရေစက်ချပြီးသွားတဲ့ ဇရပ်မှာပဲ သံဃာတော်တွေကို လှူမယ်။ ဖိတ်စာကလေးတော့ ရိုက်မှ၊ ဟိုဆရာကြီးရဲ့ ဂုဏ်နဲ့ အကောင်းစား ထဲကရိုက်မှ ဖြစ်မှာ၊ အဲတော့ . . . မြေးတွေ . . . မြေးတွေအတွက်လည်း ရှိသေးတယ်၊ မျောက်လောင်းတွေအတွက် . . .

"ဟဲ့ . . . ပလုတ်တုတ် . . . လန့်လိုက်တာ မောင်အတ္တာရယ်၊ အဲ . . . မောင်လှဝေ လန့်လိုက်တာကွယ်"

"ဒေါ်ကြီးကလည်းဗျာ ကျွန်တော်ခေါ်နေတာ သုံးလေးခွန်းပဲ မကြားဘူးလား။ ခြံဝထွက်ပြီး ဘာလုပ်နေတာလဲ"

"ထိထိုးမလို့ကွဲ့၊ မှန်း . . . ဟိုစက်ဘီးကလေးနဲ့ 'သူဌေးကလေး' ထိသည် ဘယ်ရောက်သွားသတုံး"

"အို . . . အဒေါ်ကြီးကလည်း ဘာဖြစ်နေတယ်မသိဘူး . . .၊ လမ်းထိပ်ရောက်နေရောပေါ့။ ဒေါ်ကြီးနားကပဲ ဖြတ်သွားတာ"

"ဟဲ့ . . . လုပ် . . . လုပ်ပါဦး . . . မောင်အတ္တာရဲ့ ခေါ် . . . ခေါ် . . . လှမ်းခေါ်ပေးစမ်းပါဦး၊ ငါ့နှယ် . . . လွတ်သွားလို့ မဖြစ်ဘူးကွဲ့။ ငါ . . . အိပ်မက်က သိပ်ကောင်းတာ . . . အတိတ်ကောင်း၊ နမိတ်ကောင်း ကြုံနေရတာ . . . မထိုးလို့မဖြစ်ဘူး . . . မဖြစ်ဘူး၊ ဟဲ့ . . . မြန်မြန်လှမ်းခေါ်လိုက်စမ်းပါ . . . ဟဲ့"

www.burmeseclassic.com

www.burmeseclassic.com

# မွေးပျံ့နေမည့် ပန်းတစ်ငုံ

ချစ်ခြင်းမေတ္တာဆိုသည်မှာ ရယူခြင်း၊ ပိုင်ဆိုင်ခြင်းထက် 'နို' အဖို့တော့ ပေးဆပ်ရခြင်း၊ အနစ်နာခံရခြင်း၊ စွန့်လွှတ်ရခြင်းဟူသော အနက်ကို ယူဆရမည်ဖြစ်၏။

သည်လိုဆိုလျှင် . . .

ခေါက်ထီးအစိမ်းကလေးကို ကိုသတ် ဝယ်လာတုန်းက တစ်ခါ၊ ဘောပင် (လ်) နီရဲရဲကလေး ပေးတုန်းက တစ်ခါ၊ ဆွယ်တာ အဝါနုကလေးနှင့် ပိုးပဝါ အဖြူဥကလေး ဝယ်လာတုန်းက တစ်ခါ နီအဖို့တော့ အခါပေါင်းများစွာကလေးများနှင့် ကြုံရတိုင်း 'နောင်' ကို သတိရပြန်သည်။ 'နောင်' ပေးတတ်လေ့ရှိသောပစ္စည်းများ၊ နောင်ပြုလေ့ရှိသော ချစ်စိုးဖွယ် အပြုအမူကလေးများသည် ကိုလတ်တွင် ဘာကြောင့်ရှိနေသလဲကွယ်၊ မချင့်မရဲစိတ်နှင့် ကိုလတ်ကို မကျေမနပ်ချင်။

"နီ မျက်နှာမကောင်းပါလား။ ဘာလို့လဲဟင် . . .။ နေမကောင်းဘူးလား . . ."

မကျေနပ်စိတ်ကြောင့် ညိုနုနုဖြစ်နေသော နီ့ကို ကိုလတ်က တယုတယဆိုသောအခါ နီမျက်ရည်ဝိုင်းချင်ပြီ။ ဘာကြောင့် 'နောင်' နှင့် တူပြန်သလဲ၊ တူပြန်သလဲဟု ကိုလတ်ကို ခုစိတ်ကလေးနှင့် တွေးရင်းမှပင် 'နောင်' ကဲ့သို့ မြင့်သွယ်ကြော့ရှင်းသော ဖျတ်လတ်ရှင်ချိုသော





ကိုလတ်ဟန်ပန်ကိုကြည့်ပြီး နောင်နှင့် တူလိုက်တာကွယ်ဟု မတမ်းတသော်လည်းဘဲ မေ့လျော့စွာ တွေးနေပြန်သည်။

အချစ်ဆိုတာအခက်သားပင်၊ ချစ်စိတ် ကြင်နာစိတ်ကို ဖိနှိပ်လို့လည်းမရ၊ ပိတ်ပင်တားဆီးလို့လည်း မရ။ မေ့ပစ်ချင်လို့လည်း မရ၊ သတိမရချင်ပေမင့် မေ့မရသည်ကိုတော့ နီ ဝန်ခံချင်သည်၊ သို့သော် တမ်းတခြင်း၊ မျှော်လင့်ခြင်း၊ ရယူခြင်း မဟုတ်သည်ကိုတော့ နီ သိပါသည်။ သည်အတွက်တော့ စိတ်ကျေနပ်ရသည်။ စိတ်ကျေနပ်ခြင်းနှင့်အတူ ကိုလတ် မေတ္တာ၊ ကိုလတ် အကြင်နာ၊ ကိုလတ် ချစ်တာကို နီ စော်ကားသလိုများဖြစ်မိသည်လား . . . ဟု တစ်ခါတစ်ရံတွင် သုံးသပ်နေမိပါသည်။

တစ်ခါတစ်ခါတော့လည်း ခပ်တည်တည် ရှုတင်းတင်းနေတတ်သော၊ မှည့်သည့်ကိစ္စကိုမျှ အလေးအနက်မရှိတတ်သော 'နောင်' စိတ်ထားနှင့် ဆန့်ကျင်နေတတ်သည့် ကိုလတ်ကို ကျေးဇူးတင်ရင်း မြတ်နိုးရပြန်သည်။ ဘဝအခြေအနေတွေ ဘယ်လိုပင်ပြောင်းပြောင်း နီကမူ ငယ်ငယ်ကပိုစိတ်ကလေးနှင့် တွယ်တာချင်သေးသည်။ တကယ်တော့ နောင်သည် နီ့အပေါ်တွင် စာနာညှာတာခဲ့သူ တစ်ယောက်တော့ မဟုတ်ပေ၊ နီ့အတွက် စာချွက်ကလေး 'တစ်ကွက်' မှ မချန်ခဲ့၊ စာတစ်လုံး နှုတ်တစ်ဖွင့်မျှပင် ဖွင့်ဟဆိုခဲ့သည် မဟုတ်၊ စိမ်းစိမ်းပြတ်ပြတ် လက်တွဲဖြုတ်သွားခြင်းဖြစ်၏။ စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ခေတ်တသာ၍ ခွဲခွာရခြင်းပါဟုလည်း မနှစ်သိမ့်၊ ချစ်ပါလျက်နှင့် ကွဲကွာရခြင်းပါဟုလည်း မဆို၊ တင်းတင်းပြတ်ပြတ် လမ်းခွဲသွားသူတည်း။

ကျောင်းနေစဉ်ကလေးဘဝမှ တွယ်တွယ်ငြိငြိ စွဲလမ်းခဲ့သော အချစ်၊ ရင်နှင့်အောင် တမ်းတမ်းလွမ်းလွမ်းဖြစ်ရသော အချစ်

www.burmeseclassic.com

www.burmeseclassic.com


သည်အချစ်များ၏ ရနံ့သည် ပြယ်လွင့်သင့်ပြီဖြစ်၏။ သို့သော် နီက ဆေးခြယ်နေချင်သည်။ လူလောက၏ ထားရှိသင့်သော 'စည်း'၊ ထိန်းသိမ်းသင့်သော 'စည်း'၊ လိုက်နာအပ်သော 'စည်း'ကြောင့်သာ မွေးမြူ သန့်စင်သော နီ့မေတ္တာသည် ကိုလတ်အတွက် သင်းပျံ့နေခြင်းဖြစ်သည်။

ကိုလတ်ကတော့ နီ့အတွက် ခင်ပွန်းကောင်းတစ်ယောက် ဖြစ်သည်။ နီဆိုးသမျှ၊ နီနွဲ့သမျှ၊ နီ့အကြိုက်လိုက်နေသူပင်။ နီ့မေတ္တာကို စိတ်ရှည်စွာ သဘောထားပြည့်ဝစွာ စောင့်မျှော်ခဲ့သူဖြစ်၏။ အချစ်ဦး မို့ ယစ်မူးမတတ် ဆောက်တည်ရာမရ ဖြစ်နေချိန်တွင် အားပေးသူမှာ ကိုလတ်ဖြစ်လေသည်။

"နီရယ် . . . ဒီလောက်ခံစားနေရတာမြင်တော့ ကိုလတ်ရင်ထဲမှာ နီ့လိုပါပဲ၊ ကိုလတ်ဘာလုပ်ပေးရမလဲဟင် . . ."

"ကိုလတ် . . . နီ့ကို တကယ်ကူညီချင်တယ်ပေါ့ . . ."

"ဟာ . . . ဘယ်နှယ်ပြောပါလိမ့် နီရယ် . . .။ နီ့အတွက်ဆိုရင် ကိုလတ် ဘာလုပ်ပေးရ ပေးရပါ။ ကိုလတ် ဘယ်လောက်တောင် နီ့အပေါ်၊ အေးလေ. . . ဒါတွေ မပြောအပ်တဲ့အချိန်ပါကွာ ကိုလတ် စေတနာကို နီ နားလည်စေချင်တယ် . . ."

မျက်ရည်ဝဲသားဖြင့် တွေတွေငေးငေးဖြစ်နေသော နီသည် ကိုလတ်ကို ဆတ်ခနဲ လှည့်ကြည့်သည်။

"ပြောလေ . . . နီ၊ ကိုလတ် နီ့ကို ဘာကူညီရမလဲဟင် . . ."

"ကိုလတ် နီ့ကို ကူညီစေချင်တာက နီအခုချိန်မှာ တစ်ယောက်တည်း နေချင်ပါတယ်။ နီ ဘယ်သူ့ကိုမှ မတွေ့ချင်၊ စကားမပြောချင်ဘူး ကိုလတ်"

နီကတော့ တကယ့်နီပင်၊ အနားတွင် ဖေးဖေးမမရှိနေရှာသော ကိုလတ်ကို အေးအေးစက်စက်တစ်လုံးချင်း ပြောဖြစ်၏။ နီ့စကားက အေးစက်သလို၊ နီ့မျက်လုံးများသည် ကိုလတ်အဖို့ ရေခဲတုံးပမာ ရှိနေသည်။

နီ့အတွက်ဆို ကိုလတ်သည် ဘာမဆိုအဆင်သင့်။ နီစကားဆုံးသည်နှင့် ကိုလတ်နေရာမှ ရုတ်ခနဲထသည်။

"နီ မကြိုက်ရင် မလာပါဘူးကွယ် . . .။ ဒါပေမဲ့ အဝေးကတော့ နီ့ကို ကူညီပါရစေနော် . . ."

ကိုလတ်သည် နီ့အပါးရောက်မလာတော့ပေ။ အဝေးမှနေ၍သာ နီကြိုက်တတ်သည့် စားဖွယ်သောက်ဖွယ်များ၊ စာအိတ်များ၊ မဂ္ဂဇင်းများကို ပို့ပေးသည်။

ကိုလတ်သည် ဤမျှအထိ ဖွဲ့ကောင်းသူတည်း။ ကိုလတ် မေတ္တာ စေတနာ၏ အနက်အရှိုင်းကိုသိ၍တော့မဟုတ်။ နားလည်သဘော ပေါက်၍လည်းမဟုတ်။ နောင့်ကို မခံချင်စိတ် မကျေနပ်စိတ်ဖြင့် အမေတို့ လိုလားချက်ကို မျက်စိမှိတ်ကာ တစ်ဇွတ်ထိုးလုပ်ပစ်သည်။ ကိုလတ်ကို နီ လက်ခံဖြစ်သည်။ ကျောင်းနေစဉ်ကတည်းက စိတ်မပျက်၊ ဖွဲ့မလျော့ ခဲ့သော၊ ချစ်အားပိုဆဲဖြစ်သော ကိုလတ်ကို နီ လက်ထပ်ခဲ့ပါသည်။

အနိုင်ယူလိုက်သည် မဟုတ်ပေမင့် နီကတော့ ပွင့်လင်းလေသည်။ နောင့်နှင့် နီ့အကြောင်းကို မခြွင်းမချန်ပြောပြသည်။ နောင့်ကို အချစ်ဆုံးဖြစ်ကြောင်းကိုပင် နီပြောဖြစ်အောင် ပြောသေးသည်။

ဤမျှထိ နီသည် ကိုလတ်အပေါ် ဆိုးနွဲ့သူတည်း။

"ချစ်ခြင်းမေတ္တာဆိုတာ ဖန်တီးလို့လည်းမရ၊ လုပ်ယူလို့လည်း မရပါဘူး နီရယ်။ နီရဲ့ နောင့်အပေါ်မှာချစ်မြဲ ချစ်နေတာကို ကိုလတ် မပြောလိုပါဘူး။ ဒါပေမဲ့ ကိုလတ်အပေါ် နီသစ္စာရှိရင် ကျေနပ်ပါပြီ။ တစ်နေ့ ကိုလတ် မေတ္တာ၊ ကိုလတ် စေတနာကို နီ နားလည်လာရင်

www.burmeseclassic.com

www.burmeseclassic.com



နီ့ရဲ့ နောင်လိုပဲ ကိုလတ်ကို နှစ်နှစ်ကာကာ ချစ်လာမှာပဲလို့ ခိုင်ခိုင်မာမာ ယုံကြည်ထားပါတယ် . . ."

ကိုလတ်က အေးဆေးစွာ ပြောသော်လည်း မျက်ဝန်းတွင် လွှမ်းမျက်ရည်စို့ချင်ချင်ရှိသောနီက ဆတ်ခနဲမော့ကြည့်လေသည်။

"ဘာလဲ . . . ကိုလတ်က နီ့ကို အထင်သေးတယ်ပေါ့။ ဒီမှာ . . . ကိုလတ်၊ ချစ်တာနဲ့ စောင့်ထိန်းရမယ့်သိက္ခာနဲ့ နီ ခြားနားတတ်တယ်၊ စောင့်ထိန်းရမယ့် သစ္စာတရားနဲ့ပတ်သက်ပြီး ဘယ်တော့မှ အထိမခံဘူးဆိုတာတော့ ကိုလတ်သိထားပါ . . ."

အကျင့်သိက္ခာနှင့် ပတ်သက်၍တော့ နီ အထိမခံချင်။ ရင်ထဲက အချစ်ကိုတော့ နီ ဘာမှ မတတ်နိုင်ပေမင့် စောင့်ထိန်းလိုက်နာမည့် လူ့ကျင့်ဝတ်စည်းကိုတော့ နီက မာနကြီးပေသည်။

လူဆိုသည်မှာ ပတ်ဝန်းကျင်နှင့် ကင်းကွာ၍ မရစကောင်းပေ၊ အထူးသဖြင့် နီတို့ရပ်ကွက်ကလေးသည် ရန်ကုန်မြို့၏ တစ်ခုသော ဆင်ခြေဖုံး ရပ်ကွက်ကလေးဖြစ်၏။ သူ့အရေးသည် ကိုယ့်အရေး၊ ကိုယ့်အရေးသည် သူ့အရေး။ တစ်ဦးနှင့်တစ်ဦး ဖေးမကူညီချင်စိတ်ကလေးများသည် နီတို့ရပ်ကွက်ကလေးတွင် ပို၍ရှင်သန်သည်ဟုဆိုရမည်၊ တစ်ခါတစ်ရံ ဈေးသွားရမည်ကို ပျင်းသော နီသည် အိမ်ပေါ်မှနေ၍ ဈေးမှာတတ်လေသည်၊

"အဒေါ်ရေ . . . ကျွန်မဖို့ ပုစွန်နှစ်ဆယ်သားနဲ့ ခရမ်းချဉ်သီး တစ်ဆယ်သားလောက် ဝယ်ခဲ့ပါနော် . . ."

"မမြရေ . . . ဈေးလား၊ မီးသွေးတစ်ပိဿာလောက် ဆွဲခဲ့စမ်းပါကွယ်"

နှုတ်မှ လှမ်းမှာခြင်းဖြစ်၏။

ဝယ်လာတော့မှ ဈေးဖိုးချေသည်။ ဤမျှထိ နီတို့ရပ်ကွက်ကလေးသည် မိသားစုစိတ်ထားရှိကြ၏။ ယခုလည်းကြည့်၊ သုံးလေးအိမ်ခြားမှ ဒေါ်လှမြိုင်ရောက်လာသည်။

"နီရေ . . . အဒေါ် ဒီညနေဘုတာမှာ ဈေးထွက်ချင်လို့ကွယ် . . .၊ အေးမြင့်ကို ဆေးခန်းလိုက်ပို့ပေးစမ်းပါနော် . . ."

"မအေးမြင့် ခုထိ ဆေးထိုးရတုန်းပဲလား . . .။ ကျွန်မလဲ အလုပ်တွေများနေလို့ တစ်ခေါက်ပဲရောက်တယ်အဒေါ်ရယ် . . .၊ စိတ်ချပါ။ ကျွန်မ ညနေတော့ လိုက်ပို့ပေးပါမယ် . . ."

"အေး . . . အေး"

ဒေါ်လှမြိုင်က ဈေးတောင်းရွက်ကာ ထွက်သွားသည်၊ နီက လိုက်ပို့ရမည်မို့ လုပ်လက်စအလုပ်ကလေးများကို အမြန်ပြီးအောင် လက်စသတ်လေသည်။

"ဟော . . . ကိုလတ်၊ ပြန်လာပြီ၊ ထမင်းဆာပြီလား . . .။ နီ မအေးမြင့်ကလေးကို ဆေးခန်းလိုက်ပို့လိုက်ဦးမယ်။ ဆာရင် စားနှင့်နော်။ နီအားလုံး ပြင်ထားပြီးပြီ"

ကိုလတ်က ရုံးလွယ်အိတ်ကို စားပွဲပေါ်တင်လိုက်သည်။ သနပ်ခါးအဖွေးသားဖြင့် ယဉ်ယဉ်ကလေးလှနေသော ချစ်ဇနီးကို ရှုမဝဖြစ်နေသည်။

"နီပြန်လာမှ စားမှာပေါ့။ ကိုလတ် မဆာသေးပါဘူး နီရာ၊ ကိုလတ်ပါ နီနဲ့ လိုက်ခဲ့ရမလား . . . ဟင် . . ."

"ကိုလတ်ပင်ပန်းလာတာ နားနားနေနေ နေပါ . . .။ နီလည်း သိပ်ကြာမှာ မဟုတ်ပါဘူး"

နီက ပြောပြောဆိုဆို မအေးမြင့်ဆီ ထွက်လာသည်၊ ဆေးခန်းက လမ်းမတန်းမှာဖြစ်လေသည်။ ကိုလတ်ကို မကြာဘူးပြောခဲ့ပေမင့် ကြာနေပြီ။ တစ်စီတစ်တန်းစောင့်နေသော လူနာတို့မှာ များလှ၏၊ ကျန်းမာရေး၏အနှစ်သာရကို မကျန်းမာတော့မှ သိကြလေသည်၊ သည် အတိုင်းဆိုလျှင် အတော်ကြာမည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ကိုလတ် ထမင်းဆာနေမည်လားဟု နောက်ဆံတင်းနေရသည်။ တမေ့တမောစောင့်ရင်း ငေးနေမိသည်။ အပြင်တွင် မိုးကတဖွဲဖွဲ ရွာစပြုလေပြီ။ ကလေးများ၊ ဆိုက်ကားများ၊ လူများဖြင့် အဝင်အထွက်ရှိနေသော ဆေးခန်းသည် မျက်စိနောက်ဖွယ်ပင်။ "စေတနာ" ဟူသော အမည်နှင့် လိုက်ဖက်ညီညွတ်စွာ သမားတော်သည် စေတနာကောင်းသည်။ ထို့ကြောင့်လည်း လူကြီးလူငယ်မရွေး အားကိုးတကြီးရှိကြသည်။

မိုးတဖွဲဖွဲမှ လမ်းဖြတ်ကူးလာသော ဇနီးမောင်နှံနှစ်ဦးကို မြင်ရသည်။ မိုးကြောင့် ထီးကိုင်ကိုက်လျက်ဆောင်းရင်း ဆေးခန်းရှိရာသို့ လာကြသည်။

"အို . . ."

မိုးရေကြောင့် ထင်၏။ ကူးလမ်းသည် ချော်နေဟန်ရှိသဖြင့် အမျိုးသမီးသည် ခြေလှမ်းပျက်သွား၏။

"သက် . . . သက်၊ ခြေချော်သွားမယ်လေကွယ် . . .။ ဖြေးဖြေးလျှောက်မှပေါ့ သက်ရဲ့ . . .။ သက် . . . ဘာမှမဖြစ်ဘူးနော် . . ."

ဇနီးလက်မောင်းကို ယုယကြင်နာစွာ ဖေးမတွဲခေါ်ရင်း ပြောသံကြောင့် နီ ဖျတ်ခနဲမော့ကြည့်မိသည်။ နီ တစ်ကိုယ်လုံးအိုးထိန်းစက်သို့ ချာချာလည်သွားပေသည်။ နီ သိသည့် အသံ၊ နီအကျွမ်းဝင်ဆုံးဖြစ်သည့် အသံ။

"အဟင်း . . . ဟင်း . . .၊ မောင်ကလည်းကွယ် . . . စိုးရိမ်လိုက်တာ လွန်ရော . . . ဘာမှမဖြစ်ပါဘူးမောင်ရဲ့ . . .။ ကျောက်စရစ်ခဲနင်းမိလို့ ယိုင်သွားတာပါ"

"အမလေး . . . သက်ရာ . . . ဖြေးဖြေးလုပ်ပါ။ ရင်ထိတ်သွားတာပဲ။ သက်က မပေါ့မပါးနဲ့ မဟုတ်လား . . ."

နီအသက်ရှူရန်ပင် မေ့နေသည်။ နီ့တစ်ကိုယ်လုံး သွေးလည်ပတ်နှုန်း ရပ်သွားသည်လားထင်ရသည်။



ကြည့်စမ်း။ လပေါင်းနှစ်ပေါင်းများစွာ တမ်းတမ်းတဖြစ်ရသော နောင် . . .၊ ချစ်ကျွမ်းဝင်ဆဲ၊ သတိရဆဲဖြစ်ရသော နောင် . . .။

နီသည် ပျောက်ဆုံးသွားသောအိမ်မက်ကို စိတ်ကူးဖြင့် ပုံဖော်ချင်သူ။ ဆုပ်ဖမ်းချင်သူ။ အိပ်မက်ဆိုသည်မှာ မပိုိုးတဝါး အိပ်ပျော်လုအချိန်တွင်သာ မက်တတ်သည်ပင်။ အိပ်မက်ကမ္ဘာတွင် ဝိုးတဝါး အသိ၊ ဝိုးတဝါးအမြင်၊ ဝိုးတဝါးစိတ်ဖြင့် နီရှိခဲ့သည်မှာ ကြာခဲ့ပြီပင်။ နီ အိပ်မက်ကမ္ဘာမှ မမျှော်မလင့် နိုးထလာပြီ။

စိတ်ကူးယဉ်ကမ္ဘာတွင် လွင့်မျောခဲ့ရသည့် နီ။ စိတ်ကူးယဉ်ရေအလျဉ်တွင် ကူးခတ်နေသည့် နီ။ ယခုတော့ နီ သဘောပေါက်လာသည်။ အမှန်စင်စစ်မူ ကိုလတ်သည်သာ နီ့ကမ္ဘာ။

ကိုလတ်သည်သာ နီ့မှီခိုရာ၊ အားထားရာ၊ ယုံကြည်ရာ။

ခွင့်လွှတ်ခြင်း၊ ကြင်နာခြင်း၊ ယုယခြင်း၊ မြတ်နိုးခြင်းတို့ဖြင့် သင်းပျံ့မွှေးထုံလျက်ရှိသော ကိုလတ်၏ရင်ခွင်သည်သာ နီ့အဖို့။

ချစ်ခြင်းမေတ္တာဆိုသည်မှာ . . .

စွန့်လွှတ်ခြင်းဟု ဆိုလျှင်တော့ ကိုလတ်ကို နီ ချစ်မြတ်နိုးပြီဟု ပြောနိုင်သည်ပင်။ နီ့ရင်ထဲတွင် နှစ်ပေါင်းများစွာ၊ လပေါင်းများစွာ၊ ရက်ပေါင်းများစွာ တမြတ်တနိုး သိမ်းဆည်းထားခဲ့သော "လွမ်းတခြင်း" ကို စွန့်လွှတ်လိုက်လေပြီ။

* * * * *

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# အေးသက် ချမ်းမြေ့စေသား

နေပူလေပူကြောင့် အိုက်စပ်စပ် ဖြစ်နေသည်။ ခန္ဓာကိုယ် အိုက်စပ်သည်ထက် စိတ်အိုက်သည်က ပိုဆိုး၏။ သည်နေ့တစ်နေ့လုံး စိတ်ဖြောင့်ဖွယ် မမြင်။ မနက်က တစ်ကြိမ်လာပြီး၍ နောက်တစ်ကြော့ မလှည့်ဘူးဟု မဆိုသာ။ ဆူးလေဘုရားလမ်းတစ်လျှောက်လုံး မျက်လုံး ဝေ့ကြည့်လိုက်ရင်း အားရပါးရ လေပူမှုတ်ထုတ်လိုက်ရ၍ သက်သာ သလိုအရှိသား။

BURMESE CLASSIC .com

"ဟော့ကောင်. . ."

ရုတ်ချည်းခေါ်လိုက်သံကြောင့် ဆတ်ခနဲဖြစ်သွား၏။ အလေ့ အကျင့်ရနေမြဲ၍ ပလတ်စတစ်အခင်းထောင့်လေးထောင့်တွင် ဆိုင်း ထားသောကြိုးစကို ဆွဲမိမလို ဖြစ်သွားသေးသည်။ အထိတ်တလန့် ဖြစ်နေချိန်မို့ အရာရာသည် စိတ်အေးဖွယ် မဟုတ်ပေ။ မော့ကြည့် လိုက်ကာမှ ရင်အေးရ၏။ လှုပ်လှုပ်ရှားရှားဖြစ်နေသော သူ့ဟန်ကို ကြည့်ပြီး ကျော်မောင် နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိသည်။

"ခွေးကောင်ကြီး. . . ကြည့်စမ်း. . . လန့်လိုက်တာကွာ. . . လာထိုင်လေကွာ ဝမ်းသာလိုက်တာ ကျော်မောင်ရာ"

"အေး. . . ငါလည်း မင်းကို သိပ်တွေ့ချင်နေတာ၊ တွေ့လိမ့်မယ် လို့ မမျှော်လင့်ဘူး"

ထိုင်ပါဟု ပြောမည့်သာ ပြောရသည် တစ်တောင်မျှရှိသော သစ်သားခုံကလေးမှလွဲ၍ ထိုင်စရာ ဟုတ်ဟုတ်ငြားငြား မပေးနိုင်ပေ။





ကျော်မောင်က ပျာပျာသလဲ ထိုင်သည်။

"မင်း. . . ဒီနေရာမှာ အမြဲ ရောင်းနေကျလား. . .။ ငါ. . . ရန်ကုန်ကို မကြာခဏရောက်တယ်ကွ။ တစ်ခါမှမင်းနဲ့ကို မကြုံဘူး"

"စပ်တူလုပ်ကြတာ ကျော်မောင်ရ၊ ငါနဲ့ သူငယ်ချင်းတစ်ယောက် နဲ့လေ၊ တစ်လှည့်စီ ထိုင်ကြတာ၊ ဒီနေ့ သူက စာအုပ်ရှာတဲ့အလှည့်မို့ ငါထိုင်ရတာ"

ကျော်မောင်သည် တွေတွေကြီး ကြည့်နေ၏။ ပြောချင် သိချင်သောစကားတို့ကို သင့်မသင့် ချင့်ချိန်နေပုံရလေသည်။ သူကိုယ်တိုင်ကလည်း ပြောမနာ၊ ဆိုမနာသူငယ်ချင်းကိုတွေ့၍ ပြောစရာတို့ ရင်ထဲတွင် ပြည့်လျှက်ရှိ၏။ ရှည်ကြာစွာ ခွဲခွာခဲ့ရသော သူငယ်ချင်းကို ပြန်လည်တွေ့ရ၍ နှစ်ဦးစလုံး ဝမ်းသာဝမ်းနည်း ခံစား နေရသည်မှာ ထင်ရှားပါသည်။ ကျော်မောင်သည် အသင့်တော်ဆုံး စကားကို ဆိုလေသည်။

"ဘယ်နှယ်လဲ. . . အရောင်းသွက်ရဲ့လား"

ပြောပြောဆိုဆို သူ့နံဘေး ဆောင့်ကြောင့်တိုးထိုင်ရင်း စာအုပ်ပုံ ကို မွှေတော့သည်။

"သိပ်တော့ မဆိုးပါဘူးကွာ. . .။ ဒါပေမဲ့ လမ်းဘေးသန့်ရှင်းရေး စစ်ဆင်ရေးတွေက ပြင်းတော့ ကျိုးလန့်စာစားပဲပေါ့ကွာ။ မနက်က တစ်ချီပြေးရပြီးပြီလေ။ အဟဲ. . . ဟဲ. . ."

သက်ဦးက အတွေ့အကြုံတစ်ခုလို ပေါ့ပါးစွာ ပြောလေသည်။ ကျော်မောင်က သူ့မျက်နှာကို စေ့စေ့ကြည့်ကာ ငိုင်နေမိ၏။ အတန်ကြာမှ စာအုပ်ပုံထဲမှ စာအုပ်တစ်အုပ်ကို ဆွဲယူပြီး သဲသဲမဲမဲ ဖတ်နေတော့သည်။ သူက အလိုက်သိစွာ စကားမဆက်တော့ပေ။ မျက်ဝန်းအစုံကမူ ဆူးလေဘုရားလမ်းတစ်ဆုံး ကြည့်နေမိ၏။ လမ်းဘေး စာအုပ်သည်၊ မန်ကျည်းဖျော်ရည်သည်၊ စပို့ရှပ်သည်၊ ဝက်သား တုတ်ထိုးသည်၊ နာရီကြိုးသည်၊ ရေခဲရေသည်များလည်း ဈေးခေါ်ရင်း၊

www.burmeseclassic.com

www.burmeseclassic.com

ရောင်းရင်း မျက်ဝန်းအစုံကို သူ့နည်းတူ ဖြန့်ကြက်လျက်ရှိကြလေသည်။ ထူးခြားမှုရှိလျှင် အချင်းချင်းအချက်ပြကာ လမ်းဘေးသန့်ရှင်းရေး စစ်ဆင်ရေး အဖွဲ့တို့နှင့် လွတ်ရာသို့ ပြေးရန်အသင့်ပင်။

"ဟောပြောပွဲအတွက် စာရေးဆရာတွေ လာဖိတ်တာကွ။ မင်းကိုပါ အရခေါ်ရမှာပဲ။ မင်းနဲ့ငါနဲ့ ကွဲနေတာကြာပြီပဲ သက်ဦးရာ. . ."

စာဖတ်နေရာမှ ကျော်မောင်က သတိတရ ပြောသည်။ ကြည့်စမ်း . . . သည်ကောင်ကြီး ခုထိ သည်ဝါသနာတွေ ရှိနေတုန်းပင်။ အေးလေ. . . ဟိုတုန်းက သူလည်း စာပေဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေကို သဲကြီးမဲကြီး ဝါသနာပါခဲ့သည်ပဲ။ ဘာတွေ အရေးကြီးကြီး၊ ဘယ်လိုကိစ္စတွေရှိရှိ ဟောပြောပွဲ၊ ဆွေးနွေးပွဲရှိရာသို့ အပြေးရောက်ခဲ့သည်ပင်။ သည်တုန်းက ကျော်မောင်နှင့် သူသည် စိတ်တူ၊ ကိုယ်တူ၊ ဝါသနာတူ။

ဖြစ်ချင်တာ ဖြစ်နိုင်သည့် ဘဝ။ လုပ်ချင်တာ လုပ်နိုင်သည့် ဘဝပေကိုး။ သည်တုန်းကတော့ သက်ဦးတို့ စိတ်သန်ရာကို လွယ်ကူစွာ ဖန်တီးနိုင်သော အချိန်ပေပဲ။ မန္တလေးမှ သနပ်ဖက်ပွဲရုံပိုင်ရှင်၏ တစ်ဦးတည်းသောသားအဖြစ် ရန်ကုန်တက္ကသိုလ်တွင် စန်းပွင့်လှ၏။ အဆောင်တွင် စားရေး၊ နေရေး ချို့တဲ့မည်စိုး၍ မြို့လယ်တိုက်ခန်း တစ်ခုတွင် အိမ်ဖော်ဦးလေးကြီးတစ်ဦးနှင့်နေကာ မော်တော်ဆိုင်ကယ်ဖြင့် ကျောင်းတက်သော သက်ဦးလိုကောင်မျိုးမှ စန်းမပွင့်လျှင် မည်သူစန်းပွင့်မည်လဲ။

တစ်လတစ်ခါ မဟုတ်ဘဲ လူကြုံတိုင်း၊ ကားကြုံတိုင်း ငွေနှင့် အစားအသောက်များကို ပို့ပေးနေသော သက်ဦး၏ဘေးတွင် အပေါင်းအသင်းတို့သည် ဒုနှင့်ဒေး။ သို့ရာတွင် သက်ဦးသည် ကျော်မောင်တို့လို စာကြမ်းပိုးအုပ်စုနှင့်သာ အဖွဲ့ကျလေသည်။ ငွေကို ရေလိုသုံးကာ



ထင်တိုင်းကြဲနေသော ဘဝပေမင့် သက်ဦးသည် မပျက်စီးအောင် နေတတ်သူဖြစ်၏။ စာပေဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေကို တကူးတက စုံစမ်းကာ ကျော်မောင်တို့နှင့်သွားလေ့ရှိသည်။ သို့သော် လူဆိုသည်မှာ ချို့ကွက်၊ ပျော့ကွက် ရှိစမြဲပင်။

သက်ဦးသည် ပုထုဇဉ်သားတစ်ဦး ဖြစ်၏။ လူငယ်ဖြစ်၏။ အအုပ်အထိန်းနှင့် ကင်းဝေးနေရသူ ဖြစ်၏။ ပူပင်ကြောင့်ကြမှု ကင်းစွာ သုံးစွဲနိုင်သော အခြေရှိ၏။ လွတ်လပ်သောလူငယ်တို့၏ သဘာဝ အတိုင်း သူလွတ်ခဲ့ပါသည်။ မိန်းကလေးချောချောဆိုလျှင် သက်ဦး မတွဲသူမရှိ။ သက်ဦးက မသိလျှင် မတွဲလျှင်လည်း သူ့ကိုမသိသိအောင် ကြိုးစားကာ မိတ်ဖွဲ့ကြသည်ဟုဆိုလျှင် ယုံမည်မဟုတ်။ အချို့ မိန်းကလေးတို့ကလည်း ဘာရယ်မဟုတ်။ ရုပ်ဖြောင့်ဖြောင့်၊ ငွေပေါပေါ၊ လူသိများသော ယောကျ်ားကလေးဆိုလျှင် သိကျွမ်းရသည်ကို ဂုဏ်ယူကြလေသလားတော့ မသိ၊

အပေါင်းအသင်းဟူသည်ကလည်း အကောင်းရှိသလို အဆိုးလည်း ရှိပေသည်။ သက်ဦးကို ကျိုးကြောင်းဆက်နွယ်ကာ တက်လမ်းကို ဆွဲခေါ်သူရှိသလို ပင့်ကာမြှောက်ကာနှင့် ရေလာမြောင်းပေး ပျော်ကွက်သက်သက်ပေးသူများလည်း ရှိသည်ပင်။ သည်တော့ စာကြမ်းပိုး ကျော်မောင်တို့နှင့် အဖွဲ့ကျသလို ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေတိုင်း ရုပ်ရှင်သွား၊ ပျော်ပွဲစား၊ အလည်သွား ဆန်နီတို့အုပ်စုနှင့် အလျဉ်းသင့်နေပြန်သည်။ ဆန်နီတို့နှင့်ဆက်နွယ်ကာ 'မိန်း' နှင့် 'စီးပွားရေး' တို့သာမက ပညာရေး၊ ဆေး၊ စက်မှုတက္ကသိုလ်တို့အထိ သက်ဦးတို့ ခြေစကြာနှံ့တော့သည်။

မာလာသင်းခိုင်တို့၊ သူဇာမြတ်နွယ်တို့၊ ဝေဝေသင်းမာတို့ ချယ်ရီနွယ်အေးတို့စသည် မိန်းကလေးများအပြင် သက်ဦးမမှတ်မိသော ခရီးသွားလက်လွဲ ကြုံဖူးသောမိန်းမချောကလေးတို့သည် များမှများ။ သက်ဦးအိတ်ထဲမှ ငွေစက္ကူများ တစ်ရွက်ပြီးတစ်ရွက်ထွက်သွားသလို

www.burmeseclassic.com

www.burmeseclassic.com

မိန်းမချောလေးများ တစ်ယောက်ပြီးတစ်ယောက် မော်တော်ဆိုင်ကယ်နောက်တွင် တွေ့ရတတ်လေသည်။

ကံကြမ္မာဆိုသည်မှာ တကယ်တော့ မမြင်သာပေ။ မှန်းဆ၍မရပေ။ ကြည်သာရွှင်ပြနေသော သက်ဦးဘဝသည် တစ်ဆစ်ချိုးပြောင်းလဲမှုကြုံရပါသည်။ လုံးဝမမျှော်လင့်သော၊ လုံးဝမထင်မှတ်သော ကံကြမ္မာဆိုးသည် သက်ဦးဘဝကို ရိုက်ချိုးလိုက်လေသည်။

စစ်တွေအလှူသို့သွားသော သက်ဦး၏အဖေနှင့်အမေ လေယာဉ်ပျက်ကျသည့်အထဲ ပါသွားသည့်နေ့ပင်။ တိုက်တိုက်ဆိုင်ဆိုင် မန္တလေးမြို့တွင် ကြီးမားသောမီးအန္တရာယ်ကြုံရလေသည်။ မီးလောင်ရာတွင် ပွဲရုံတင်မက တိုက်ပါမီးဝါးမြိုခြင်း ခံလိုက်ရ၏။

ကြားစက သက်ဦးလုံးဝမယုံ။ ယုံနိုင်စရာလည်း အလျဉ်းမရှိ။ မသွားမီတစ်ရက်အလိုက အဖေနှင့်အမေထံမှ ဖုန်းလာ၍စကားပင်ပြောရသေးသည်။ တကယ့်သံဝေဂရစရာပင်။ အဖြစ်အပျက်တို့ကို ခိုင်မာထင်ရှားစွာ ကြုံရတော့လည်း သက်ဦး လောကခံဆိုသည်ကို နားလည်ခံစားမိတော့သည်။ ဘဏ်တွင်အပ်ထားသောငွေမှလွဲ၍ သက်ဦးအတွက် ဘာမျှမကျန်။ တိုက်ခန်းပြန်အပ်ကာ ဘဝကိုခါးစည်းခံရန် ဆုံးဖြတ်သည်။

ရန်ကုန်တွင် ဦးလေး၊ အဒေါ်၊ သားချင်း မှိုလိုပေါက်ရှိသော်လည်း တကယ့်အရေးတွင် ထင်သလောက်အားမကိုးသာပေ။ ဆွေမျိုးတို့သည် ရွှေမျိုးသာတည်း။ ရွှေငွေကင်းမဲ့ကာ အခြေမဲ့၊ အနေမဲ့ဖြစ်နေသော သက်ဦးကို အပေါယံစကားတို့ဖြင့်သာ တုံ့ပြန်ကြလေသည်။

သက်ဦးသည် ငယ်တော့သည့်အရွယ်မှ မဟုတ်ပေဘဲ။ လူတို့အကြောင်း၊ လူတို့၏မနော၊ လူတို့၏သဘောကို ရိပ်စားစပြုလာပြီဖြစ်၏။ လောကခံအကြောင်း၊ လူတွေအကြောင်း၊ ဘဝအကြောင်းကို အတော်အတန်ကြုံနေရပြီ။ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၊ ပေါ့ပေါ့သွားလာခဲ့သော သက်ဦးသည် တစ်ကောင်ကြွက်ဘဝရောက်မှ လောကကို စေ့စေ့ ကြည့်တတ်လာပြီဖြစ်၏။



ဟိုတစ်ချိန်တုန်းက . . . သာတုန်း နားခဲ့သူတွေ၊ ဆွေတွေ၊ မျိုးတွေ၊ သူငယ်ချင်းအပေါင်းအသင်းတွေ၊ မိန်းကလေးချောချောတွေသည် သက်ဦးအနားမှ ကြက်ပျောက်ငှက်ပျောက် ဖြစ်ကုန်ကြ၏။ သက်ဦးဝမ်းမနည်းပါ။ အတွေ့အကြုံတစ်ခုပါပေပဲ။ သူကိုယ်တိုင်ကပင်အားလုံးကို အတတ်နိုင်ဆုံးကွင်းရှောင်ပါသည်။ အဖေအမေတို့ ဖြစ်စေလိုသော ဆန္ဒကိုမူ အပျက်မခံ။ ဘဏ်တွင်ရှိသမျှ ငွေကလေးနှင့်ဘွဲ့ရအောင် ကြိုးစားသည်။ သူစိတ်ကူးအခြေကို ပြောင်းလဲပစ်သည်။ ဘဝနာတော့လည်း သိသာလာသည်။ အားလုံးကို သူ အဆက်အသွယ်ဖြတ်ပစ်သည်။ ကြည့်လေ . . . ပြောမနာ၊ ဆိုမနာ ညီရင်းအစ်ကိုလိုပေါင်းခဲ့သည့် ကျော်မောင်တို့ကိုပင် ခြေစ ခြေန ဖျောက်ပစ်ခဲ့သည်။

စာမေးပွဲဖြေချိန်လောက်သာ သွားဖြေသည်။ ကျန်အချိန်များတွင် ချောင်အကျဆုံး ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ခိုကပ်ကာ တကုပ်ကုပ်စာဖတ်သည်။ သူငယ်ချင်းတို့ကို ပစ်မထားမှန်း သူ အတတ်သိသည်။ ကျော်မောင်တို့ကောင်းမှုကြောင့်ပေပဲ၊ အတန်းပျက်သော်လည်း ကျောင်းခေါ်ချိန်ပြည့်မီ၍ စာမေးပွဲဖြေဆိုခွင့်ရသည်။ စာမေးပွဲဖြေရက် နောက်ဆုံးနေ့တွင် အမြန်ဆုံးဖြေကာ အားလုံးနှင့်မတွေ့အောင် ရှောင်ရင်း ခြေစဖျောက်ခဲ့ပါသည်။

ကိုယ့်ဘဝကို နာကြည်း၍၊ လူတွေကို နာကြည်း၍ဟု ဆိုသော်လည်း သက်ဦးသည် သူပျော့ညံ့ချက်တော့ သူဝန်ခံမိလေသည်။ အဖေ့စိတ်နှင့် မတူ၊ အမေ့စိတ်နှင့်လည်း မတူ။ အဖေတို့ အမေတို့စိတ်နှင့်တူလျှင် မာနရှိမည်အမှန်။ သူ့ဘဝကို သူ ကြီးမြင့်အောင်၊ ထည်ဝါအောင်၊ ခိုင်မာအောင်၊ ထူမတ်အောင် ကြိုးစားလိမ့်မည်ထင်သည်။ ယခုတော့ လူ့လောကတွင် ဖြစ်သလိုနေကာ မပျက်စီးစေရုံမျှ ရေစုန်မျောနေမိသည်။ တက်လမ်းလည်း မရှာ၊ ကြီးပွားအောင်လည်း မကြိုးပမ်း။ ခိုင်မတ်အောင်လည်း အားမထုတ်။ တိုးတက်ကြီးပွားချင်သည့်စိတ် သူ့တွင်အလျဉ်းမရှိ။ ငွေဆိုလျှင် မြောက်ကာ၊ ပင့်ကာ၊ လေချို

www.burmeseclassic.com

www.burmeseclassic.com

သွေးကာနှင့် ဝိုင်းအုံနေကြမည့် လူတွေ၏ စရိုက်မလေ့ကို ရွံ့မုန်းသည်ဟု စွဲမှတ်ကာ ရောင့်ရဲနေပြန်၏။ သူ့စိတ်ကိုသူ တစ်ခါတစ်ရံတော့ ဝေဖန်သုံးသပ် အပြစ်တင်မိပါသည်။ သို့သော် ခဏမျှသာ။ နေမြဲနေကာ တစ်နေ့စာ တစ်နေ့စားလောကရုံဖြင့် ချောနပ်ရောင့်ရဲ နေပြန်သည်။

"ကြားလား . . . ဟော့ကောင်ကြီး။ မနက်ဖြန်ညနေ သင်္ဘောဆင်းကြမယ်။ မင်း ဘိုကလေးကို လိုက်ခဲ့ရမယ်မောင်ရင်။ နားလည်းထောင်ရတာပေါ့။ မင်းနဲ့ငါနဲ့ ကွဲနေတာကြာပြီကွာ။ အေးအေးဆေးဆေး တွေ့ကြရအောင် မင်းလိပ်စာပေး ငါ လာခေါ်မယ်"

သူ့အတွေးစတို့သည် ကျော်မောင့်အသံကြောင့် လွင့်စဉ်သွားသည်။ ကျော်မောင်က ထက်သန်စွာ ပြောလေသည်။ သူ စိတ်ဝင်စားပါသည်။ သူ သည်လို ဟောပြောပွဲမျိုး မကြုံရသည်မှာ ကြာပြီ။ နားမထောင်ရသည်မှာကြာပြီ။ စာတွေ ကဗျာတွေထက် စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ရောင်းရဖို့သာ စိတ်စောလို့နေခဲ့ပါသည်။ ရောင်းရင်း၊ နားရင်း စာကလေးတစ်ထွာတစ်ညို လေ့လာနိုင်မည် ထင်မိသော်လည်း တကယ့်လက်တွေ့မှာတော့ သည်လိုမဟုတ်ပြန်ပေ။ ရင်တထိတ်ထိတ်ဖြင့် ကျိုးလန့်စာစား လမ်းဘေးစာအုပ်သည် ဘဝဖြင့် စာတစ်မျက်နှာပင် မလှန်ဖြစ်။ တစ်ခါတစ်ရံအလွန်ကောင်း သည်ဆိုသော စာအုပ်ကိုပင် ရက်ချိန်၍ဖတ်ရသည်။ အေးလေ . . . သက်ဦးတို့ဘဝက ပြောင်းလဲခဲ့ပြီပဲ . . .။ မိစုံ ဖစုံလည်းရှိ။ မိဘလုပ်ငန်းတွင် ဦးစီးနေသော ကျော်မောင့်အဖို့တော့ ရှေးကအတိုင်းပင်။ ဝါသနာသည် တိမ်မြုပ်မသွားနိုင်ပေ။ ဟော . . . ကြည့်လေ . . .။ ဘိုကလေးမြို့နယ် စာပေလုပ်သားအဖွဲ့ (ယခု စာပေနှင့်စာနယ်ဇင်းအဖွဲ့) ဝင်ပင် ဖြစ်နေပြီ။ သူကတော့ . . .။

classic.com



သင်္ဘောပေါ်တွင် ဈေးသည်တို့၏ အော်သံ၊ ခေါ်သံ၊ ခရီးသည်တို့၏နှုတ်ဆက်သံ နေရာဦးသံတို့ဖြင့် ညံလျက်ရှိ၏။ ကျော်မောင်သည် ပြောသည့်အတိုင်း သက်ဦးကိုအတင်းအကျပ် ခေါ်ခဲ့လေသည်။ သူ့ကို နေရာချထားခဲ့ကာ ပြန်ထွက်သွားပြန်သည်။ သူသည် သွားလာလှုပ်ရှားနေသောလူတွေကို ငေးကြည့်ရင်း ကျော်မောင်တို့ပြန်အလာကို စောင့်နေသည်။ အတန်ကြာမှ ကျော်မောင်နှင့်အတူ လူကြီးနှစ်ယောက် ရောက်လာ၏။

"ကဲ . . . ဆင်ကြီးရေ ငါသိပ်အချိန်မရဘူးကွာ . . .။ သင်္ဘောပေါ်လိုက်ပို့ရုံပဲ . . .။ ဧရာဝတီတိုင်းသွားပြီး ပုစွန်၊ ငါးတွေ တစ်ဝသာစားခဲ့ပေတော့ဟေ့ . . .။ အင်မတန် လတ်ဆတ်တာကွ။ ကဲ . . . ငါသွားမယ်"

လူကြီးကိုလိုက်ပို့သူက ရွှန်းရွှန်းဝေအောင်နှုတ်ဆက်သွားလေသည်။ သက်ဦးက ပက်လက်ကုလားထိုင်ပေါ်ထိုင်လိုက်သော လူကြီးကို မေးဆတ်ရင်း ကျော်မောင်ကို လှမ်းကြည့်၏။ ကျော်မောင်က သက်ဦးအကြည့်ကို နားလည်စွာဖြင့် . . .

"ဆင်ဖြူကျွန်းအောင်သိန်းလေ . . ."

သည်တော့မှ ကျော်မောင်ကြုံဆိုလာသော ပုဂ္ဂိုလ်ကြီးမှာ ဆင်ဖြူကျွန်းအောင်သိန်းဖြစ်မှန်း သိရသည်။ ကိုဆေးရိုးကို အသည်းစွဲဖြစ်သော်လည်း သူသည် ကိုဆေးရိုးကို ဖန်တီးအသက်သွင်းသော ပုဂ္ဂိုလ်ကြီးကိုကား ယခုမှမြင်ဖူးသည်။ ယခုမှ ဆုံဖူးသည်။

"ဟော . . . ဦးလေးလုံးတို့၊ ဝင်းနိုင်ဦးတို့လည်း လာကြပြီ ဆရာ"

ကျော်မောင်က မရှေးမနှောင်းရောက်လာကြသော လူပ်စုကို လှမ်းမြင်၍ ဝမ်းသာအားရ ပြောလေသည်။ ကျော်မောင့်စကားကြောင့် မျက်မှန်ကို ပင့်တင်ကာ . . .

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သူတွေလဲကွ . . .။ စိန်ပေဒါနဲ့ ကုလားမတို့ မဟုတ်လား . . .။ ဟော နောက်ကဟာ တရုတ်မနဲ့ သူ့အမေလည်း ပါလာကြပြီ။ ဘယ်ဆိုးလို့လဲကွ။ တို့အဖွဲ့သားတွေ အချိန်ကိုက်ကြသားပဲ . . ."

သူ လှမ်းကြည့်လိုက်၏။ ပိန်ပိန်သွယ်သွယ် မျက်မှန်တပ်ထားသော လူတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို တွေ့ရလေ၏။ နောက်ဘက် မလှမ်းမကမ်းတွင်မူ အမျိုးသမီးကြီးတစ်ဦးနှင့် အမျိုးသမီးငယ်တစ်ဦးကို တွေ့ရ၏။ ဘယ်သူတွေမှန်း မသိ၊ ကျော်မောင့်ကို လှမ်းကြည့်ရပြန်သည်။ ကျော်မောင်က ပြုံးပြုံး နေရာမှထ၏။

"လာဟေ့ . . . သက်ဦး။ ပစ္စည်းတွေ ဝိုင်းကူလိုက်ရအောင်"

ကျော်မောင်နှင့်အတူ ဘောတံတားပေါ် ဆင်းခဲ့သည်။

"ရှေ့က အရပ်ရှည်ရှည်သွယ်သွယ်က ဆရာစိန်ခင်မောင်ရီလေ၊ သူက သတင်းစာဆရာဆိုတော့ ဝေဖန်ရေးလက်သံပြောင်တဲ့ ပုဂ္ဂိုလ် မဟုတ်လား။ စိန်ပေဒါကြီး လက်သံပြောင်သလို လက်သံပြောင်တယ် ဆိုပြီး စိန်ပေဒါလို့ ဆရာက နောက်လိုက်တာ၊ သူ့နံဘေးက အသား မည်းမည်းမျက်လုံးပြူးပြူးအမျိုးသမီးက စောမဥ္စူ၊ နောက်ကအသားဖြူ ဖြူ မျက်လုံးကျဉ်းကျဉ်းက မနှင်းဖွေး၊ ဘေးက မနှင်းဖွေးရဲ့ မိခင်"

သည်တော့မှ စိန်ပေဒါ၊ ကုလားမ၊ တရုတ်မဆိုသည့် အခေါ်ဝေါ် တွေကို နားလည်သဘောပေါက်ကာ ပြုံးမိသည်၊ သူတို့အဖွဲ့ကို ကြည့် ရသည်မှာ ပျော်စရာပင်ကောင်းသေးတော့။ ကျော်မောင်နှင့် သူသည် တစ်လမ်းလုံး အတိုးချကာ ရှေးဖြစ်နောက်ကြောင်းများကို ပြောမဆုံး ဖြစ်လာ၏။

"ဟေ့ကောင် . . . ကျော်မောင်၊ လေချည်းထုတ်မနေနဲ့အုံး။ မင်းတို့ဖိတ်တဲ့ ဧည့်သည်တွေကို တာဝန်ကျေအောင်လုပ်ဦးနော်"

သူကပင် ကျော်မောင်ကို သတိပေးရသည်။

"ဦးလေးလုံး ရှိပါတယ်ကွာ . . .။ သူ့သား ဝင်းနိုင်ဦးကလည်း မြင်တဲ့အတိုင်းပဲ။ တို့တာဝန်ကျေပါတယ်ကွ"



ကျော်မောင်ပြောလည်း ပြောစရာ။ ဦးလေးလုံးဆိုသူသည် ခန္ဓာကိုယ်ကြီးကသာ ဝသည်၊ ပေါ့ပါးသွက်လက်လိုက်သည့်ဖြစ်ခြင်း။ ကျော်မောင့်ထက်ပင် အကွက်စေ့နေသည်။ လူငယ်လေးတစ်ယောက် လို ထော်င့်စေ့အောင် သင်္ဘောပေါ်တွင် ဧည့်ခံရှာ၏။ သူတင်မဟုတ် ဆယ်သုံးနှစ်အရွယ် သူ့သားကလေးကလည်း အလိုက်သိလွန်းပေစွ။ သင်္ဘောထွက်ခါနီးတွင် ဦးလုံးသမီး ရှေ့နေသန်းသန်းငြိမ်းကလည်း ရွှေပုစွန်ခြောက် အဖွေးသားဖြင့် လက်ဖက်သုပ်တစ်ဘူးကို ဆင့်ပေးပြန် သည်၊ မိန်းကလေးအကြိုက်မို့ သက်ဦးတို့ပင် မမြင်လိုက်ရ၊ လက်ဖက် သုပ်ဘူး ရှေ့ချကာ မိန်းကလေးနှစ်ဦး ငြိမ်သွားကြ၏။

ဘိုကလေးမြို့သို့ရောက်တော့ နံနက်တစ်နာရီကျော်ပြီ။ ကျော်မောင် နှင့် သူ့မှာ သင်္ဘောကပ်သည်အထိ တမှေးမျှမမှေး။ စကားစပင် မဖြတ် နိုင်သေး။

"တည်းခိုရေးအတွက် စီစဉ်ထားပြီးပြီကွ"

သူက စိတ်ပူစွာပြောတော့ ကျော်မောင်က ခပ်အေးအေးပြန်ဖြေ သည်၊ ဟုတ်တော့လည်း ဟုတ်သား။ သူတို့တည်းခိုသည့်အိမ်ရောက် တော့ အားလုံးအသင့် အိပ်ရာတွေခြင်ထောင်တွေလည်းအသင့်။ ကြို ဆိုရေး အဖွဲ့ဝင်တွေလည်း အသင့်၊ တော်တော်ဝါသနာကြီး၊ တော် တော်ဇွဲကြီးသည့် သူတွေပဲ။

"ဟောဒါက . . . ကျွန်တော်တို့ ဘိုကလေးမြို့နယ် စာပေလုပ်သား အဖွဲ့ ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးပါ။ ဦးအောင်ကြွင်နဲ့ ဦးမိုးလွင်လို့ ခေါ်ပါ တယ်။ ဒါကတော့ . . . ဘိုကလေး ဆရာအတတ်သင်ကျောင်းက လက် ထောက်ကထိက ဒေါ်စုစုလှိုင်ပါ၊ ဒါက ဆရာမဒေါ်မြစိန်ပါ၊ ဒါကတော့ စာရေးဆရာ အောင်ခိုင်လင်းဆိုတာပေါ့၊ သူကတော့ မောင်အောင် နွေ၊ သူကတော့ လှိုင်မင်းညို"

ကျော်မောင်နှင့် ဦးလုံးတို့က စာရေးဆရာများနှင့် သူတို့မြို့နယ် မှ အဖွဲ့များကို အပြန်အလှန်မိတ်ဆက်ပေးကြသည်၊ ဝါသနာရှင်များက

www.burmeseclassic.com

www.burmeseclassic.com

လည်း များပြားလေစွ။ သူကတော့ ညှော့မြှောင်မို့ ချောင်တွင်ကုပ်ကာ ကျော်မောင်တို့၏လှုပ်ရှားမှုကို စိတ်ဝင်တစားဖြစ်နေ၏။ နံနက်ဦး ညှော့ခံပွဲကလေးစလေပြီ . . .။

"ဟင် . . . ကိုဦး . . . ကိုဦး . . . မဟုတ်လား"

နားတွင် စွဲဖူးသော အသံကြောင့် ရင်ထဲ သိမ့်ခနဲ ဖြစ်သွားသည်။ အံ့ဩတကြီး မော့ကြည့်မိသည်။ ကော်ဖီပန်းကန်နှင့် မုန့်ပန်းကန်ကိုင်ကာ ရပ်လျက်ရှိသော သူ့ရှေ့မှ မိန်းကလေးကို သူ ကြောင်ကြည့်နေမိသည်။ မမျှော်လင့်မိသော ချစ်နိုးဖွယ်မျက်နှာကလေးတစ်ခုကို တွေ့ရပါသည်။ ရင်ထဲတွင် မထင်မှတ်သော လှုပ်ရှားမှုပါ တစ်ပြိုင်နက်တည်း ခံစားလိုက်ရ၏။

"ခင်အေးသက်လေ . . . မှတ်မိရဲ့လား"

အလောတကြီး ခေါင်းညိတ်မိသလားပင် မသိတော့။ မှင်တက်မိနေသော သက်ဦးသည် နှုတ်ခမ်းအစုံကို လှုပ်ရှားရန် သတိရသော်လည်း အာစေးမိသလို ဖြစ်နေ၏။ တဒင်္ဂအတွင်း သူကိုယ်သူ မကျေမနပ် ဖြစ်ရသည်။

"အေး . . . အေးသက် ဒီရောက်နေတယ်"

အပြစ်ရှိသူတစ်ဦးပမာ သူ ထစ်ထစ်ငေါ့ငေါ့ ပြောဖြစ်သည်။

"ဟုတ်တယ် . . . ကိုဦး။ အေးသက် ဒီရောက်နေတာ နှစ်နှစ်ကျော်ပြီ။ ဆရာအတတ်သင်သိပ္ပံကျောင်းမှာ ဆရာမ ဝင်လုပ်နေတယ်။ မော်လမြိုင်ကနေ ပြောင်းရတယ်။ ကဲ . . . သောက်လိုက်ဦး ကိုဦး . . .။ အေးသက် ကိုဦးကို တွေ့ချင်နေတာ ကြာပါပြီ။"

အေးသက်က ဘာမှမဖြစ်သလို တည်ငြိမ်ချမ်းမြေ့စွာ ရင်ဆိုင်နိုင်ပေမင့် သက်ဦးအဖို့ တုန်လှုပ်ချောက်ချား မိလေသည်။ အေးသက်ရယ်။ ခွင့်လွှတ်ပါဟု စိတ်ထဲမှ တောင်းပန်နေမိ၏။ တကယ်တော့ အေးသက်သည် သူကြုံခဲ့ ဆုံခဲ့ဖူးသော၊ တွဲခဲ့ဖူးသော မိန်းကလေးတစ်



ယောက်မျှသာ ဖြစ်ပါသည်။ သို့ရာတွင် အေးသက်ကို သူ စူးစူးရှရှ မရှိခဲ့ပေ။ အေးလေ အေးသက်မှ မဟုတ်ပါဘူး။ ဘယ်မိန်းကလေးကိုမျှ သူ စွဲစွဲလမ်းလမ်း မရှိခဲ့သည်ကတော့ အမှန်။ တွဲလို့ရလို့ တွဲသည်။ သွားလာ၍ ရ၍ သွားလာသည်။ သည့်ထက် သူမပိုပေ။ တစ်ခုတော့ ရှိသည်။ အခြေအနေပေးသည်မို့ လိုသည်ထက် ပို၍ အကုန်အကျခံပါသည်။

အေးသက်ကိုတော့ ခြွင်းချက်ထားရမည်။ အေးသက်က အမည်နှင့်လိုက်အောင် အေးချမ်းငြိမ်သက်သော မိန်းကလေးဖြစ်သည်။ အေးသော်လည်း မာနကြီးလွန်းပေစွ။ သူသည် အေးသက်ကို အင်းလျားဆောင်ရှေ့ ဘူးသီးကြော်ဆိုင်မှလွဲ၍ အခြားမိန်းကလေးများလို အပြင်ခေါ်၍ မရတတ်ပေ။

"အေးသက်က မုဆိုးမ အမေကြီး ဈေးရောင်းရတာနဲ့ ကျောင်းတက်ရတဲ့ဘဝ ကိုဦးရဲ့။ ငွေကို မလိုအပ်ဘဲ အကုန်ခံနိုင်စွမ်း မရှိဘူးကွယ်။ ရုပ်ရှင်လည်း အေးသက် ဝါသနာမပါဘူး"

အတော်ခက်သည့် အေးသက်ပေပဲ။

သူကပြုံး၍ အေးသက်ကို အကြိအတ် ပုတ်ပြသည်။ အေးသက်က ငြိမ်းအေးသော အပြုံးနုကလေးဖြင့် ညင်သာစွာ ခေါင်းယမ်းသည်။ သည်ကတည်းက အေးသက်ကို သူ စိတ်ဖျက်သွား၏။ အေးသက်ထက် သွက်သော၊ ထက်သော မိန်းကလေးတို့နှင့်သာ အချိန်ကုန်ဆုံးတော့သည်။ သို့သော် တစ်ခါတစ်ရံတွင်တော့ သူသည် အေးသက်ကို သတိရနေတတ်ပြန်သည်။ အေးသက်ထံ ခြေဦးလှည့်ပြန်သည်။ အေးသက်ကမူ သူ့ကို သဘောထားကြီးစွာ ထွက်တွေ့လေသည်။ အေးသက်က သံယောဇဉ်ကြီးသလို သူကလည်း ဘယ်သူတွေနှင့် တွဲတွဲ အေးသက်အပေါ်တွင်တော့ သံယောဇဉ် ပိုမိသည်လားမသိ။ အဆုံးအသွယ် မဖြတ်ဖြစ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

ဘ၀တစ်ဆစ်ချိုး ပြောင်းလဲချိန်တွင်တော့ အေးသက်ကိုပါ သူ အဆက်ဖြတ်လေသည်။ သာမှ တွဲလိုသော မိန်းကလေးများက ဘာမျှ မထူးခြားသော်လည်း အေးသက်ကမူ သူ့ကို တွေ့ရန် ကြိုးစားသေး သည်ကို သတိရမိသေးသည်။ ချောင်အကျဆုံးသော ဘုန်းကြီးကျောင်း တွင် သူခိုကပ်နေစဉ်ကဖြစ်သည်။ နှစ်ကြိမ်တိုင်တိုင် အေးသက်ကြိုးစား သည်ကို သူမှတ်မိနေ၏။ ပထမတစ်ကြိမ်က စာနှင့် ဖြစ်လေသည်။

စိတ်ဓာတ်ကျနေချိန်မို့ အေးသက်စာကို ဖတ်ရုံမှ လွဲ၍ အလေး အနက် မထားခဲ့ပေ။ နောက် အေးသက်ကိုယ်တိုင်စုံစမ်း၍ လိုက်လာ သည်။ ကျော်မောင်တို့ပင် သူ့နေရာကို မသိသော်လည်း အေးသက် သည် ဂွဲကောင်းပေသည်။ နေရာခံနိုင်ခဲ့၏။ အေးသော်လည်း ဂွဲကြီး သူတည်း။ သို့သော် သူသည် အေးသက်ကို အတွေ့မခံခဲ့ပေ။ ရှောင်ခဲ့ သည်။ နောက်ဆုံး အေးသက် လက်လျှော့သွားပုံရလေသည်။ အေးသက်နှင့်သူသည် လုံးဝမဆုံမကြုံတော့ပေ။

လူဖတ်ခုံသည် ကျဉ်းမြောင်းပေစွ။ ကြည့်လေ။ တိုက်တိုက်ဆိုင် ဆိုင် ဘိုကလေးတွင် အေးသက်နှင့်သူကြုံရပြီ။ အမျိုးမျိုး ရှောင်ခဲ့သော အေးသက်ထံသို့ သူ ရောက်လာရပြီ။ သူ အပြစ်နှင့်သူမို့ အေးသက်က မှုမပျက်ခဲ့ပေမယ့် သူကတော့ တုန်လှုပ်ချင်ပြီ။

"ဒေါ်ခင်အေးသက်က မော်လမြိုင်ဆရာအတတ်သင်ကျောင်းက နေ ပြောင်းလာတာလေ။ မင်းနဲ့ သိနေတာကိုး"

ကျော်မောင်က ကျေနပ်စွာ ဆိုလေသည်။ သူက ကျော်မောင်ကို ပြုံးစလွယ် ခေါင်းညိတ်သည်။ မဝံ့မရဲဖြင့် စာရေးဆရာအုပ်စုကို ဧည့်ခံ ကျွေးမွေးနေသော အေးသက်ကို တစ်ချက် လှမ်းကြည့်ဖြစ်သည်။ အေးသက် ဘာမျှမပြောင်းမလဲ။ ယခင်အတိုင်း ယဉ်နုဆဲပင်။ အကျီ လက်ရှည်အဖြူ။ ချိတ်လုံချည်အဖြူ။ သိုးမွေးခြုံထည်အဖြူကလေးနှင့် ယဉ်ယဉ်ကလေး လှနေ၏။ ကျော်မောင်က သူ့အဖြစ်ကို ရိပ်စားမိဟန်



မတူ။ ဘယ်သိမည်နည်း။ စာကြမ်းပိုး ကျော်မောင်သည် သူ့ခြေလှမ်း ကျဲတာတွေကို ကျောင်းတုန်းက စိတ်ဝင်စားသည်မှ မဟုတ်ဘဲ။ အေးသက် ကိုယ်တိုင်ကလည်း အခြားခြားသောမိန်းကလေးတို့နှယ် သူ့ခေါ်ရာ လိုက်သည်မှ မဟုတ်ဘဲ။ အခြားမိန်းကလေးများကို ကျော်မောင်တို့ မျက်မှန်းတမ်းမိသော်လည်း အဆောင်ရှေ့ ဘူးသီး ကြော်ဆိုင် လောက်သာ ခြေဆန့်သော အေးသက်နှင့် သူ့အကြောင်းကို မသိပေ။ အေးသက်သည် ပညာရေးတက္ကသိုလ် ပြည်ကျောင်းဆောင် သူဖြစ်၍ ပို၍ လူသိနည်းခြင်း ဖြစ်လေသည်။ သည်တော့ ကျော်မောင် တို့နှင့် မဆုံ မကြုံပေ။ ဘာပဲပြောပြော အေးသက်သည် သူ့အပေါ်တွင် မိတ်ဆွေတစ်ယောက်လိုရော၊ ချစ်သူတစ်ယောက်လိုရော တာဝန်ကျေခဲ့ ပါသည်။ သူ့ဘဝပြောင်းလဲ လျှော့ပါးချိန်တွင် သူ့အပါးသို့ ရိုးသားစွာ ချဉ်းကပ်ကြိုးစားသူမှာ အေးသက်သာ ဖြစ်ပါသည်။

"ဆရာတို့နဲ့ မြို့နယ်ကော်မတီနဲ့ မိတ်ဆုံပွဲကို ဒီမနက်မှာပဲ လုပ်ဖို့ စီစဉ်ထားပါတယ်"

စာရေးဆရာအုပ်စုထဲမှ ဦးမိုးလွင်၏ အသံကို ကြားရသည်။ ကျော်မောင်တို့ အလုပ်များနေပြီ။ သူ့အဖို့ ကောင်းနေ၏။ ချောင် တစ်ချောင်တွင်ကုပ်ကာ အတွေးပေါင်းစုံတို့ဖြင့် ရစ်ပတ်နေသည်။ ဘိုကလေးမြို့သို့ လိုက်လာသည်မှာ မှားနေပြီထင်၏။ အတွေးတို့သည် မရေမရာ ပျံ့လွင့်လျက်ရှိသည်။

"ပျင်းနေပြီလား၊ အခု ကိုဦး ဘာတွေလုပ်နေသလဲ။ ရန်ကုန်မှာ ပဲလား"

အသံနှင့်အတူ သူ့ရှေ့တွင် ဝင်ထိုင်လိုက်သော အေးသက်ကြောင့် သူလန့်သလို ဖြစ်သွား၏။ အေးသက်ကတော့ တကယ် အေးသက်ပင်။ ဘာမျှ မပြောင်းလဲ။ ယခင်အတိုင်းပင်။ ပြောစရာရှိလျှင် ဘယ်တော့မှ

www.burmeseclassic.com

www.burmeseclassic.com

ညင်ညင်သာသာ သိုင်းသိုင်းဝိုင်းဝိုင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ မဟာတ်ပေ။ လိုရင်းကို တဲ့တိုးခပြာတတ်ပေသည်။ ယခုလည်း ကြည့်လေ။ ရင်ဆိုင်ရမည်ကို ဝန်လေးနေသော သူ့ကို အေးသက်သည် အဖြေရခက်သော မေးခွန်းတို့ဖြင့် ချည်နှောင်နေပြီ။

"မသိချင်ပါနဲ့ အေးသက်ရယ်"

သူ တကယ်ပင် အေးသက်နှင့် စကားပြောလိုစိတ် မရှိ။ တွေ့လိုစိတ် မရှိ။ အေးသက်က သူ့အပြော၊ သူ့ ဟန်ကို နှစ်နှစ်ခြိုက်ခြိုက်ပြုံး၍ . . .

"ဘာလဲ . . . ကိုဦး သိပ် . . . စိတ်ဓာတ်ကျနေသလား"

သည်တော့လည်း မခံချင်ပေ။ ယောကျ်ားမာနကို ထိပါးလာသည်ဟု ယူဆမိသည်။

"အို . . . ဘာလို့ စိတ်ဓာတ်ကျရမှာလဲ။ မကျလို့ဘဲ ဖြစ်သမျှအခြေး ဖြစ်သမျှဘဝကို ရင်ဆိုင်နေတာပေါ့ အေးသက်ရဲ့"

အေးသက်က သူ့ကို ပြုံးနေဆဲပင်။ အေးသက်အပြုံး၊ အေးသက်ဟန်ကို သူ မကြိုက်။ နှိမ့်ပါးနေသောသူ့ကို အေးသက် လှောင်နေရော့လား။

"မဟုတ်ဘူး ကိုဦး။ ကိုဦး အတွေးတွေ မဟုတ်သေးဘူး။ ဘဝဆိုတာ ဒီလိုပါပဲ ကိုဦးရယ်။ မဖြစ်ချင်တာတွေ ဖြစ်ရတာ။ မကြုံချင်တာတွေ ကြုံရတာ။ ဘဝလို့ပဲ ဆိုရမလား မသိဘူး။ အေးသက်လေ ကိုဦးလိုပဲ ကြုံရတာပါ။ အေးသက် မေမေလေ၊ အေးသက် ကျောင်းမပြီးခင်ဆုံးသွားတာယ်. . ."

"ဆုံးသွားပြီ ဟုတ်လား. . ."

သည်တစ်ကြိမ်တော့ သက်ဦး အေးသက်ကို ကရုဏာဖြင့် ကြည့်မိသည်။ အေးသက်ဘဝ၊ အေးသက်အကြောင်း သိနေသူမို့



စိတ်လှုပ်ရှားသွား၏။ အေးသက်သည် တစ်ကောင်ကြွက်။ ပညာလိုချင်လွန်း၍ မိခင်မုဆိုးမ၏ ဈေးရောင်းရငွေနှင့် တကယ့်ကို ရုန်းကန်စွာ ကျောင်းတက်နေရှာသူတည်း။

"ဟုတ်တယ် . . . ကိုဦး။ ကိုဦးရဲ့အဖြစ်တွေ ကြားရ၊ သိရလို့ စိတ်မကောင်းဖြစ်နေတုန်း အေးသက်လဲ ကိုဦးနည်းတူ မမျှော်လင့်ဘဲ ကြုံရ ခံစားရပါတယ်။ အေးသက်မှ တကယ့်ကို ခြေလွတ် လက်လွတ်ပါ ကိုဦးရယ်။ ဒါပေမဲ့လေ အေးသက် အားငယ်တာတွေ၊ စိတ်ဓာတ်ကျတာတွေ အတင်းမျိုသိပ်ပစ်တယ်။ အမေဖြစ်စေချင်တဲ့ ဘွဲ့ကို ရအောင်ယူမယ်လို့ စိတ်တင်းပစ်တယ်။ အေးသက် မရှက်ပါဘူး။ အကျီအငှား ချုပ်တယ်၊ ကြယ်သီးတံတပ်တယ်၊ အိမ်တွေတိုလိုက်ပြီးစာသင်တယ်။ ကိုဦးဆီကို အမျိုးမျိုးစုံစမ်းပြီး စာရော လူရော ဆက်သွယ်ပါသေးတယ်။ အိမ်တွေမှာ ကျူရှင်ပြဖို့အတွက်လေ။ ဘယ်မှာမှ ဘယ်လိုမှ ဆက်သွယ်လို့ မရခဲ့ဘူး။ အေးသက် စားလောက်ရုံ ကျောင်းစရိတ်ကလေးရှယ်လို့ ဘွဲ့ရတဲ့အထိ ကြိုးစားနိုင်ခဲ့ပါတယ်။ အခုတော့ ကြိုးစားခြင်းရဲ့ အကျိုးပေါ့လေ။ အေးသက်လို ဘဝတူဖြစ်တဲ့ ကိုဦးကိုတွေ့ဖို့ အမျိုးမျိုးကြိုးစားပါသေးတယ်။ ကိုဦးကို သင်ထားတတ်ထားတဲ့ပညာနဲ့ ဘဝကို ရဲရဲကြီးရင်ဆိုင်စေချင်လွန်းလို့ပါ"

အေးသက်မျက်နှာကို သူရဲရဲမကြည့်ဝံ့တော့ပေ။ အေးသက်စကားများသည် သူ့ရင်ထဲသို့ စူးရှချွန်မြသော မြားတွေနှယ် မခြား။

"ကဲဗျို့ . . . အချိန်နီးပြီ မိတ်ဆုံပွဲ သွားကြစို့ . . ."

ကျော်မောင်အသံကို ကြားရသည်။ အေးသက်သည် အလိုက်သိစွာ စကားဖြတ်၍ မိန်းကလေးအုပ်စုသို့ ထသွားလေသည်။ သူတကယ်မှားပြီဖြစ်၏။ ဘိုကလေးသို့ လိုက်ခဲ့တာ အမှားကြီး မှားပြီဖြစ်၏။ သက်ဦးသည် အများနည်းတူ ခြေကလှမ်းနေသော်လည်း ဘာမျှ

www.burmeseclassic.com

www.burmeseclassic.com


မည်မည်ရရ မခံစားနိုင်တော့။ အေးသက် စကား တို့ကို ဝန်မခံချင်ပေမယ့် သူ့ကိုယ်သူတော့ ပြန်၍ဆန်းစစ်မိသား။ အေးသက် ပြောသလို သူစိတ်ဓာတ်ကျနေဆဲပဲလား။ ဘဝကိုဖြစ်သလို ရောင့်ရဲကာ ဖြစ်သလိုနေ၊ ဖြစ်သလိုစားနေခြင်းသည် လောကဓံကို ကြံ့ကြံ့ခံနိုင်သည်ဟု ဆိုနိုင်ရဲ့လား။ တဲ. . . ကြည့်စမ်း သူ့ဘဝသည် ဘာမျှမထူး။ ဘွဲ့ကလေး၊ အမြီးကလေး ရှိရုံမျှသာ။ အေးသက်လို တတ်သည့်ပညာ၊ သင်သည့်ပညာနှင့် ဘာတစ်ခုမျှ မစွမ်းဆောင်နိုင်သေး။ အကျိုးမပြုဖြစ်သေး။ ရောင့်ရဲစိတ်ဖြင့် ကိုယ့်ကိုယ်ကို အဟုတ်ကြီး ထင်ကာ လောကဓံကို ကြံ့ကြံ့ခံနိုင်သည်ဟု ယူဆမိသည်။ တကယ်တော့ ဟာကဓံကို ပျော့ညံ့စွာ ဒူးထောက်နေခြင်းပေပဲ။ ဘာမှ တုံ့ပြန်မှု တိုးတက်မြင့်မားအောင် ပြန်လှန်မှု မရှိခဲ့သေး။ တကယ်တော့ အေးသက် ပြောခဲ့သလို လူဆိုသည်မှာ အသက်ရှင်နေသမျှ ကာလပတ်လုံး ကြိုးပမ်းရမည်။ အားထုတ်ရမည်။ တိုးတက်အောင် ကြံဆောင်ရမည်။

"သုံးဆောင်ပါဦးခင်ဗျာ. . ."

အောင်ခိုင်လင်းက ရေခဲမုန့်ပန်းကန်ကို ရှေ့တွင်ချသည်။ သူ့အတွေးများသည် တဒင်္ဂ ပြတ်သွားပြန်၏။

ကျော်မောင်တို့သည် မြို့နယ်၏ အကောင်းဆုံးရေခဲမုန့်ဖြင့် ဧည့်သည်များကို တာဝန်ကျေစွာ ဧည့်ဝတ်ပြုနေကြသည်။ ဧည့်မြှောင်ဖြစ်သော သူကလည်း ကန့်လန့်ကန့်လန့်ပင်။ မိတ်ဆုံပွဲကလေးသည် ကျဉ်းပေမယ့် စည်ကားနေ၏။ ကျော်မောင်တို့ မြို့နယ်ကို ကျိတ်ချီးကျူးမိသည်။

မြို့နယ်စာပေလုပ်သားအဖွဲ့၊ ယခုစာပေနှင့်စာနယ်ဇင်းအဖွဲ့များသည် သက်ဆိုင်ရာ၏ ဦးဆောင်မှုဖြင့် ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ရှင်သန်တိုးတက်ရသည်သာ ဖြစ်ပေသည်။ ကျော်မောင်တို့မြို့နယ်သည် တာဝန်ကျေရုံ ဦးဆောင်လမ်းညွှန်ပုံမျိုး၊ ကြီးကြပ်ပုံမျိုးမဟုတ်။

ထက်ထက်သန်သန် ရှိကြသည်။ ဥက္ကဋ္ဌဦးစံတင်ရော၊ ဗိုလ်ကြီးလှမောင်ပါ စာပေလုပ်သားအဖွဲ့နှင့်အတူ တက်ကြွနေကြသည်။ သူတို့ကိုကြည့်ပြီး သက်ဦးအတွေးတို့သည် ပျံ့လွင့်သွားပြန်သည်။

သူကရော ဘဝအတွက်၊ အများအတွက် တက်ကြွခဲ့ဖူးသလား။ ထက်သန်ခဲ့ဖူးသလား။ သူ့အမေးကို သူ မဖြေရဲ။ သူ့တွင် ပျော့ညံ့ချက်၊ အားနည်းချက်တို့ အများဆုံး ရှိနေပြီကို သိစပြုလာ၏။ အေးသက်သည် တိုတောင်းသောအချိန်ကလေးမှာပင် သူ့ကို ထောက်ပြသွားပေသည်။

"အခုဆို ကျောင်းတွေမှာ ဆရာတွေ အများကြီး လိုအပ်နေတာပဲ ကိုဦးရယ်။ အခြေခံပညာဦးစီးဌာနက သတင်းစာထဲမှာ အလေးအနက်ထားပြီး ဖိတ်ခေါ်နေတာပဲ။ ကိုဦး ဆုံးဖြတ်ဖို့ သင့်ပါပြီ"

နောက်ဆုံးပြောသွားသော အေးသက်၏ စကားက တွေးစရာဖြစ်နေ၏။ သဘော်ပေါ်တွင် တစ်ညလုံးဆွေးနွေးလာသော ကျော်မောင်၏ စေတနာစကားများကလည်း အေးသက် ယူဆချက်နှင့် တစ်ထပ်တည်းပင်။ အများကတော့ သူ့အခြေ သူ့ဘဝကို ပြုပြင်ပြောင်းလဲစေချင်ကြပြီ။ အချိန်တွေ ကြာမြင့်စွာ လောကရေစီးကြောင်းတွင် အကျိုးမဲ့စွာ မျောနေမိသည့် သူ့အဖြစ်ကို မတွေးမိစဖူး တွေးမိလာသည်။ ဟုတ်သည်၊ ပြုပြင်လျှင် ရသည်။ ပျက်အစဉ် ပြင်ခဏာပေပဲ။

စေတနာ၊ မေတ္တာ၊ ဂရုဏာ၊ အကြင်နာတို့ဖြင့် ထုံမွှမ်းနေသော အေးသက်ကို သူ နားလည်ခံစားမိပါပြီ။ တဒင်္ဂအတွင်း သူဆုံးဖြတ်လိုက်သည်။ သူ့ဆုံးဖြတ်ချက်သာ အေးသက်တို့ ကျော်မောင်တို့ သိလျှင် ဝမ်းသာကြမည်မှာ အမှန်။ သူ့အပေါ် ပူပင်စွာ၊ ကြောင့်ကြစွာ ကရုဏာအပြည့်ဖြင့် ဖြစ်ထွန်းနေသော အေးသက်ကို 'ချမ်းမြေ့' စေချင်ပါသည်။

ယခုတော့ ဆုံးဖြတ်ချက်နှင့်အတူ အေးသက်ကို ဝံ့ဝံ့စားစား ရင်ဆိုင်နိုင်တော့မည်။

အေးသက်ကို တည်ငြိမ်စွာ ကြည့်ရဲတော့မည် ဖြစ်သည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

# ပိတ်

“ဘဝဆိုတာ ဒီလိုပဲ ကြုံရတတ်ပါတယ်၊ မမျှော်လင့်တာတွေ၊ မထင်မှတ်တာတွေ ဖြစ်တတ်ပါတယ်။ သောက အပူဒုက္ခ ဝေဒနာကို ဗုဒ္ဓမြတ်စွာကသာလျှင် ငြိမ်းအေးပေးနိုင်စွမ်း ရှိပါတယ်။ ဗုဒ္ဓကို မမေ့မလျော့ ဆည်းကပ်ပါ။ ချမ်းမြေ့ပါစေ . . .”

ရေးပြီးစ စာပိုဒ်ကလေးကို ကြည့်ပြီး အထပ်ထပ် ဖတ်နေမိပါသည်။ စိတ်ကူးယဉ်သည်ပဲ ဆိုဆို၊ ဤသို့သော အလေ့အမူကလေးကို ပြုချင်တတ်ပါသည်။ ခင်လေးတို့ ရပ်ကွက်ကလေးသည် စည်းလုံးညီညွတ်သော ရပ်ကွက်ကလေးဟု ဆိုရပါမည်၊ ရိုင်းပင်းမှု၊ စည်းလုံးမှု တစ်ဦးနှင့်တစ်ဦး ရှိကြပါသည်၊ ဤရပ်ကွက်ကလေးသို့ ခင်လေးတို့ ပြောင်းလာခါစကမူ အသိအကျွမ်းဟူ၍ မရှိပေ။ ကားနှင့်သယ်သော ပစ္စည်းများကို ခင်လေးတို့ မနိုင်မစွမ်း ရှိနေကြသည်။ ထိုစဉ် ဟိုအိမ်သည်အိမ်မှ ကလေးများ၊ လူရွယ်များ ထွက်လာကာ မနိုင်မစွမ်းဖြစ်နေသော ဗီရိုများ၊ ကြောင်အိမ်များ အစရှိသော ပစ္စည်းများကို ရင်းနှီးမျှဝေစွာ သယ်ယူကြလေသည်၊

အမြင် စိမ်းနေသော်လည်း စေတနာ မေတ္တာ မစိမ်းကြသော သူတို့စေတနာကြောင့် ခင်လေးတို့မှာ ရပ်ကွက်သစ်ကလေးတွင် နေထိုင်ရေးအတွက် အားတက်မိလေသည်၊ ထို့ကြောင့် ဤရပ်ကွက်ကလေးသည် ရိုင်းပင်းမှု၊ စာနာမှု၊ စည်းရုံးမှုရှိသည်ဟု ဆိုရခြင်း ဖြစ်လေ





သည်၊ ယခုလည်း လှိုင်မြို့နယ် (၂) ရပ်ကွက် ဝမ်းနည်းဖွယ် လူမှုရေးကိစ္စ ဖြစ်ရရှာလေသည်။ သုံးနာရီကျော်မျှ လောင်ကျွမ်းသော မီး၏ဒဏ်ကြောင့် အိုးမဲ့၊ အိမ်မဲ့၊ အခြေမဲ့ဖြစ်ကာ မိသားစုများ ဒုက္ခပင်လယ်ဝေကြလေသည်၊

ဤဒုက္ခ၏ အပူသည် ခင်လေးတို့ရပ်ကွက်ကလေးသို့ ကူးစက်လာ၏။ ကိုယ့်နယ်၊ ကိုယ့်ပယ်၊ ကိုယ့်ရပ်ကွက်အတွင်း ကြုံရသလို ထပ်တူထပ်မျှ မျှဝေခံစားမိကြသည်။ သည်တော့ လှိုင်မြို့နယ်၊ မီးဘေးဒုက္ခသည်များအတွက် ထမင်းထုပ်လှူရေး အစီအစဉ်ကို လူကြီး လူငယ်များ ပါမကျန် နှီးဆော်မှု ပြုကြပေသည်၊

ခင်လေးသည် ကြောက်မက်ဖွယ် မီးဘေးဒုက္ခကို ကိုယ်တိုင် မကြုံဖူးသော်လည်း မီးဘေးဒုက္ခသည်တို့၏ သောက၊ ကပြောင်းကပြန် လှုပ်ရှား ပြေးလွှားနေရှာသော ရင်ထိတ်ဖွယ် မြင်ကွင်းကို နှစ်ကြိမ်မျှ မြင်ဖူးလေသည်၊ ထို့ကြောင့် လှူရေး တန်းရေးများတွင် မီးဘေးဒုက္ခသည်များကိစ္စတွင် စိတ်အပါဆုံး၊ အတက်ကြွဆုံး၊ အားအသန်ဆုံး ဖြစ်ပါသည်၊ ထို့ကြောင့် မီးလောင်သည့်သတင်း ကြားလျှင် ခင်လေး ခေါင်းထောင်တတ်မြဲ ဖြစ်၏၊ ဘယ်နေရာမှာလဲ၊ ဘယ်လောက်ကြာသလဲ၊ အသေအကြေ အတော်များသလား စသည်ဖြင့် လူအမြင်ကတ်လောက်အောင် မေးမြန်းတတ်လေသည်။

တစ်လောကလည်း ကြည့်လေ၊ မရမ်းကုန်းမြို့နယ်တွင် မီးလောင်သည် ကြားသည်နှင့် ထမင်းထုပ်လှူရန် ခင်လေးတပြင်ပြင် ဖြစ်နေတော့၏၊ ထမင်းထုပ်အတွက် ဆော်ဩသောအခါ ခင်လေးသည် ညကတည်းက ထမင်းထုပ်နှင့်အတူ စာတိုလေးကို စိတ်တိုင်းကျ ရေးနေတော့ ခင်လေးခင်ပွန်းက မျက်စောင်းတထိုးထိုး ဖြစ်လေ၏။

“ခင်လေးရယ် . . . မင်းဟာက . . . ထမင်းထုပ် ပေးမှာလား၊ . . . ဝတ္ထုရေးပေးမှာလား . . .”

www.burmeseclassic.com

 www.burmeseclassic.com

ထော့မှန်း သိပါသည်။ ခင်လေး မဖြုံပါ။ ထော့ချင်သလိုထော့ပါစေ၊ ထမင်းထုပ်ကလေး ဖွင့်လိုက်သည်နှင့် စာတိုကလေးကြောင့် အားသစ်တွေ မဝေသည့်တိုင် စိတ်ဖြေကွက်ကလေး ရသွားလျှင်ပင် ကျေနပ်မိပါသည်။ ထို့ကြောင့် ခင်လေးတို့ရပ်ကွက်ကလေးတွင် ထမင်းထုပ်အတွက် နှိုးဆော်လျှင် ထမင်းဟင်းအစီအစဉ်နှင့်အတူ အားပေးမည့်စာတန်းတိုကလေးကို အမျိုးမျိုး စိတ်ကူးယဉ်နေလေတော့သည်။ တစ်ခါကလည်း သယ်န်းကျွန်းမြို့နယ်တွင် မီးလောင်သည်နှင့် . . .

"ဟယ် . . . မောင်ရေ . . . သယ်န်းကျွန်းမြို့နယ်မှာ မီးလောင်နေတယ်တဲ့"

အားတက်သရော ပြောမိလေသည်။

ခင်လေး ခင်ပွန်းက ခင်လေးကို ပြုံးစိစိဖြင့် ကြည့်ကာ . . .

"နေစမ်းပါဦး . . . ခင်လေးရ . . . မင်းလေသံက မီးလောင်တာကို ဝမ်းသာအားရ ဖြစ်နေပါလား . . ."

သည်တော့မှ သူကိုယ်သူ သတိထားမိသည်။ ဟုတ်သားပဲ။ သူ့အသံသည် တက်ကြွခြင်း၊ အားရခြင်းအသံတို့ လွှမ်းနေလေသည်။ အရှိန်သတ်လိုက်ရသည်။

"ဟုတ်ပါဘူး . . . ထမင်းထုပ် လှူရတော့မယ်ဆိုပြီး အော်မိတာပါ"

ခင်လေး ခင်ပွန်းက ပို၍ ပြုံးသည်။

"ခင်လေးရယ် . . . စဉ်းစားစမ်းပါဦး။ သယ်န်းကျွန်းနဲ့ မောင်တို့ ကမာရွတ်ဟာ အဝေးကြီးပဲ။ ဘယ်လိုလုပ် ထမင်းထုပ် အလှူခံရမှာလဲ . . ."

"အာ . . . ဟုတ်သားပဲ"

မောင်ပြောတော့မှ ခင်လေး သတိရသွားသည်။ စိတ်ပျက်သွားသည်။ ဆန္ဒကမူ မီးလောင်သည်ဆိုသည်နှင့် အိုးမဲ့ အိမ်မဲ့၊ သူခမဲ့



ဖြစ်နေကြသော ဒုက္ခသည်တို့ကို ထမင်းထုပ်လှူချင်သည့်စိတ်သာ ပြင်းနေမိ၏။ မြို့နယ်ကို ထည့်မစဉ်းစားမိချေ။ ယခု လှိုင်မြို့နယ်တွင် မီးလောင်သောအခါတွင် အနီးဆုံးဖြစ်သော ခင်လေးတို့ ကမာရွတ်မြို့နယ်သည် အလိုလို အကျုံးဝင်သွားလေသည်။

ယခုလည်း ကြည့်လေ . . .။ လှိုင်မြို့နယ်မီးဘေးဒုက္ခသည်တို့အတွက် ထမင်းထုပ်လှူရေးကို မနေ့ကတည်းက လိုက်လံ နှိုးဆော်လျက်ရှိကြသည်။

"ထမင်းထုပ်အတွက် ဘာချက်ရင်ကောင်းမလဲ မောင်ရေ . . ."

ခင်လေးက အိပ်ရာထဲမှာနေ၍ ခင်ပွန်းသည်ကို မေးလိုက်သည်။

"ဩော် . . . ခင်လေးက ထမင်းထုပ် ပို့မလို့လား။ ကြည့်လုပ်ပါဦးကွာ"

မောင့်အသံက မကျေနပ်သံမှန်း ခင်လေးသိသည်။ ငြိမ်နေလိုက်ရ၏။ ဟုတ်တော့လည်း ဟုတ်သည်။ ခင်လေး ခင်ပွန်းကလည်း ရုံးတွင် ယခုတစ်လောအလုပ်များနေသည်။ အချိန်ပိုပင် ဆင်းနေရ၏။ ခင်လေးအတွက် ဆန်ပြုတ်ကိုပင် ပြုတ်ချိန်မရ။ ဆိုင်မှာဝယ်ပြီး ကသုတ်ကရက် အလုပ်ဆင်းနေရသည့် အခြေအနေဖြစ်၏။

"ကဲ . . . ခင်လေးရေ . . . ဟောဒီမှာ . . . ဆန်ပြုတ်ဝယ်ထားခဲ့ပြီနော် . . .။ ကြောင်အိမ်ထဲမှာ မနေ့ကကျန်တဲ့ ငါးကင်နဲ့ အသားကြော်ရှိတယ်။ နောက်ကျနေပြီ မောင်သွားတော့မယ် ဟုတ်လား . . ."

မောင်က ပြောပြောဆိုဆို အဝတ်လဲကာ ဖယ်ရီကားအမီထွက်သွားလေသည်။ ခင်လေးသည် ခေါင်းမထူချင်ဖြစ်နေသော်လည်း စိတ်ကမူ ထမင်းထုပ်ကိစ္စသို့ စိတ်ရောက်နေလေသည်။

ထမင်းထုပ် အလှူခံတိုင်း တစ်ခါဖူးမှ မပျက်ကွက်ခဲ့သည်မို့ ယခုလည်း မပျက်ကွက်စေချင်ပေ။ နေ့လယ်တစ်ချက်ဆိုးတွင် ထမင်း

www.burmeseclassic.com

www.burmeseclassic.com

ထုပ်များ လာရောက်သိမ်းတော့မည်။ ခင်လေးသည် စားပွဲခုံမှ နာရီကို လှမ်းကြည့်၏။ ဆယ်နာရီခွဲပြီ။

"ချက်လိုက်ရင် မကြာပါဘူးလေ"

ခေါင်းထဲ မူးနောက်နောက် ဖြစ်နေသော်လည်း အားတင်း၍ ထသည်။ ခုတင်တိုင်တွင် တစ်ခဏတာမျှ မှီနေရသေးသည်။ ထမင်းက အကြောင်းမဟုတ်။ ဟင်းအတွက်က ခက်နေသည်။ သည်အချိန် အိမ်အနီးအနားမှာ ဈေးဝယ်ပင် ပြန်လာကြပြီ။ မှာ၍ မရနိုင်တော့ပေ။ ခင်လေးသည် တရွေ့ရွေ့ထပြီး မီးဖိုထဲ ဟိုရှာ သည်ရှာ ရှာဖွေလေသည်။ ဘဲဥ၊ အာလူး၊ ပဲရှိနေသေး၏။ ဝက်အူချောင်းလည်းရှိသည်။ ငါးခြောက်လည်းရှိသည်။ ဟင်းလျာကို စိတ်ကူးနှင့် ပုံဖော်ရင်း အားတက်သွားလေသည်။

"ဟုတ်တယ် . . . ငါးရံ့ခြောက်၊ အာလူး၊ ဘဲဥနဲ့ အချဉ်ဆီပြန် ချက်မယ်။ ဝက်အူချောင်းကို ကြက်သွန်နိုင်နိုင်နဲ့ ကြော်မယ် . . ."

စိတ်ကူးနှင့်အတူ ဆိုးဆိုးဆတ်ဆတ် ဆန်ဆေး သည်။ ထမင်းအိုးတည်သည်။ အာလူးခွံ သင်သည်။ ရှောက်သီးထောင်းသည်။ အချိန်မမီမည်စိုး၍ ခင်လေး တက်သုတ်ရိုက်ကာ လုပ်တော့၏။ ကိုယ်လက် မအီမသာဖြစ်ကာ ကိုက်ခဲနေသည်များလည်း မရှိတော့။ ခေါင်းတွင် တဒိန်းဒိန်းဖြစ်ကာ မထူချင်လောက်အောင် ဖြစ်နေသော ဝေဒနာများလည်း သတိမရတော့၊ လူ့စိတ်သည် အလွန်ဆန်းကြယ်ပါဘိ။

ဆန္ဒရှိရာ စိတ်လိုရာ ထက်ထက်သန်သန် လုပ်ဆောင်ရလျှင် ဝေဒနာဟူ၍ပင် မရှိတော့။ ဟင်းအိုးတည်ထားရင်း ခင်လေး၏ မူလ လက်စွဲ ကျင့်ဝတ်ကိုလည်း မပျက်မကွက် လုပ်လိုက်သေးသည်။ ထမင်းထုပ်ထဲတွင်ထည့်ရန် စာတိုကလေးကို အကျအနရေးရင်း ချွေးများပင် စို့လာလေသည်။ ထမင်းထုပ် လာရောက်သိမ်းချိန်တွင်မူ ခင်လေး၏ သပ်ရပ်သေသပ်သော ထမင်းထုပ်ကြီးသည် တောင်းထဲတွင် အစွင့်သား ပါသွားလေတော့၏။



"ဟာ . . . လူမမာက ဘယ့်နှယ် ကုလားထိုင်ပေါ် ရောက်နေပါလား။ ဒီနေ့ သက်သာသလား ခင်လေး"

ရုံးမှပြန်လာသောမောင်က ခင်လေးကို အံ့သြဝမ်းသာစွာ ကြည့်ရင်းဆို၏။ လက်ထဲမှ ဝယ်လာသော ထမင်းထုပ်ကို စားပွဲပေါ် တင်သည်။

"ဒီညနေ့ ဘာနဲ့ စားမလဲမောင်"

ခင်လေးက ထမင်းထုပ်ကိုကြည့်ယင်း ပြုံးစစ မေးသည်။

"ဖြစ်သလိုပေါ့ ခင်လေးရာ. . . မြိန်ရာဟင်းကောင်းတဲ့။ ပုစွန်ခြောက်လည်းရှိတယ်။ မြေပဲဆန်ကြော်တွေလည်း ရှိတယ်။ ဆီဆမ်းစားလိုက်မှာပေါ့"

"ဆီဆမ်းစားစရာ မလိုတော့ဘူး မောင်ရေ. . .။ ဒီနေ့ ဟင်းနဲ့. . . တို့စရာနဲ့. . . ကျကျနနကို စားရတော့မှာ"

"ဘယ်လို. . . ဘယ်လို"

မောင်က နားမလည်သလို ခင်လေးမျက်နှာကို ကြည့်သည်။

"ဘယ်လိုလဲဆိုတော့ ဒီလိုမောင်ရေ. . . ဒီလို ခင်လေးက ထမင်းရော၊ ဟင်းရော ချက်ထားတယ်လေ. . ."

မောင်က တအံ့တသြ ဖြစ်နေ၏။

"ဟာကွာ. . . ခင်လေးကလဲ၊ အလကား ဒုက္ခရှာလို့ ဘာဖြစ်လို့ ချက်ရတာလဲ ခင်လေးရဲ့။ အညော်တွေမိကုန်ရောပေါ့။ မောင်က အစားချေးများတဲ့ကောင်မှ မဟုတ်တာပဲ။ ဘာဖြစ်ဖြစ် စားနိုင်တာပဲဟာ"

"ဟုတ်ဘူးမောင်ရဲ့။ ဒီနေ့ ထမင်းထုပ်လည်း ပို့ရအောင်လို့လေ အာလူးရယ်၊ ဘဲဥရယ်၊ ငါးခြောက်ရယ် အချဉ်ဆီပြန်ချက်တယ်။ ဝက်အူချောင်းကို ကြက်သွန်နဲ့ကြော်တယ်။ ဒညင်းသီး ဆားရေစိမ်နဲ့ ကြက်သွန်ဖြူနီတို့စရာ လုပ်ထည့်ပေးလိုက်တယ်။ အဲ. . . ဒီညနေ ခင်လေး လက်ရာကို စားပေတော့ မောင်ရေ. . ."

www.burmeseclassic.com

 www.burmeseclassic.com

မောင်က သဘောပေါက်သွားကာ ခင်လေးကို ပြုံးစေ့စေ့ ကြည့်နေ၏။

"ခင်လေး ရေးနေကျစာတိုကလေးရော ပါရဲ့လားကွာ။ အဟဲ. . . မေ့မှာစိုးလို့ပေါ့။ အေးကွာ ဆေးထိုးခတွေကုန်လိုက်တာ၊ လှိုင်မြို့နယ်မီးဘေးကယ်ဆယ်ရေး စာစောကတည်းက အလှူခံရင် ပြီးရော၊ ငါ့မိန်းမ စာစောကတည်းက နေကောင်းမှာ"

မောင်က ခင်လေးကို စနေသည်။ မောင်ပြောလည်း ပြောစရာ။ အိပ်ရာထဲတွင် တအုံ့နွေးနွေးဖြစ်ကာ ကိုက်ခဲနေသော ခင်လေးသည် ဤညနေမှစ၍ ထူထူထောင်ထောင် ဖြစ်လာသည်။ နေကောင်းလာတော့သည်။

ရုံးစတက်သောနေ့တွင် ဈေးမရောက်သည်မှာ ကြာပြီဖြစ်၍ ရုံးအပြန် ခင်လေးဈေးဝင်ဖြစ်သည်။ နေကောင်းစမို့ ထင်သည်။ ထမင်း ဟုတ်ဟုတ်ငြားငြား မစားချင်၊ သွားရည်စာများကိုသာ စားဖြစ်သည်။ ချဥ်ချဥ်စပ်စပ် အရသာမျိုးသာ ခံတွင်းတွေ့နေလေသည်။ မုန့်ဟင်းခါး၊ အသုပ်စုံဆိုင်များရှေ့တွင် ချာလည်လည်ရင်း ကောင်းနိုးရာရာကို ရွေးနေမိ၏။ ဆီဆိုင်၊ ကြက်သွန်ဆိုင်နှင့် မနီးမဝေးတွင် ရခိုင်မုန့်တီဆိုင်ကို တွေ့ရလေသည်။

ပူပူစပ်စပ် စားလိုသော ခင်လေးသည် ရခိုင်မုန့်တီဆိုင်သို့ ဝင်၏။ ရုံးဆင်းချိန်၊ ကျောင်းဆင်းချိန် ဖြစ်၍ ဈေးဆိုင်များတွင်သာမက စားသောက်ဆိုင်များတွင်လည်း လူပြည့်လျက်ရှိကြ၏။ ခင်လေးသည် ဆိုင်အစွန်းတွင် ရပ်ယင်း ခုံအလွတ်ကို စောင့်နေလေသည်။ ရေပ်ကောင်းနံ့သင်းသော ဟင်းရည်နံ့သည် ပျံ့လွင့်လျက်ရှိ၏။

"အေးဗျာ. . . ကြားကြားချင်း ကျုပ်တို့လာပါတယ်။ ဇင်ခွင့်မရဘူးဗျ။ မြင်ကွင်းကိုက စိတ်ထိခိုက်စရာ၊ စိတ်မကောင်းစရာပါ။ ကျုပ်တို့ဖြင့် ရပ်ကြည့်နေရုံကလွဲပြီး ဘာမှမတတ်နိုင်ဘူး။ နောက်ကလေးသတင်းကြားပြန်တော့ ကျုပ်ပိုပြီး စိတ်မကောင်းဖြစ်ရတယ်။ အခု. . . ဆေးရုံက ဆင်းပြီလား"



စကားလက်ဆုံကျနေဟန်တူသော လူကြီးအသံကြောင့် ခင်လေး ပတ်ဝန်းကျင်ကို သတိပြုမိ၏။ ခင်လေးကဲ့သို့ပင် လူကြီးနှစ်ဦးသည် နေရာလွတ်ကို စောင့်ရင်း စကားလက်ဆုံကျနေခြင်း ဖြစ်သည်။

"ဟုတ်ကဲ့. . . ဆင်းပါပြီ။ အိမ်နားက တူမဆေးခန်းမှာပဲ ဆက်ကုနေတယ်။ အင်း. . . အကုသိုလ်များ တယ်ကြောက်စရာ ကောင်းတာပဲဗျာ. . .။ ပစ္စည်းလည်းဆုံး၊ လူလဲ အသက်ဆုံး လုမတတ်ပါပဲ"

အရပ်ရှည်ရှည်လူကြီးက ညည်းညည်းညူညူ ပြော၏။ ဝဝလူကြီး ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံလေသည်။

"ရန်သူမျိုးငါးပါးထဲမှာ ကျုပ်ဖြင့် မီးကို အကြောက်ဆုံးပါပဲဗျာ။ သံဝေဂလဲရ၊ သင်ခန်းစာလဲရပဲ"

"ဖြေပါဗျာ. . . ဖြေပါ။ ဘဝဆိုတာ မထင်တာတွေ ဖြစ်တတ်ကြပါတယ်၊ နှစ်အိမ်စလုံးကို ပါသွားတာပဲနော်"

လူဝကြီးက စိတ်မသက်မသာဖြင့် မေး၏။

"ဟုတ်ပ။ ကျုပ်တို့နေတဲ့ အိမ်ရော၊ ငှားစားတဲ့ အိမ်ရော၊ ပစ္စည်းတွေရော အကုန်ပါပဲ။ အေးဗျာ . . . တကယ်တော့ ပစ္စည်းဆိုတာ သင်္ခါရပါ။ ကျုပ် ဒီလောက်မတုန်လှုပ်ပါဘူး။ စီးပွားဆိုတာ ရှာရင် ရပါတယ်။ ကျုပ်စိတ်ထဲ အနာတရဖြစ်တာက ကျုပ်မြေး မီးဟပ်ပြီး ခြေကျိုးရတဲ့အဖြစ်နဲ့ အိမ်ရှင်မ ဗုန်းဗုန်းလဲရတဲ့အဖြစ်ပဲ။ အိမ်ရှင်မက နှလုံးရောဂါရှိတော့ အခုထိ နာလန်မထူတော့ဘူးလေ"

"ခင်ဗျားကို တရားနဲ့ဖြေပါ . . .၊ ဖြေပါလို့သာ ပြောရတာပါ ကိုသိန်းမောင်ရာ။ ကာယကံရှင် မဟုတ်တဲ့ကျုပ်တို့တောင် ခင်ဗျားတို့အကြောင်း ကြားပြီး အတော့်ကို စိတ်မကောင်းဖြစ်ရတယ်"

www.burmeseclassic.com

 www.burmeseclassic.com

လူဝကြီး စကားကြောင့် ဦးသိန်းမောင်ဆိုသူက မချိပြုံးပြုံးလေသည်။

"အင်း . . အင်း . . တကယ် မမျှော်လင့်တာကို ကြုံရတာပါ။ ကိုယ့်အိုး၊ ကိုယ့်အိမ်၊ ကိုယ့်မြေ၊ ကိုယ့်ယာနဲ့ လိုတရနေတဲ့ဘဝမျိုးကနေ ဒုက္ခသည်စခန်းမှာ သူများတွေ ပံ့ပိုးလှူဒါန်းတဲ့ ထမင်းထုပ် စားရတဲ့ အဖြစ်ကို ကြုံရတော့တယ်။ အေးဗျာ . . ဒါလည်း . . ခပ်ကောင်းကောင်းပါပဲ။ ဒုက္ခသည် စခန်းမှာနေပြီး ရပ်ကွက်ပေါင်းစုံက ထောက်ပံ့လှူဒါန်းကြတဲ့ ထမင်းထုပ်ကို စားရလို့ ကျုပ်ဘဝ ကျုပ် . . . ထိန်းမတ်နိုင်ခဲ့တာပါ"

"ဆို . . ဆိုစမ်းပါဦး။ ကျုပ်လည်း သတင်းသဲ့သဲ့ ကြားလိုက် ပါတယ်"

လူဝကြီးက စကားမဆက်ရဲသလို ဦးသိန်းမောင်ကို ကြည့်နေ၏။ ဦးသိန်းမောင်က နာကျည်းကြေကွဲစွာ ခေါင်းကို ညင်သာစွာ ညိတ်လေသည်။

"ခင်ဗျား ကြားတဲ့သတင်းအမှန်ပါ။ ကျုပ်ကို တွေ့ဖို့ခင်ဗျားတို့ ကြိုးစားကြတဲ့ အချိန်တုန်းက ကျုပ်လုံးဝအတွေ့မခံတာ အဲဒီကြားတဲ့ သတင်းကြောင့်လည်း ပါပါတယ်။ ပစ္စည်းတွေလည်းဆုံး။ အိမ်နှစ်လုံးလည်းပါ။ မိန်းမကလည်း သေငယ်ဇောပင်။ အဖမဲ့တဲ့မြေးကလေးကလည်း ကိုယ့်မျက်စိရှေ့မှာ မြင်မကောင်း ရှုမကောင်းလောက်အောင် မီးဟပ်ပြီး ပြေကျိုး ဒါတွေ . . . ဒါတွေ . . . မြင်ရ၊ ကြုံရ၊ ခံစားရတော့ ဘယ်လိုမှ ကျုပ်စိတ်ကို ကျုပ်ထိန်းလို့မရဘူးဗျာ။ ဟုတ်တယ် . . . ။ ကျုပ်ကိုယ်ကျုပ် သေကြောင်းကြံစည်မိတယ်ပေ . . ."

ဦးသိန်းမောင်က စကားမဆက်ဘဲ ငိုင်နေ၏။ ခင်လေးသည် အမှတ်မထင် ကြားရသော လူကြီးနှစ်ဦး၏ စကားများကို နားစွင့်ရင်း စိတ်ဝင်စားသည်ထက် စိတ်ဝင်စားနေတော့သည်။



"ဟုတ်ပါတယ်ဗျာ . . . ။ ခင်ဗျားနေရာမှာ ကျုပ်ဖြစ်ရင်လည်း ကျုပ်လည်း ခင်ဗျားလို ခံစားမိ ပြုမိမှာပါပဲ"

"အင်း . . . ပုထုဇဉ် ကျုပ်တို့ လူသားတွေ့ရဲ့ လောကဓံကို ကြံ့ကြံ့မခံနိုင်တဲ့ စိတ်ဓာတ်ပေါ့ဗျာ။ အဲ . . . ဒါပေမဲ့ ကျုပ်ဘဝကို ကျုပ်အချိန်မီထိန်းမိအောင် ထမင်းထုတ်ထဲက စာတိုကလေးတစ်စောင်က ဆုံးမလိုက်တယ်။ ကျုပ်တို့ ပုထုဇဉ်လူသားတွေဟာ ဒုက္ခတွေ့ရင်၊ ဒုက္ခနဲ့ကြုံရင်၊ ဒုက္ခနဲ့ရင်ဆိုင်ရရင် သောကတွေဝေ၊ ပရိဒေဝမီးတွေ တောက်၊ ဒေါမနဿတွေ ဖြစ်နဲ့ ကိုယ့်ကိုယ်ကို မီးလောင်နေတာကို သတိမရှိကြဘူး။ ဘုရားမေ့၊ တရားမေ့၊ သံဃာမေ့နဲ့ကို ဖြစ်နေကြတာ။ အသိကင်း၊ သတိယွင်း လောဘမီးတွေ တညီးညီးလောင်ကျွမ်းနေတာကို ဂရုမပြုမိကြဘူး။ အဲဒီလို အကုသိုလ် ဝဲဂယက်ထဲမှာ ကူးချင်တိုင်းကူးနေမိတာကို ထမင်းထုပ်ထဲက စာတိုကလေးက ကျုပ်ကို သတိပေးလိုက်တာပဲ။ ကယ်လိုက်တာပဲ"

ဦးသိန်းမောင် အသံက တွေ့စနှင့်မတူ။ တက်ကြွနေ၏။ မျက်နှာ ဟန်မူဟန်ထားကလည်း ညှိုးညှိုးငယ်ငယ် မဟုတ်တော့။ ထမင်းထုပ်ထဲမှ စာဟုဆိုသောကြောင့် ခင်လေး ပို၍ စိတ်ဝင်စားနေမိပါသည်။

"ကြည့်စမ်း . . . ငါတစ်ယောက်တည်းမှ မဟုတ်ဘဲ။ တခြားလူတွေလည်း ငါ့လိုစိတ်ကူးကလေးတွေနဲ့ လုပ်ကြတာပဲဟာ။ မောင်က သက်သက် ငါ့ကိုမှ လှောင်ချင်တယ်။ သိမယ် အိမ်ကျမှ ပြောပြရဦးမယ်"

ခင်လေးက သူ့နှင့် စိတ်ကူးတူသူများ ရှိကြောင်း မောင့်ကို ပြောပြရန် အကွက်ရနေ၏။

"တဲ . . ဘယ်မှာတုန်းဗျာ။ ခင်ဗျားစာတိုကလေး။ တယ် . . . စိတ်ဝင်စားစရာကောင်းတာပဲ။ အဲ . . . ဗျို့ မျက်မှန်ကောင် ပါမလာ ဘူး"

www.burmeseclassic.com

 www.burmeseclassic.com

'မျက်မှန်မပါလည်း ကိစ္စမရှိပါဘူး။ ကျုပ် . . . ဖတ်ပြမယ်၊ ခဏခဏထုတ်ဖတ်ရလွန်းလို့ အလွတ်တောင် ရနေပြီ"

ခံလွတ်များရှိနေပြီဖြစ်သော်လည်း ခင်လေး ဆိုင်ထဲသို့ မဝင်သေးချေ။ စိတ်ဝင်စားနေမိသော လူကြီးနှစ်ဦး၏ စကားကို နားစွင့်နေမိ၏။

"ဘဝဆိုတာ ဒီလိုပဲ ကြုံရတတ်ပါတယ်။ မမျှော်လင့်တာတွေ၊ မထင်မှတ်တာတွေ ဖြစ်တတ်ပါတယ်။ သောကအပူ . . ."

ခင်လေးတစ်ကိုယ်လုံး ကျောက်ရုပ်လိုဖြစ်သွားလေသည်၊ အသက်ရှူရန်ပင် သတိမရတော့၊ ကြည့်စမ်း ကြည့်စမ်း . . . ငါရေးလိုက်တဲ့ စာတိုကလေးပါလား။ ငါ့စာတိုကလေးက လူတစ်ယောက်ရဲ့ဘဝ၊ လူတစ်ယောက်ရဲ့စိတ်ဓာတ်ကို ထိန်းမတ်ပေးနိုင်စွမ်း ရှိခဲ့ပါလား။ ဝမ်းသာစိတ်၊ ကြည်နူးစိတ် ဖော်မပြတတ်သောခံစားမှုများက ခင်လေးတစ်ကိုယ်လုံးကို ပျံ့နှံ့သွားလေသည်။

ခင်လေးဆိုင်ရှေ့မှ ချာခနဲလှည့်ထွက်ခဲ့၏။ ခင်လေးခြေလှမ်းတို့သည် သွက်လက်နေသည်။ နာလန်ထစ ခင်လေးနှင့် မတွေ့တော့၊ မောင့်ကို ပြောပြရန်စကားများစွာတို့သည် ခင်လေးရင်ထဲတွင်အပြည့်၊

## နှင်းဆီ၏ဆူး

အိမ်ပြန်ရမည်ကို အမှန်ပင်ကြောက်ရွံ့နေမိသည်။ ရှည်လျားသောသင်တန်းကာလ၏ ရက်များကို ထပ်မံဆွဲဆန့်၍ ရနိုင်သေးလျှင် ပို၍ပို၍ ကြာမြင့်နေစေရန် ဆွဲဆန့်ချင်သေး၏။

အသွေးအသားတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ခန္ဓာကိုယ်ကို အပ်ဖျားလေးနှင့် ထိုးကြည့်လျှင် စို့ထွက်လာသောသွေးစကလေး၌ သူ့ကို ချစ်သောအဖြေကို တွေ့ရှိလိမ့်မည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကျွန်မ၏တစ်ကိုယ်လုံးတွင် သူ့ကိုချစ်သောအချစ်သည် နေရာမလပ်ပျံ့နှံ့လျက်ရှိသောကြောင့် ဖြစ်၏။ ဒါကို သူလည်း သိပါသည်လေ။

သို့ပါလျက် သူ . . . ဘာကြောင့်ဤကဲ့သို့ ပြုမူရပါသနည်း။ သန့်ဖြူသော အချစ်၏ နက်ရှိုင်းလေးနက်မှုကို သူမသိတော့ပေဘူးလား။ သစ္စာဆိုတာရောဟင် . . . ။သူမှာ မရှိတော့ဘူးလားကွယ်၊ လူသားတစ်ဦး လက်ထပ်သွားခြင်းဟူသောသတင်းသည် ဆန်းပြားဖွယ်မဟုတ်ပါ၊ သို့သော် ကျွန်မအဖို့ ဆန်းပြားတုန်လှုပ်ရပါသည်။ ထိတ်လန့်တကြီးဖြစ်ရပါသည်။ အားကိုးမဲ့စွာ ဝင်သက်ထွက်သက်ကို ပင်ပန်းလှိုက်ဖိုစွာ ရှူရပါသည်။ အဘယ်ကြောင့်နည်း။ လက်ထပ်သွားလေသူကြီးသည် ဆယ်ကျော်သက်အရွယ်ကစ၍ သံယောဇဉ်တွယ်ခဲ့သော ကျွန်မ၏ အချစ်ဦးဖြစ်ပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com

"သော်တာရီ သင်တန်းက ပြန်လာရင် ကိုယ်တို့ အတူနေကြစို့နော်. . . လက်ထပ်ဖို့ ကိစ္စအားလုံး ပြင်ထားမယ်"

ကျွန်မကို သူ သင်္ဘောပေါ်အထိ လိုက်ပို့၏။ ပစ္စည်းတွေကို နေရာတကျ ရွှေ့ပေးသည်။ ယခု ပြန်စဉ်းစားကြည့်လျှင် ရုပ်ရှင်ကြည့်ရသလို ပေါ်လာသော သူ့အသွင်က သံသယဖြစ်စရာ အလျဉ်းမရှိပါ။ ကျွန်မမျက်နှာကို ယုယကြင်နာစွာကြည့်ရင်း တိုးတိတ်စွာပြော၏၊ သူ့စကား အမြဲယုံကြည်ကိုးစားလေ့ရှိသော ကျွန်မက ခေါင်းကို ညင်သာစွာ ညိတ်သည်။

"ကျန်းမာရေး ဂရုစိုက်နော် . . . သော်တာရီ။ လမ်းမှာ အေးရင် ဆွယ်တာဝတ်ဖို့မမေ့နဲ့။ အလွယ်တကူ ယူလို့ရအောင် ခြင်းအပေါ်မှာ တင်ထားတယ်. . ."

စိတ်ပူစွာ အထပ်ထပ်မှာသည်။ ဆွယ်တာအဖြူလေးကို ဂရုတစိုက် သူတင်ထားသည်ကို တွေ့ရ၏။ သူ့အပြုံးက သန့်ရှင်းနွေးထွေးလှ၏၊

"ထွက်ခါနီးပြီ ထင်တယ်. . .။ ပြန်တော့လေ. . ."

ကျွန်မ သတိပေးမှ သူနေရာမှ ထသည်၊ သင်္ဘောထွက်သည်အထိ ရပ်လျက် စောင့်ကြည့်နေ၏။ မြင့်မားသော သူ့အရပ်နှင့် လိုက်ဖက်စွာ ဝတ်ဆင်တတ်သောသူဟန်သည် ကျွန်မ၏ချစ်သူအဖြစ် ဂုဏ်ယူချင်စဖွယ်ပါပဲ။ တိရိသောနှုတ်ခမ်းများကို ပိရိစွာပိတ်ထားရင်း ပြုံးတတ်သောသူ့အပြုံးက မိန်းကလေးတွေ စိတ်ဝင်စားစရာများလားမသိ။ မိန်းကလေးအတော်များများနှင့် သူရင်းနှီးသည်ကို ကျွန်မ သိသည်၊ သူကလည်း ပွင့်လင်းစွာပြောတတ်၏။

"ဘာဖြစ်လဲကွ . . .။ ကိုက သော်တာရီ့ကိုပဲချစ်တာ။ သော်တာရီကိုပဲ လက်ထပ်မှာ"

မိန်းမတစ်ယောက်ဖြစ်သော ကျွန်မက မိန်းမပီသစွာ အူတိုသောအခါ သူက ပွင့်လင်းစွာပြုံးရင်း ဝန်ခံတတ်၏။ သူ့



အယူအဆကို ကျွန်မ မကြိုက်တာတော့အမှန်ပင်။ သို့သော် သဘောထားသေးသိမ်သည်ဟု ထင်မှာစိုးသဖြင့် အချေအတင် မပြောခဲ့။ သည်တုန်းကတည်းက ကျွန်မသူ့ကို ကောင်းကောင်း ကိုင်ခဲ့ဖို့သင့်၏။ သို့သော် ကျွန်မအတိုက်အခံ မလုပ်ခဲ့၊ သူ့ကိုယုံကြည်၍လည်း ဖြစ်နိုင်သည်၊ သူ့ကို သိပ်ချစ်၍လည်း ဖြစ်နိုင်ပါသည်။

ကဲ . . . ခုတော့ ကျွန်မ ဘာလုပ်ရမည်နည်း။ ဘာလုပ်သင့်သနည်း။ သူနှင့်ကျွန်မချစ်သူဆိုတာ သူငယ်ချင်းအားလုံးသိကြသည်၊ တစ်မြို့လုံးလိုလို သိကြသည်၊ ကျွန်မတို့အိမ်ကလည်း ရိပ်မိနိုင်တာပဲ။ ငယ်ငယ်ကတည်းက သွားအတူလာအတူရှိခဲ့သည်မို့ အိမ်ကသိချင်လည်း သိမည်၊ ဘာပဲပြောပြော ဂုဏ်ယူစရာတော့သိပ်ကောင်းနေပြီ၊ ရည်းစားပစ်မလေး ဖြစ်နေပြီမဟုတ်လား၊ ကျွန်မဘယ်လိုလုပ် မျက်နှာထားရမလဲ၊ အိမ်မပြန်ချင်၊ ပြန်ရမှာ သိပ်ကြောက်နေသည်။

အိမ်ကိုမပြန်တော့ပဲ တခြားကို ထွက်သွားရရင်ကောင်းမလား။ ဤအတွေးသည် ကျွန်မရင်ထဲ၌ စက္ကန့်မလပ်ဖြစ်ထွန်းလျက်ရှိ၏။ သည်လိုတော့လည်း မဖြစ်သေး၊ အချစ်တစ်ခုနှင့် ကျွန်မရည်မှန်းချက်တွေကို အလွယ်တကူ စွန့်ပစ်ရတော့မှာလား။ ဟင့်အင်း . . .။ သည်လိုတော့ မလုပ်နိုင်၊ အိမ်ကို ပြန်ရမည်၊ ကျွန်မမြို့ကို ကျွန်မပြန်ရမည်၊ သူ့ကို (သူ ယူလိုက်တဲ့ အမျိုးသမီးနဲ့) တစ်နေ့မဟုတ် တစ်နေ့တွေ့ရလိမ့်မည်၊ ကျွန်မ ခံနိုင်ရည်ရှိပါ့မလား။ အတွေးနှင့်အတူ ရင်ထဲနင့်သိပ်မွန်းကြပ်စွာ ခံစားရသည်။

သူနှင့်ကျွန်မချစ်ကြတာ ခဏလေးမှမဟုတ်တာ၊ ဟိုး . . . ငယ်ငယ် ဆယ်ကျော်သက်အရွယ်လောကကတည်းက သံယောဇဉ်နွယ်ငြိစကပြီး တဖြည်းဖြည်း ရင့်သန်စွာပေါက်ဖွားခဲ့သော အချစ်ဖြစ်၏၊ လွယ်လွယ်ကလေးနှင့် နုတ်ပစ်လို့မရနိုင်၊ သူကရော အင် . . .။ သူက ကျွန်မကို အလွန်လွယ်ကူစွာမေ့နိုင်သလား။ မေ့ပစ်သလား။

www.burmeseclassic.com

www.burmeseclassic.com

မေ့နိုင်တယ်ဆိုရင်တော့ သိပ်အံ့ဩစရာကောင်းတာပဲနော် . . .။ အေးလေ . . . လောကကြီးသည် အလွန်ဆန်းပြားလှ၏။ မထင်တာ၊ မမျှော်လင့်တာတွေ ဖြစ်ပျက်နေတယ်မဟုတ်လား . . .။ သူ ကျွန်မကို လွယ်ကူစွာ မေ့ပစ်နိုင်လို့ နေမှာပေါ့။

အတူသင်တန်းတက်ဖော် သူငယ်ချင်းတစ်ယောက် မြို့ကပြန်လာတော့ သတင်းဆိုးကိုချောက်ချားစွာကြားရသည်။

"လက်မထပ်လို့မဖြစ်လို့ လက်ထပ်လိုက်ရတာ။ မိန်းကလေးမှာ ကိုယ်ဝန် . . ."

ဟင့်အင်း . . .။ မပြောနဲ့။ မပြောပါနဲ့ကွယ် . . .။ ကျေးဇူးပြုပြီး သူ့အကြောင်းမပြောပါနဲ့တော့ကွယ် . . .။ ငါ . . . မကြားရဲ၊ မကြားရက်လို့ပါ။ သူငယ်ချင်းကိုဖက်ပြီး တအားခေါင်းရမ်းသည်။ ကြောက်လန့်တကြားမြည်တမ်းရင်း သူငယ်ချင်းကို အားကိုးတကြီး တင်းကျပ်စွာဖက်ထားမိသည်။

ဤသတင်းဆိုးသည် ကျွန်မကို အခြားကမ္ဘာသို့ လွင့်စင်သွားအောင် ရိုက်ပုတ်ပစ်လိုက်သည် ထင်၏။ ကျွန်မ အသက်ရှူလို့ပင်မရ။ သူဟာ ဒီလို လူစားမျိုးလားကွယ်။ ဘာကြောင့်များ ကျွန်မကိုချစ်သည်ဟု သူပြောခဲ့သလဲ၊ အချစ်၏ သန့်ဖြူသိမ်မွေ့ခြင်းကို သူ နားလည်ပါ့ရဲ့လား။ ကျွန်မကို တန်ဖိုးထားသည့်အဆင့်ဟာ ဘယ်လိုအဆင့်မျိုး ဖြစ်ပါလိမ့်။ သိချင်လိုက်တာ။ ခါးသည်းသော အရှက်မုန်တိုင်းကြားတွင် လူးလွန့်ပင်ပန်းစွာ ရုန်းကန်နေမိ၏။

"ငါ . . . အိမ်ပြန်ရမှာကြောက်တယ် မိတူးရယ်"

ကျွန်မ၏ အကြောက်လန့်ဆုံးအချိန်ကို ရောက်လာပါပြီ။ နက်ဖြန်တွင် သင်တန်းဆင်းရတော့မည်ဖြစ်၏။ တစ်ညလုံး အိပ်မရစွာ ထိခိုက်နာကျင်ရင်း ကျွန်မကိုယ်ကျွန်မ သတ္တိသွေးပေးနေရသည်။



ကျေးဇူးတင်ရပါမည်၊ မြို့ကို ပြန်ရောက်တော့ ကျွန်မ၏သူငယ်ချင်းများက အလိုက်သိစွာဘာမှမပြောကြချေ။ မသိသလို နေမြဲပုံစံအတိုင်းနေကြ၏။ သို့သော် ကျွန်မတို့၏စကားဝိုင်းတွင် သူ့နာမည်လုံးဝမပါမိအောင် ရှောင်ကြသည်မှာထင်ရှား၏၊ ကျွန်မ အတော်အသင့်သက်သာရာ ရစေသည်။

သူ့အတွက် ကျွန်မခံစားရသော ဝေဒနာများသည် ပြယ်လွင့်မသွားပါ။ တိတ်ဆိတ်သောညများတွင် တစ်ယောက်တည်းနေရမည်ကိုကြောက်လာ၏။ သူ့အကြောင်း မတွေးမိအောင် ကြိုးစားရင်း၊ သူနှင့်မဆုံမိအောင် အလွန်သတိထားရင်း ကျွန်မသည် အိမ်၌၊ ရုံး၌ ကုပ်ကုပ်ကလေးငြိမ်သက်စွာ နေမိသည်။

* * * * *

ပထမလမ်းဘက်သို့ ချိုးကွေ့လိုက်သောကျွန်မအမှားကို အချိန်မီ ပြင်မရလိုက်ပါ။ မျက်နှာချင်းဆိုင်မှ စက်ဘီးကို ဖျတ်ခနဲမြင်တွေ့လိုက်ရသည်နှင့် သူမှန်းသိလိုက်ပြီဖြစ်၏။ ဘယ်လိုမှ ရှောင်တိမ်းချိန်မရ၊ ချိုးကွေ့လိုက်သောစက်ဘီးသည် လမ်းမကြီးပေါ်ရောက်နေပြီဖြစ်ပါသည်။ ဟုတ်ရဲ့လား။ တဒိတ်ဒိတ်ခုန်နေသောရင်က ကျွန်မ၏ပျော့ညံ့မှုကို လှည့်စားနေသည်လား။ မဟုတ်။ သူမှ သူ့အစစ်၊ ကျွန်မသိတာပေါ့။ နှစ်ပေါင်းများစွာကျွမ်းဝင် ချစ်ခင်ခဲ့သည် သူပဲ၊ ရိပ်ခနဲမြင်လိုက်သည်နှင့် သူမှန်းသိနေသည်။

သိပ်မှားသွားပြီ။ ဘာကိစ္စပထမလမ်းဘက်ကို ချိုးကွေ့မိပါလိမ့်၊ စေးထန်းလာသောလက်မှ ချွေးစီးများသည် လက်ကိုင်ကို ကိုင်းမရစွာဖြစ်နေ၏၊ တစ်ဖက်လမ်းချိုးသို့ ပြန်ကွေ့လိုက်ရင် ကောင်းမလား။ မဖြစ်သေး၊ ဒီလိုဆို သိပ်ရုပ်ပျက်သွားနိုင်သည်၊ သိမ်နှင့်သူ့ သဘောထား

www.burmeseclassic.com

www.burmeseclassic.com

သေးသိမ်သူ မဖြစ်စေရန် ကျွန်မကြိုးစားနေသည်မဟုတ်လား။ မျက်နှာပူစွာ၊ မျက်နှာမထားတတ်စွာ ရှောင်ရန်ကြိုးစားရှာသည့် သူ၏ အပေါင်းအသင်းများကို ရှေးကလို ကျွန်မကြည်ဖြူစွာဆက်ဆံနေသည်။ ဘာမှမဖြစ်သလိုနေသည်။ သို့ပေမင့် ရင်ထဲမှာ ငိုနေမိတာအမှန်ပါ။ သူ့ကို ကျွန်မသိပ်သိပ်သတိရမိသည်။ သို့သော် မတမ်းတချင်ပါ၊ မတမ်း တပါ။

တစ်ပါးသူ၏ထံတွင် ပျော်ရွှင်လျက်ရှိသော သူတစ်ဦးကို ကျွန်မ ယောင်ယမ်း၍ပင် မတမ်းတလိုပါ။ သိပ်သတိရနေတာတော့ ဘယ်လိုမှ မတတ်နိုင်သေးပါ၊ သတိရခြင်းဟူသောအပြစ်သည် ကျွန်မကို တစ်စတစ်စ ဝါးမျိုကာ မိမိကိုယ်မိမိ သိမ်ငယ်နေစေမှန်းသိပါသည်။ ကျွန်မ ကြိုးစားရပါမည်။

သူနှင့်ကျွန်မနီးကပ်လာတော့မည်။ ကျွန်မ ဘာလုပ်ရမလဲ။ စက်ဘီးကို တစ်နေရာရာတွင် ထိုးရပ်ပစ်လိုက်ရင် ကောင်းမလား။ ဘရိတ်ကပ်သလိုလို၊ ဘီးက လေလျော့သလိုလို၊ ချိန်းက ငြိနေသလိုလို၊ ဟိုလိုလို သည်လိုလိုနှင့်ဆင်းကာ ဘာဖြစ်ပါလိမ့်ဟူ၍ အပြစ်ကိုရှာဟန်ဖြင့် ခေါင်းငုံ့ကာ သူနဲ့မိန်းကလေးဖြတ်ကျော်သွားသည်အထိ လုပ်ရမလား။ သည်လိုဆိုလျှင် သူနှင့် မျက်နှာချင်းဆိုင်အဖြစ်မှ လွတ်မြောက်သွားမှာပဲ။ ယောက်ယက်ခတ်သောအတွေးများက စိုးမိုးနေဆဲပင်၊ သူမျက်နှာကို ခဏလေးလှမ်း၍ ကြည့်လိုက်ချင်ပြန်သည်။

ကျွန်မ မျက်နှာပျက်နေပြီလား၊ လွမ်းဌွေ့သောမျက်ဝန်းများဖြင့် ရီဝေနေသလား။ ရင်တထိတ်ထိတ်ခုန်ကာ ကျွန်မနှင့် ရင်ဆိုင်ရမည်ကို လှုပ်ရှားနေသလား၊ အို . . . ဒါတွေ တစ်ခုမှ ဖြစ်လိမ့်မည်မထင်၊ သူနောက်ပါးမှာ ထိုင်စီးလာသော သူ ယူလိုက်သည့်မိန်းကလေး (သူ့ဇနီးဟု ဘာကြောင့်ကျွန်မ မခေါ်ချင်သလဲ၊ အူတိုတာလည်း ဖြစ်နိုင်ပါသည်။) ပါလာမှ ကျွန်မကို ဘာမှုနေမှာလဲ၊ ကျွန်မအတွက် ဘာကြောင့်



စိတ်လှုပ်ရှားမှာလဲ၊ ပျော်နေမှာပေါ့။ 'စက်ဘီးကလေးနဲ့ တူပျော်ပျော်ဘုရားပွဲကိုနွဲစို့နော်' ဆိုသည့် ကြည်နူးမှုတွေ ရင်ထဲပြည့်နေမှာပေါ့။

ကြည့်စမ်း . . . ကျွန်မ ဝန်တိုမိပြန်ပြီ။

ဘာကြောင့် ဝန်တိုချင်တာလဲ။ ခွင့်လွှတ်ခြင်း၊ စွန့်လွှတ်ခြင်း၊ သဘောထားကြီးခြင်းဟာ အချစ်စစ် အချစ်မှန်ရဲ့ သင်္ကေတမဟုတ်လား။ စိတ်ကို ပြင်လိုက်စမ်းပါဦးကွယ်၊ ဘဝဆိုတာ ဒါပါပဲ၊ မဖြစ်ချင်တာတွေ၊ မထင်မှတ်တာတွေ၊ အံ့ဩစရာတွေ၊ အမြီးအမောက်မတည့်တာတွေ ဖြစ်နေတာ ဘဝပဲ။ ဘဝထဲက လူသားတစ်ယောက်ဟာ ဒီလောက်တော့ ခံနိုင်ရမှာပေါ့။ ခွင့်လွှတ်လိုက်စမ်းပါ။

ဟင့်အင်း . . . ။ ခွင့်မလွှတ်ဘူး . . . ။ သူဟာ ကျွန်မကို ရက်စက်တာ၊ လိမ်တာ။ ယုတ်မာတာလို့တော့ မပြောရက်ပါဘူးကွယ် . . . ။ ကောက်ကျစ်တာ၊ ကျွန်မ ယုံလောက်အောင် ဘာကြောင့်လှည့်စားရပါသလဲ၊ ကောင်းပြီ၊ ကောက်ကျစ်တယ်ပဲထား။ တာဝန်ကျေပါသလား။ သူ့အပြစ်အတွက် ကျွန်မကို စာတိုကလေးတစ်ကြောင်းလောက်တောင် မရေးသင့်ဘူးလား။ (ငါ့ကို သူ တကယ်ချစ်တာပါ၊ သူ့ခမျာ အခြေအနေအရမို့ပါဆိုတဲ့ ဖြေသိမ့်စရာ၊ ဖြေနိုင်စရာအကွက်ကလေးတစ်ခုရအောင် ကျွန်မအတွက် စာနာငဲ့ညာစွာ ရေးသင့်သည်ထင်၏။)

မှားပါတယ်ဟုလည်း ဝန်ခံရန်မလို။ အမှားကို မလေးစားသူတစ်ဦးဟာ အမှားကိုရှောင်နိုင်သည့်သတ္တိ မရှိတတ်ချေ။ သူ့မှာ သတ္တိမရှိမှန်း ကျွန်မ သိလေပြီ။ ခွင့်လွှတ်ပါဟုလည်း ပြောရန်မလို၊ ကျူးလွန်သောအပြစ်သည် ခွင့်လွှတ်စရာ ကောင်းသောအမှုမဟုတ်ချေ။ သို့သော် ကတိစကားကိုတော့ လေးစားစွာချေဖျက်ဖို့ သူတွင်တာဝန်ရှိသည် မဟုတ်ပါလား။ စာနှင့်ဖြစ်စေ၊ သူ့အပေါင်းအသင်းတစ်ဦးဦးမှ ဖြစ်စေ၊ တစ်ခုမဟုတ် တစ်ခုပေါ့။ ကျွန်မတို့ မြို့ကလေးက ကျဉ်းကျဉ်းကလေးပါ။ လှုပ်ရှားတိုင်း သိလွယ်ကြားလွယ်၏။ ကျွန်မ ပြန်ရောက်

www.burmeseclassic.com

 www.burmeseclassic.com

နေကြောင်းသူသိနိုင်ပါသည်။ သို့ပါလျက် သစ်စိမ်းချိုးချိုးကာ တာဝန်ပျက်လေ၏။

အတွေးဆိုတာ ဆုပ်ဖမ်းလို့ထိန်းချုပ်လို့ မရတတ်ပါလား။ ကျွန်မအတွေးတို့သည် အကျည်းတန်လာကြပြန်ပြီ။ ဘာကြောင့် ရန်လိုမာန်လိုစိတ်တွေ ပေါ်လာပြန်ပါသလဲ။ ဖြစ်ပြီးရင် ပျက်တတ်တာပဲ။ ဒါသဘာဝမဟုတ်လား။ မေ့လိုက်စမ်းပါ။ အာဃာတတွေ၊ မုန်းတီးမှုတွေ၊ နာကျင်မှုတွေဖယ်၍ လွှင့်ပစ်လိုက်စမ်းပါ။ တစ်စတစ်စနီးကပ်လာသောသူတို့စက်ဘီးနှင့် ဘယ်လောက်မှမဝေးတော့ပေ။ သူ . . . သူကျွန်မကိုလှမ်းကြည့်နေသလား။ ကျွန်မလိုပဲ စိတ်လှုပ်ရှားနေမှာလားဟင် . . .။

အို . . . မေ့ပစ်လိုက်စမ်း။ နှင်း . . . နှင်း . . . နှင်းလေ။ ခပ်သွက်သွက်၊ ခပ်မြန်မြန်ကလေး နှင်းပြီး သူတို့ကိုကျော်ဖြတ်လိုက်စမ်း။ တစ်မြို့တည်းနေကြရတာ။ ဒီတစ်နေ့တည်း တွေ့ရမှာမဟုတ်ဘူး။ နောက်တကြိမ်ဒါမှမဟုတ် နှစ်ကြိမ်၊ ဒါမှမဟုတ် သုံးကြိမ် ဒါမှမဟုတ် နေ့စဉ် ကြုံတွေ့ရမည့်အဖြစ်။ စိတ်ခိုင်ခိုင်ထား။ နှင်း . . . နှင်း သွက်သွက်မြန်မြန်ကလေး နှင်းလိုက်။

ကျွန်မသည် ခွန်အားမဲ့စွာ နှင်းနေသောခြေထောက်ကလေးများကို လိုရာရောက်စေရန် ကြံဖန်သတ္တိမွေးကာ အမိန့်ပေးလျက်ရှိပါ ● သည်။

# ရွှေလိပ်ပြာ တောင်ပံခတ်သလို

ဟောဒီ ပြတင်းပေါက်ကနေပြီးကြည့်ရင် လမ်းမကြီးနဲ့ မေယုလမ်းဆုံက နာရီစင်ကြီးကို လှမ်းမြင်နေရတယ် ကိုကို။ ထီးတည်းကြီးရှိနေတဲ့ နာရီစင်ကြီးဟာ နုနဲ့တူလိုက်တာကွယ်။ တကယ့်ကို အထီးကျန်ဆန်လွန်းပါတယ်။

ညည်းမျှော်ပြီး ပျော်နေတဲ့အသံတွေ၊ သီချင်းစုဆိုနေကြတဲ့အသံသဲ့သဲ့ကလေးတွေ၊ တစ်နေ့တာ တာဝန်ချိန်မှာ ကြုံခဲ့ရတဲ့အဖြစ်ကလေးတွေကို ဟာသနှောပြီး ဝိုင်းဖွဲ့နေကြတဲ့ ရမ်းဗြဲက ဝင်းဝင်းရွှေတို့ရဲ့ အသံတွေဟာ နုကလွဲပြီး သူနာပြုအဆောင်ကလေးမှာ သက်ဝင်လှုပ်ရှားနေကြတယ်လေ။ နုကတော့ ပြတင်းကနေလှမ်းမြင်နေရတဲ့ နာရီစင်ကြီးအတိုင်းပါပဲ ကိုကိုရယ်။ မလှုပ်မယှက် ငြိမ်သက်နေမိတယ်။

ကိုကို ဘာဖြစ်နေသလဲဟင် . . .။ ကို့ရင်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာသိချင်လိုက်တာကွယ်။ နေမကောင်းဘူလားလို့မေးတော့ ကိုကိုချက်ချင်းပြုံးပစ်လိုက်တယ်နော်။ ဒါပေမဲ့ . . . ကိုကို့ကို အရိပ်လိုကြည့်နေတဲ့နု သိတာပေါ့။ ကိုကို့အပြုံးဟာ ရုတ်ခြည်းလုပ်ပြုံးလိုက်တဲ့အပြုံးပါ ကိုကိုရယ် . . .။ ရင်ထဲက နှုးညံ့ကြည်စင်စွာပြုံးတတ်တဲ့ ကိုကို့အပြုံးအေးအေးကလေးကို နုကသိထားတာကိုကိုရဲ့။ ဟန်ဆောင်ပြုံးကလေးတွေနဲ့ ဆက်ဆံနေတဲ့ကိုကို့ကို နုနားမလည်နိုင် တော့ဘူးကွယ်။

www.burmeseclassic.com

ကိုကို့အကြည့်တွေဟာ ဆန်းနေသလိုပဲ . . .။ ကိုကို့အမူအရာတွေဟာ ထူးနေသလိုပဲ။ ဘာဖြစ်နေသလဲ ကိုကိုရယ် . . .။

"ကိုကို ဘာဖြစ်နေသလဲဟင် . . .။ နုကိုပြောစမ်းပါ"

နုဟာ ကိုကို့လက်မောင်းကိုလှုပ်ယမ်းပြီးမေးတော့ ကိုကိုပြုံးပြီး ခေါင်းရမ်းတယ်လေ။

"မဖြစ်ပါဘူး . . . နုရဲ့။ နုစိတ်ထင်လို့ပါ။ ကိုကို အလုပ်ပင်ပန်းသွားလို့ပါ"

ဟွန်း . . . ကိုကိုသိပ်ညာတယ်။ အခုရက်တွေမှာတော့ ဘာကိစ္စမှမရှိဘူး။ ယုတ်စွအဆုံး မွေးလူနာတောင် မရှိဘူး။ အတူတွဲလုပ်နေရတဲ့ နုကို ကိုကိုလိမ်တယ်ကွာ။ စကားမရှိ စကားရှာပြောနေတဲ့ကိုကိုဟာ မှုမမှန်ပါဘူး။ တစ်ချက်တစ်ချက် လှစ်ခနဲ ငိုင်ငိုင်သွားတာ နု သိတာပေါ့။

"ကိုကို့ကို နု ချစ်ရဲ့လားဟင်"

ဖြုန်းခနဲ တိုးတိုးကလေးမေးလိုက်တဲ့ ကိုကို့အသံကြားတော့ နု အံ့သြသွားတယ်။ အံ့သြတာထက် နု ငိုချင်သွားတယ် ကိုကိုရယ်။ ကိုကို့ စကားတွေဟာ ဆန်းလိုက်တာနော်။ ကိုကို ဘာလို့ ဒီလိုမေးရက်သလဲ ကွယ်။ ကိုကို့ကို နု ဘယ်လောက်ချစ်တယ်၊ မြတ်နိုးတယ်ဆိုတာ ကိုကို မသိဘူးလားဟင်။ နုကို အပ်ဖွားကလေးနဲ့ ထိုးကြည့်လေ။ နု ခန္ဓာကိုယ် နေရာတိုင်းမှာ ကိုကို့ကို ချစ်မြတ်နိုးစိတ်တွေဟာ တစ်ကိုယ်လုံးပျံ့နှံ့နေတာပါ ကိုကိုရယ်။

ကိုကို့ကိုချစ်တာ ဆရာဝန်ဆိုတဲ့ဂုဏ်ကြောင့် နု ချစ်ခဲ့တာမဟုတ်ဘူးနော်။ ကိုကိုအသိဆုံးပါ။ နုချစ်တာ၊ မြတ်နိုးတာ၊ တွယ်တာတာ၊ လေးစားတာဟာ ကိုကို့ရဲ့ စိတ်အလှကိုပါ။ တာဝန်အပေါ် အနစ်နာခံ



တာတွေ၊ အလေးအနက်ထားတာတွေဟာ ကိုကို့ကို လက်ခံဖြစ်တဲ့ ချစ်မြတ်နိုးခြင်းတွေပါ ကိုကို။

"နုအိမ်ကိုအသိပေးတော့ကွာ . . .။ နု သင်တန်းပြီးရင် ကိုကိုတို့ လက်ထပ်ကြရအောင်နော်"

အိမ်ကို အသိမပေးချင်သေးတဲ့၊ လက်ထပ်ဖို့စောသေးတယ်လို့ ပြောနေတဲ့နုကို အတင်းကတိတောင်းခဲ့ပြီး ရက်စက်ချင်ပြီလားဟင်။ နုကို ကိုကို စိမ်းချင်နေပြီလား။ အစိမ်းရင့်ရင့်မဟုတ်ပေမင့် အစိမ်းနုကလေးနဲ့တင် နု ခံစားနေရပါပြီ ကိုကိုရယ်။

နေခြည်ဖျော့နေတဲ့ ညနေချမ်းတွေမှာ ကိုကိုနဲ့လမ်းလျှောက်ခဲ့တဲ့ နေရာကလေးတွေကိုလွမ်းတယ်။ သည်တုန်းကတော့ ရွှေခင်းသာတံတား ပေါ်ကနေပြီး ကစ္ဆပနဒီမြစ်ထဲမှာ တရွေ့ရွေ့မျောနေတဲ့ ရောင်စုံရွက်လှေကလေးတွေကြည့်ပြီး ပျော်ရတယ်။ ကြည်နူးရတယ်လေ။ အင်းပေါက်ဝ ကမ်းစပ်မှာထိုင်ပြီး ကမ်းပေါ်တက်လာကြတဲ့ တံငါသည်ကလေးတွေသယ်လာကြတဲ့ ငါးမျိုးစုံကို အပြေးတစ်ပိုင်းကြည့်ပြီး ပျော်ကြတာတွေဟာ အခုတော့ လွမ်းစရာတွေပါကိုကိုရယ်။ ကိုကိုနဲ့ ပျော်ခဲ့ကြတဲ့ ညနေခင်းလေးကို အဆောင်ပိတ်ချိန်နီးမှ ကျောခိုင်းပစ်ကြတာနော်။

"ကိုကို ဘာလို့မလာတာလဲဟင် . . .။ နု တစ်ညလုံး ကိုကို့ကို မျှော်နေတာ"

နုအဖို့တော့ လွမ်းတရတဲ့ညနေခင်းလေးဟာ ကိုကိုရောက်မလာတော့ ကုန်ဆုံးခဲ့လိုက်တာကွယ်။ မမျိုသိပ်နိုင်လို့ မေးဖြစ်တော့ ကိုကို့ အသံက ယဲ့ယဲ့ကလေး ထွက်လာတယ်။

"ဧည့်သည်တွေ ရောက်လာလို့"

မကြုံဖူးတဲ့ ကိုကို့အဖြေကြားပြီး နု အံ့သြသွားတယ်။ မျက်လွှာချပြီး ဟန်လုပ်ပြုံးရတဲ့ ကိုကို့အပြုံးကို မထင်မှတ်ဘဲမြင်လိုက်တော့

www.burmeseclassic.com

www.burmeseclassic.com

ကိုကို့ကို နု ဘာမှ ဆက်မမေးရက်တော့ဘူးကွယ်။ နောက်နေ့တွေမှာတော့ . . . ။

"စာဖတ်တာများသွားလို့ ခေါင်းမူးလို့မလာဖြစ်ဘူး . . . နုရယ်၊ နု မျှော်နေမှာပဲနော် . . . ။

"လာမည်ဆဲဆဲ ဆိုင်ကယ် ဘာဖြစ်သွားမှန်းမသိဘူး နုရာ . . ."

"မေမေ သွေးတိုးလို့ ကိုကိုစောင့်နေရတယ် နုရယ်"

ကိုကိုရဲ့အကြောင်းပြချက်ကလေးတွေ မခိုင်လုံမှန်း နုသိပါတယ်။ မလုံမလဲဖြစ်နေတဲ့ ကိုကို့မျက်ဝန်းတွေကို ငေးကြည့်ပြီး နု ခေါင်းမယမ်းရက်တော့ပါဘူးကိုကိုရယ်။ ယုံကြည်သယောင်ယောင်လုပ်ပြီး ခေါင်းညိတ်ရတဲ့ရက်တွေမှာ နုရင်ထဲ မွန်းကြပ်လိုက်တာ၊

ညနေခင်းဆိုတာ ဘယ်တော့မှ ပျောက်ဆုံးသွားတာ မဟုတ်ပါဘူး၊ နေ့စဉ်ရှိနေတာပါ။ ညနေချမ်းကလေးတွေ မကုန်ဆုံးသရွေ့ နုအပေါ်ထားတဲ့ ကိုကိုရဲ့ သံယောဇဉ်ကလေးတွေဟာလည်း မပျောက်ဆုံးနိုင်ဘူးလို့ မရဲတရဲ တွေးမိပါတယ်။ ကိုကို ဝင်လာတတ်တဲ့ လမ်းကလေးရယ်၊ ကိုကို့ဆိုင်ကယ် ရပ်ထားလေ့ရှိတဲ့ သူနာပြုဆောင်ရှေ့က တံခါးဝလေးရယ်၊ နုရယ် ကိုကို့ကို မျှော်လို့ပါ။

လက်ကိုင်ပဝါဖြူဖြူကလေးပေါ်က ခရေပန်းခြောက်လေးတွေကြည့်ပြီး လွမ်းရပြန်တယ်ကိုကို။ မြရိပ်သာတည်းခိုဆောင်ဝင်းနံဘေး ခရေပင်ကြီးအောက်က အင်မတန်မှ ပါးရှားစွာကြွေကျတဲ့ ခရေပွင့်ကလေးတွေကို ညနေလမ်းလျှောက်ပြန်တိုင်း ကိုကို ကောက်ပေးတတ်တယ်နော်။ ကိုကို့ကို ညနေတိုင်းမျှော်နေတာ၊ အဲဒီခရေပွင့်ခြောက်ကလေးတွေ သက်သေပါကိုကိုရယ်။

ညနေတိုင်း ငေးငေးငိုင်ငိုင်ဖြစ်နေတဲ့ နုကို ရမ်းဖြက သူငယ်ချင်းဝင်းဝင်းရွှေက "ကိုကို့ဆီ လိုက်ပို့ပေးမယ်လေ" တဲ့။ ကိုကို့ ခွင့်ယူတာလည်း



ကြာပြီနော်၊ လွမ်းလည်း လွမ်းတယ်။ စိတ်လည်းပူတယ် ကိုကိုရယ်၊ ကိုကိုအကြာကြီးခွင့်ယူတာ နေမကောင်းလို့လား၊ ဘယ်သူ့ကိုမှ မမေးရဲ မစပ်စုရဲတဲ့ နုအဖို့တော့ အလွမ်းပွင့်တွေ ဝေနေပါပြီ။ ကိုကို့ဆီလာဖို့ သတ္တိအကြိမ်ကြိမ် မွေးနေရတယ်ကိုကို။ လွမ်းတယ် ကိုကိုရာ။

* * * * *

နုမျက်ဝန်းများကို ထွန်းကျော်ကျော် ရင်မဆိုင်ရဲသည်မှာအမှန်။ ညှိုးငယ်နေရှာသော နုမျက်နှာကလေးမြင်တိုင်း ရင်ထဲမချိမဆံ့ ခံစားနေရပါသည်။ နုကို တစ်ခွန်းတစ်စကလေးမှ မပြောရက်ပေ၊ ယှကျ်ု မရဖြစ်ရင်း၊ နုကို တိတ်တခိုးကြည့်ရင်း ထိခိုက်ကြေကွဲရသည်၊

ကိုကို ဘာဖြစ်နေသလဲဟင် . . . ။ နုကို ပြောစမ်းပါ။

နုက သူ့လက်မောင်းကို လှုပ်ယမ်းပြီး သနားစဖွယ်မေးတော့ ရင်ထဲထိခိုက်လိုက်သည်ဖြစ်ခြင်း၊ ပြုံးပြီးနုကိုခေါင်းယမ်းရသည်။ သူ့အပြုံးသည် လျော့ရဲရဲဖြစ်နေလိမ့်မည်ကို သိပါသည်။ အကင်းပါးသော နုကလေးရိပ်မိနိုင်သော်လည်း သည်ထက်ပို၍ သူ ဟန်ဆောင်နိုင်စွမ်း မရှိတော့ပေ။ သူ့ဟန်ဆောင်မှုသည် နုကို လိမ်ညာလှည့်စားသလိုဖြစ်မှာ အစိုးရိမ်ဆုံးဖြစ်သည်၊

"ဘာမှမဖြစ်ပါဘူး နုရဲ့ . . . နုလေးစိတ်ထင်လို့ပါ။ ကိုကို အလုပ်ပင်ပန်းသွားလို့ပါ"

လတ်တလော နုစိတ်ချမ်းသာအောင်တော့ ပြောလိုက်ရသည်။ ရင်ထဲတွင်မကောင်း၊ နုကို သူခွဲခွာရမည်ကို နည်းနည်းကလေးမှ မစဉ်းစားရဲ၊ သူ့ပင် ဤမျှခံစားနေရလျှင် ဆက်မတွေးရဲတော့၊ သက်ပြင်းကို ကျိတ်ရှိုက်ရင်း နုကို မေးဖြစ်ခဲ့သည်၊

www.burmeseclassic.com

www.burmeseclassic.com

"ကိုကိုကို နု ချစ်ရဲ့လားဟင်. . ."

သူ့အမေ့ကို နု လန့်သွားဟန်တူ၏။ မကတတ်နိုင်၊ မတရားမှန်းတော့သိသည်။ သို့သော် သူ့ရင်ထဲမမျိုသိပ်နိုင်၊ သူ့ဘဝ သူ့နှလုံးသားသည် နု ဖြစ်ပါသည်။ ညားတိုင်းလည်းမချစ်၊ ချစ်တိုင်းလည်း မညားဟူသော ရှေးရိုးစကားကို သူကြုံနေရပါပြီ။ ချစ်လျက်နှင့် ခွဲရတော့မည့်အဖြစ်ကို သူ ရင်ဆိုင်ရတော့မည်၊ ရင်ထဲတွင် ထာဝရ သိမ်းဆည်းသွားချင်သော နု၏အသံကိုတော့ နောက်ဆုံးအချိန်ထိ ကြားမိချင်၏။

တကယ်တော့ ထွန်းကျော်ကျော်သည် အချစ်ကို လုံးဝစိတ်မဝင်စားခဲ့ပေ၊ သူ့ဘဝသည်အချစ်ထက် ဘဝရပ်တည်မှုက ပို၍အရေးကြီးခဲ့၏၊ သို့သော် 'နုနုသာ' ဆိုသော မိန်းကလေးကို တွေ့တော့ ရင်ခုန်သွားရပါသည်။ သူနာပြုသင်တန်းသူကလေးမို့ အကဲစမ်းသည်ဟု အထင်မှားမည်စိုး၍ သူမှာ နုနုသာနှင့် ရင်းနှီးအောင် မနည်းကြီးကြိုးစားခဲ့ရလေသည်။ ရင်းနှီးအောင်ပင် ဤမျှ ကြိုးစားခဲ့ရလျှင် ချစ်သူအဖြစ် နုနုသာအား တောင်းဆိုခဲ့ရခြင်းကို ခန့်မှန်းနိုင်ပါသည်။

သူချစ်သူ နုကလေးတွင် ထင်ထားသည်ထက် သိမ်မွေ့သော၊ ယဉ်ကျေးသော၊ မေလးစားဖွယ်အလှတို့ ရှိနေ၏။ ကျေနပ်ဂုဏ်ယူစွာ အမေ့ကို ဖွင့်ဟတော့ နုကလေးနှင့် သူ့ကြားတွင် လုံးဝထင်မှတ်မထားသော တားဆီးမှုကြီးကို ဝမ်းနည်းယူကျုံးမရဖြစ်ဖွယ် ကြုံနေရပါတော့သည်။

အမေသည် မျှော်လင့်ချက်ကြီး၏၊ ရည်မှန်းချက်ကြီး၏။ မုဆိုးမဖြစ်သော်လည်း အားမာန်အပြည့်။ သားတွေ၊ သမီးတွေ ပညာတတ်ဖြစ်ရန် အစွမ်းရှိသမျှ ကြိုးပမ်းလေသည်။ အထူးသဖြင့် အငယ်ဆုံးဖြစ်သော သူ့ကို အမေသည် အလွန်အားထားသည်။

"ငါ့သား ထွန်းကျော်ကျော်က ဖအေတူသား၊ ဉာဏ်ကောင်းတယ်။ စာလည်းတော်တယ်။ ဆရာဝန်ဖြစ်အောင် ကြိုးစားနော် သားလေး"



အမေက သူ့ကို ဆရာဝန်ဖြစ်စေချင်သည်။ ဆရာဝန်ကောင်းကောင်းဖြင့် ကုသခွင့်မရခြင်းကြောင့် အဖေကွယ်လွန်ရသည်ဟု ယုံကြည်ကာ သားကို ဆရာဝန်ဖြစ်စေချင်၏၊ အဖမဲ့ သားသမီးများအတွက် အမေသည် ရည်မှန်းချက်ကြီးလွန်းလေသည်၊ အမေကြိုးစားခိုင်း၍သာ ကြိုးစားသည်၊ ဆရာဝန်အဖြစ် မမျှော်လင့်ပေ၊ ကျောင်းအားရက်များတွင် အမေ၏ ရခိုင်မုန့်တီဆိုင်တွင် ဝိုင်းကူသည်၊ တကယ်တော့ အမေ့ရခိုင်မုန့်တီဆိုင်ကလေးမှ ဆေးကျောင်းတက်ရန် ထောက်ပံ့နိုင်စွမ်း အလားအလာမရှိပေ။ ဆယ်တန်းအောင်စာရင်းထွက်တော့ ထွန်းကျော်ကျော် ခြောက်ဘာသာဂုဏ်ထူး ပါလာပါသည်။ သို့သော် သူဝမ်းမသာနိုင်ပါ။ ဆေးတက္ကသိုလ် အလွန်ပို့ချင်ရှာသော အမေ စိတ်ထိခိုက်နေမည်ကိုသာ စိုးရိမ်နေ၏၊ အမေ့ကိုပင် သူ ရှောင်နေသည်၊

သို့သော် ထွန်းကျော်ကျော်၏ အထင်သည် မှားသွားသည်၊ အမေရွှင်ပျနေ၏၊ တက်ကြွနေ၏။ ဆေးတက္ကသိုလ်ပို့ရန် တပြင်ပြင်ဖြစ်နေပါတော့သည်။ သည်တုန်းက သူ အ. သည်လား၊ နားလည်ဆန်းစစ်နိုင်သည့် အတွေးမရှိခဲ့၍လား၊ သို့တည်းမဟုတ် အမေ၏ ပြင်းပြလွန်းသောဆန္ဒကို မတိမ်းမရှောင်မခံရဲ၍လည်း သူ့ကိုယ်သူမသိနိုင်ခဲ့ပါ၊ ယခုတော့ ဤအဖြစ်များသည် သူ့အတွက် ထိခိုက်ကြေကွဲစရာများပါပဲ၊

အမေကျေးဇူးကြောင့် ထွန်းကျော်ကျော် ဆရာဝန်ဖြစ်ခဲ့ရပါသည်၊ ကိုယ့်မြို့ကိုယ်ပြည် ရခိုင်ပြည်နယ်၊ စစ်တွေသို့ ဆရာဝန်ဘဝဖြင့်ပြန်လည်ရောက်ရှိခဲ့ပါသည်။ ဘယ်တုန်းကမှ မလှုပ်ရှားခဲ့သော သူ့နှလုံးသားသည် နပ်(စ်)သင်တန်းသူကလေးနုနုသာကို တွေ့တော့ မကြုံဖူးအောင်လှုပ်ရှားရလေသည်၊ မြတ်နိုးဖွယ်အချစ်ကို သူတွေ့တော့ မမျှော်လင့်သောအဖြစ်တို့က အရိပ်ပမာ တွယ်ငြိနှောင်ဖွဲ့နေခြင်းကို ထိပ်လန့်တကြား သိရလေတော့သည်၊

www.burmeseclassic.com

www.burmeseclassic.com

"အမေရဲ့စေတနာကို သားနားလည်မယ် ယုံပါတယ်၊ ငါ့သားလေးကိုလေ အမေက သိပ်ပညာတတ်စေချင်တယ်၊ ဆရာဝန် ဖြစ်စေချင်တယ်"

အမေ့အသံသည် ညင်သာလွန်းသည်၊ သိမ်မွေ့လွန်းသည်။ သားအတွက် ကြေကွဲသံကား ဖုံးမရပေ။ အမေ့မေတ္တာ၊ အမေ့စေတနာ သိနားလည်တော့လည်း အမေ့ကို အပြစ်မတင်ရက်ပါ။

"နှင်းချမ်းဖြူနဲ့သားဟာ ပြောရမယ့်သူတွေလည်း မဟုတ်ပါဘူး။ တစ်အိမ် တစ်အိမ် ဝင်ထွက်နေကြတဲ့သူတွေပဲ။ ပြီးတော့ ဆွေမျိုးလဲ မကင်းဘူး မဟုတ်လားကွယ်"

အမေသည် သူ့ခေါင်းကလေးကို သပ်ကာသပ်ကာ နှစ်သိမ့်စကားပြောသည်။ သူ့ရင်ထဲမှာတော့ ပြောင်းဆန်၍နေပါသည်။ နုလေးရယ်ဟု တမ်းတရင်း ရင်ထဲမွန်းကြပ်နေ၏။ အမေပြောတာ မှန်ပါသည်။ သူနှင့်နှင်းချမ်းဖြူသည် သူစိမ်းများမဟုတ်ကြပါ။ ကျောင်းနေဖက်လည်း ဖြစ်ကြသည်။ ညာဏ်ထိုင်းသော နှင်းချမ်းဖြူ တစ်ယောက် ကိုးတန်းအကြိမ်ကြိမ်ကျကာ မိဘ၏မိရိုးဖလာ ရက်ကန်းစင်တွင် ဦးစီးလုပ်ကိုင်လျက်ရှိလေသည်။

"သား ဆယ်တန်းအောင်တဲ့နှစ်က သူတို့ဘက်က ကမ်းလှမ်းကြတာသားရဲ့"

ဘုရား ဘုရား။ အမေ့စကား မဆက်ပါစေနှင့်၊ စကားဆက်မှာကို သူကြောက်နေသည်၊ ကျောင်းတုန်းကအဖြစ်ကို သတိရသွား၏၊ ကျောက်ဖြူက အောင်ဇံရွှေ ကျောင်းတက်နေစဉ် အိမ်ပြန်၍ လက်ထပ်ရလေသည်။ ပြန်လာတော့ သူငယ်ချင်းတွေက ဝိုင်း၍ကျွေးခိုင်းကြ၏။

"ဟော့ကောင်. . . အောင်ဇံရွှေ မင်းကောင်မလေးကို ထားခဲ့ပြီး မင်းအမေယူခိုင်းတဲ့ သူဌေးသမီးကို လက်ထပ်ခဲ့ပြီပေါ့"



ကျော်ခိုင် စကားကြောင့် သူဆတ်ခနဲ ဖြစ်သွား၏၊ အောင်ဇံရွှေက ဟန်မပျက်ပါ။ အောင်ဇံရွှေက ပြုံးရွှင်ကြည်နူးစွာ သူငယ်ချင်းတွေ မေးသမျှ သွက်လက်စွာ ဖြေကြားနေသည်ကိုကြည့်ပြီး သူအံ့သြတကြီး ဖြစ်ရလေသည်၊ စီးပွားရေးအခြေအနေကြောင့်၊ စီးပွားရေး အခက်အခဲကြောင့်ဟူသော အယူအဆကြီးကို သူမုန်းမိသည်၊ ဒီအခက်အခဲကြောင့်များ မင်းကိုယ်မင်းစတေးခံရသတဲ့လားကွာ၊ အောင်ဇံရွှေကို မကျေမနပ်ကြည့်ပြီး ဒေါသထွက်မိ၏။ အောင်ဇံရွှေ၏ မိဘများကိုလည်း လှမ်း၍အပြစ်တင်မိသည်၊ သည်တုန်းကတော့ ကိုယ့်အဖြစ်၊ ကိုယ့်ဘဝကိုအမှန်အကန် မသိမိချေ။ ခုတော့ သူနှင့်အောင်ဇံရွှေသည် ဘာထူးသေးသနည်း၊

"သားရယ် အမေ့ကို ခွင့်လွှတ်ပါ။ သားကို နှင်းချမ်းဖြူတို့ဘက်က တောင်းဆိုကြတယ်၊ သူတို့ ငွေထုတ်ပြီး ဆရာဝန်ဖြစ်တဲ့အထိ သင်ပေးမယ်၊ သားလေး ဆရာဝန်ဖြစ်ပြီးရင် နှင်းချမ်းဖြူနဲ့ လက်ထပ်ဖို့ ကတိကဝတ် အမေပြုခဲ့တယ်"

အမေ့အသံသည် တိုးတိုးကလေးပါပဲ။ သားကို အားနာသနား နေရှာသည်၊ အမေ၏ သက်ပြင်းချသံသည် ကျိတ်ရှိုက်နေသော သူ့သက်ပြင်းသံကို ဖုံးလွှမ်းသွားလေသည်။

"သားရဲ့မိန်းကလေးက ချစ်စရာလေးပါ၊ နုနုသာဆိုတဲ့ နာမည်ကလေးနဲ့ လိုက်အောင် နုနုလှလှကလေးပါ၊ ဒါပေမဲ့ နှင်းချမ်းဖြူက ရှိနေတယ်ကွယ် သားရယ်၊ အမေ့ငါ့သားအတွက် လောဘကြီးမိခဲ့တယ်ကွယ်"

အမေ့အသံသည် တုန်ယင်နေ၏၊ သူ့ကို အမေသည် စာနာစွာ ခံစားရပုံ ရပါသည်၊ အမေထွက်သွားသည်အထိ ငိုင်တွေစွာ ရှိနေဆဲ၊ အမေကြည့်သွားသော နုကလေး၏ ဓာတ်ပုံကို ကြေကွဲစွာကြည့်မိသည်၊ မျက်ဝန်းတွင် ဝေ့နေသော မျက်ရည်စများကြောင့် နုကလေး၏ပုံသည် မထင်ရှားတော့ချေ၊ နုကိုသူတွေ့မှဖြစ်တော့မည်၊ မတွေ့ရက်၊ မပြောရက်စွာဖြင့် ရှောင်ခဲ့၊ တိမ်းခဲ့သည်မှာကြာပြီ၊ ညနေတိုင်း မျှော်နေရှာ

www.burmeseclassic.com

www.burmeseclassic.com

မည့် နုအဆောင်ကို မသွားဖြစ်သည့်ရက်များလည်း ရှည်ကြာလှပါပြီ။ ရင်ထဲတွင် ပြောင်းဆန်အောင် ခံစားရလွန်း၍ ခွင့်ယူပစ်လိုက်သည်။

နုနှင့်ဝေးနေသော ရက်များသည် သူ့အတွက် ကန္တာရများပါပဲ။ တကယ်တော့ အမှန်တရားသည် လိမ်ညာလှည့်စားသည်ထက် ခံရခက်သည်တော့ အမှန်ပါ။ သို့သော် အပြစ်ကင်းစင်သော နုကလေးကိုဖြင့် မလိမ်ရက်ပါ။ အချစ်စစ် အချစ်မှန်ဆိုသည်မှာ အတူနေမှမဟုတ်။ ခွဲခွာရသော်လည်း၊ ဝေးကွာရသော်လည်း ရင်ထဲအသည်းထဲတွင် ထာဝရ စွဲငြိနေမည်ဆိုတာ နုကိုပြောပြချင်သည်။ နုနားလည်ခံစားနိုင်ပါ့မလား။ နက်ရှိုင်းသော သူ့မေတ္တာကို နုတကယ်ယုံကြည်နိုင်ပါမည်လား။ နုနားမလည်မှာစိုးသည်။ အထင်လွဲမှာစိုးသည်။ မောလိုက်တာကွယ်။

"ဒေါက်တာထွန်းကျော်ကျော်တို့ အိမ်ပါလားရှင်"

သူ ဆတ်ခနဲ ဖြစ်သွားသည်။

အလို နုအသံပါလား။ နုမျက်နှာကလေးကို တွေ့ချင်စိတ်ဖြင့် ဖျတ်ခနဲ နေရာမှထလိုက်သေးသည်။ ဝိုးတဝါးလှမ်းမြင်နေရသော ဧခန်းဆီးမှ ညှိုးငယ်နေသော နုကလေးနှင့်အဖော်မိန်းကလေးတစ်ဦးကို တွေ့ရသည်။ နုလေးရယ်၊ သူ ဆုံးဖြတ်ချက်ချမှ ဖြစ်တော့မည်။ နုကို ဒုက္ခမပေးချင်တော့ပေ။ အချစ်ဆိုသည်မှာ အမြစ်လိုတွယ်တတ်သည်မို့ နုကို သံယောဇဉ်အမျှင်တန်း မဖြစ်စေချင်တော့ပါ။ သောကတွေဝေနိုင်မည့် ဝေဒနာအငွေ့ကလေးမျှ မရိုက်ခတ်စေချင်တော့ပေ။

"ဧည့်သည်တွေကို ကျွန်တော်မရှိဘူးလို့ ပြောပေးပါ။

သန့်ရှင်းရေးလုပ်ရန် ဝင်လာသော ဒေါ်ဒွေးကို ခိုင်းသည်။ ခန်းဆီးအကွယ်မှ နားစွင့်နေရသော အချိန်ကလေးသည် သူ့အဖို့ တုန်လှုပ်ချောက်ချားဖွယ်ပါပဲ။ ရင်ထဲမှ အသည်းနှလုံးတို့သည် တစ်စစီတစ်စစီ ကြွေမွပွဲ့ကျနေသည်။

* * * * *

## အရောင်တစ်ခုကို ဖြတ်သန်းခြင်း

ကိုယ့်ရှေ့က စားပွဲမှာ သူ စထိုင်ကတည်းက အနံ့တစ်ခု ရသလိုပဲ . . .။ နံ့တာလား။ ညှီတာလား။ ဘာနံ့မှန်းတော့မသိဘူး။ သန့်ပြန့်တဲ့ရနံ့မဟုတ်တာတော့ ကိုယ်သိနေတယ်။ အသက်ကို မသိမသာ အောင့်အောင့်ထားမိတယ်။ ညှင်းသိုးသိုး စုတ်ချာချာအသွင်ကိုက စိတ်မသက်မသာစရာ ကောင်းတယ်။ ရုပ်ဆင်းအင်္ဂါ မသားနားလို့တော့ မဟုတ်ပါဘူး။ သူ့အတွက် ထောက်ခံချက် ကိုယ်မပေးချင်တာကတော့ အမှန်ပဲ။

ဟုတ်တယ်လေ . . .။

သူ့ဇာစ်မြစ်၊ သူ့အကြောင်း၊ သူ့စရိုက်ကို ကိုယ်မှရေရေလည်လည် မသိဘဲ။ အဲ . . . ဒီလိုပြောရင်တော့ မှုသားများ ဖြစ်မလား မသိဘူး။ သူ့ကို ကိုယ်သတိထားမိတာကတော့ သုံးလေးလ ရှိပါပြီ။ ကိုယ့်ရုပ်ကွက်၊ ကိုယ့်လမ်းထဲ ရောက်လာတဲ့ သူစိမ်းတစ်ဦးကို လေ့လာတတ်တဲ့အကျင့်က ကိုယ်မှာအလိုလို ရှိနေတတ်ပြီ။ ကိုယ်တို့ရပ်ကွက်ထဲက ကင်းတဲကလေးမှာ ညစဉ် ကင်းဝိုင်းဝိုင်းစောင့်ပေးတယ်။ ကင်းစောင့်သူတွေအတွက် ရေနွေးတည်ပေးတယ်။ အလိုက်သိတတ်တယ်ဆိုတဲ့ သတင်းစကားတော့ ကြားရသား။ ဒီထက်လည်း ဘယ်သူမှ ပိုမသိကြဘူး။


www.burmeseclassic.com

www.burmeseclassic.com

ညဘက်တွေပဲ တွေ့ကြတာကိုး။

နေ့ဆို သည်လူက ပျောက်နေပြီ။ ဆိပ်ကမ်းမှာ ကုန်တင်ကုန်ချ လုပ်သလိုလို၊ မြို့ထဲက ဈေးကြီးထဲမှာ ကုန်ထမ်းသလိုလို၊ တိတိကျကျတော့ မသိကြဘူး။ အေးလေ. . . သူ့ကို ဘယ်သူကမှ စိတ်ဝင်စားကြတာမှ မဟုတ်ဘဲ။ ဒီတော့ သူ့အကြောင်း ဘယ်သူက ရေရေလည်လည် သိမှာလဲ။ ဒါတောင်. . . ကြားရတဲ့သတင်းက သူပြောလို့ သိရတာ။ ဒီလူ ကိုယ်တိုင်ကလည်း နှုတ်နည်းပုံရပါတယ်။

ကဲ. . . ဒီလိုလူတစ်ယောက်ကို ကိုယ့်ရပ်ကွက်၊ ကိုယ့်လမ်းထဲ နေတာနဲ့ အကျင့်စာရိတ္တကောင်းကြောင်း ထောက်ခံချက် ပေးပါဆိုတိုင်း ပေးရဲပါ့မလား။ မပေးရဲဘူး။ ပေးလည်း မပေးချင်ဘူး။ လူကောင်းလား လူဆိုးလားဆိုတာ အကဲခတ်ဖို့ အချိန်ယူရဦးမယ်။ သူ့ရုပ်က ခပ်ကြမ်းကြမ်းရယ်။ သူခိုးဓားပြရုပ်မျိုး။ ထောင်ထွက်ဖြစ်ချင်တောင် ဖြစ်မလား မသိဘူး။

“ခင်ဗျားက ဘာအလုပ် လျှောက်မှာမို့လဲဗျ”

“ညစောင့်အလုပ် လျှောက်ချင်လို့ပါခင်ဗျာ. . .”

အပြောကတော့ အဟုတ်သား. . .။ ရုပ်နဲ့မလိုက်အောင် မွန်ရည်သား။ စကားပြောသာ ဟုတ်တာ၊ လူပုံက ဆောင့်ကြွားကြွားပဲ။ ထိုင်ပုံကိုက တန်းလျားပေါ်မှာ ဆောင့်ကြောင့်ထိုင်လို့လေ။ တကယ်ဆိုရင် လူကြီး သူကြီးရှေ့မှာ အနေအထိုင် ဆင်ခြင်မှပေါ့။ ဒီလူ့အကျင့်က ဟန်မယ်ပုံမထင်ပါဘူး။

“စာရင်းယူထားလိုက်မယ်ဟုတ်လား. . .။ ကော်မတီအစည်းအဝေးမှာ တင်ပြရဦးမှာ၊ နက်ဖြန်တော့ လာယူ”

“ဟုတ်ကဲ့. . .”

ကိုယ့်အပြောကို ကျေနပ်ပုံတော့ မရဘူး။ စူးခနဲတစ်ချက် ကြည့်လိုက်ပြီး ထွက်သွားလေရဲ့။

* * * * *



ငါးရံ့ကို ခရမ်းချဉ်သီးနိုင်နိုင်. . . ငရုတ်သီးစိမ်း ကဲကဲ. . .၊ နံနံပင် လှိုင်လှိုင်အုပ်ပြီး စားလိုက်ရရင် ခံတွင်းမြိန်လိုက်မည့်ဖြစ်ခြင်း။ ငါးရံ့ခရမ်းချဉ်သီးချက်ကို ခုတစ်လော စားချင်နေတယ်။ ဒီနေ့တော့ ဘာပဲဖြစ်ဖြစ် အားရက်မို့ ကိုယ်တိုင်ချက်ပစ်လိုက်စမ်းမယ်။ ကုန်ဈေးနှုန်းတွေက တရိပ်ရိပ်တက်နေပါလျက် ဈေးထဲမှာ အလှူပေးသလို အလုအယက်ပါပဲလား။ အေးလေ. . . ကိုယ်ကိုယ်တိုင်လည်း အလုအယက် အတိုးအဝှေ့နဲ့ ဝယ်ခဲ့တာပါပဲ။ ဘာမှသာမဟုတ်တာ ဈေးထဲ ဟိုလျှောက် ဒီလျှောက်နဲ့ နာရီဝက်ကျော်ကျော် ကြာသွားတယ်။

“ရထားကြိတ်လို့တဲ့”

စောစောစီးစီး ကြားရတဲ့သတင်းကတော့ ထိပ်လန့်စရာပါပဲ။ “ရထားကြိတ်လို့” ဆိုတဲ့သတင်းမျိုးကို ပိုပြီးကြားရတယ်။ ဘာကြောင့်သေးလို့လဲ။ အဘွားကြီးတစ်ယောက်ကို ရထားကြိတ်သွားလို့ မြေးမလေး ငိုပြီးကျန်ခဲ့တဲ့မြင်ကွင်းကို ဖျတ်ခနဲ မြင်ယောင်လာတယ်။ တကယ် ရင်နင့်စရာပဲ၊ ခေါင်းတခြား ကိုယ်တခြားနဲ့ ခြေပြတ်လက်ပြတ်တွေ မြင်ပြီး တစ်ပတ်လုံး မျက်စိထဲကကို မထွက်တော့ဘူး။ တတ်နိုင်ဘူးလေ။ ရှောင်လို့မှမဖြစ်ဘဲ။ ကိုယ်ပဲဦးဆောင်ပြီး စခန်းအကြောင်းကြား၊ ဘာကြားနဲ့ ပြီးတဲ့အထိ လုပ်လိုက်ရတာပဲ။ ခုလဲ. . . ကြားရပြန်ပြီ။

“ဟာ. . . အတော်ပဲဆရာ. . .။ ဟို. . . ဟိုမှာ ရထားကြိတ်လို့”

ကိုယ်ရောက်သွားတော့ ဆီးပြောကြတယ်။ မမြင်ဝံ့စရာတွေ စောစောစီးစီး တွေ့ရဦးတော့မယ် ထင်ပါတယ်။

“ဆရာရေ ဟော့ဒီမှာ ကြည့်ပါဦး. . .”

ဝိုင်းအုံခဲနေတဲ့ လူတချို့ ရှဲသွားကြတယ်။ မြင်ရပါပြီဗျာ၊ အမလေး ခုဟာက မသေမရှင်ကြီးပါလား။ အို. . . ခြေသလုံး အရိုးတောင်ကြွေမွလို့။ ဟင်. . . မျက်နှာမှာလည်း သွေးတွေအိုင်လို့ပါလား။

www.burmeseclassic.com

www.burmeseclassic.com

အသားဖတ်ကြီးကလည်းတွဲလဲ။ တကယ့်မသတီစရာကြီး။ ကိုယ့်စိတ်ကိုယ် တင်းပြီး အနားတိုးသွားတယ်။ အို. . . ခပ်ငယ်ငယ်ပဲ ရှိပါသေးလား။ အလို ဒီသူငယ်ကို သိတာပေါ့။ ငါးရပ်ကွက်က မောင်မြင့်လွင်ပဲ။ မိခင်အိုနဲ့ နှမလေးကို လုပ်ကျွေးနေတဲ့ သူတော်ကောင်းလေးပါ။ ကြွေရည်သုတ်ဇွန်းကလေးတွေကို လှည်းတန်းဈေးမှာ ရောင်းနေတဲ့သူပဲ။ အိုကွယ်. . . ဖြစ်မှဖြစ်ရလေ မောင်မြင့်လွင်ရယ်။

"မြည်ရထားခေါင်းတွဲနဲ့ လိုက်လာကြတာတဲ့။ လှည်းတန်းဘူတာအဆင်းမှာ ချော်ကျပြီး အကြိတ်ခံလိုက်ရတာ"

အနားရောက်လာတဲ့ မိတ်ဆွေတစ်ဦးက ရှင်းပြတယ်။ မချိမဆံ့ ဝေဒနာခံရရှာတဲ့ မောင်မြင့်လွင်ကို မြင်ပြီး ကိုယ်ဘာလုပ်ရမှန်း မသိအောင်ကို ဖြစ်နေတယ်။

"နည်းနည်း. . . နည်းနည်း မှီ. . . မှီချင်တယ်"

မောင်မြင့်လွင်နှုတ်က တီးတိုးထွက်လာတယ်။ လူတွေ တစ်အုံတစ်မကြီး ဝိုင်းနေကြပေမယ့် ဘယ်သူမှမောင်မြင့်လွင်ကို ကူညီရမှန်း မသိကြဘူး။ မေ့နေကြလို့လား။ သွေးရဲရဲ သံရဲရဲဖြစ်နေတဲ့ မောင်မြင့်လွင်ကို မသတီကြလို့လား။ ကိုယ်ကိုယ်တိုင်လည်း သွေးအလူးလူး၊ အသားဖတ်တွေ လန်နေတဲ့ မောင်မြင့်လွင် အနားကို ကပ်ရမှာ ရွံ့နေတယ်။

ဒီအချိန်မှာ လူတစ်ယောက်က ဖင်ထိုင်လျက် လဲပြိုလုလုဖြစ်နေတဲ့ မောင်မြင့်လွင်ရဲ့နောက်ကျောကို ညင်ညင်သာသာ ဖေးမထောက်မှီပေးလိုက်တယ်။

"ကဲ. . . ဒီလိုနေကြလို့ မဖြစ်ဘူးလေ။ ဆေးရုံမြန်မြန်ပို့ကြရအောင်၊ ကျွန်တော်စခန်းကို ဖုန်းသွားဆက်လိုက်မယ်"

"ဟုတ်တယ်။ မြန်မြန် ဆေးရုံပို့ကြအောင်"



"ကားငှားလေဆရာ၊ ကားအမြန် ငှားမှဖြစ်မယ်"

ကိုယ့်လက်က အမှတ်မထင် အကျီအိတ်ကို စမ်းမိတယ်။ ခါတ်ဆီတွေ ရှားပါးချိန်မှာ ကားခတွေကလည်း ဈေးကြီးလိုက်တာတအားပဲ. . .။ ဒီကနေ ဆေးရုံအထိဆိုရင်တော့ နည်းမှာမဟုတ်ဘူး။ ကိုယ်အိတ်ထဲ ရှိနေတဲ့ နှစ်ရာတန်ကလေးကို မသိမသာ ဖိထားမိလိုက်တယ်။

"ဒီမှာ ဆရာ. . .၊ ကားမြန်မြန် ငှားမှဖြစ်မယ်။ လုပ်ကြပါ။ ဒီလူ အခြေအနေ မကောင်းဘူးဗျ။ ဆေးရုံမြန်မြန်ရောက်မှဖြစ်မယ်။ ကျွန်တော့်မှာ ပိုက်ဆံရှိတယ်။ ကားခတော့ လောက်မယ်ထင်တယ်။ ရော့ပါဆရာ၊ အမြန်ဆုံးငှားပေးကြစမ်းပါ. . ."

ကိုယ်ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း မောင်မြင့်လွင်ရဲ့နောက်ကျောကို ဖေးမထားတဲ့လူက ပိုက်ဆံလှမ်းပေးရင်း ပြောတယ်။ ဒီအသံ ကြားဖူးသလိုလိုပါ။ အို. . . ဟို. . . ဟိုလူပါလား။ မနေ့က ကိုယ့်ဆီမှာလာပြီး အကျင့်စာရိတ္တကောင်းကြောင်း ထောက်ခံချက်လာတောင်းတဲ့သူပါလား။ လှမ်းပေးနေတဲ့ မည်းညစ်ညစ် ပေတူးတူးသူ့လက်ထဲက နှစ်ရာတန်တွေကိုကြည့်ပြီး ကိုယ့်ရင်ထဲ လှိုက်ခနဲဖြစ်သွားတယ်။ သူ့မျက်နှာကို မကြည့်ရဲဘူး။

ဘယ်သူမှ မသိလိုက်ကြပေမယ့်

ကိုယ့်မျက်နှာမှာ အရောင်တစ်ခု ဖြတ်သန်းသွားတာတော့ အမှန်ပဲ။

* * * * *

www.burmeseclassic.com

# မွှေးမြသဇင်

ညတာသည် ရှည်လွန်းလှသည်။ ညနှင့်အတူ မေ့မျှောနေမိသော အဖြစ်များကလည်း ရှည်လျားလွန်းလှ၏။ မဆုံးနိုင်သော အတွေးစများက စိတ်လှုပ်ရှားရသည်။ တစ်ဖက်ခုတင်တွင် ညကိုပိုင်စိုးစွာ၊ နှစ်ခြိုက်စွာ အိပ်မက်ကမ္ဘာတွင် မွေ့ပျော်နေသော ကျော်စွာကို သတိရပြီး ခပ်ဖွဖွ ဆင်းခဲ့သည်။

အေးမြသော လေပြည်ကြောင့် တစ်ခဏမျှ ကြည်လင်သွား၏။ ကျင့်သားရနေသောအသိဖြင့် တန်းလျားတွင်ဝင်ထိုင်သည်။ မြသူဇာထံ ဖျတ်ခနဲစိတ်ကရောက်သွားသည်။ ပိတောက်ပန်းဝါဝါဝတ်စုံနှင့် ရွှန်းမြနေသော မြသူဇာ၏အပြုံးသည် ရင်ခုန်စရာပါပဲ။ သူ့အတွက်လား၊ ကျော်စွာအတွက်လား ဆန်းစစ်နိုင်စွမ်းမရှိပါ။

ဟင်း . . . သည်တစ်ခါတော့ ထိန်းချုပ်နေရန်မလို။ သူ တစ်ယောက်တည်းပင် လွတ်လပ်စွာ သက်ပြင်းချပစ်လိုက်သည်။ ရင်ထဲမှာတော့ ရှင်းလင်းမသွားပါ။ ကျော်စွာကိုခေါ်ခဲ့တာ မှားပြီလား။ အို . . . သည်လိုလည်း မဟုတ်ပါဘူးလေ။ ကျော်စွာကို ပွင့်လင်း၍ ခင်မင်ခဲ့သည်။ ရိုးသားသူ အမှန်

ကျောင်းပိတ်ရင် မင်းတို့ စစ်တွေကို အလည်လိုက်ခဲ့မယ်။ ကျောက်တော်တို့၊ မြောက်ဦးတို့မှာ ရှေးဟောင်းဘုရားတွေ ဖူးချင်တယ်ကွာ။





ကျော်စွာပြောစဉ်က ကျော်စိုးနိုင် တအားဝမ်းသာသွားသည်။ သူတို့မြို့၊ သူတို့ဌာနေက ယဉ်ကျေးမှုတွေ၊ ရိုးရာအစဉ်အလာတွေကို စကားသင့်တိုင်း ပြောပြမိသည်။ ကျော်စွာကို မျက်မြင်ကြုံတွေ့စေချင်၏။ ကျော်စွာသည် သူ့စကားကို မမေ့ပေ။ ကျောင်းပိတ်တော့ လိုက်ဖို့ တကယ်ပြင်သည်။ ကျော်စိုးနိုင်မှာ ဆွေဆွေခုန်မတတ် ဝမ်းသာမဆုံး။ ပါပါနှင့်မေမေတို့ထံ ဖုန်းဆက်၍ သူငယ်ချင်းပါလာမည့်အကြောင်း ပြောပြရသေးသည်။ ပါပါတို့ကလည်း သားသူငယ်ချင်းပါလာမည်ဆို၍ အားလုံးဝမ်းသာအားရ ကြိုဆိုကြ၏။

တကယ်တော့ ကျော်စွာကို သူတကယ်ခင်သည်။ ရန်ကုန်စက်မှုတက္ကသိုလ်သို့ရောက်တော့ ရန်ကုန်စရိုက်၊ ရန်ကုန်အငွေ့ကို သူအထာမကျ။ ကြောင်တိကြောင်တောင်နှင့် တစ်လလုံးလုံး ငယောင်ချာချာဖြစ်နေ၏။ အတန်းမှန်မှန်တက်ရင်း အဆောင်နှင့်လက်ခန်းများတွင်ပင် ကျော်စိုးနိုင် အသားမကျနိုင်။ ကျော်စွာနှင့်မျက်မှန်းတန်းမိပြီး ခင်သွားသည်။ စာကိုကြိုးစားသောသူနှင့် သဲကြီးမဲကြီးဖြစ်သော ကျော်စွာနှင့် ခင်မင်သွားကြသည်မှာ မဆန်းပေ။ သို့သော် ရန်ကုန်သားစစ်စစ် ကျော်စွာကဟန်မရှိ၊ ပန်မရှိ ပွင့်လင်းစွာရှိတော့ ပို၍ ခင်ရသည်။ ကျော်စိုးနိုင်၏အဆောင်တွင်လိုက်၍ စာဖတ်ရင်း လက်ချာဆွေးနွေးရင်းနှင့် အနေရိုး၊ စိတ်ရိုးရှိသော ကျော်စွာကို မိတ်ဆွေအဖြစ် အသိအမှတ်ပြုမိသည်။ သည်တော့မှ အနေရိုး၊ စိတ်ရိုးရှိသော ကျော်စွာသည် ဌာနအကြီးအကဲတစ်ဦး၏ သားမှန်းသိရလေသည်။ မိဘဂုဏ်ရှိန်၊ ဥစ္စာဂုဏ်ရှိန်ရှိသော်လည်း မပလွှား၊ မဝင့်ကြွား။ သူ့အမှန်ပင် ကျော်စွာစိတ်ဓာတ်ကို လေးစားမိသည်။

"ငါတို့ ရခိုင်မင်းအဆက်ဆက်က တည်ထားခဲ့တဲ့ရှေးဟောင်း ပုထိုးစေတီတွေ၊ ယဉ်ကျေးမှု . . . ဗိသုကာလက်ရာတွေကို တွေ့ရမှာ။ မင်း ငါတို့မြို့ကိုရောက်ရင် ပြန်ချင်တော့မှာ မဟုတ်ဘူးကွာ"

www.burmeseclassic.com


သူက ကျော်စွာကို တက်ကြွဂုဏ်ယူစွာ ပြောခဲ့သည် မဟုတ်လား။ ခုတော့ စကားနောက် တရားပါပြီလားမသိ။ ကျော်စွာသည် ပြန်ချင် ဟန်မတူပေ။ ကျောင်းစာနှင့် သက်ဆိုင်သမျှတိုင်း စိတ်ဝင်စား တတ်လေ့ရှိသော ကျော်စွာ။ ဗိသုကာပညာရပ်ကိုယူသော ကျော်စွာ။ ရှေးဟောင်းအနုပညာရပ်ကို ယူသော ကျော်စွာ။ ရှေးဟောင်းအနုပညာ အဆောက်အအုံများကြောင့်တော့ ဟုတ်ဟန်မတူပါ။ မြသူဇာကြောင့် ဟု ထင်သည်။ အတွေးကြောင့် သူ့ရင်ထဲ မွန်းကျပ်သွားပြန်သည်။

မြသူဇာကိုလည်း သူ. . . မကျေနပ်ချင်။ မြသူဇာကရော. . .။ ကျော်စွာကို စိတ်ဝင်စားနေပြီလား။ ဖြစ်နိုင်တာပေါ့။ ကျော်စွာသည် သိမ်မွေ့သည်။ ဖော်ရွေသည်။ ရုပ်ဖြောင့်သည်။ မြင့်သွယ်သောအရပ် နှင့် သပ်ရပ်သွ၁၀တ်စားသော ရန်ကုန်သားတို့၏အသွင်သည် မိန်းကလေးများ စိတ်ဝင်စားဖွယ်ပါပဲ။ ပြီးတော့ မိဘဂုဏ်၊ ဆွေမျိုးဂုဏ် အပြင် ဥစ္စာဓနလည်း ပြည့်ဝသူပင်။

ရန်ကုန်စက်မှုတက္ကသိုလ်တွင် နာမည်ကျော်ကြားသော ကျော်စွာကို ရန်ကုန်ပင်မတက္ကသိုလ်မှ မြန်မာစာစတုတ္ထနှစ်ကျောင်းသူ မြသူဇာက မသိဘဲ မကြားဘဲနေပါမည်လား။ အမှန်တော့ ကျော်စိုးနိုင်သည် မြသူဇာကို ငယ်စဉ်ကတည်းက ခင်လာခဲ့သည်။ သူစက်မှုတက္ကသိုလ်သို့ တက်မည့်အချိန်တွင် ပါပါနှင့်မေမေတို့က မိဘရင်းအချို့၏ ကမ်းလှမ်း ချက်ကိုပြောသည်။ ဟင့်အင်း. . .။ သူလက်မခံ။ အိမ်ထောင်ရေးစနစ်၊ လူမှုရေးစနစ်ကို ပုံခံခွက်ချ၍ မဖန်တီးချင်။ နှလုံးသားမှ နူးညံ့သိမ်မွေ့ စွာ ဖူးပွင့်လာသော မေတ္တာပန်းမျိုးသာ သူ့နှလုံးသားဥယျာဉ်တွင် စိုက်ပျိုးချင်ပါသည်။ ပါပါတို့ မေမေတို့ အယူအဆကို လက်မခံသလို မြသူဇာကိုလည်း ဤလိုအယူအဆမျိုးဖြင့် မပတ်သက်ချင်ပါ။ မြသူဇာ ကို သူဖွဲ့နှင့်စောင့်မည်။ ကြည်ဖြူနှစ်လိုစွာ မွေးမြူလာသော ပန်းကလေး တစ်ပွင့်အဖြစ်။

ယခုတော့. . . သူဆွေးရတော့မည်လား။ ကြည့်လေ၊ မနက် တုန်းကအဖြစ်။ ကားနှင့်မြို့တစ်ပတ် ရေပက်ခံထွက်ကြသည်။ ဦးဥတ္တမ ပန်းခြံရှေ့ ရေပက်မဏ္ဍပ်တွင် မြသူဇာရှိသည်။ မြသူဇာကို ကျော်စွာ လည်း မြင်ရသည်၊ သူလည်း မြင်ရသည်။ ကျော်စွာက ခဏဟုဆိုကာ ကားကိုရပ်ခိုင်းသည်၊ ခြံထဲက ဘယ်အချိန်က ခူးထားသည်မသိသော ပိတောက်ခက်ကို ကားရှေ့ခန်းမှယူကာ မြသူဇာထံဆင်းပေးလေသည်၊ မြသူဇာကလည်း နှစ်လိုပြုံးရွှင်စွာယူသည်၊ ကားပေါ်က ဆင်းချင်စိတ် မရှိဘဲ ထိုင်နေလိုက်၏။

"ကျော်စိုးနိုင် နင်တို့ ဘယ်သွားကြဦးမလို့လဲ"

မြသူဇာက နှုတ်ဆက်ဟန်ဖြင့် သူ့ကို လှမ်းမေးသည်၊ မချိုပြုံး ပြုံးကာ သူက ဦးတည်ရာ လက်ညှိုးညွှန်ပြသည်၊ မြသူဇာနှင့်ကျော်စွာ တို့သည် မြောက်ဦး၊ ကျောက်တော်ဘုရားဖူး သွားစဉ်က ရင်းနှီးလာ ကြသည်။ ကျော်စွာကို ဘုရားဖူး လိုက်ပို့ကြရာတွင် မေမေနှင့် မြသူဇာ လည်း ပါကြလေသည်၊ ရန်ကုန်ပင်မတက္ကသိုလ် အလှဘုရင်မဖြစ်သော မြသူဇာကို ကျော်စွာ စိတ်ဝင်စားနေပြီ ဖြစ်၏။

* * * * *

သည်နေ့ သင်္ကြန်အတက်နေ့ဖြစ်၏၊ နောက်ဆုံးနေ့မို့ ရေပက် မဏ္ဍပ်များ သဲသဲမဲမဲပက်ကြသည်၊ တစ်ကိုယ်လုံး စိုရွှဲနေသော်လည်း ကျော်စိုးနိုင်ရင်ထဲတွင် မအေးမြပါ။ ကျော်စွာသည် တက်ကြွနေ၏၊ မြသူဇာရှိသော ဦးဥတ္တမပန်းခြံရှေ့ ဗဟိုမဏ္ဍပ်သို့သွားရန် မြင်နေပြီ၊ မသွားချင်သော်လည်း သူကိုယ်တိုင်က မြသူဇာ၏ မျက်နှာလေးကို မြင်ချင်ပြန်သည်။ ကျော်စွာသည် ခြံထဲမှ ပိတောက်ပင်ကို ရှုံ့ချနှင့် ချူနေ၏၊

"မြသူဇာဖို့လေ. . ."

www.burmeseclassic.com

ပွင့်လင်းစွာပြောတော့ သူပြုံးရသည်။ သူ့အပြုံးက အသက်ပါမည်မဟုတ်ပေ။ သူတို့ရောက်တော့ မြသူဇာက ရေစက်ခံနေရ၏။

"အေးဗျာ . . . ခင်ဗျားတို့ ရိုးရာယဉ်ကျေးမှုက တော်တော်ကို ချီးကျူးစရာကောင်းတယ်"

"ပြောပါဦး. . . ခင်ဗျားအမြင်ကို"

ကျော်စွာက သူတို့ ရိုးရာယဉ်ကျေးမှုကို ဆွေးနွေးတော့ သူကြားချင်သွားသည်။

"ဩော်. . . ဒီလိုပါ။ ခင်ဗျားတို့ ရေသဘင်ပွဲက လှောင်းလှေမဏ္ဍပ်တိုင်းမှာ တော်တော်သဘောကြီးရပါလားဗျ။ မဟုတ်ဘူးလား"

"ပြောလေဗျာ ခင်ဗျားအယူအဆ"

"အင်း. . . ကျွန်တော်နှမတွေ၊ ကျွန်တော့်ချစ်သူတွေသာဆိုရင် ရေပက်မဏ္ဍပ် မလွှတ်ဘူးဗျာ"

"ဟင်. . . ဘာကြောင့်"

"ဟာ. . . ဟိုမှာ. . . ကြည့်ပါလား၊ သူတို့ တောင်းဆိုတဲ့ မိန်းကလေးကို ကြီးကြပ်သူတွေက ခေါ်ပေးရတယ်၊ ရေကို တစိမ့်စိမ့်နည်းနည်းချင်းလောင်းပြီး ပြောသမျှ၊ မေးသမျှတွေကို ပြုံးပြုံးလေးပြန်ဖြေပြီး ရေလောင်းခံရတာလေ။

တချို့ကတော့ ရိုးရိုးခွင့်တောင်းပြီး ရေလောင်းတာပါ။ တချို့ကတော့ အင်း. . . ကြီးကြပ်သူတော့ အနားကလေးမှာ ရှိနေပါရဲ့။ ဒါပေမဲ့. . . မျက်နှာနားကပ်ပြီး၊ ငုံ့ပြီး ထကာယ်ကို တတွတ်တွတ်ပြောပြီး တစ်စက်ချင်း ရေလောင်းနေတာ၊ အတော် သဘောထားကြီးရတာပဲဗျို့. . ."

ကျော်စွာ ပြောသဖြင့် မဏ္ဍပ်ထဲ လှမ်းကြည့်လိုက်၏။ နံပါတ် (၅) ချိတ်ဆွဲထားသော မိန်းကလေးကို ရေပက်လိုသူတစ်ဦးက ကြီးကြပ်သူဆရာမကြီးကို ခွင့်တောင်းသည်၊ ခွင့်တောင်းသူ နံပါတ် (၅) ကျောင်းသူ



ကလေးကို ခေါ်လာသည်၊ ဆရာမကြီးထံ ခွင့်တောင်းသူသည် ကလေးမလေး ခပ်လှာသော ရေဖလားကိုယူကာ တစ်စက်ချင်းလောင်းနေ၏။ ကလေးမလေး၏ မျက်နှာကို စေ့စေ့ကြည့်ရင်း ဘာတွေပြောမှန်းမသိ၊ ပြောမဆုံး၊ လောင်းမဆုံးဖြစ်နေသည်။ မကျေနပ်ဟန်ရှိသော်လည်း ယဉ်ကျေးမှု အရ အပြုံးမပျက်ချေ။ ပါပါပြောဖူးသည်ကို သတိရသွားသည်။

ပါပါတို့ လူပျိုတုန်းက မိမိနှစ်သက်၍ မိမိရေလောင်းချင်သော မိန်းကလေးအတွက် ကိုယ်တိုင်ရေဖြည့်ကာ ရေလောင်းသည်၊ မိမိလောင်းပြီးလျှင် မိန်းကလေးသည် လှောင်းလှေထဲမှ ရေဖြင့်ပြန်လောင်းသည်။ ဤမျှသာပါပဲ။ နောက်တစ်နေ့ ပြန်လာ။ မိမိသဘောကျသော ယမန်နေ့က မိန်းကလေးကို ခွင့်တောင်းကာ ပါလာသောရေဖြင့် လောင်း။ ဤသို့ပင်ရက်ဆက် နှစ်သစ်အတာရက်များတွင် ရေလောင်းရင်း တစ်ဦးနှင့်တစ်ဦး စကားပြောရင်း၊ ရင်းနှီးရင်း အကဲခတ်ခွင့်ရကာ လူကြီးတို့နှင့်ကြောင်းလမ်းပြီး အိမ်ထောင်ဖက် ရွေးချယ်ခွင့်ရသော ပွဲမျိုးဟု ပြောဖူးပါသည်။ ယခုတော့ ခေတ်တွေပြောင်း၊ ကာလတွေပြောင်းလာသည်။ ရိုးရာအစဉ်အလာဟန်ပန်တို့သည်လည်း ရွေ့မျောလာပြီလားမသိ။ လောင်းလိုသူယောကျ်ားကလေးတို့တွင် ရေပုံးပါမလာ။ ရေလောင်းခံရမည့် မိန်းကလေးတို့က ကိုယ်တိုင် ခပ်ပေးရသည်။ ကျော်စွာပြောသလို သူတို့ သကြြန်ပွဲသည် အတော် သဘောထားကြီးရသည်ဟု ဆိုနိုင်ပါသည်။

နံပါတ်(၇)ချိတ်ဆွဲထားသော မြသူဇာကို ကျော်စွာက ခွင့်တောင်းသည်၊ ကြီးကြပ်သူက ခွင့်ပြုသည်နှင့် ရေဖလားလေးကိုင်ကာ ကျော်စွာကို လှမ်းပေးသည်။ သူကျောခိုင်းနေလိုက်သည်၊ သည်မြင်ကွင်းကို သူမမြင်ရက်ပေ။ ခံနိုင်စွမ်းမရှိပါ။ မြသူဇာကို

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းမပိတ်မီက ဖွင့်ဟခဲ့သည်လေ။ မြသူဇာထံမှ အဖြေမရသေး။ သူအလျှင်မလို၊ စဉ်းစားပါစေ၊ အချိန်ယူပါစေ။ စိတ်ရှည်စွာ စောင့်နေခဲ့၏။ ယခုတော့ သူအဖို့ . . .။ ကျော်စိုးနိုင်ဆက်မတွေးချင်တော့ပါ။ ကျော်စွာသည် နက်ဖြန်ပြန်တော့မည်ဖြစ်၏။ မြသူဇာထံမှ အဖြေတောင်းထားပုံ ရပါသည်၊ ချစ်ခြင်းမေတ္တာဆိုတာ သူ့အလိုအလျောက် ဖြစ်ပေါ်ရတာပါ။ နူးညံ့သိမ်မွေ့စွာ ဖူးပွင့်ရတာပါ။ ဖန်တီးတာမျိုး၊ လုပ်ယူတာမျိုးတော့ အမှန်ပင် မလိုလားပေ။ သူ့ကံပဲပေါ့။ ကျော်စိုးနိုင် သက်ပြင်းကို ခပ်ကြမ်းကြမ်းမှုတ်လိုက်မိသည်။

* * *

ကျော်စွာ စိတ်လှုပ်ရှားနေသည်မှာ သိသာလှ၏။ ဟန်မဆောင်သူမို့ ပွင့်လင်းစွာသူ့ကို ဖွင့်ဟသည်၊ သည်လိုကိစ္စမျိုးကိုပြိုင်ဘက်ဖြစ်ရန် ရှက်တတ်သော ကျော်စိုးနိုင်သည် အလိုလို စိတ်လျော့ထား၏။

"လာမှာပါကွာ. . . . အချိန်ရှိပါသေးတယ်"

"ဟော. . . သူမဟုတ်လား"

ကျော်စွာစကားကြောင့် အာကာစိုးတီးဟောက်စ်ထဲမှ လှမ်းကြည့်လိုက်၏။ မြသူဇာလက်ထဲတွင် ကြွပ်ကြွပ်အိတ်ကို ကိုင်ထားသည်၊ သူအမြန်ထ၍ အော်လိုက်၏၊

"ကျော်စွာစောင့်နေတယ်"

သူကပြောပြီး လေယာဉ်ရုံးပေါ်တီကိုအောက်သို့ သွားရန် ပြင်သည်၊

"နင်ဘယ်တုန်း . . ."

"ဒီနားပါ . . .။ နင့်ကို စောင့်နေတယ် . . . သွားလိုက်လေ"

"အောင်မယ် . . . လာ၊ နင်ပါ . . . လိုက်ခဲ့"



မြသူဇာက ခပ်ဆတ်ဆတ်အသံဖြင့် ပြော၏။ သူ့ကို စူးစိုက်ကြည့်နေသော မြသူဇာမျက်နှာကို မကြည့်ရဲ။ သူမျက်နှာပျက်နေသည်မှာ သေချာ၏။ ရင်ထဲက ခံစားချက်သည် မျက်နှာတွင် အထင်းသားပေါ်နေလောက်ပြီ၊ ကျော်စွာက ထကြိုနေ၏။ ရုပ်ပျက်မည်စိုး၍ စိတ်တင်းကာ မြသူဇာနောက်မှ သူလိုက်သွားသည်။

"ရော့ . . . ကျော်စွာ၊ နင့်အတွက်လက်ဆောင်။ ဒါ . . . ညို့လို့ခေါ်တယ်။ မြင်ဖူးအောင် အကောင်လိုက်ပေးလိုက်တာ၊ နင်တို့ဆီမှာတော့ ရှိမှာမဟုတ်ဘူး၊ သိပ်ကောင်းတာ၊ ငါတို့က ရခိုင်ဆိုတော့ ညို့ကလွဲပြီး မစားတတ်ဘူးဟ၊ နင် နားလည်ပါတယ်နော် . . ."

မြသူဇာက ကြွပ်ကြွပ်အိတ်ထဲမှ ညို့ကိုထုတ်ပြရင်း ကျော်စွာကို အမှတ်တရလက်ဆောင်ပေးသည်။ အမြတ်တနိုးလက်ဆောင်မို့ထင်၏၊ ညို့ကြီးမှာ ကြီးလှသည်၊ နောက် စလင်းဘတ်(ခ်)ထဲမှ စာအိတ်ကိုထုတ်ကာ ပေးပြန်သည်၊ သူမမြင်ဟန်ပြုကာ စီးကရက်မီးထည့်သည်၊ ကျော်စွာက မြသူဇာလက်ဆောင်ကို စနစ်တကျထည့်သိုနေ၏၊ မြသူဇာက စာရွက်တစ်ရွက်ပေါ်တွင် ခပ်သွက်သွက်ရေးနေပြန်သည်၊ ခရီးသည်တွေ လေယာဉ်ပေါ်တက်ကုန်ကြပြီ၊

"တို့ . . . သွားမယ် မြသူဇာ"

မြသူဇာနေရာမှ ဆတ်ခနဲထသည်။ ကျော်စိုးနိုင်သည် အလိုက်သိစွာ စီးကရက်ကိုခေါင်းမဖော်တမ်း မီးညှိနေ၏၊

"ကျော်စိုးနိုင် သူငယ်ချင်း သွားမယ် . . ."

သူခေါင်းညိတ်၏။ လိုက်မသွား။ မြသူဇာက လေယာဉ်ရုံးဝအထိ လိုက်ပို့သည်။ ကျော်စွာ အထဲမဝင်သေး၊ မြသူဇာနှင့် ရုပ်ပြောဆဲ။ စီးကရက်ကပူမှ ကယောင်ကတမ်း လွှတ်ချလိုက်သည်၊ လက်အပူ

www.burmeseclassic.com

www.burmeseclassic.com

က ရင်ထဲကအပူကိုတော့ မမီပါ။ ကျော်စွာက အထဲဝင်ခါနီး သူ့ကို လှမ်းလက်ပြသည်။ ကျော်စိုးနိုင် ကားစက်နိုးချိန် မြသူဇာ ရောက်လာသည်။ ကားရှေ့ခန်းတွင် သူနှင့်ယှဉ်ထိုင်သည်။ သူ့ဘက်သို့ ဆတ်ခနဲ တစ်ချက်လှမ်းကြည့်ပြီး ခပ်တည်တည်။ ဘာမှမပြော။ သူကလည်း မြသူဇာကို ဘာမှမပြော။ ပြောရန်စကားမရှိ။ ရင်ထဲတွင်မူ ပြောင်းဆန်နေ၏။

"...ဈေးနားမှာရပ်။ ငါဈေးထဲ ဝင်စရာရှိတယ် . . ."

မြသူဇာအသံက ခပ်ပြတ်ပြတ်ပင်။ သူ ကားရပ်ပေးလိုက်သည်။

"ရော့ . . ."

မြသူဇာက သူ့ထံ စာရွက်ခေါက်ကလေး လှမ်းပေးသည်။ အာကာစီးတီးဟောက်(စ်)တွင် ခပ်သော့သော့ရေးသော စာရွက်ကလေး ဖြစ်၏။ ...မြသူဇာထံမှ လှမ်းယူလိုက်သည်။ စစ်ရှုံးသူတစ်ယောက်လို ခံစားရင်း ကျောခိုင်းထွက်သွားသော မြသူဇာကို ဝမ်းနည်းစွာငေးနေရာမှ သတိရကာ စာရွက်ကလေးကို ဖြန့်လိုက်သည်။

ကျော်စိုးနိုင်

နင့်မျက်နှာကြီး ဘာဖြစ်နေတာတုံး။ ကျော်စွာကို လက်ဆောင်ပေးလိုက်တဲ့ ညို့ကြီးအတိုင်းပဲ။ မည်းညိုနေတာပဲ။ ဟင်း . . . သိပ်မုန်းဖို့ကောင်းတယ်။ အင်ဂျင်နီယာလောင်းကြီးရဲ့ ဗိသုကာ ဝေါဟာရတွေချည်းပဲ သိမနေနဲ့ဦး။ ကိုယ့်လူမျိုး၊ ကိုယ့်ဝေါဟာရကိုလည်း သိဦး။ ငါတို့ 'ရခိုင်' ဆိုတဲ့ ဝေါဟာရဟာ မာဂဓ (ပါဠိ)ဘာသာစကားက ဆင်းသက်လာတာ။ 'ရက္ခိတ (ဝါ) ရက္ခိုက် - ရက္ခိုင် - ရခိုင်' ဆိုပြီး အဆင့်ဆင့်ပြောင်းလာခဲ့တာ



ကျော်စိုးနိုင်ရဲ့။ အဓိပ္ပာယ်က 'အမျိုးကို စောင့်စည်းသူများ' လို့ အဓိပ္ပာယ်ရတယ်။ အရှင်နာဂိန္ဒမော်ကွန်းမှာ 'အမျိုးသီလ၊ နှစ်ဌာနကို၊ ပြည်ဝ မကျိုင်၊ စောင့်စည်းနိုင်သည့်၊ ရခိုင် နာမ၊ ဘွဲ့မည်လှဖြင့်၊ အနွတ္တသညာ၊ ခေါ်ရာအပ်ရာတည်း' တဲ့။ ဝုဒ္ဓဝင် လင်္ကာမှာလည်း 'ကျွန်းတွင်ဇမ္ဗူ၊ လူတွင် ရခိုင်၊ ကြိုင်ဘိ သတင်း၊ ကင်းဘိအပြစ်၊ ချစ်သည့်အမျိုးတဲ့။

ကျော်စွာကို ဘယ်လိုအဖြေပေးတယ်ဆိုတာ နင်သိလောက်ပါပြီ။

နင်ရဲ့

မြသူဇာ

ဟာ . . . ကြည့်စမ်း။ မြသူဇာ ငါ့ကို . . . ငါ့ကို . . .။

ကျော်စိုးနိုင် ကားပေါ်မှခုန်ဆင်းလိုက်သည်။ မြသူဇာထွက်လာမည့် ဈေးဝသို့ ကြည်နူးစွာမျှော်ရင်း၊ ကျွမ်းထိုးပစ်လိုက်ချင်စိတ်ကို ချုပ်တည်း နေရပါသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## ဒဏ်ရာ

ဘယ်သောအခါမှ ပျောက်လွင့်မသွားဘဲ လက်ဆတ်နေမြဲဖြစ်သည်။ ရင်ထဲကအနာကို ကိုဦး မသိတော့ဘူးလား။ ပြုံးကျလာတော့မည့် မျက်ဝန်းအစုံမှ မျက်ရည်စများကို တင်းခံရင်း အဆက်မပြတ်မြည်နေသော တယ်လီဖုန်းကို မကိုင်မိအောင် စိတ်ကိုချုပ်နှိမ်နေရပါသည်။

* * *

မွေးဖခင်ဟူသော အသိစိတ်ကြောင့်အဖေ့ကို မမုန်းမိအောင် ကြိုးစားရင်း အရက်နှင့်အရက်သမားများကိုအမုန်းဆုံးဖြစ်ခဲ့၏။

အမေဘာကြောင့် အရက်ကြိုက်ရတာလဲဟု စိတ်ထဲမှ မေးဖြစ်သည်မှာလည်း အကြိမ်ကြိမ်၊ အဖေ့မျက်နှာကို မကြည့်မိအောင်၊ မကြည့်ဖြစ်အောင်၊ မကြည့်ချင်အောင်နေခဲ့သည်မှာ ကြာပြီထင်သည်။ ထမင်းခူးပေးရတိုင်း၊ ရေခပ်ပေးရတိုင်း၊ အဖေ့အတွက် တစ်စုံတစ်ခု လုပ်ပေးရတိုင်း ပျံ့လွင့်လာသောအဖေ့ကိုယ်မှ ချဉ်စူးစူးအရက်နံ့ကို စိတ်အညစ်ဆုံးဖြစ်၏။ မသိမသာရော၊ သိသိသာသာရော နှာခေါင်းကရှုံ့ထားမြဲ။ ဝေ့ကို အမေက အမြနှစ်သိမ့်ချောမော့တတ်သည်။ ဝေ့ရင်ထဲ အမေနှင့် မောင်လေးမှလွဲ၍ ဘာမှမရှိဟုထင်၏။ အရက်မူးတိုင်း အသားလွတ် အရိုက်ခံရတိုင်း ဝေ ခံစားရသည်၊ အဖေ့ကို ချစ်ဖို့ထက် မုန်းချင်ပါသည်။



"မိဘဆိုတာ ဘုရားနဲ့ တစ်ဂိုဏ်းထဲနော် . . . သမီး၊ သမီးအဖေကို စိတ်နဲ့တောင်မပြစ်မှားပါနဲ့ကွယ် . . .၊ သူလည်း ဝဋ်ခံရတာပါ။ ဘာမှ အရသာမရှိတဲ့အရည်ကို လူအကြည်ညိုပျက်ခံပြီး သောက်နေတာကိုက ဝဋ်တစ်ခုပါ။ ငါ့သမီးလေး ငရဲမကြီးစေနဲ့နော် . . ."

အမေက ဖျောင်းဖျပေမင့် ဝေ အဖေ့ကို ခပ်ခွာခွာနေသည်။ အဖေကလည်း မမူးလျှင်သာကောင်းသည်။ မူးလာလျှင် သင့်တော်၏၊ မတော်၏မတွက်။ သူသောက်ရလျှင် ပြီးရော၊ အရှယ်ရောက်စပြုနေသော ဝေ့ကို အရက်ဆိုင်သို့လွှတ်သည်။

"ပေး . . . ကျွန်မသွားမယ်၊ သမီးကိုမခိုင်းရဘူး"

"ဘာဖြစ်သလဲကွ . . . ခိုင်းတော့၊ မင်းသမီးက ခုတစ်လောသိပ်လူပါးဝနေတာ၊ ဖအေကို ဖအေမှန်းမသိ၊ မာကျောကျောနဲ့၊ အမြည်းကိုသာ မင်း ဆက်ကြော်၊ ရော့ . . . ခွေးမလေး သွားဝယ်ချေ"

အရက်ဆိုင်သို့ ဝေ လုံးဝမသွားချင်။ ဆိုင်ရှေ့ကပင်မဖြတ်ချင်၊ အစက်ဆုပ်ဆုံး၊ အရွံဆုံး။ သူ့ကို အဖေဒေါထနေမှန်းသိသည်၊ ဝေ လုံးဝ မလှုပ်။

"ဟေ့ . . . ကောင်မလေး၊ အခု . . . သွား"

"အို . . . မသွားရဘူး၊ မဝယ်နဲ့သမီး"

ပေတေတေ လုပ်နေသော ဝေ့ကို အဖေဒေါသဖြစ်ကာ ရှေ့က ကာဆီး ကာဆီးလုပ်နေသော အမေ့ကိုပိတ်ကန်လိုက်လေသည်။

"အမေ . . . အမေ . . . ဘယ်လိုလုပ်လိုက်တာလဲ"

ကြမ်းပြင်ပေါ်တွင် လိမ့်ခနဲခွေကျသွားသော အမေ့ကို ပြေးထူသည်။ အမေသည် အရုပ်ကလေးတစ်ရုပ်လို ငြိမ်သက်နေ၏။ နှုတ်ခမ်းပြတ်မတတ် အံကြိတ်ထားသော ဝေက နီရဲ၍ အရက်ခိုးထနေသော အဖေ့မျက်နှာ ဖောဖောသွပ်သွပ်ကြီးကို စူးခနဲတစ်ချက်မော့ကြည့်စဉ် အမေသည် ဆိုးသွမ်းသော အရက်သမားကြီးအဖေနှင့် သူတို့ မောင်နှမ နှစ်ယောက်ကို လောကကြီးမှ အပြီးအပိုင်စွန့်ခွာသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဦးနှောက်ကြော ပြတ်သွားသတဲ့"

အဖေသည်လည်း ထိုက်သင့်သော ပြစ်ဒဏ်ကိုခံစားရလေသည်။ အရက်သမားဟူသော ဝိသေသအပြင် ထောင်မင်းသားဟူသော ဘွဲ့ကိုပါ ရရှိသွားပါသည်။

* * *

အမေ့အစ်မ ဒေါ်ကြီးတို့ကြောင့်သာ အမေဖြစ်စေချင်သော ဘွဲ့ကလေးကို ဝေ ရရှိခဲ့ခြင်းဖြစ်၏။ အလုပ်လုပ်ရင်း၊ စာပေးစာယူတက်ရင်း၊ မောင်လေးရဲ့ရှေ့ရေးကို ဖေးမရင်း အသက်နှင့်မမျှ ဘဝကို ရုန်းကန်ခဲ့ရပါသည်။

ဤမှာ ကိုဦးနှင့် ဆုံခဲ့ရခြင်းဖြစ်၏။ အလုပ်ခွင်တွင် ရိုးသားသော၊ ကြိုးစားသောသူကို မိမိအထက်အရာရှိက ဖော်ရွေသည်မှာ မဆန်းပါ။ အရေးတယူရှိသည်မှာ မဆန်းပါ၊ ဤသို့ပင် ထင်မိခဲ့၏။

သို့သော် ကိုဦးက မမျှော်လင့်စွာဖွင့်ဟလာတော့ ဝေ ရင်ခုန်ချိန်ပင်မရ၊ အံ့အားသင့်နေမိ၏။ ရိုးဖြောင့်သော၊ ဟန်တွေ၊ ပန်တွေကင်းသော၊ ထက်အောက်ခြားနားမှုမထားဘဲ ဝန်ထမ်းများကို ညှာတာစွာ၊ စာနာစွာ ဆက်ဆံတတ်သော ကိုဦးကို လေးစားမိခဲ့၏။ တိတ်တခိုး မြတ်နိုးကြည်ညိုမိခဲ့ပါသည်။ မိမိဘဝနှင့် ဘာမှမဆိုင်သော ကိုဦးဘဝကို မမျှော်မှန်းမိသည်တော့အမှန်ပါ။

တကယ်တမ်းဖွင့်ဟလာတော့ ဟန်မဆောင်တတ်သူပီပီ ခေါင်းညိတ်မိ၏။ ကိုဦးက သူ့ဘဝသူ့ကြောင်းကို ပြောပြခဲ့သည်။ သူကလည်း ရင်ထဲတွင် ကြာမြင့်စွာသိုဝှက်မေ့ပျောက်ထားသော ထောင်ထဲမှ အဖေ့အကြောင်း ကို ပြောပြခဲ့သည်။

အရက်သမားအဖေကြောင့် ငြိမ်းချမ်းသော ဝေတို့ ဘဝကလေး အစိတ်စိတ်အမြွာမြွာကွဲခဲ့ရပုံကိုပြောတော့ ကိုဦးက ကရုဏာသက်စွာ နှစ်သိမ့်အားပေး၏။

"ကိုဦးကို ဝေ သဘောကျလက်ခံမိတာက အရက်မသောက်တတ်တဲ့အချက်လည်း ပါပါတယ်။ ဟိုတစ်လောကဌာနက ထမင်းစားပွဲမှာ ကိုဦး လုံးဝမသောက်တာတွေ့တော့ ကျေနပ်ဝမ်းသာခဲ့ရတယ်။ အင်မတန် သိမ်မွေ့ပြီး စိတ်သဘောထားပြည့်ဝတဲ့အမေနဲ့ အရက်ကြောင့် သေကွဲကွဲခဲ့ပြီး အဖေနဲ့လဲ ရှင်ကွဲကွဲနေရတဲ့ ဝေ့ ရင်ထဲကအနာဟာ ကိုဦး နှစ်သိမ့်လို့ သက်သာသလို ရှိခဲ့တာပါ"

"စိတ်ချစမ်းပါ ဝေရယ် . . .၊ ကို ဘယ်တော့ မသောက်ပါဘူး။ ဝေ စိတ်ချမ်းသာစေရမယ်"

ကိုဦးက ဝံ့ဝံ့စားစား ကတိပေးတော့ ဝေ့ရင်ထဲချမ်းမြေ့လိုက်သည့်ဖြစ်ခြင်း၊

ဒေါ်ကြီးတို့ကလည်း သဘောကျသည်။ ကိုဦးကို ရည်မွန်သူ၊ ရိုးဖြောင့်သူအဖြစ် ကျေနပ်ကြ၏၊ ပြည်ပသို့ခြောက်လကြာ သင်တန်းသွားတက်မည့် ကိုဦးအတွက် ကြိုက်တတ်သည့်အရိုးတောင်းလက်ဖက်ကို မန္တလေးကပင် မှာပေးသည်။ ခြောက်လသွားမည်ကို ခြောက်နှစ်လောက်ကြာမည်ဟုများ ထင်သလားမသိ။ ကိုဦး အလွန်သည်းနေသည်၊ ညနေတိုင်း ကိုဦးရောက်လာတတ်၏။ စကားလက်ဆုံ ပြောမကုန်ဖြစ်ကြသည်။

မနက်ဖြန်မနက်ငါးနာရီတွင် ကိုဦး ပြည်ပသို့သွားတော့မည် ဖြစ်၏။ တကယ်တမ်းခွဲခွာရမည့်ဆိုတော့ ခဏဖြစ်သော်လည်း ဝေ မခွဲချင်၊ မသွားမီကပင် လွမ်းချင်နေသည်၊ ညနေစာလာစားမည့် ကိုဦးအတွက် ကိုဦးကြိုက်တတ်သော မျှစ်ချဉ်နှင့်ငါးကို ဝေကိုယ်တိုင်ချက်သည်၊ ဒေါ်ကြီးက ငါးဖယ်သုပ် သုပ်နေသည်။ မောင်လေးက ငါးဖယ်သုပ်ထဲ ထည့်ရန် ရှောက်ရွက်နုနုလေးတွေကို ခူးနေ၏။ ဝေတို့တစ်အိမ်လုံး ကိုဦးအတွက် အားသွန်ခွန်စိုက် ဖြစ်နေကြလေသည်၊

"ဝေရေ . . . ဟေး . . . ဝေ အချစ်ရေ . . ."

www.burmeseclassic.com

ဝေ ဆတ်ခနဲ ဖြစ်သွား၏ ကိုဦး . . . ကိုဦးပါလား။

"ဝေ . . . အော၊ ဝေ . . . အချစ်ကလေး"

အနီးတွင် ငါးဖယ်သုပ်သုပ်နေသော ဒေါ်ကြီးကို မဝံ့မရဲကြည့်ရင်း ဝေ့ မျက်နှာတစ်ခုလုံး ထူပူနေ၏။

"ကိုဦး ရောက်နေပြီထင်တယ်၊ ထားခဲ့လေသမီး . . ."

ဒေါ်ကြီးက လူကြီးပီပီဟန်မပျက်ပြောသော်လည်း ဝေ့ တစ်ကိုယ်လုံး ရှက်စိတ်ကြောင့် တုန်ယင်သလိုဖြစ်နေ၏။ ကိုဦးကလည်းကွယ်၊ ခွဲရခါနီးလေ သဲလေပဲ၊ ကျေနပ်စိတ်တစ်ဝက်၊ ရှက်စိတ်တစ်ဝက်ဖြင့် အိမ်ရှေ့သို့ အပြေးကလေးထွက်ခဲ့၏။

"ဟင် . . ."

ဝေ့တစ်ကိုယ်လုံး မြောက်တက်သွားမတတ် ခံစားလိုက်ရပါသည်၊ ဆက်တိုက်နောက်မှီကို ကမန်းကတန်းလှမ်းကိုင်ရင်း ပြိုလဲကျမသွားစေရန် စိတ်ကို တင်းထားရ၏။ ဝမ်းနည်းစိတ်၊ ယူကျုံးမရစိတ်၊ ရှက်စိတ်၊ နာကြည်းစိတ်တို့သည် လည်ချောင်းအထိ ဆို့တက်တိုးဝှေ့လာကြ၏။

တိုက်ပုံအင်္ကျီကို ဖရိုဖရဲကိုင်ကာ ဒယိမ်းဒယိုင်ဖြစ်နေသော ကိုဦးကို မယုံကြည်လွန်းစွာ ကြောင်ကြည့်နေမိသည်။

"ဟိုကောင် . . . သိုက် . . . သိုက်ထွန်းတို့ပေါ့ဝေရာ . . .။ မလုပ်ပါရစေနဲ့ဆိုတာ မရဘူး။ သူ . . . သူတို့က ကိုဦးကို ကွန်ဂရက်ကျူလေးရှင်း လုပ်ကြလို့ ခွင့်လွှတ်နော် . . . အချစ် . . ."

သစ်သားစတွေ ကျိုးကြေသွားမတတ် ဆုပ်ကိုင်ထားသော ဝေ၏ လက်ချောင်းများသည် တဆတ်ဆတ်တုန်လျက်ရှိ၏။

ဝေ့တက်လာသောမျက်ဝန်းမှ မှုန်ဝါးဝါးမြင်တွေ့နေရသော ကိုဦး မျက်နှာကို ဆုံးရှုံးခြင်းအသိဖြင့် စူးခနဲတစ်ချက်ကြည့်ရင်း အိမ်ထဲသို့ ချာခနဲ ပြေးဝင်လာခဲ့သည်။

"ဝေ . . . အချစ်၊ ဝေရေ . . . ကိုယ့်ကို ပစ်မသွားပါနဲ့ကွယ်"



စကားပီသအောင်ပြောနေလျက် လျှာလေးကြီးဖြစ်နေသော ကိုဦးအသံကို မကြားမိအောင် နားပိတ်ရင်း ဒေါ်ကြီးရှိရာသို့ ပြေးလာခဲ့၏။

"ဟဲ့ . . . ဟဲ့ . . . ဘယ်လိုဖြစ်လာလဲ သမီး . . ."

ဒေါ်ကြီးက ဝေ့ကို ဆီးကြိုပွေ့ဖက်ရင်း တအံ့တဩဖြစ်နေသည်။ ဝေ ဘာမျှမပြောနိုင်။ ဒေါ်ကြီးကို တအားဖက်ကာ ရှိုက်ငိုချလိုက်လေသည်။

"သူ . . . သူ အရက်တွေသောက်လာတယ် . . . ဒေါ်ကြီးရဲ့"

* * * * *

"သမီးရယ် . . . ကိုင်လိုက်ပါ။ သုံးလေးခါ ရှိနေပါပြီ . . .။ လေယာဉ်ထွက်ခါနီး စိတ်မကောင်းဖြစ်အောင်မလုပ်ပါနဲ့ကွယ် . . .။ တစ်ကြိမ်တစ်ခါပဲ ခွင့်လွှတ်လိုက်ပါ။ သူလည်း မတတ်သာလို့ သောက်ရရှာတာပါ။ သူ့အတွက် လုပ်ကြတဲ့ပွဲဆိုတော့ ငြင်းလို့ဘယ်ကောင်းမှာလဲ သမီးရယ်။ ကိုင်လိုက်ပါကွယ်၊ သမီးကို မောင်ဦးက ကိုယ်တိုင်မှ မတောင်းပန်ရရင် ခရီးသွားမဖြောင့်လို့ပါတဲ့ . . ."

ဒေါ်ကြီးက ဘယ်လိုဖျောင်းဖျဖျောင်းဖျ ခေါင်းသာ တွင်တွင်ခါနေမိ၏၊ ဝေ့ ရင်ထဲကအနာက စူးရှနေဆဲပါ။ ပျောက်လွင့်မသွားသေးဘဲ လတ်ဆတ်နေမြဲဖြစ်သည့် ရင်ထဲကအနာကို ကိုဦးမသိတော့ဘူးလားကွယ်။ ပြိုကျလာတော့မည့် မျက်ဝန်းအစုံမှ မျက်ရည်စများကို တင်းခံရင်း၊ အဆက်မပြတ်မြည်နေသော တယ်လီဖုန်းကို စူးရဲရဲစိုက်ကြည့်ရင်း မကိုင်မိအောင် စိတ်ကိုတင်းထားနေရပါသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

# သင်္ဘောဈေး

ကျွန်မသည် မြစ်ဝကျွန်းပေါ်သူဖြစ်ပါသည်။ မြစ်ဝကျွန်းပေါ် အရပ်သည် ရေလမ်းခရီးသာများ၏၊ ထို့ကြောင့် ကျွန်မသည်ငယ်စဉ်ကပင် လှေ၊ သင်္ဘောတို့နှင့် ကျောင်းတက်ရမည်ဆိုသောအခါ ဖေဖေနှင့်မေမေတို့ လိုက်ပို့ကြလေသည်။ ကျွန်မတို့စီးမည့်သင်္ဘောသည် ရန်ကုန်တွင် ကျောင်းတက်ကြမည့် ကျောင်းသူကျောင်းသားများဖြင့် ပြည့်နေ၏။

တက္ကသိုလ်ကျောင်းတက်ကြမည့် ကျွန်မတို့ကို သက်ဆိုင်ရာ ဆွေမျိုး၊ မိတ်ဆွေများက လိုက်ပို့ကြ၏၊ အမှတ်တရလက်ဆောင်ကလေးများပေးကြသည်။ ကျွန်မသည်လည်း အခြားသူများနည်းတူ ဆွေမျိုး၊ သူငယ်ချင်းများကပေးသော လက်ဆောင်ပစ္စည်းများ၊ စားဖွယ်သောက်ဖွယ်ပစ္စည်းများနှင့် ဝိုင်းဝိုင်းလည်နေတော့၏။ ကောက်ညှင်းထုပ်၊ ငှက်ပျောသီး၊ ချိုချဉ်၊ ပုစွန်ချဉ်၊ ပုစွန်ဆီပုလင်း၊ ငါးခြောက်ကြော်ပုလင်း၊ အကျီ၊ မုန့်မျိုးစုံစသည့်ပစ္စည်းများသည် သင်္ဘောရှိ ကျောင်းသူကျောင်းသားတိုင်းတွင် ရှိနေကြ၏။

"ကျောင်းသွားတက်တာနဲ့ မတူဘူး။ စားစရာသောက်စရာတွေ တောင်ပုံရာပုံနဲ့ဆိုတော့ ဈေးသွားရောင်းမယ့် ဈေးသည်တွေနဲ့ မတူဘူးလားဟဲ့ . . ."





အရာရာရှုတ်တတ်၊ နောက်တတ်လေ့ရှိသော ရဲသောင်းက သူ့ရှေ့မှ ကောက်ညှင်းထုပ်တွဲကြီးနှင့် ပုစွန်ချဉ်ထုပ်တွဲကြီးကို မြှောက်ပြရင်းပြောတော့ ကျွန်မတို့အားလုံး သူကိုနှုတ်ခမ်းစူပြီး မျက်စောင်းဝိုင်းထိုးကြ၏။ "တက္ကသိုလ်ကျောင်းသား" ဟူသော ဂုဏ်ပုဒ်ကို အမြတ်တနိုး ဟန်လုပ်ချင်စိတ်ရှိနေကြသော တက္ကသိုလ်ကျောင်းသူအသစ်ကျပ်ချွတ်ဖြစ်နေသော ကျွန်မတို့သည် "ဈေးသည်" ဟု စနောက်နေခြင်းကို မကျေနပ်ချင်ပေ။

"ဟုတ်တယ် သမီးရဲ့။ မောင်ရဲသောင်းပြောတာ မှန်သားပဲ၊ သမီးတို့မှာ ဈေးရောင်းသလိုပစ္စည်းတွေစုံနေကြတော့ ဈေးသည်တွေ တင်ဆောင်လာတဲ့ ဈေးသင်္ဘောကြီးနဲ့ တူနေတာပေါ့ ဟား . . . ဟား"

ဖေဖေက နှုတ်ခမ်းစူထားသော ကျွန်မကို စိတ်ပြေအောင်နှစ်သိမ့်သည်။ ယခုအခါ ဖေဖေကွယ်လွန်သွားသည်မှာ ကြာပါပြီ။ ဖေဖေပြောခဲ့ဖူးသော "ဈေးသင်္ဘောကြီး" ဟူသော ဝေါဟာရကို သတင်းစာတွင် အမှတ်မထင်တွေ့ရှိပါသည်။ ယနေ့ဈေးကွက်စီးပွားရေးကာလတွင် ထူးခြားမှုတစ်ခုဟု ဆိုနိုင်ပါသည်။ သင်္ဘောတစ်ခုလုံးတွင် ကုန်မျိုးစုံတင်ကာ သင်္ဘောဆိပ်ကမ်းမြို့များသို့ ဆိုက်ကပ်ပေမည်။ လူသုံးကုန်ပစ္စည်းမျိုးစုံကို ရောင်းချမည့် ဈေးသင်္ဘောကြီးဖြစ်ပါသည်။ ဖေဖေပြောခဲ့ဖူးသော 'ဈေးသင်္ဘောကြီး' ကို ယနေ့ ကျွန်မတို့ လက်တွေ့ဝယ်ယူခံစားခွင့် ရရှိတော့မည်တကား။

* * *

ကျွန်မမွေးရပ်မြေသို့ပြန်သောအခါ ယခင်ကထက်ပို၍ စည်ကားနေသည်ကို တွေ့ရ၏။ ရန်ကုန် - ဖျာပုံကားလမ်းပင် ပြေးဆွဲနေပြီဖြစ်ပါသည်။ ပတ်ဝန်းကျင်သဘာဝအလှကို အေးအေးဆေးဆေးစွာငေးမောလို

www.burmeseclassic.com

www.burmeseclassic.com

သော ကျွန်မသည် မွေးရပ်မြေသို့ ရေလမ်းဖြင့်သာ ပြန်ခဲ့သည်။ သင်္ဘောပေါ်တွင် ဈေးရောင်းဈေးဝယ်များ ပြည့်နှက်နေ၏။

"သင်္ဘောပေါ်ရှိ မိဘဆွေမျိုးညီအစ်ကို မောင်နှမများ ခင်ဗျာ၊ . . . အခု . . . ကျွန်တော့လက်ထဲမှာ ကိုင်ထားတာကတော့ ဆင်စားကျောက်နက်ဖြစ်ပါတယ်။ အဲ့ဒီ ဆင်စားကျောက်နက်ဟာ . . . ကိုးဆယ့်ခြောက်ပါးရောဂါအားလုံး မပျောက်ပါဘူး။ ဒါပေမဲ့ . . . ရောဂါသုံးမျိုးကိုတော့ ပျောက်ပါတယ် . . ."

ဈေးရောင်းသူ၏ အာဝဇ္ဇန်းကြောင့် ကျွန်မအပါအဝင် ခရီးသည်များအားလုံး စိတ်ဝင်စားသွားကြသည်။ ဆင်စားကျောက်နက်မန်ကျည်းစေ့တစ်ခဲကို ၂၅ ကျပ် ဖြစ်၏။ အရေပြားပေါ်တွင် ဖြစ်တတ်သော ပွေး၊ ဝဲ၊ ကြွက်နို့ပျောက်သည်ဟု ဆို၏။ ကြက်ဖမွေးဖောင်းနှင့် ကပြတ်ရွာမှ အဒေါ်ကြီးနှင့် အဘတို့က အလုအယက်တစ်ရာဖိုး ဝယ်ကြလေသည်။ သင်္ဘောဈေးသည်တွေ များလှ၏။ ဆင်စားကျောက်နက်ပြီးတော့ မရှော့ဆီရောင်းသည်။ မရှော့ဆီ ပြီးတော့ လေနိုင်ဆေးရောင်းသည်။ လေနိုင်ဆေးပြီးတော့ အစာအိမ်၊ သွေးတိုးရောဂါကို နိုင်နင်းသည်ဆိုသော အာယုသုခဈေးသည်၊ အသံချွဲ့စက်ကလေးနှင့် တစာစာအော်သည်။ နမူနာဆေးပေးသည်။ တစ်ခုချစ်စရာကောင်းသည်မှာ သင်္ဘောဈေးသည်များသည် စည်းကမ်းရှိကြ၏။ အလုအယက်မရောင်း။ တစ်ဦးက အာဝဇ္ဇန်းကောင်းကောင်းဖြင့်ညွှန်းနေသမျှကို ကျန်ဈေးသည်များက သူ့အလှည့်နှင့်သူ ကြည်ဖြူစွာ၊ စိတ်ရှည်စွာ စောင့်ကြသည်။ တစ်ဦးပြီးမှ တစ်ဦးက ဝင်ရောင်းသည်။ သင်္ဘောပေါ်တွင် သင်္ဘောဈေးသည်တို့ဖြင့် ခြေချင်းလိမ်နေကြတော့၏။

တရွေ့ရွေ့ထွက်ခွာလာသော ကျွန်မတို့သင်္ဘောကြီးသည် ဆိပ်ကမ်းတစ်ခုရောက်တိုင်း ဆိုက်ကပ်၏။ တက်သူဆင်းသူ ခရီးသည်များကြားတွင် မာလကာသီး၊ ငှက်ပျောသီး၊ မုန့်ဖက်ထုပ်၊ မုန့်ဟင်းခါး၊ ထမင်းထုပ်၊ ကြံချောင်း၊ ရှုံးပတီသီး၊ ပဲသီး စသည့် ရာသီသီးနှံများကို



အော်ဟစ်ရောင်းကြလေသည်။ သင်္ဘောထွက်သွားသောအခါ သင်္ဘောဆိပ်ကမ်းနှင့်အတူ ကျန်ရစ်ခဲ့လေသည်။

* * *

ကျွန်မ အိပ်ပျော်သွားခဲ့သည်။

စူးရှစွာ အော်ဟစ်သံများကြောင့် ဖျတ်ခနဲ နိုးလာ၏။ သင်္ဘောလက်ရမ်းတွင် လူများစုပြုံကာ ရုတ်ရုတ်သဲသဲတွေ့ရသည်။ ထကြည့်သည်။ လဟွယ်ရက်မို့ မပီဝိုးတဝါး မှုန်ပြပြမြင်ရ၏။

"ဘာဖြစ်လို့လဲ . . ."

ကျွန်မဘေးမှ အဒေါ်ကြီးတစ်ဦးက ထိတ်လန့်သံဖြင့်မေးသည်။ ရေစီးသန်သောကြောင့် မုန့်ဟင်းခါးသည် လှေတလေးသည် တော်တော်နှင့် ကပ်၍မရပေ။ ကပ်ပြီးစ ပဲသီးသည်လှေက သင်္ဘောသံတန်းကို အလျင်အမြန်ကြိုးချည်၏။ ကျန်ကြိုးတစ်ချောင်းဖြင့် ရေစီးတွင် ချာလည်လည်ဖြစ်နေကာ ကျားကုတ်ကျားခဲ လှော်ခတ်နေရှာသော ဘဝတူမုန့်ဟင်းခါးသည်လှေကလေးရှိရာသို့ ပစ်ပေးသည်။ ကြိုးစသည် မရောက်။ နှစ်ကြိမ် သုံးကြိမ်ပစ်မှ ရသွား၏။ ကြိုးစကို လှမ်းဆွဲနိုင်ပြီဖြစ်သော မုန့်ဟင်းခါးသည် လှေကလေးသည် လှော်ရင်းကြိုးစကို ဆွဲရင်း သင်္ဘောဘေးသို့ နီးကပ်လာ၏။

"ကလေးမ၊ ခုန ဘာဖြစ်တာလဲ . . ."

[illegible]လမ်းခရီး သွားဖူးဟန်မတူသော ထိတ်လန့်သံမပျောက်သေးသော အဒေါ်ကြီးသည် အရဲစွန့်ကာ ကျွန်မနားရပ်လာ၏။

"ပဲသီးသည်လှေကလေးကပ်ထာ သင်္ဘောနဲ့တိုက်ပြီး လည်ထွက်သွားလို့ အော်ကြတာပါ"

"ဒီလှေတွေ ဘာတွေလဲဟင် . . ."

"သင်္ဘောဈေးသည်တွေလေ . . ."

www.burmeseclassic.com

"ဟုတ်လား . . . သူတို့ သူတို့က"

အဒေါ်ကြီးသည် တအံ့တသြဖြစ်နေ၏။

"ဟုတ်ပါတယ်။ သင်္ဘောတွေလာတိုင်း ဒီလိုပဲ သူတို့ခြံထွက် ပစ္စည်းတွေ၊ အိမ်လုပ်မုန့်ကလေးတွေကို လာရောင်းကြတယ်။ ဆိုက်ကပ်သမျှသင်္ဘောတွေကို အမှီပြုပြီး ရောင်းချစားသောက်နေကြတဲ့ ဈေးသည် ကလေးတွေပေါ့"

ကျွန်မတို့ကြည့်နေစဉ်မှာပင် တစ်လှေပြီးတစ်လှေ ကျွမ်းကျင်စွာ ကပ်ဆိုက် ဆိုက်လာကြသည်မှာ ကြည့်လို့ပင်ကောင်းသေးတော့၏။ ရေစီး အရှိန်ဖြင့် လှော်ခတ်လာသောလှေကို ကျွမ်းကျင်စွာမကပ်တတ်လျှင် သင်္ဘောနှင့်ရိုက်သလိုဖြစ်ပြီး တိမ်းမှောက်နစ်မြုပ်သွားနိုင်ပါသည်။

"မုန့်ဟင်းခါး ပူပူကလေးရမယ်နော် . . ."

"ပဲသီးတွေ . . . ပဲသီးတွေဗျို့"

"မာလကာသီး ပွပွကြီးတွေရမယ်"

"ကြံ . . . ကြံ . . . ကြံစည်းတွေနော် . . . ကြံစည်းတွေ"

တစ်လှေပြီးတစ်လှေ ဆိုက်ကပ်လာသော သင်္ဘောဈေးသည် ကလေးများ၏အသံသည် စာစာညံနေတော့၏။

"မုန့်ဟင်းခါး ပူပူကလေးနော်"

အငွေ့တထောင်းထောင်းထနေသော မုန့်ပန်းကန်ကလေးကိုင်ကာ တက်လာ၏။ ငါးပေါသော မြစ်ဝကျွန်းပေါ်ခရီးလမ်းဖြစ်သည်ဖြင့် ဟင်းကြည့်လိုက်ရုံဖြင့် ငါးခူ၊ ငါးကျည်းဖြင့်ချက်ထားမှန်း သိသာနေကြသည်။

"ဟဲ့ . . . မွှေးသားနော်။ ကလေးမ အဒေါ်လည်း တစ်ပွဲပေးအေ . . ."

ကျွန်မဘေးမှ အဒေါ်ကြီးသည် ကျွန်မစားနေသည်ကို ကြည့်ပြီး တစ်ပွဲမှာလေသည်။ ဖျတ်လတ်သွက်လက်သောကလေးမကလေးက



အငွေ့တထောင်းထောင်းထနေသော မုန့်ပန်းကန်ကလေးကို ပြေးယူလာ၏။ အဒေါ်ကြီးသည် အားရပါးရစား၏။

အေး . . ကောင်းသားအေ့။ ငါက ဒီလို သင်္ဘောဈေးသည်တွေရောင်းတာ ကောင်းမယ်လို့မထင်မိပါဘူးကွယ်။ တစ်ပွဲပေးပါဦးအေ

"အကြော်နဲ့ နောက်ထပ်တစ်ပွဲ . . ."

မုန့်ဟင်းခါးသည်မကလေးသည် သင်္ဘောပေါ်မှအောက်သို့ လှမ်းအော်ရင်း ပြေးဆင်းသွားပြန်သည်။

"ဘယ်ကနေ မုန့်ပြင်ပေးနေတာလဲကွဲ့ . . ."

အဒေါ်ကြီးသည် ရေလမ်းခရီးအတွေ့အကြုံကို ယခုမှကြုံရပုံရပါသည်။ မုန့်ပန်းကန်ကလေး ဆင်းဆင်းယူနေသော ကလေးမကလေးကိုလည်း စိတ်ဝင်စားနေပုံရ၏။

"သူတို့က ဒီဆိပ်ကမ်းကပ်တဲ့နေရာနဲ့ မနီးမဝေးက ရွာတွေက လာရောင်းကြတာ အဒေါ်ရဲ့။ လှေနဲ့လာရောင်းကြတဲ့ သင်္ဘောဈေးသည်တွေရဲ့ သဘာဝအတိုင်း လှေပေါ်မှာ မီးဖိုကလေးဖိုပြီး တစ်ယောက်က သင်္ဘောပေါ်လိုက်အော်၊ လှေထဲက တစ်ဦးက အဆင်သင့်ပြင်ပေး။ ဒါကြောင့် ဟင်းရည်က အမြဲပူပူကလေးဖြစ်နေတာ အဒေါ်ရဲ့"

ထိုစဉ် မုန့်ပန်းကန်ကလေးကိုင်ကာ မိန်းကလေးရောက်လာ၏။ ကုန်လုကုန်ခင်ဖြစ်နေသော အဒေါ်ကြီးသည် မုန့်ပန်းကန်အသစ်ကို လှမ်းယူ၏။

"လှေပေါ်က ဘယ်သူက ထည့်ပြင်ပေးနေလဲ"

ကျွန်မက အဒေါ်ကြီးသိချင်နေသည်ကို မေးလိုက်သည်။

"ကိုရင်ကျော် ပြင်ပေးနေတာပါ။ ကိုရင်ကျော်ဆိုတာ ကျွန်မယောကျ်ားပေါ့။ အစ်မ ပဲသီး၊ သံပရာသီးရော ဝယ်ပါဦးလား"

ပြောပြောဆိုဆို အနီးသို့ရောက်လာသော ကလေးတစ်ဦးလက်ထဲမှ ပဲသီးလေးငါးစည်းကို လှမ်းယူလိုက်ရင်း . . .

www.burmeseclassic.com

www.burmeseclassic.com

"ပဲသီးတွေ၊ သံပရာသီးတွေနော် ပေါတယ်၊ လတ်တယ် ပဲသီးတွေ၊ သံပရာသီးတွေ"

ပဲသီးအစည်းကို မြှောက်ကာမြှောက်ကာအော်နေစဉ် မနီးမဝေးနေရာမှာ မုန့်ဟင်းခါးဟု အော်ခေါ်သံကြားသဖြင့် ကလေးမကလေး သုတ်ခနဲသွားလေသည်။ သူ့နှုတ်မှလည်း ပဲသီး၊ သံပရာသီးတွေ လတ်လတ် ဆတ်ဆတ်ရမယ်ဟု အော်ဟစ်သွားသေး၏။

"ပဲသီးရောင်းတာက ကျွန်မသားအလတ်ကောင်ပေါ့။ ကိုရင်ကျော်က သီးနှံတွေအစုံစိုက်တာ၊ မာလကာသီးတွေလည်း တအားသီးပဲ၊ ဟိုဘက်ဆိုက်နေတဲ့ သင်္ဘောပေါ်မှာ အကြီးကောင်က မာလကာသီးတွေ ရောင်းတယ်"

မုန့်ဟင်းခါးသည်မိန်းကလေးသည် ပန်းကန်များသိမ်းရင်း၊ ငွေရှင်းပေးရင်းပြော၏၊ ကျွန်မတို့ရှေ့မှ ညီအစ်မနှစ်ယောက်ကလည်း ကျွန်မတို့စားသည်ကိုအားကျလာသည် ထင်၏။ မုန့်ဟင်ခါးနှစ်ပွဲ မှာလေသည်၊

"တွဲတေးရော ရန်ကုန်ရော သွားရောင်းဖို့ဆိုတာ အလုပ်တွေနဲ့ မအားလပ်ဘူး၊ လုပ်ခွင်က ကိုရင်ကျော်ကခွာလို့ ရတာမဟုတ်ဘူး၊ တစ်နိုင်တစ်ပိုင်အလုပ်တွေနဲ့ ကျွန်မတို့မှာ အချိန်လုနေရတာ"

မိန်းကလေးသည် အတော်အတန်ဗဟုသုတရှိဟန် တူပါသည်၊ သူ့စကားများတွင် ယနေ့ခေတ်သုံး စီးပွားရေးစကားကလေးတွေ ပါနေ၏၊

"ဒီတော့ 'ဈေးကွက်စီးပွားရေး' မရှိဘူးပေါ့ ဟုတ်လား ညီမ"

ကျွန်မက အထိုက်အလျောက် ဗဟုသုတရှိဟန်တူသော မိန်းကလေးကို နှောက်လိုက်၏၊

"ဟုတ်တယ် အစ်မ၊ အစ်မပြောသလို ကျွန်မတို့မှာ မအားလပ်ကြတော့ လုပ်ခွင်က ခွာနိုင်ချိန် မရှိတော့ 'ဈေးကွက် စီးပွားရေး' မရှိဘူး၊ ဒါကြောင့် ထွက်ကုန်တွေ အလဟဿမဖြစ်ရအောင် 'သင်္ဘောဈေး' ဈေးကွက်စီးပွားရေးကို ကြိုးပမ်းနေရတော့တာပဲ အစ်မရယ် . . ."



"ကြိုးစားမှုဟာ အောင်မြင်ခြင်းပါ ညီမရယ် . . ."

"ဟုတ်ကဲ့ . . . ကြိုးစားပါတယ်။ ကျွန်မရော . : ကိုရင်ကျော်ရော ရှစ်တန်းအောင်တယ်၊ ကျွန်မတို့ မိဘကလယ်ဥယျာဉ်လုပ်တယ်၊ မွေးမြူရေးလုပ်တယ်၊ ကျွန်မတို့က မိဘတွေရဲ့ လက်ငုတ်လက်ရင်း ဥယျာဉ်လုပ်ပြီး ဥဒဟိုခုတ်မောင်းသွားလာနေတဲ့သင်္ဘောပေါ် ဈေးတက်ရောင်းတယ်။ အဟောင်းဟာင်း . . . ကျွန်မတို့ မိသားစုရဲ့ စီးပွားရေးကို သင်္ဘောပေါ်မှာ ဖွင့်လိုက်တယ်ပေါ့လေ။ ဒီလိုနဲ့ သင်္ဘောဈေးသည်ဘဝရောက်လာတာပဲ အစ်မရေ"

မုန့်ဟင်းခါးသည်မကလေး၏ ဘဝတစ်စိတ်တစ်ပိုင်းကို ကြားရသည်မှာ စိတ်ဝင်စားစရာ ကောင်းလှပါသည်၊ ယခင်က ဖောက်သည်ပေးရုံသာ စိတ်ကူးရှိခဲ့၏၊ ယခုတော့ ထွက်သမျှသီးနှံတို့ကို ကိုရင်ကျော်သည် လှေစောင့်ရ၊ မုန့်ဟင်းခါးပြင်ရင်းနှင့် သီးနှံများကို ရောင်းသည်၊ အလဟဿဆုံးရှုံးနေခဲ့သော ကုန်တွေကို သင်္ဘောဈေးသည် ဘဝဖြင့် ရဲရဲဝံ့ဝံ့ ဈေးကွက်စီးပွားရေး ဖွင့်နိုင်လေသည်၊

ကျွန်မသည် မုန့်ဟင်းခါးသည်မလေး မအေးမိတို့ ဇနီးမောင်နှံကို ဓာတ်ပုံရိုက်ထားချင်ပါသည်၊ ဘဝအတွက် ရှင်လန်းတက်ကြွစွာ အကောင်အထည်ဖော်နေပုံတို့သည် သက်ဝင်လှုပ်ရှားသော ပန်းချီကားတစ်ချပ်နှင့် တူလှ၏၊ ကျွန်မဘဝတွင် ကင်မရာမရှိချေ။ သူတို့၏ လှုပ်ရှားမှုကို စိတ်နှင့်သာ မှတ်တမ်းတင်နေပါ၏၊

ထိုသင်္ဘောဈေးသည်ကလေးများသည် ဘဝအတွက် မိမိတို့၏ တစ်နိုင်တစ်ပိုင်ကြိုးပမ်းမှု ရရှိဖြစ်ထွန်းလာသောကုန်များကို သင်္ဘောပေါ်တွင် ဈေးကွက်စီးပွားရေး မျက်နှာစာဖွင့်ကာ 'သင်္ဘောဈေး' သည်ကလေးအဖြစ် လှုပ်ရှားရုန်းကန်နေသည်မှာ အားကျလေးစားဖွယ် ဖြစ်၏၊

* * *

www.burmeseclassic.com

www.burmeseclassic.com

## ပင်ကိုသွေး

ဤသတင်းကို ယူဆောင်လာသူတို့မှာ ကလေးများဖြစ်ကြ၏။ သူတို့သည် မလှကျင်၏ အိမ်ကလေးမှကစားပြီး ပြန်လာကြကာ သတင်းပါလာခြင်း ဖြစ်လေသည်။

မလှကျင်သည် 'မင်းလှဆောင်' နှင့်မဝေးလှသော နေရာတွင် နေသူဖြစ်၏။ သူ့ယောကျ်ား မောင်ဘတင်က မင်းလှဆောင်မှ ဝန်ထမ်းတစ်ဦးဖြစ်လေသည်။ မင်းလှဆောင်သည် မိသားစု ဆရာ၊ ဆရာမများကို ထားသောအဆောင်ဖြစ်ခြင်းကြောင့် အခြားသော ကျောင်းသူ၊ ကျောင်းသားဆောင်များနှင့် ဝေးလေသည်။

ထို့ကြောင့် ဈေးဝယ်ခိုင်းလိုလျှင်၊ ခြင်ထောင်၊ စောင်များကို ဖွပ်လျှော်လိုလျှင်၊ ဆန်ပြာတီးလိုလျှင် မင်းလှဆောင်ရှိ ဆရာမများသည် မလှကျင်ကို ခေါ်ကြသည်။ မလှကျင်သည် စိတ်ရှည်သည်။ လုပ်ကိုင်ပုံ သပ်ရပ်သည်။ စေတနာထားသည်။ တန်ရာတန်ကြေး ရလျှင် ကျေနပ်သည်။ အခြားသူများကဲ့သို့ တန်ရာတန်ကြေးလုပ်ခ အပြင် ဘာမှမမျှော်ကိုး မတောင်းဆို။ အလုပ်ကို အလုပ်နှင့်တူအောင် လုပ်သည်။ ပြီးပြီးရော တာဝန်ကျေရုံမလုပ်ချေ။

မလှကျင် မအားလပ်၍ ဒေါ်စိန်ချစ်တို့၊ မအေးခင်တို့၊ မသိန်းဥတို့ ခိုင်းရသည့်အခါတွင် အလွန်စိတ်ညစ်ရ၏။ ဆပ်ပြာဖွဲ့ယူသည်။ ပြီးပြီးရောလုပ်သည်။ စောင့်ကြည့်နေမှ ရသည်။ စောင့်မကြည့်လျှင်





အဝတ်ကို ပြီးစလွယ်ဖွပ်သည်။ ချေးခိုင်းသောဆန်များ လျှော့တတ်သည်။ ဆန်ကွဲတွေတိတ်တိတ်ယူသည်။ စောင့်ကြည့်ပြန်တော့လည်း လုပ်ခ ထက်ပို၍ ဟိုဟာသည်ဟာလိုချင်ကြသည်။

မလှကျင်ကတော့ ဤသို့မဟုတ်။ ဘယ်တော့မှ မတောင်း။ ဘာအခွင့်အရေးမှမဆို။ ဆပ်ပြာ ဘယ်လောက်သေးသေး တိတိကျကျ ခွက်ထဲပြန်ထားခဲ့သည်။ ချပြီးဆန်ကွဲတို့ကို တိတိကျကျချိန်တွယ်ရန် ဇလုံထဲ ထည့်ပေးခဲ့သည်။ အဝတ်တွေကို စနစ်တကျ လှန်းပေးကာ အရေအတွက်ကို သေချာပြောခဲ့သည်။

ထို့ကြောင့် မလှကျင်ကို ချစ်ကြသည်။ ခင်ကြသည်။ အားကိုးကြသည်။ သူ့ယောကျ်ား မောင်ဘတင်လုပ်စာကလေးနှင့် သူ့အဖေ၊ သူ့အမေ၊ သူ့ကလေး လေးယောက်အပါအဝင် သူတို့မိသားစု ရှစ်ယောက်အဖို့ ဘယ်လိုမှ မလောက်ငနိုင်ပေ။ ကြံ့သမျှ ကြုံးရုန်းလုပ်သော်လည်း မလှကျင်တို့မိသားစု ဆန်ကွဲနေ့စဉ် စားနေရရှာသည်။ စိတ်ထားကောင်းသော၊ ရိုးသားသော မလှကျင်ကို ဆရာ၊ ဆရာမ မိသားစုတိုင်းက ချစ်ခင်ကြသည်မှာ မဆန်းတော့ပေ။

မလှကျင်သည် ဆင်းရဲနုံချာသော်လည်း စိတ်ဓာတ်မနုံချာပေ။ ဤသို့စေတနာရှိသော စိတ်ရင်းကောင်းသော မလှကျင်၏သတင်းကို ကြားတော့ အံ့ဩခြင်းမဖြစ်မိတော့ပေ။

"ဘယ်တုန်းကတဲ့လဲ"

"မနေ့ကတဲ့ မေမေ၊ မန်ကျည်းရွက်ရောင်းဖို့ မန်ကျည်းရွက်သွားခူးတာ။ အဲဒီမန်ကျည်းပင်အောက်က ရခဲ့တာတဲ့"

"ပိုက်ဆံနှစ်ရာရယ်၊ အနီးသုံးထည်ရယ် ပါတယ်တဲ့၊ ချမ်းသာ ကလေး မေမေရာ၊ သမီးတို့ နာမည်ပေးဖို့ လုပ်ကြရအောင်နော်"

ကလေးတို့သည် မလှကျင်တို့မိသားစုကို ခင်နေကြ၏။ သဘောကောင်းသော မလှကျင်တို့က ကလေးများကို လိုလားယုယစွာ ဆက်ဆံ

www.burmeseclassic.com

www.burmeseclassic.com


ကြသဖြင့် ကလေးတို့သည် ကျောင်းအားရက်တိုင်း မလှကျင်တို့အိမ်ကလေးဆီသို့ သွားကစားလေ့ ရှိကြလေသည်။

"ဟုတ်တယ်အန်တီ။ ကျွန်မတို့ နာမည်ပေးမယ်လို့ ပြောခဲ့တယ်"

"ယောကျ်ားလေးလား၊ မိန်းကလေးလား"

"ယောကျ်ားလေးရော၊ မိန်းကလေးရော မေမေရဲ့"

"ဟယ်. . . နှစ်ယောက်လား"

"ဟုတ်တယ်. . . အန်တီ၊ အမြွှာ. . . အမြွှာ"

"အမြွှာမောင်နှမ မေမေ. . ."

"အို. . . အမြွှာ"

အံ့ဩလွန်း၍ နှုတ်မှပင် ထွက်သွားသည်၊ ရင်ထဲ သိမ့်ခနဲ ဖြစ်သွား၏၊ ဘယ်သူများ မိမိရင်သွေးကလေးများကို ပစ်ရက်ကြပါလိမ့်နော်၊

"မန်ကျည်းပင်အောက်က အမြွှာကလေးနှစ်ယောက် ကောက်ရခဲ့တယ်တဲ့"

"မလှကျင် အမြွှာကလေးတွေ ရလာလို့တဲ့"

"မလှကျင် ကောက်ရလာတဲ့ အမြွှာကလေးတွေက သိပ်ချစ်စရာကောင်းတယ်တဲ့"

ကလေးတို့ကြောင့် မင်းလှဆောင်တစ်ဆောင်လုံး မလှကျင်၏ သတင်း တစ်ခဏချင်း ပျံ့နှံ့သွားလေသည်၊

* * *

မလှကျင်တို့အိမ်ကလေးဆီသို့ ရောက်သွားတော့ လူစည်ကားနေလေသည်။ မလှကျင်သည် လူအုပ်အလယ်မှ အူလျား၊ ဖားလျား ထလာ၏၊

"ဆရာမတို့ပါလား၊ လာကြပါ၊ လာကြပါရှင်. . ."

ဆရာမတစ်စုသည် မလှကျင် ပွေ့ချီထားသော ကလေးနှစ်ဦးကို အလုအယက်ကြည့်ကြ၏၊ ကလေးနှစ်ဦးမှာ ဝဝကစ်ကစ်ကလေးတွေ ဖြစ်သည်။ ချစ်စရာကောင်းလှ၏၊ ယောကျ်ားကလေးနှင့် မိန်းကလေး ခွဲမရအောင် တူလွန်းသည်၊ သူနို့ပိန်ကလေးကို ဟိုဘက်တစ်ယောက် သည်ဘက်တစ်ယောက် မရရအောင်တိုက်နေသော မလှကျင်ကိုကြည့်ပြီး ကြည်နူး ချမ်းမြေ့မှုများ ကူးစက်သွားလေသည်၊

အနှီးပိတ်စများ၊ အင်္ကျီစများ၊ နို့မှုန့်၊ နို့ဘူးစသည့်ပစ္စည်းများကို စု၍မလှကျင်ကို ဂုဏ်ပြုလက်ဆောင် ပေးခဲ့ကြလေသည်။

* * *

"ဟယ်. . . ဆွေဆွေ"

မမျှော်လင့်ဘဲ တွေ့လိုက်ရသော သူငယ်ချင်းကို ဝမ်းသာအားရ ဆီးကြိုသည်။

"မဆိုးဘူး။ နင်. . . ငါ့ကို မှတ်မိသားနော်"

"ထိုင် မိဆွေ၊ အမယ် ဘာလို့ မမှတ်မိရမှာလဲ၊ နင့်ရုပ်ကို ခွေးချီသွားတာတောင် မှတ်မိသေး၊ အဟင်းဟင်း ပြောသာပြောရတယ်၊ မြင်မြင်ချင်း ငါ ရုတ်တရက်ဝေဝေဝါ ဖြစ်သွားတယ်။ နင်ပြုံးလိုက်တော့မှ ရုပ်ကို ဖျတ်ခနဲပမ်းမိတယ်။ နေစမ်းပါဦး၊ နင်က ဘယ်သူ့အားကိုးနဲ့ ဒီလောက်ကြီး အားမနာပါးမနာ ဝနေရတာလဲ"

"ဝရတဲ့အကြောင်းလား အဟမ်း. . . ဝရတဲ့အကြောင်းရင်းက အဟင်း . . . ဟင်း . . . ဝလို့ပေါ့ဟယ်"

"နင့် မောင်တော် မပါဘူးလား"

"မပါဘူး။ အဖော်ကောင်းတာနဲ့ ဘုရားဖူးလိုက်လာတာ၊ ငါတာ ရွှေစက်တော်ဘုရား ဖူးချင်တာရယ်၊ မကွေးမှာ နင်ရှိကယ်ဆိုတဲ့ အချက်ရယ်၊ ဒါကြောင့်ပဲ လိုက်ဖြစ်ခဲ့တာ"

"မိဆွေရာ နင်ကလဲ တစ်ရက်ကလေးမှ မနေတော့ဘူးလား ဟယ်။ ကလေးငယ်မှ ရှိတာမှမဟုတ်ဘဲ"
www.burmeseclassic.com

www.burmeseclassic.com

"ကလေးငယ် မရှိပေမယ့် ရှိတဲ့ကလေးတစ်ယောက်ကလဲ တစ်ယောက်မို့သာ အလွန်ထိန်းရခက်ပဲ"

"ဘာတွေများ နင်က ထိန်းရလို့လဲ။ နာနီလက်ထဲထား၊ နာနီလက်ထဲကြီး၊ အဘိုးအဘွားတွေ ကြားထဲကြီးပြီး လူဖြစ်ရတာများ၊ မသိရင် ခက်မယ်"

"နင်. . . မသိပါဘူးဟယ်။ ငါက ဟိုကို ဒီကို သွားချင်လာချင်တာဟ။ ကလေးတစ်ယောက်ကလည်း တစ်ယောက်အလျောက် တာဝန်ကြီးတာပဲ၊ ငါ. . . ဒါကြောင့် အဝခံနေတာပေါ့"

"ဘာဆိုင်လဲ. . ."

"ဆိုင်တယ်လေ. . .၊ ကလေးမွေးရ ကလေးချီရ ကြီးပြင်းအောင် မွေးရတဲ့တာဝန်တွေ ဒုက္ခတွေကို မခံချင်တော့ဘူးကွာ။ ငါတို့မျိုးရိုးက ကလေးများများ မွေးတတ်တဲ့မျိုးကွ၊ ငါတို့မောင်နှမပဲကြည့်၊ ဆယ့်တစ်ယောက်။ ဒါကြောင့် တစ်ယောက်နဲ့တင် ပြီးအောင် ထိန်းနေရတယ်"

"ဒါနဲ့ ဝရောလား"

"အေးပေါ့။ ဒီဆေးမျိုးက တဲ့ရင် ဝတယ်. . .။ ထိုးဆေးရော၊ စားဆေးရော တစ်လှည့်စီ သုံးရတာပဲကွာ။ မတတ်နိုင်ဘူး။ ဝချင်မှ ဝတော့။ ကလေးတော့ လုံးဝ မယူချင်တော့ဘူး။"

"မိဆွေရယ်. . . ဖြစ်ရလေ. . ."

မိဆွေပြန်သွားသည်အထိ အတွေးတို့ ကစင့်ကလျား ကျန်ခဲ့လေသည်။ မိနဆွေဟုခေါ်သော ဆွေဆွေအောင်သည် မျိုးရိုးအစဉ်ဆက်တွင်းစာမျိုးများ ဖြစ်လေသည်။ လက်ဖျားခါလောက်အောင် ချမ်းသာခြင်း၊ ပြည့်စုံခြင်းဖြင့် ကြွယ်ဝသူ ဖြစ်လေသည်။



ဆင်းရဲခြင်း၊ ချို့ငဲ့ခြင်းဟူသည်ကို ကြုံဖူးရန်ဝေးစွ၊ ကြားဖူးပုံနားလည်ပုံပင် မရှိသူဖြစ်၏။ သို့ပါလျက် မိခင်စိတ်မရှိသော ငယ်သူငယ်ချင်းကို သတိရရင်း ရှန်းကန်လှုပ်ရှားနေရှာသော မလှကျင်ကလေးကို အမှတ်ရလိုက်၏။ မိမိ၏ရင်သွေး မဟုတ်ပါဘဲလျက် ပင်ပန်းစွာ မွေးကျွေး ယုယသော မလှကျင်နှင့်မိဆွေကို နှိုင်းယှဉ်မရမှန်း သိလျက် နှိုင်းယှဉ်နေမိ၏။

* * *

မလှကျင်ကို မတွေ့သည်မှာ ကြာလေပြီ၊ ခုတစ်လော မလှကျင်သည် အဆောင်ဘက်သို့ ရောက်မလာချေ။ ကလေးနှစ်ယောက်နှင့် ဗျာများနေပုံရ၏၊ ဝမ်းရေးအတွက် အသီးအရွက်များရောင်းရင်း၊ အခစား တောင်းယက်ရင်း အားလပ်ဟန်မတူပေ၊

တစ်နေ့တွင် မလှကျင်နှင့်လမ်းတွင် တွေ့လေသည်၊ မလှကျင် အတော်ပိန်သွား၏။ သူ့ရင်တွင် ကလေးနှစ်ဦးကို ပွေ့လျက်။

"ဘယ်သွားမလို့လဲ မလှကျင်"

"ဟာ. . . ဆရာမပါလား၊ နေကောင်းတယ်နော်။ ကျောက်ကုန်းဘက်သွားမလို့ ဆရာမ။ အဲဒီမှာ ကျွန်မညီမဝမ်းကွဲ ရှိတယ်။ သူ့ကလေးက ငယ်တော့ နို့ထွက်တယ်။ ကျွန်မကလေးကကြီးတော့ သိပ်နို့မရတော့ဘူးဆရာမရယ်။ ဒါကြောင့် သားနဲ့သမီးကို သွားတိုက်မလို့"

မလှကျင်ကို နှုတ်ဆက်ပြီး ကျောက်ကုန်းရွာသို့ ခြေကုန်သွားလေသည်၊ မလှကျင်၏နောက်ကျောကိုကြည့်၍ သက်ပြင်းချမိလေသည်၊ မလှကျင့် အတော်ကသီလင်တ ရောက်နေပုံရ၏၊ မလှကျင်ကို တစ်နည်းနည်းကူညီမှဖြစ်မည်၊

* * *

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မအဖေဟာ ဘယ်သူ၊ ကျွန်မအမေဟာ ဘယ်သူဆိုတာ ခုချိန်ထိ ကျွန်မ မသိဘူး၊ ဘယ်တော့မှလည်း သိခွင့်ကြုံရတော့မှာ မဟုတ်ပါဘူး ဆရာမရယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်မအသက်ဟာ ခြောက်ဆယ်ကျော်နေပြီ။ ဇရာကဝါးမျိုလို့ သခ်ါရနယ်ထဲ ခြေတစ်ဖက် ရောက်နေပါပြီ။ ဒါကြောင့် ရှေးကာမစင်ကြယ်ခဲ့လို့ ငါဒီလိုအဖြစ်မျိုး ကြုံခဲ့ရတာပဲဆိုပြီး မိဘမရှိတဲ့ကလေးတွေ ကျွန်မထောက်ပံ့ကူညီ လျှုဒါန်းခဲ့တာပါ။ ခုလဲ သတင်းကြားနေတာတော့ ကြာပါပြီ၊ အဆက်အစပ်လည်းမရှိ။ ခုတော့ ဆရာမနဲ့လဲ စကားစပ်မိတော့ အတိအကျသိခွင့်ရတာ စိတ်ဝင်စားတယ်။"

"ဟုတ်တယ်. . . အန်တီ၊ အန်တီလို တကယ် စေတနာသဒ္ဒါရှိတဲ့ သူ၊ အမှန်တကယ်တတ်နိုင်တဲ့ပုဂ္ဂိုလ်မျိုးက တာဝန်ယူတယ်ဆိုရင်တော့ ကလေးတွေရဲ့ ရှေ့ရေးအတွက်လဲ ကောင်း၊ ဆင်းရဲပင်ပန်းနေရှာတဲ့ မလှကျင်ကလေးအတွက်လဲ ကောင်း"

"ဟာ စိတ်ချ၊ မှန်ကန်ပါစေ၊ ကျွန်မ တာဝန်ယူတယ်၊ ဒီကလေး တွေကို မမြင်ရမတွေ့ရသေးပေမယ့် စာနာစိတ်နဲ့ ကျွန်မလူလား မြောက်အောင် လူရာဝင်အောင် ကုသိုလ်ယူပါမယ်၊ ကိုယ်ချင်းစာပါ တယ် ဆရာမရယ်။ လမ်းဘေးမှာ စွန့်ပစ်ခံခဲ့ရတဲ့ ကျွန်မကိုမွေးယူ စောင့်ရှောက်မည့်သူသာ မရှိရင်ဆိုတဲ့ အတွေးမျိုးဝင်တိုင်း အမိမဲ့၊ အဖမဲ့ကလေးတွေကို ကျွန်မ ကရုဏာဖြစ်တယ်။ ကယ်တင်ချင်တယ်"

"အန်တီ စေတနာတွေကို လေးစားပါတယ်၊ အန်တီဆောင်ရွက် ခဲ့တဲ့ ကိစ္စတွေကိုလည်း ကြားခဲ့သိခဲ့ပြီးလို့ အားကိုး မိတာပါပဲရှင်. . ."

"အခု မွေးယူစောင့်ရှောက်ထားတဲ့ ကလေးမလေးရဲ့ခင်ပွန်းက ကျွန်မတို့အဆောင်က ဝန်ထမ်းကလေးပါ။ သူ့လုပ်စာ လေးတစ်ခုနဲ့ မှီခိုစားသောက်နေရရှာတော့ နွမ်းပါးရှာပါတယ်၊ ဒါကြောင့် ဟို. . .



ဟို. . . အန်တီတတ်နိုင်မယ်၊ ဆန္ဒရှိမယ်ဆိုရင် အဲဒီ မိန်းကလေး မလှကျင်ကို ဟို. . ."

"သြော်. . . သိပြီ ဆရာ၊ ဆရာမ ပြောချင်တာ ဒီလိုမဟုတ်လား။ ကလေးတွေ တာဝန်ယူထားတဲ့မိန်းကလေးကိုလည်း ထောက်ပံ့ဖို့"

"အဟင်း. . . ဟုတ်. . . ဟုတ်ပါတယ် အန်တီ၊ အန်တီ ဒါန ပြုမယ်ဆိုရင် မလှကျင်တို့မိသားစု ပိုပြီးအဆင်ပြေနိုင်မလားလို့ပါ"

"ဟာ. . . ထောက်ပံ့ပါမယ်။ အန်တီ သဘောပေါက်ပါတယ်၊ ဒီလောက် ဆင်းရဲနွမ်းပါးပြီး စားရေးသောက်ရေး ပင်ပန်းလှတဲ့ကြားက ဒီကလေးနှစ်ယောက်ကို 'မွေးရဲတဲ့သတ္တိ' ဆိုတာ နည်းတဲ့ သတ္တိမှ မဟုတ်တာ။ နည်းတဲ့မေတ္တာမှ မဟုတ်တာ။ မိခင်စိတ်ဆိုတာ ဒါပဲ၊ ကျွန်မတို့မိန်းမသားတိုင်းမှာ မိခင်စိတ်ဟာ အခွင့်မသာလို့ ငုံ့နေကြ ပေမယ့် ဘယ်လိုအခြေအနေပဲ ဖြစ်ဖြစ်၊ ဘယ်လိုဘဝပဲ ရောက်ရောက် မိခင်စိတ်၊ မိခင်မေတ္တာ ရှင်သန်နေကြတဲ့ သတ္တိခဲမိန်းကလေးတွေလဲ အများကြီးပါ။ ဆရာမပြောတဲ့ မိန်းကလေးမှာလဲ အဲဒီသတ္တိတွေ ရှိနေတယ်၊ သူ့အတွက် ကျွန်မထောက်ပံ့ရမှာ ဝန်မလေးပါဘူး။ ပီတိ ဖြစ်ရမှာပါ"

ဘာပဲပြောပြော ရင်ထဲတော့ ပေါ့သွားသည်မှာ အမှန်ပါ။ မိမိ ဆောင်ရွက်ချက် အစစအရာရာ အဆင်ပြေချောမောတော့မည်ဖြစ်၍ ကြည်နူးချမ်းမြေ့နေလေသည်၊

* * *

"မလှကျင် သိပ်ပင်ပန်းနေပြီ။ ကလေး လေးယောက်ဆိုတော့ဝန်က သေးမှ မသေးတာ။ နောက်ပြီ အခုအမြွာကလေးတွေရဲ့တာဝန်က ပိုကြီးတယ်၊ စဉ်းစားပါ ညီမရယ်။ အားလုံးကောင်းဖို့ အတွက်ပါ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ငါ့ညီမ တာဝန်လည်း ပေါ့သွားမယ်၊ ညီမချစ်တဲ့ သားနဲ့သမီး အမြွှာနှစ်ယောက် နောင်ရေးလည်း ကောင်းသွားမယ်"

ငွေငိုင်ငိုင်ကြီးဖြစ်ကာ စကားပြန်မရသော မလှကျင်ကို ဝိုင်း၍ ဖျောင်းဖျကြသည်။ မလှကျင်သည် တွေတွေကြီးဖြစ်နေ၏။ ဘယ်သူ့ကို မှလည်း မကြည့်။ ရင်တွင် အိပ်ပျော်နေရှာသော အမြွှာမောင်နှမကို ကျစ်ကျစ်ပါအောင် မွေ့ဖက်ထားလေသည်။

"စိတ်ကူးမလွဲနဲ့ လှကျင်၊ နင်သိပ်ပင်ပန်းနေတာသိလို့ ငါတို့က ဒီလိုစီစဉ်ပေးရတာပါ။ နင့်မှာ ဈေးရောင်းရတာ တစ်ဖက်၊ တောင်းယက်ရတာ တစ်ဖက်၊ ကလေး လေးယောက်ရဲ့တာဝန်ရော၊ ဒီကလေးနှစ်ယောက်တာဝန်ရော တစ်နေ့ တစ်နေ့ နင့်ကြည့်ရတာ ဖပ်ဖပ်ကိုမောလို့၊ နင်ကတော့ နင့်ဇောနဲ့နင် လုပ်နေတာပဲ။ နင့်ကိုယ် နင်ပြန်ကြည့်စမ်း။ ဘုန်းဘုန်းလဲရင် အားလုံး ဒုက္ခရောက်ကုန်မှာ အားလုံး ကောင်းဖို့ပါကွာ"

ရပ်ကွက်လူကြီး ဦးအောင်မြင့်က ပြောသော်လည်း နည်းနည်း ကလေးမှ မလှုပ်။ ဖခင်အိုကြီးနှင့် မိခင်အိုကြီးကလည်း မလှကျင်၏ ဆန္ဒကို မကန့်ကွက်ရက်ပေ။ ယောကျ်ားဖြစ်သူကလည်း မလှကျင် စိတ်မချမ်းမသာဖြစ်မည်ကို စိုးရိမ်နေပုံရ၏။ ဘာတစ်ခွန်းမှ ဝင်မပြော။ ဘာမျှ မတိုက်တွန်း။ သူ့မိန်းမ မချိတင်ကဲ ဖြစ်နေပုံကို ကြည့်ပြီး မျက်နှာပျက်နေပြီ။

"လှကျင်ကလည်းအေး ခေါင်းအေးအေးနဲ့ စဉ်းစားပါဦး။ ညည်းတို့ မိသားစုလဲ အဆင်ပြေ၊ ဒီကလေးနှစ်ယောက်ရဲ့ ရှေ့ရေးလဲ အဆင်ပြေအောင် ပြောနေကြတာ၊ ဟောဒီ. . . အန်တီကြီးက ညည်း ကလေးနှစ်ယောက်ကို ကျကျနနမွေးမှာ အေး. . ."

"ဟုတ်ကောင်းမ . . . မြခင်။ ကျုပ်ကရော ဘယ်လို မွေးလို့လဲ၊ ကျုပ်လဲ အငတ်ခံပြီး ကျကျနန မွေးတာပါအေ့"



မလှကျင်အသံက ငိုသံပါနေ၏။ အန်တီကြီးက အပြုံးမပျက် ခေါင်းတညိတ်ညိတ်ရှိသော်လည်း ကျန်လူများက အန်တီကြီးကို အားနာနေကြလေသည်။ မျက်စိပျက် မျက်နှာပျက် စိတ်လှုပ်ရှား နေသော မလှကျင်အဖြစ်ကိုကြည့်ပြီး ဘာလုပ်ရမှန်း မသိတော့ပေ။

"လှကျင် ညည်းတစ်ဇွတ်ထိုး မလုပ်နဲ့၊ စဉ်းစား။ ညည်းချစ်တယ် ဆိုရင် ကလေးနှစ်ယောက်အတွက် ကလေးနှစ်ယောက်ရှေ့ရေးစဉ်းစား မှပေါ့၊ အန်တီကြီးမွေးတယ်ဆိုရင် ကလေးတွေနောင်ရေး စိတ်အေး ရတယ်၊ ပြီတော့ ညည်းကိုလဲ အန်တီကြီးက ငွေပေးဦးမှာတဲ့အေ့"

"ဘာ. . . ငွေဟုတ်လား. . . ငွေ"

မလှကျင်က ဆတ်ခနဲ မျက်နှာမော့လိုက်၏။ တစ်စုံတစ်ရာက ထိုးနှက်လိုက်သကဲ့သို့ မလှကျင်မျက်နှာသည် ရှုံ့မဲ့သွားကာ မျက်ဝန်း တို့မှ မျက်ရည်များ အတားအဆီးမရှိ ကျလာလေသည်။

"ငွေ. . . ဟုတ်လား။ ကျုပ် ငွေမလိုဘူး၊ ငွေမလိုချင်ဘူး၊ အီးဟီးဟီး အမေရဲ့ ကျုပ်ကို ကျုပ်ကို ငွေပေးမလို့တဲ့၊ ငွေလိုချင်လို့ ကျုပ်. . . ကျုပ်"

မလှကျင်သည် စကားဆုံးအောင် မပြောနိုင်တော့ဘဲ ဟီးချ ငိုကြွေးလေတော့သည်။

"အို. . . သမီး သမီး မိန်းကလေး အထင်မလွဲပါနဲ့နော်၊ အထင် မလွဲပါနဲ့၊ အမေက ငါ့သမီး ကျန်းမာရေးကောင်းပုံမရလို့ ဆေးကုဖို့ ဒါနပြုမှာပါကွယ်၊ ကလေးလိုချင်လို့ ကလေးပေးအောင်လို့ ငွေပေး မယ့်သဘော မဟုတ်ဘူး၊ လုံးဝ မဟုတ်ဘူး သမီး၊ ငါ့သမီး ဒီကလေး တွေ ချစ်ရင်မွေးပါ၊ အမေမတောင်းရက်ပါဘူးကွယ်၊ ကဲ. . . စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ အဖြစ်မခံပါနဲ့၊ မိခင်စိတ်ရှိတဲ့ ငါ့သမီးကို အမေ ဂုဏ်ယူချီးကျူးပါတယ်။ ငါ့သမီး အမေ့ကို ခွင့်လွှတ်ခွင့်သာပေး ပါနော်"

BURMESE CLASSIC .com

www.burmeseclassic.com

 www.burmeseclassic.com

မလှကျင်ကား ခေါင်းမဖော်တော့။ တဟီးဟီးနဲ့ငိုမဆုံး ဖြစ်နေခဲ့တော့သည်။ ယူကျုံးမရစွာ ဝမ်းနည်းသွားရှာသော မလှကျင်ကို အရှုံးပေးကာ ပြန်ခဲ့ရလေသည်၊ သဘောထားပြည့်ဝသော အန်တီကြီးကိုအားနာနေလေသည်။ ဆတ်ဆော့ကာ ဤကိစ္စစီစဉ်ခြင်းသည် မလှကျင်၏စိတ်ကို ပေါ့ပေါ့တွက်မိသောကြောင့် ဖြစ်သည်။

"ကျွန်မ အန်တီ့ကို သိပ်အားနာပါတယ်။ အမှန်က မလှကျင်ကို အရင်ဆွေးနွေးညှိနှိုင်းဖို့ကောင်းတာ။ အဲဒီလိုသာဆိုရင် သူ့သဘောထားကို သေချာသိရမှာ။ မလှကျင်ကို ကျွန်မ လျှော့တွက်မိတဲ့ အမှားပဲ။ ကျွန်မ စိတ်စောသွားတယ် အန်တီရယ်"

အန်တီကို ကားနား လိုက်ပို့ရင်း တောင်းပန်မိလေသည်။

"စေတနာနဲ့ လုပ်တဲ့ အလုပ်ပဲ ဆရာမရယ်။ အမှားအမှန်ဆိုတာ မရှိပါဘူး။ စေတနာ အရင်းခံပဲ။ ကျွန်မတော့ ဒီကလေးမလေးကို သိပ်သဘောကျသွားတယ်။ 'သွေး' ဆိုတာ လူတိုင်းမှာ ရှိကြစမြဲပါ။ တစ်ယောက်မှာရှိတဲ့သွေးနဲ့ တစ်ယောက်မှာရှိတဲ့ သွေးချင်းဟာ မတူကြဘူး။ 'ပင်ကိုသွေး' ဆိုတာ စိတ်ထဲရင်ထဲ ဖြစ်ထွန်းလာတဲ့ သွေးပါ။ လုပ်ယူလို့ ဖန်တီးလို့ ပြုပြင်မွမ်းမံလို့ မရနိုင်ပါဘူး။ မလှကျင်ဆိုတဲ့ အဲဒီမိန်းကလေးမှာရှိတဲ့ ပင်ကိုသွေးဟာ လေးစားဖို့၊ ချီးကျူးဖို့ ကောင်းတယ်၊ ကျွန်မတို့ မိန်းမသားတိုင်း ဒီလို ပင်ကိုသွေးမျိုးသာ ရှိကြမယ်ဆိုရင် ကြင်နာခြင်း၊ တာနာခြင်းဆိုတဲ့ မေတ္တာပန်းတွေဟာ လောကကြီးမှာ ဝေဆာနေမှာပဲ. . ."

စောမဉ္ဇူ (ဖျာပုံ)

ပစလ၊ ၆၀၉/၂၀၀၃/ တပေစာတည်း/ ၃၅၀၀+၅၀ အုပ်/ ဇလ။

www.burmeseclassic.com



၂၀၀၁ ခုနှစ်၊ စာပေဗိမာန်စာမူဆု

ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ

# " ဆန္ဒအသိ "

ရေးသူ    စောမဥ္ဇူ (ဖျာပုံ)

အဖ ကျောင်းအုပ်ဆရာကြီး ဦးစိမ်းမောင်၊ အမိဒေါ်ပုတို့မှ ၁၉၄၆ ခုနှစ်တွင် မွေးဖွားသည်။ ဖျာပုံမြို့နယ် သမိန်ထောဇာတိ ဖြစ်သည်။ ဖျာပုံမြို့နယ်အမှတ် (၂) အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သည်။ ၁၉၇၁ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာ နှင့် သိပ္ပံတက္ကသိုလ်မှ မြန်မာစာအဓိကဖြင့် ဝိဇ္ဇာဘွဲ့ရရှိသည်။ ၁၉၇၆ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို ရရှိသည်။

၁၉၇၅ မှ ၁၉၈၀ ပြည့်နှစ်အထိ ဖျာပုံမြို့နယ် လမ်းစဉ်လူငယ် စည်းရုံးရေးကော်မတီတွင် တွဲဖက်အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်၊ ဒီဇင်ဘာလမှစ၍ ရန်ကုန် တက္ကသိုလ်၊ စက်မှုတက္ကသိုလ် မြန်မာစာဌာနတွင် နည်းပြအဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၈၃ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အထိ မြန်မာစာ အဖွဲ့ ဦးစီးဌာန အဘိဓာန်ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ဇွန်လမှစ၍ မကွေးဒီဂရီကောလိပ် ရန်ကုန်တက္ကသိုလ် (လှိုင်) တွင် နည်းပြအဖြစ် လည်းကောင်း၊ စစ်တွေတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်တို့တွင် လက်ထောက်ကထိကအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ ဒဂုံတက္ကသိုလ် မြန်မာစာ ဌာနတွင် ကထိကတာဝန် ထမ်းဆောင်လျက်ရှိသည်။

၁၉၆၀ ပြည့်နှစ်မှစ၍ ဗိုလ်တထောင်သတင်းစာ၊ ဖျာပုံ သတင်းထောက် အဖြစ် ဆောင်ရွက်ရင်းစာပေများရေးသားခဲ့သည်။ ၁၉၆၉ ခုနှစ် စာပေဗိမာန် စာမူဆု ပြိုင်ပွဲတွင် 'ပုလဲသွယ်' ဝတ္ထုတို ပေါင်းချုပ်စာမူဖြင့် ဒုတိယဆု ရရှိခဲ့သည်။ နှစ် ၅၀ ပြည့် တပ်မတော် ရွှေရတုအထိမ်းအမှတ် ဝတ္ထုတိုအထူးဆု၊ ၁၉၉၈ ခုနှစ် တပ်မတော်နေ့အထိမ်းအမှတ် ဝတ္ထုတိုတတိယဆုနှင့် ၂၀၀၀ ပြည့်နှစ် ပခုက္ကူ ဦးအုန်းဖေစာပေဆုပြိုင်ပွဲတွင် 'စိတ်၏အရောင်များ' ဝတ္ထုတို ပေါင်းချုပ်ဖြင့် ပထမဆုရရှိခဲ့သည်။

ယခုအခါ တိုက် ၁၀၊ အခန်း ၂၊ ဒဂုံတက္ကသိုလ်တွင် နေထိုင် လျက်ရှိသည်။

အမည်ရင်း ဒေါ်စောမဥ္ဇူ ဖြစ်သည်။

www.burmeseclassic.com